# ပထမပြန် မေးခွန်းပုစ္ဆာ နှင့် အဖြေများ

(ဦးအာရိယဝံသ)

ပ၈၄၇

မြန်မာနိုင်ငံတော် အစိုးရ ပါဠိပထမပြန်
ပထမငယ်တန်း မေးခွန်းပုစ္ဆာများကို
ဟံသာတမြို့ အတွင်းပတ္တမြားကျောင်းတိုက်
**စာချဆရာတော် ဦးအရိယဝံသ**
ဖြေဆိုအပ်သော

# ပထမပြန် မေးခွန်းပုစ္ဆာ

## နှင့်

# အဖြေများ

[၁၃၀၈-ခုနှစ်မှ ၁၃၂၃-ခုနှစ် အထိ]

ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်
၁၃၂၄-ခု (သာသ
H 476 -A [ဟံသာဝတီ]

ပဌမအကြိမ်ပုံနှိပ်ခြင်း
၁၉၆၂-ခု အောက်တိုဘာလ

Made and Printed in the Union of Burma by
the Hanthawaddy Press' Rangoon.

☆

ရန်ကုန်မြို့ အမှတ် ၅၃-နတ်မောက်လမ်းသွယ်၊ ဟံသာဝတီပုံနှိပ်တိုက်အတွက်
(မှတ်ပုံတင်အမှတ် ၀၈၄၅-၀၈၄၇)ဦးဇော်ဝင်းက ပုံနှိပ်ထုတ်ဝေသည်။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ၁၃၀၈-ခုနှစ် မေးခွန်းနှင့် အဖြေများ .... | ၃- ၆ |
| ၂။ | ၁၃၀၉-ခုနှစ် မေးခွန်းနှင့် အဖြေများ .... | ၁၃- ၂၀ |
| ၃။ | ၁၃၁၀-ခုနှစ် မေးခွန်းနှင့် အဖြေများ .... | ၂၅- ၃၄ |
| ၄။ | ၁၃၁၁-ခုနှစ် မေးခွန်းနှင့် အဖြေများ .... | ၄၃- ၅၀ |
| ၅။ | ၁၃၁၂-ခုနှစ် မေးခွန်းနှင့် အဖြေများ .... | ၆၁- ၆၈ |
| ၆။ | ၁၃၁၃-ခုနှစ် မေးခွန်းနှင့် အဖြေများ .... | ၇၇- ၈၂ |
| ၇။ | ၁၃၁၄-ခုနှစ် မေးခွန်းနှင့် အဖြေများ .... | ၉၁- ၉၇ |
| ၈။ | ၁၃၁၅-ခုနှစ်(နယုန်လ)မေးခွန်းနှင့် အဖြေများ | ၁၀၃-၁၀၈ |
| ၉။ | ၁၃၁၅-ခုနှစ်(တပေါင်းလ)မေးခွန်းနှင့် အဖြေများ .... | ၁၁၅-၁၂၀ |
| ၁၀။ | ၁၃၁၆-ခုနှစ် မေးခွန်းနှင့် အဖြေများ .... | ၁၂၅-၁၃၂ |
| ၁၁။ | ၁၃၁၇-ခုနှစ် မေးခွန်းနှင့် အဖြေများ .... | ၁၄၁-၁၄၅ |
| ၁၂။ | ၁၃၁၈-ခုနှစ် မေးခွန်းနှင့် အဖြေများ .... | ၁၅၃-၁၅၉ |
| ၁၃။ | ၁၃၁၉-ခုနှစ် မေးခွန်းနှင့် အဖြေများ .... | ၁၆၇-၁၇၃ |
| ၁၄။ | ၁၃၂၀-ပြည့်နှစ် မေးခွန်းနှင့် အဖြေများ .... | ၁၈၁-၁၈၆ |
| ၁၅။ | ၁၃၂၁-ခုနှစ် မေးခွန်းနှင့် အဖြေများ .... | ၁၉၇-၁၉၈ |
| ၁၆။ | ၁၃၂၂-ခုနှစ် မေးခွန်းနှင့် အဖြေများ .... | ၂၀၅-၂၁၀ |
| ၁၇။ | ၁၃၂၃-ခုနှစ် မေးခွန်းနှင့် အဖြေများ .... | ၂၁၇-၂၂၁ |


မှတ်ချက်။ ။စာမျက်နှာဂဏန်း ၂-မျိုးပြရာတွင် ပထမ ဂဏန်းမှာ မေးခွန်း,ဒုတိယဂဏန်းမှာ အဖြေများဖြစ်သည်။



# နိဒါန်း

## ပထမပြန် စာမေးပွဲ အကြောင်း

ပထမပြန် စာမေးပွဲကို အင်းဝမြို့ ညောင်ရမ်းမင်း ဆယ်ဆက်တွင် သုံးဆက်မြောက် သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀-(တထောင်)ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ကြောင်း မြန်မာရာဇဝင်အရ သိရသည်။

သက္ကရာဇ် ၁၀၉၅-ခုနှစ် နန်းတက်သော ဟံသာဝတီပါ မင်းလက်ထက် အင်းဝမြို့တော်၌ကျောင်းဆောက်ပြီးလျှင် ပုခမ်းကြီးမြို့ကျေး ပိုက်သင် ပထမကျော် ရှင်ဉာဏဝရကို တင်လှူ၍ ကျော်အောင်စံထား-ဟု တွင်၏၊ ဟူ၍ မှန်နန်းမဟာရာဇဝင်တော် တတိယတွဲ၌ လာရှိသောစကား, ပုခမ်းကြီးမြို့ မြောက်လက် ပိုက်သင်ရွာဇာတိ၊ ငယ်မည် မောင်ပန်းအောင်၊ ရှင်မည် ရဟန်းမည် ရှင်ဉာဏဝရ၊ တံဆိပ်အမည် ဇိနစက္ကာဘိရာမ၊ ဌာနအမည် ပထမကျော် အောင်စံထား ဆရာတော်ပြုသည်-ဟူ၍ ပိဋကတ်သမိုင်းစာတမ်း၌ လာရှိသောစကား, အမရပူရ ပထမမြို့တည် နန်းတည် ဘိုးတော် မင်းတရားကြီး လက်ထက် ပထမပြန်စာမေးပွဲ အကြောင်းနှင့် စပ်လျဉ်း၍ ရှေးမင်းတို့လက်ထက် ပြန်ဆိုသည့်နည်း ပြန်ဆိုစေသော် သင့် မသင့် မေးတော်မူကြောင်းနှင့် ပထမမောင်းထောင် သာသနာပိုင်၏ ပုစ္ဆာပကိဏ္ဏကအဖြေ၌ လာရှိသော စကားတို့ကို ထောက်ထားလျှင် နောက်မင်းတို့လည်း ပထမပြန်စာမေးပွဲကို ကျင်းပခဲ့ကြောင်း ထင်ရှားသည်။

ပထမပြန် စာမေးပွဲ ကျင်းပရခြင်းမှာလည်း ဗုဒ္ဓသာသနာတော်၏ အခြေ အမြစ်ဖြစ်သော ပရိယတ္တိ သာသနာတော် ကြီးပွားထွန်းကားရေးကို အဓိကထား၍ ပထမရှင်လောင်းတော်နှင့် ပထမပဉ္စင်းလောင်းတော်တို့ကို ရွေးချယ်ခြင်းဖြစ်သည်၊ ပထမပြန်စာမေးပွဲ၌ ပြဋ္ဌာန်းသော ကျမ်းစာများမှာလည်း ပါဠိပိဋကတ်တော် ကျမ်းကျင်တတ်မြောက်နိုင်ရန် အခြေခံဖြစ်သော သဒ္ဒါ, သင်္ဂြိုဟ်, ဆန်း, အလင်္ကာ, အဘိဓာန်, သဒ္ဒတ္ထဘေဒစိန္တာ, ကစ္စာယနသာရ, ဝါစ္စဝါစက, ဝိဘတျတ္ထ, ဒွေမာတိကာ, မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်းကျမ်းများဖြစ်သည်။

ပြန်ဆို မေးဖြေပုံမှာလည်း (၁)ပါဠိကိုနှုတ်တက်အာဂုံပြန်ဆိုစေခြင်း, (၂)အနက်အဓိပ္ပါယ်ကို သင့်လျော်သလောက် နှုတ်ဖြင့်မေး၍ နှုတ်ဖြင့် ဖြေဆိုစေခြင်း နှစ်မျိုးသာပြုလုပ်ခဲ့ဟန်တူသည်။

သီပေါမင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၂၄၅-ခုနှစ်မှစ၍ ပထမ ပြန်ပွဲဆိုင်ရာ ဥပဒေစည်းကမ်းနည်းလမ်းများကို ပြုလုပ်လျက် ကျနစွာ ကျင်းပသည်ကို တွေ့ရသည်။

ပြန်ဆိုမေးဖြေပုံမှာလည်း (၁)ပါဠိကိုနှုတ်တက်အာဂုံပြန်ဆိုစေခြင်း, (၂) အနက်အဓိပ္ပါယ်ကို နှုတ်ဖြင့်မေး၍ နှုတ်ဖြင့် ဖြေဆိုစေခြင်း, (၃) အနက်အဓိပ္ပါယ်ကို မေးခွန်းတမျိုးသာထုတ်၍ စာရွက်ဖြင့်မေး, စာရွက်ဖြင့်ရေး၍ ဖြေစေခြင်း သုံးမျိုးပြုလုပ်၍ကျင်းပသည်ကို တွေ့ရသည်။

ထိုစဉ်က ပထမပြန်စာမေးပွဲတွင် ပြဋ္ဌာန်းထားသော ကျမ်းစာတိုင်း အကောက် မေးခွန်းတမျိုးတစားတည်းထားကာမေးမြန်း၍ ဖြေဆိုအောင် မြင်သူတို့ကိုမူကား- အမှတ်အများအနည်းလိုက်လျက် ပထမကြီး,ပထမ လတ်,ပထမငယ်ဟု သုံးမျိုးခွဲလေသည်၊ ပထမကြီးအောင်သူတို့အနက်အ မှတ်အများဆုံးရသော ပုဂ္ဂိုလ်သည် ပထမကျော်ဟူသော ဘွဲ့ကိုရသည်။

ပထမပြန်စာမေးပွဲကို နယုန်လ၌ကျင်းပလေ့ရှိသည်၊ ဝါဆိုလရောက် သောအခါ ဘုရင်မင်းမြတ်ကိုယ်တိုင် စီစဉ်၍ ပထမပြန်စာမေးပွဲအောင် ပထမရှင်လောင်း,ပထမပဉ္စင်းလောင်းများကို သာသနာတော်သို့ ရှင်အ ဖြစ်,ပဉ္စင်းအဖြစ် သွတ်သွင်းချီးမြှင့်တော်မူသည်။

ကျင်းပရာ ဌာနမှာလည်း နိုင်ငံတော်တွင် နေရာအနှံ့အပြားကျင်းပ လေ့မရှိ၊ဘုရင်မင်းမြတ်၏နေပြည်တော်တဌာနတွင်သာကျင်းပလေ့ရှိသည်။

မြန်မာဘုရင်များမရှိသည့်နောက်အင်္ဂလိပ်မင်းတို့လက်ထက်သက္ကရာဇ် ၁၂၅၇-ခုနှစ် နယုန်လကစ၍ ပထမပြန်စာမေးပွဲကိုနှစ်စဉ်ကျင်းပသည်၊ ပထမပြန်ကော်မီတီ ဟုခန့်ထား၍ စီမံအုပ်ချုပ်သည်။

ပြဋ္ဌာန်းသော ကျမ်းစာများမှာလည်း သဒ္ဒါ, သင်္ဂဟ, ဒွေမာတိကာ, အဘိဓာန, ဆန္ဒ,အလင်္ကာရ, မာတိကာ, ဓာတုကထာ, ယမက,ပဋ္ဌာန, ဘာသာပြန်တို့ဖြစ်သည်။

အတန်းမှာလည်း (၁)ပထမငယ် (၂)ပထမလတ် (၃)ပထမကြီး (၄) ပထမကျော်ဟူ၍ လေးတန်းထားပြီး တတန်းလျှင် မေးခွန်းပုစ္ဆာ

တမျိုးစီထုတ်ကာ လေးတန်းအတွက် ပုစ္ဆာလေးမျိုးထုတ်၍ စာရွက်ဖြင့် မေး,စာရွက်ဖြင့်ဖြေရသည်၊ နှုတ်တက်အာဂုံပြန်ဆိုခြင်း, နှုတ်ဖြင့်မေးဖြေခြင်းမရှိ၊ ၁၂၆၀-ပြည့်နှစ်မှစ၍ပထမကျော်စာမေးပွဲကိုရပ်စဲလိုက်သည်၊ သို့သော်လည်း ပထမကျော်ကို မြန်မာဘုရင်များ လက်ထက်ကအတိုင်း ပထမကြီး အောင်မြင်သူများထဲမှ အမှတ်အများဆုံးကို ရွေးချယ်၍ အအောင်ပေးသည်။

ရှေးဦးစွာ ပထမကျော် အောင်မြင်သူမှာ မော်လမြိုင်မြို့ ဘုံပျံကျောင်း ပရိယတ္တိဝိသာရဒအဂ္ဂမဟာပဏ္ဍိတ ဘုံပျံဆရာတော် ဦးကေတုဖြစ်သည်။

စာမေးပွဲကျင်းပရာ ဌာနလည်း တနေရာတည်းတွင်သာ မဟုတ်၊ မြန်မာနိုင်ငံတော်အတွင်း နေရာအနှံ့အပြား တချိန်တည်းကျင်းပခဲ့သည်။

သက္ကရာဇ် ၁၂၉၉-ခုနှစ်တွင် ပထမပြန် စုံးစမ်းရေးကော်မတီကခု ဖွဲ့စည်းကာ စုံစမ်းအစီရင်ခံစေပြီးလျှင်၊ ယင်းကော်မတီ၏ အစီရင်ခံစာ အရ နာယကဆရာတော်များပါဝင်သည့်ပထမကော်မတီတခုဖွဲ့စည်းကာ ပထမပြန်စာမေးပွဲကို စီမံအုပ်ချုပ်ခဲ့သည်၊ အတန်းထားရာ၌လည်း စာချတန်းတတန်းတိုးကာ လေးတန်းထား၍ ကျင်ပခဲ့သည်၊ ယင်းစာချတန်း၌ ပြဋ္ဌာန်းသော ကျမ်းစာများလည်း (၁) ပါရာဇိကဏ် အဋ္ဌကထာ, (၂)သုတ်သီလက္ခန် အဋ္ဌကထာ, (၃) အဋ္ဌသာလိနီ အဋ္ဌကထာဟူ၍ ကျမ်းရင်း သုံးကျမ်းနှင့် ဂုဏ်ထူးဆောင် နိကာယ် အဋ္ဌကထာ ခြောက်ကျမ်းတို့ဖြစ်သည်။

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း ၁၃၀၄-ခုနှစ်မှစ၍ ၁၃၀၇-ခုနှစ် တိုင်အောင် လေးနှစ်တိတိ ပထမပြန်စာမေးပွဲ မကျင်းပနိုင်ပေ၊ စစ်အပြီး ၁၃၀၈-ခုနှစ်မှစ၍ ဆက်လက်ကျင်းပခဲ့သည်။

သက္ကရာဇ်၁၃၁၂-ခုနှစ်တွင်ပါဠိတက္ကသိုလ်နှင့်ဓမ္မာစရိယအက်ဥပဒေ ပြဋ္ဌာန်း၍ယင်းဥပဒေအရပါဠိတက္ကသိုလ်တည်ထောင်ကာ ပါဠိတက္ကသိုလ် ဝင်ကျောင်းများမှ ဆရာတော်, သံဃာတော်များ ပါဠိတက္ကသိုလ်ဗဟို အဖွဲ့ဖွဲ့စည်း၍ စာချတန်းစာမေးပွဲကို စီမံအုပ်ချုပ်လျက် ပထမပြန် စာမေးပွဲနှင့်အတူ မကျင်းပတော့ဘဲ တသီးတခြားခွဲ၍ စာချတန်း စာမေးပွဲကို ကျင်းပလာခဲ့သည်။

သက္ကရာဇ် ၁၃၁၃-ခုနှစ်တွင် ပါဠိပညာရေးအဖွဲ့ အက်ဥပဒေ ပြဋ္ဌာန်း၍ ယင်းဥပဒေအရ ဆရာတော်,သံဃာတော်များပါဝင်သော ပါဠိ ပညာရေးအဖွဲ့ကို ဖွဲ့စည်းကာ စီမံအုပ်ချုပ်လျက် ပထမပြန်စာမေးပွဲ ဆက်လက်ကျင်းပလာခဲ့သည်။

ရှေးအခါ မြန်မာဘုရင်များ လက်ထက်တွင်ငှင်း, အင်္ဂလိပ် အစိုးရ လက်ထက်တွင်ငှင်း, စစ်ပြီးခေတ် လွတ်လပ်သော ပြည်တောင်စု အစိုးရ လက်ထက်တွင်ငှင်း ပထမပြန်စာမေးပွဲကို နယုန်လ၌သာ ကျင်းပခဲ့သည်၊ ဆရာတော် သံဃာတော်များပါဝင်သော ပါဠိပညာရေးအဖွဲ့က''နယုန်လ စာမေးပွဲ ကျင်းပမည့်အစား တပေါင်းလတွင် ကျင်းပရန်'' အတည်ပြု ပြဋ္ဌာန်းကြသဖြင့် ၁၃၁၅- (၁၉၅၄)ခုနှစ်မှစ၍ တပေါင်းလ၌သာ စာမေးပွဲ ကျင်းပပြုလုပ်ခဲ့သည်။

**ပထမပြန် အမေးအဖြေ**

ပထမပြန် စာမေးပွဲဝင်ရောက် ဖြေဆိုကာစဖြစ်ကြသောအချို့ရှင်ငယ်, ရဟန်းငယ်တို့သည် လက်တွေ့အားဖြင့်မဖြေဆိုဘူးသေးသဖြင့် စာဖြေခန်း သို့ မေးခွန်းများဝေငှရောက်ရှိ ဖတ်ကြည့်ကြသောအခါ''မည်သို့မေးလျှင် မည်သို့ဖြေဆိုရမည်''ဟု ဖြေပုံဖြေနည်းစံနစ်မရကြ၍ စိတ်ဂယောင်ချောက် ချားဖြစ်ပြီး အလွဲလွဲအချော်ချော် အမှားမှားအယွင်းယွင်း ဖြေဆိုမိသဖြင့် စာပေါ်လျက် မကျရှုံးသင့်ဘဲလျက် ကျရှုံးခြင်းခံရပေသည်၊ အစိုးရပထမ ပြန်စာမေးပွဲမေးခွန်းပုစ္ဆာအဖြေများကို လေ့လာထားပြီးသော ရှင်ငယ်, ရဟန်းငယ်များမှာမူ ''မည်သို့မေးလျှင်မည်သို့ဖြေဆိုရမည်''ဟု ဖြေဆိုပုံ ဖြေဆိုနည်းစံနစ်ရပြီးဖြစ်၍ မေးသမျှပုစ္ဆာကို လွယ်လွယ်ကူကူနှင့်ပင် ဖြေ ဆိုနိုင်၍ ပထမပြန်အောင်ဆု အထူးကိုပင် ဆွတ်ခူးနိုင်ပေသည်၊''ဟံသာ ဝတီ''သည် အထက်ပါ စာပွဲသဘင် ဝင်ရောက်ကာစ ရှင်ငယ်,ရဟန်း ငယ်တို့ မေးခွန်းများကို လွယ်ကူစွာဖြေဆိုနိုင်ကြ၍ ပထမပြန်အောင်ပန်း လှမ်းယူဆွတ်ခူးနိုင်ကြစေရန် ရည်သန်ချက်ထားရှိကာ ဤ''ပထမငယ်တန်း ပထမပြန် မေးခွန်းပုစ္ဆာနှင့်အဖြေများ''ကို ဆရာဦးခင်စိုး [သာသနဓဇ သီရိပဝရဓမ္မာစရိယ]နှင့်ဆရာဦးသိန်းဟန်(၁),ဦးတင်နွယ်,ဦးဟန်ထွန်း, ဦးပု, ဦးရွှေဖုး, ဦးသိန်းဟန်(၂) ဟံသာဝတီ ပါဠိဆရာများအဖွဲ့က ကောင်းစွာ တည်းဖြတ် သုတ်သင်ပြင်ဆင်၍ ပုံနှိပ်လုပ်ဆောင်အပ် ပါကြောင်း။

## ကျေးဇူးတင်ရှိခြင်း

ပထမငယ်တန်း မေးခွန်းပုစ္ဆာနှင့် အဖြေများကို စာသင်ကာစ ရှင်ငယ်,ရဟန်းငယ်တို့အတွက် စာမူစုဆောင်း ဖြေဆိုရေးသားပေးပို့တော်မူသော ဟင်္သာတမြို့ အတွင်းပတ္တမြားကျောင်းတိုက် တိုက်အုပ်ဆရာတော် ဦးပဏ္ဍိတအရှင်သူမြတ်နှင့် စာချဆရာတော် ဦးအရိယဝံသအရှင်သူမြတ်တို့အား ဟံသာဝတီက အထူးကျေးဇူး ဥပကာရတင်ရှိသည့် အပြင် ဤစာအုပ် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခြင်းဖြင့်လည်း ဂုဏ်ပြုအပ်ပါသည်။

ပထမပြန်စာမေးပွဲ ဖြစ်ပေါ်လာပုံ အကြောင်းအကျဉ်းချုပ်ကို စွယ်စုံကျမ်း အတွဲ ၆-မှ ထုတ်နုတ်ဖော်ပြနိုင်သဖြင့် စွယ်စုံကျမ်းပြုအဖွဲ့အားလည်း အထူးကျေးဇူး ဥပကာရ တင်ရှိကြောင်း ဖော်ပြအပ်ပါသတည်း။

ဟံသာဝတီ



H 475—B [ဟံသာဝတီ]

# စာရေးသူ၏ ဝန်ခံချက်

ဤစာအုပ် ဖြစ်ပေါ်လာခြင်း၌ ကျွန်ုပ်၏ လုံ့လဝီရိယများ မြစ်ဖျား မခံခဲ့ပေ၊ဝါ-မပါရှိခဲ့ချေ၊ အမှတ်မထင် ဖြစ်ပေါ်လာခြင်းသာဖြစ်ပါသည်၊ ကျွန်ုပ်တို့၏ကျေးဇူးရှင် အတွင်းပတ္တမြားဆရာတော်ဘုရားကြီး၏ ညီတော် အရင်းဖြစ်သော သူမတူအောင် လုံ့လဝီရိယနှင့် အမြော်အမြင် ကြီးမြတ် သည့် တိုက်အုပ်ဆရာတော်ဘုရားသည် ရှေးစစ်မဖြစ်မီ နှစ်ပေါင်းများစွာ ကပင် စတင်၍ "ပထမပြန်မေးခွန်း ပုစ္ဆာ" များကို နှစ်စဉ် နှစ်တိုင်း သေချာစွာစုဆောင်းသိုမှီးခြင်းပြုတော်မူခဲ့ပါသည်။

ထိုပုစ္ဆာများသည် နှစ်ပေါင်းကြာမြင့်ခဲ့ပြီဖြစ်၍ အတော်များနေလေပြီ၊ အချို့လည်း ဟိုက ဒီက ငှါးရမ်းမှုကြောင့် ပျောက်ဆုံးမှုများလည်း အတော်အတန်ရှိခဲ့ပြီ၊ တိုက်အုပ်ဆရာတော်သည် ကျောင်းကန်တို့ကို စွန့် ခွါ၍ ကြွသွားတော်မူသော ယခုအခါ၌ ထိုပုစ္ဆာ စုဆောင်းထိန်းသိမ်းမှု ဝန်သည် ကျွန်ုပ်အပေါ်၌ တင်ရှိခဲ့ပြီ။

ပုစ္ဆာအစုအပုံကိုကြည့်၍ ၎င်းပုစ္ဆာများကို တတ်နိုင်သမျှ အဖြေများ ရေး၍ စာအုပ်ရိုက်နှိပ်ထားရလျှင် ကောင်းလေစွဟု အကြံ အစည်ဖြစ် ပေါ်လာမိ၍ အားလပ်ချိန် ရသမျှကိုယူ၍ ပုစ္ဆာများကို စစ်ဆေးပြီး အဖြေများ ရေးသားခဲ့ပါသည်၊ မကြာမြင့်မီပင် ပထမငယ်တန်းအတွက် ပြီးစီးခဲ့ပါသည်။

တိုက်အုပ်ဆရာတော်သည် မိမိစိုက်ပျိုးခဲ့သည့်အပင်ကလေးမှစာသင် သားများအတွက် အကျိုးရှိမည့် အပွင့်အသီးပမာ ဤအဖြေလွှာစာအုပ် ကို အာရုံယူတော်မူလျက် ရွှင်ပြုံးကြည်နူး အထူးပင် ဝမ်းသာတော်မူနိုင် ပါစေ။

စာအုပ်ဖြစ်မြောက်ရေးအတွက် အားပေးကူညီမှုပြုသော ဟံသာဝတီ တိုက်အားလည်း များစွာပင် ကျေးဇူးတင်ရပေ၏။

## ဤကျမ်းကို လေ့လာသူတို့အကျိုး

၁။ ပုစ္ဆာစုဆောင်းသူတို့ အဘို့၌ တနေရာထည်း, တပုံထည်း, တစု ထည်း စုဆောင်းပြီးဖြစ်ခြင်း။

၂။ ပုစ္ဆာများကို ကြည့်ရှုရသဖြင့် သက်ဆိုင်ရာဘာသာ၌ "အဘယ်သို့ မေးတတ်သည်" ဟု မေးပုံမေးနည်း အချက်အလက်ကို သိခြင်း။

၃။ နှစ်ပေါင်းများစွာ ခက်နိုးရာ ပုစ္ဆာများကို လေ့လာရသဖြင့် ခက်ခဲသည့် အရာများကို ကျော်လွှန်ပြီးဖြစ်ခြင်း။

၄။ တနှစ်ထက်တနှစ် မေးပုံပြောင်းလည်း လာ, မလာကို သိနိုင်ခြင်း။

၅။ စာချဆရာတို့အတွက် မိမိတို့တပည့်များအား ထိ–မိ–သော အချက်အလက်များကို ညွှန်ကြားနိုင်ခြင်း။

၆။ ပုစ္ဆက ပုဂ္ဂိုလ်များအတွက် ဤဂေဇက်ဝင် ပုစ္ဆာများကိုနည်းမှီ၍ ဤပုစ္ဆာ၌ မပါသော အလားတူခက်ရာခက်ဆစ်များကို ထုတ်နုတ်ပြင်ဆင်နိုင်ခြင်း။

၇။ အဖြေလွှာများကို ကြည့်ရ၍ စာမေးပွဲဝင်ခါစ ပုဂ္ဂိုလ်များအတွက် ဖြေပုံ ဖြေနည်းကို ရရှိခြင်း–

စသော အကျိုးကျေးဇူးများကို ခံစားခွင့်ရကြပါလိမ့်မည်။

## စာရေးသူ၏ လိုလားချက်

ဤစာအုပ်၌ ဘာသာပြန်အဖြေကို မရေးသားပါ၊ သက်ဆိုင်ရာ ဇာတ်အဋ္ဌကထာများကို အနက်သွက်သွက် လှည့်ထားနိုင်လျှင် ပါဠိစီကုံးမှု မမှန်ကန်စေကာမူ ဘာသာပြန်အတွက် တဝက်သေချာမှုရှိ၍ အမှတ်ရနိုင်ပေပြီ၊ သို့ကြောင့် ကျမ်းဇလေးမှုကို ဂရုထား၍ ရှောင်ရှားခဲ့ရသည်။

သူတော်ကောင်းတို့သည် မိမိပြုစု ကျမ်းတခုသို့ စေ့ငုသုတ်သင် ပြင်ဆင်ခြင်းပြု ကြည့်ရှုတော်မူနိုင်ကြပါစေ။

ဦးအရိယဝံသ
အတွင်းပတ္တမြားကျောင်းတိုက်
ဟသ်ာတမြို့။
၁၃၂၄-ခု ဝါခေါင်လ





မြန်မာနိုင်ငံတော်အစိုးရ ပါဠိပထမပြန်
ပထမငယ်တန်း

# မေးခွန်းပုစ္ဆာနှင့် အဖြေများ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမနှင့်ပဋိညာဉ်

အကျွန်ုပ်သည်၊ ခွဲခြမ်းစိတ်ဖြာ၍၊ ပညာဖြေမှု၊ အစုစု၌၊ စွေ့ငုသေသပ်၊ တိပြတ်မှန်ကန်၊ သယမ္ဘူသခင်၊ ဘုရားရှင်ကိုလည်းကောင်း၊ အမှားမရှိ၊ စိုးစိမထောင့်၊ ဖြောင့်မတ်သော တရားတော်ကိုလည်းကောင်း၊ ရှင်တော်မိန့်မြွက်၊ ဓမ္မစက်ကို၊ လေးနက်ကြည်သာ၊ လိုက်နာတတ်စွ၊ သာဝက သံဃာတော်ကို လည်းကောင်း၊ သီလ, သမာဓိ, ပညာ၊ ဂုဏ်များစွာကြောင့်၊ ဂဏာဉက္ကဋ္ဌ၊ သမုတ်အပ်သည့်၊ ကျေးဇူးတော်ရှင်၊ အတွင်းပတ္တမြား၊ ဆရာတော် ဘုရားကြီးကို လည်းကောင်း၊ ပမာတခု၊ ပြုဘို့ရန်ကင်းသော၊ ရိုသေခြင်းဖြင့်၊ ဝပ်စင်းရိုကျိုး၊ ရှိခိုးပြီး၍၊ ပရိယတ်ပွဲခွင်၊ စစ်မြေပြင်ခေါ်၊ စာပွဲတော်၌၊ နွဲ့ပျော်လိုလား၊ စာသင်သားတို့အား၊ ယုံမှားဒွိဟ၊ ကင်းစင်ပ-စွာ၊ ပညာဖြေနည်း၊ နိသျှည်းကို၊ သိပ်သည်းသေချွေ၊ ရပါစေခြင်းငှါ၊ မြန်မာ့နယ်တွင်း၊ အဆက်ဆက်သော ပြည်ပိုင်မင်းတို့၊ ခင်းကျင်းစီရင်၊ စာသဘင်၌၊ နှစ်စဉ်ဖြန့်ဝေ၊ "ဂေဇက်ဝင်" မေးခွန်းတွေကို၊ အဖြေစာအုပ်၊ ပြုလုပ်ရေးသားပေအံ့။

ဝိမံသိတွာ ဂဟေတဗ္ဗာ၊ အယံ မမ ဝိသဇ္ဇနာ။
စဇ္ဇန္တု သာ အယုတ္တာ စေ၊ ယုတ္တံ ဂဏှန္တု ပဏ္ဍိတာ။ ။



# မေးခွန်းပုစ္ဆာများ

၁၃၀၈-ခုနှစ်

မြန်မာနိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက်၊ပထမမေးခွန်းလွှာ**

ခွင့်ပြုချိန် ၂-နာရီ

၁။ ယောပန ဘိက္ခု သန္တံ ဘိက္ခုံ အနာပုစ္ဆာ၊ ၎င်းသိက္ခာပုဒ်ပါဠိကို ဆုံးအောင် ဆက်ရေးပါ။ (၁၀)

၂။ ဘူတဂါမ ပါတဗျတာယ ပါစိတ္တိယံ။
အညဝါဒကေ ဝိဟေသကေ ပါစိတ္တိယံ။
ဥဇ္ဈာပနကေ ခိယျနကေ ပါစိတ္တိယံ။
၎င်းသိက္ခာပုဒ်ပါဠိသုံးပုဒ်ကို အနက်သမ္ဗန်ပါ။ (၁၀)

၃။ ကဗ္ဗဝဂ်၌ပါရှိသည့် ရဟန်းသာမဏေတို့လိုက်နာရမည့် စည်းမျဉ်း ဥပဒေတို့ကို နံပါတ်စဉ်နှင့်တကွ အဓိပ္ပါယ်အကျဉ်းချုပ်ဖော်ပြပါ။ (၁၀)

---

၁၃၀၈-ခုနှစ်

မြန်မာနိုင်ငံတော် အစိုးရ ပါဠိပထမပြန်စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက်၊ ဒုတိယမေးခွန်းလွှာ**

ခွင့်ပြုချိန် ၂-နာရီ

၁။ သပ္ပါဏကဝဂ် သတ္တမသိက္ခာပုဒ်ပါဠိကိုအစ,အဆုံးရေးပြပါ။ (၁၀)

၂။ ယောပနဘိက္ခု ဘိက္ခုဿ ပတ္တံ ဝါ စီဝရံ ဝါ နိသီဒနံ ဝါ သူစိဃရံ ဝါ ကာယ ဗန္ဓနံ ဝါ အပနိဓေယျ ဝါ အပနိဓာပေယျ ဝါ၊အန္တမသော ဟသာပေက္ခောပိပါစိတ္တိယံ၊၎င်းသိက္ခာပုဒ်ကိုအနက်သမ္ဗန်ပါ။ (၁၀)

၃။ ဒုဗ္ဗလျံ အနာဝိကတွာ ဟူသော-ပုဒ်၏အဓိပ္ပါယ်ကို ပေါ်လွင်အောင် အကျဉ်းဖော်ပြပါ။ (၁၀)

---

၁၃၀၈-ခုနှစ်

မြန်မာနိုင်ငံတော်အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ကစ္စည်းသဒ္ဒါ၊ပထမမေးခွန်းလွှာ**

ခွင့်ပြုချိန် ၂-နာရီ

၁။ ကွစာသဝဏ္ဏံလုတ္တော-သုတ်၌ အသဝဏ္ဏ၏အရ သရုပ်နှင့်လက္ခဏာကိုဖော်ပြခဲ့ပါ။ (၁၀)

၂။ ဝေါသဒ္ဒါနှောင် အံဝိဘတ်, နံဝိဘတ်သက်လျှင် ပြီးနိုင်သောရုပ်စုကို ဖော်ပြ၍၊ "ဂစ္ဆတိ"ကို နာမ်ရုပ်,အာချာတ်ရုပ် အကျဉ်းစီရင်ခဲ့ပါ။ (၁၀)

၃။ အာခာရအပြားလေးပါးကို ပြက်နှင့်တကွ ဘော်ပြ၍၊ ဇလေသုဒီရံ တိင္ဘတိဒ္ဓ ဇလေသုဟူသော အာခာရကိုအဘယ်ကြောင့် ဩကာသ မည်ကြောင်းရှင်းပြပါ။ (၁၀)

[ပြက်ကို......ပြယုဂ်ဟုဘတ်ပါ။]

---

## ၁၃၀၀-ခုနှစ်

## မြန်မာနိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ

## **ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်းလွှာ**

ခွင့်ပြုချိန် ၂–နာရီ

၁။ အာဂတသမဏော-ဟူသော ဗဟုဗ္ဗိဟိသမာသ်၌ အညပဒတ္ထအရ ကောက်ပြပြီးလျှင်၊ အောက်ပါသမာသ်ပုဒ်တို့ကို အမည်ပေးခဲ့ပါ။ (၁၀)

(က) ပတိသောတံ (ခ) ဒီဃမဇ္ဈိမံ
(ဂ) ခတ္တိယကညာ (ဃ) သံသာရ ဒုက္ခံ

၂။ ဗုဒ္ဓိ၊ ဝေါဓိ၊ မာနုသော၊ ရုစိရော၊ မေဓာဝီ-ဟူသော တဒ္ဓိတ်များကို ပုဒ်, အနက်, ပစ္စည်းဖြင့် ဝေဘန်ပြီးလျှင်၊ အာချာတ်ဝိဘတ် (ဂ) သွယ်ကို သဗ္ဗဓာတုက, အသဗ္ဗဓာတုက ခွဲခြား၍ပြခဲ့ပါ (၁၀)

၃။ ခ-ဓ-ဘ-ဟေဟိ ဓော စ-သုတ်ကို ဝုတ္တိ,ဥဒါဟရဏ် စုံလင်စွာရေး ၍ အနက် ယောဇနာခဲ့ပါ။ (၁၀)

---

## ၁၃၀၀-ခုနှစ်

## မြန်မာနိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ

## **ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်းလွှာ**

ခွင့်ပြုချိန် ၂-နာရီ

၁။ လောကုတ္တရာစိတ်သည် ရှစ်ပါးမှ လေးဆယ်ဖြစ်လာရပုံ အာဂုံပါဠိ ထုတ်ဆောင်ပြီးလျှင်၊ ၎င်းကို အနက်ယောဇနာခဲ့ပါ။ (၁၀)

၂။ ပကိဏ်းစေတသိက် ခြောက်ခုနှင့် မယှဉ်သော စိတ်စုကား အဘယ် ပါနည်း၊ ၎င်းကိုပကိဏ်းပိုင်းလာ သင်္ဂဟ ခြောက်ပါးဖြင့် ဝေဘန် ပြခဲ့ပါ။ (၁၀)

၃။ ဒိပ္ပါဘိညာ တိဟိတ် ပုထုဇ္ဇန်အား သောတာပတ္တိ မဂ္ဂဝိထိဖြစ်အင်ကို ရေးစဉ်ခဲ့ပါ။ (၁၀)

---

၁၃၀၈-ခုနှစ်

မြန်မာနိုင်ငံတော်အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟာ၊ဒုတိယမေးခွန်းလွှာ**

ခွင့်ပြုချိန် ၂–နာရီ

၁၊ မည်သည့်ရာနတရားကို မည်သို့ပွားသော် မဟာမြဟ္မာဘုံ၌ ဖြစ်နိုင်ပါ သနည်း။ (၁၀)

၂။ အသညသတ်ဘုံ၌ ဖြစ်သင့်ရာ သက်တန်း,ရုပ်စုနှင့် ဈာနြွေစုကို ထုတ်ပြခဲ့ပါ (၁၀)

၃။ ဗုဒ္ဓိ စရိတ ပုဂ္ဂိုလ်အား လျော်သော ကမ္မဋ္ဌာန်းများကို ရေးသားခဲ့ပါ။ (၁၀)

---

၁၃၀၈-ခုနှစ်

မြန်မာနိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ

**ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်းလွှာ**

ခွင့်ပြုချိန် ၂-နာရီ

၁။ သံကိလိဋ္ဌသံကိလေသိကာဓမ္မာ-ပုဒ်ကိုအနက်ယောဇနာခဲ့ပါ။ (၁၀)

၂။ ဝိတိတိက်၌ တိက်မှတ်ကို ထုတ်ခဲ့ပါ။ (၁၀)

၃။ ကမ္မဘဝ,ဥပပတ္တိဘဝတို့ကို တရားကိုယ်ကောက်ခဲ့ပါ။ (၁၀)

---

၁၃၀၈-ခုနှစ်

မြန်မာနိုင်ငံတော်အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊မာတိကာနှင့် ဓာတုကထာ၊ဒုတိယမေးခွန်းလွှာ**

ခွင့်ပြုချိန် ၂-နာရီ

၁၊ သင်္ဂဟောတုကဒုက်နှင့်ဟေတုသမ္ပယုတ္တ ဒုက်တို့၏ အထူးကိုပြခဲ့ပါ။ (၁၀)

၂။ အောက်ပါပုစ္ဆာ ပါဠိတော်ကို ဝိသဇ္ဇနာပါဠိထုတ်ခဲ့ပါ။ (၁၀)

ဇုတ္တိန္ဒြိယေန ယေဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ၊ အာယတန သင်္ဂဟေန အသင်္ဂဟိတာ၊ ဓာတုသင်္ဂဟေန အသင်္ဂဟိတာ၊ တေဓမ္မာ ကတိဟိ ခန္ဓေဟိ (လ)အသင်္ဂဟိတာ။

၃။ စတုတ္ထနယ၌ အဘယ်တရားမျိုးကို ဟောပါသနည်း။ (၁၀)

# မေးခွန်းအဖြေများ

## ၁၃၀၈-ခုနှစ်၊ ပထမငယ်
## ဘိက္ခုပါတိမောက်၊ ပထမမေးခွန်း အဖြေလွှာ

၁။ *(ယောပနဘိက္ခု သန္တံ ဘိက္ခုံ အနာပုစ္ဆာ) ဝိကာလေ ဂါမံ ပဝိသေယျ၊ အညတြ တထာရူပါ အစ္စာယိကာ ကရဏီယာ ပါစိတ္တိယံ။

၂။ *ဘူတဂါမ ပါတဗျတာယ၊ ကြီးပွားဆဲ, ကြီးပွားပြီး ဖြစ်သော မြက်,သစ်ပင်အပေါင်းကို ဖျက်ဆီးခြင်းကြောင့်။ ပါစိတ္တိယံ၊ ပါစိတ်အာပတ် သင့်၏။

အညဝါဒကေ၊ မေးအပ်သည်မှ တပါးသောစကားကို ဆိုခြင်း ကြောင့်။ ဝါ၊ အဖျင်းဖျင်းဆိုခြင်းကြောင့်။ ပါစိတ္တိယံ၊ ပါစိတ်အာပတ် သင့်၏။

ဝိဟေသကေ၊ ဆိတ်ဆိတ်နေသဖြင့် သံဃာကို ညှဉ်းဆဲခြင်း ကြောင့်။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

ဥဇ္ဈာပနကေ၊ ကဲ့ရဲ့ခြင်းကြောင့်။ ပါစိတ္တိယံ၊ ၏။ ခိယျနကေ၊ ရှုတ်ချခြင်းကြောင့်။ ပါစိတ္တိယံ၊ ၏။

၃။*(၁) ဆွမ်းလုပ် ခံတွင်းဝသို့ မရောက်မီ ခံတွင်းကို ဖွင့်မထားရ။
(၂) ဆွမ်း စားသည့်အခါ လက် ငါးချောင်းလုံးကို ခံတွင်း၌ မထည့်ရ။
(၃) ဆွမ်းလုပ်ရှိသော ခံတွင်းဖြင့် စကားမပြောရ။
(၄) ဆွမ်းလုပ်ကို မြှောက်၍မစားရ။
(၅) ဆွမ်းလုပ်ကိုဖြတ်၍မစားရ။
(၆) မျောက်ကဲ့သို့ပါးစောင်၌ထားသည်ကိုပြု၍မစားရ။
(၇) လက်ကိုခါ၍ မစားရ။
(၈) ဆွမ်းလုံးကို ကြဲ၍မစားရ။
(၉) လျှာကိုထုတ်၍မစားရ။
(၁၀) စပ်စပ်မည်အောင်ပြု၍မစားရ။

## ၁၃၀၈-ခုနှစ်၊ ပထမငယ်
## ဘိက္ခုပါတိမောက်၊ဒုတိယမေးခွန်း အဖြေလွှာ

၁။ *ယော ပန ဘိက္ခု မာတုဂါမေန သဒ္ဓိံ သံဝိဓာယ ဧကဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇေယျ၊ အန္တမသော ဂါမန္တရမ္ပိ ပါစိတ္တိယံ။

၂။ *ယော ပနဘိက္ခု၊အကြင်ရဟန်းသည်။ အန္တမသော၊ယုတ်သော အပိုင်းအခြားအားဖြင့်။ ဟသာပေက္ခောပိ၊ ရယ်မြူးလို၍လည်း။ ဘိက္ခုဿ၊ ရဟန်း၏။ ပတ္တံဝါ၊ အဓိဋ္ဌာန် လောက်သော သပိတ်ကိုငှင်း။ စီဝရံဝါ၊ ဝိကပ္ပနာလောက်သော သင်္ကန်းကိုငှင်း။ နိသီဒနံဝါ၊ နိသီဒိုင်ကိုငှင်း။ သူစိဃရံဝါ၊ အပ်ကျည်ကို ငှင်း။ ကာယ ဗန္ဓနံ ဝါ၊ ခါးပန်းကို ငှင်း။ အပနိ ဓေယျဝါ၊ မိမိမူလည်း ဝှက်ငြားအံ့။ အပနိဓာပေယျဝါ၊ သူ့ကို မူလည်း ဝှက်စေငြားအံ့။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

၃။ *ပညတ်တော်မူအပ်သော သိက္ခာပုဒ်တည်းဟူသော သာဇီဝ၌ (ကျင့်ဘိုရန်အားမရှိသည်၏အဖြစ်) အားနည်းသည်၏အဖြစ်ကို ထင်စွာ မပြုခြင်းသည် ဒုဗ္ဗလျံအနာဝိကတွာ၏ အရဖြစ်ပါသည်၊ ဝါ- သိက္ခာ ချခြင်း၏သာလျှင် အကြောင်းဖြစ်၍ဖြစ်သော (သိက္ခာကျစေနိုင်သော) အချို့သော(တခုခုသော)သိက္ခာပုဒ်၌အားနည်းသည်၏အဖြစ်ကို ထင်စွာ မပြုခြင်းသည် ဒုဗ္ဗလျံအနာဝိကတွာဟူသောပုဒ်၏ အဓိပ္ပါယ်ဖြစ်ပါသည်။

[သိက္ခာပစ္စက္ခာနဿေဝ အတ္ထာဘူတံ ဧကစ္စံ ဒုဗ္ဗလျံ အနာဝိကတွာ-ကန်ါ။]

**မှတ်ချက်။** ။ဒုဗ္ဗလျံအနာဝိကတွာဟူသောပုဒ်သည် သိက္ခာအပစ္စက္ခာယ ၏အခြေအရံပုဒ်ဖြစ်၍ငှင်းနှင့်အနက်အတူတူသာ၊ဗုဒ္ဓံပစ္စက္ခာမိစသော ခေတ်ပုဒ်တို့ဖြင့် သိက္ခာကို ကျအောင်ချလျှင် အာဝိကရဏဖြစ်၍, ကျအောင်မချလျှင် အနာဝိကရဏ ဟူ၍မှတ်။

---

## ၁၃၀၈-ခုနှစ်၊ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ ပထမ မေးခွန်းအဖြေလွှာ

၁။ *ကုစာသဝဏ္ဏံ လုဧတ္တ-သုတ်၌ အသဝဏ္ဏ၏အရ သရုပ်ကား ဧ-နှင့် ဩ တို့ဖြစ်ပါသည်။

အသဝဏ္ဏ၏ လက္ခဏာကား- ဌာန်တူမရှိခြင်းပင်ဖြစ်ပါသည်။

၂။ *ဂေါသဒ္ဒါနောင်အံဝိဘတ်သက်၍ ပြီးနိုင်သောရုပ်စုကား—
ဂါဝံ၊ ဂဝံ၊ ဂါဝုံ၊ ဂေါဏံ တို့ဖြစ်ပါသည်။
နံဝိဘတ်သက်၍ ပြီးနိုင်သောရုပ်စုကား—
ဂေါဏာနံ၊ ဂေါနံ၊ ဂုန္နံ၊ ဂဝံ တို့ဖြစ်ပါသည်။

ဂစ္ဆတိ-ဂစ္ဆန္တသဒ္ဒါတည်၊ သို ဝိဘတ်သက်၊ သေသေသုန္တုဝဖြင့် နောက် သို ဝိဘတ်နှောင်းသောကြောင့် ဂစ္ဆန္တသဒ္ဒါ၏န္တသဒ္ဒါကို န္တုပစ္စည်းကဲ့သို့ ငဲ့၊တော တိ တာ သ သို နာ သုဖြင့် နောက်သို ဝိဘတ်နှောင်းသောကြောင့် အလုံးစုံသောန္တုပစ္စည်းကို ဝိဘတ်နှင့်တကွ တိပြု၊ ဂစ္ဆတိပြီး၏။ [ဤကား နာမ်ရုပ်]

ဂစ္ဆတိ-ဂမုတည်။ ဂမု၊ ဂမုသဒ္ဒါသည်။ ဂတိယံ၊ လားခြင်း၌။ ဝတ္တတိ၊ ဖြစ်၏။ ဇုတိအတ္ထေ၊ ဤသို့သောအနက်၌။ ဘူဝါဒယောဖြင့် ဂမုကိုဓာတ် မှည့်၊မခွင်း,ဥကြွင်း၊ ဓာတုဃန္တောဖြင့် ဓါတွန်ဥကိုချေ၊ ဝတ္တမာနာ ပစ္စုပ္ပန္နေဖြင့် ဂမုနောင် တိဝိဘတ်သက်၊ ဘူဝါဒိတောအဖြင့် အပစ္စည်း သက်၊ ဂမိဃန္တော စ္ဆော ဝါသဗ္ဗာသုဖြင့် ဂမုဓါတ်၏ဓါတွန်မ-ကို အသ ဒိသ ဒွေဘော်နှင့်တကွ စ္ဆပြု၊စ္ဆအ-သို့ကပ်၊ ဂစ္ဆတိပြီး၏။ [ဤကား- အာချာတ်ရုပ်]

၃။ * (၁) ဗျာပိကာဓာရ- ဇလေသု ခီရံ တိဋ္ဌတိ။
(၂) ဩပသိလေသိကာဓာရ-ပရိယင်္ကေ ရာဇာ သေတိ၊
(၃) ဝေသယိကာဓာရ-ဘူမိသု မနုဿာ စရန္တိ။
(၄) သာမီပိကာဓာရ-ဝနေ ဟတ္ထိနော စရန္တိ။

ကတ္တားဖြစ်သော ခီရ၊ (ဝါ- နို့ရည်)၏ တည်ရာဖြစ်သောကြောင့် ဇလသည်(ဝါ-ဇလေသု)သည် ဩကာသ အမည်ရပါသည်။

---

### ၁၃ဝ၈-ခုနှစ်၊ ပထမငယ်
### ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *အာဂတ သမဏော-ဟူသော ဗဟုဗ္ဗီဟိသမာသ်၌ အညပဒတ္ထ၏ အရကား သံဃာရာမ၊ ဝါ- သံဃာ၏ အရာမ်ဖြစ်ပါသည်။

(က) အဗျယီ ဘာဝသမာသ် (ခ) ဒွန်သမာသ်
(ဂ) ကမ္မဓာရည်းသမာသ် (ဃ) တပ္ပုရိသ်သမာသ်

| | | | |
|---|---|---|---|
| ၂။ *ဗုဒ္ဓိ | ဗုဒ္ဓ ပုဒ် | အပစ္စ အနက် | ဏိ ပစ္စည်း |
| ဂေါဠိကံ | ဂုဠ ။ | သံသဋ္ဌ ။ | ဏိက ။ |
| မာနုသော | မနုဿ။ | သမူဟ ။ | ဏ ။ |
| ရုစိရော | ရုစိ ။ | အဿတ္ထိ ။ | ရ ။ |
| ဓနဝါ | ဓန ။ | အဿတ္ထိ ။ | ဝန္တု ။ |

ဝတ္တမာန်,ပဉ္စမီ,သတ္တမီ,ဟိယျတ္တနီ၊ဤလေးသွယ် သဗ္ဗဓာတ်။ ပရောက္ခာ, အဇ္ဇတ္တနီ, ဘဝိဿန္တိ, ကာလာတိပတ္တိ၊ ဤလေး သွယ် အသဗ္ဗဓာတ်။

၃။ *ဓ-ပ-ဘ-ဟေဟိ ဓ-ဎာ-စ။ ။ဓ-ပ-ဘ-ဟ ဣစ္စေဝမန္တေဟိ ဓာတူဟိ တကာရ ပစ္စယဿ ယထာက္ကမံ ဓဎာဒေသာ ဟောန္တိ။ ယထာ၊ ဗုဒ္ဓေါ ဘဂဝါ၊ ဝုဍ္ဎော ဘိက္ခု၊ လဒ္ဓံ မေ ပတ္တစီဝရံ၊ အဂ္ဂိနာ ဒဍ္ဎံ ဝနံ။

ဓ-ပ-ဘ-ဟေဟိ၊ ဓအက္ခရာ,ပ-အက္ခရာ, ဘ-အက္ခရာ, ဟ-အက္ခရာ အဆုံးရှိကုန်သော ဓာတ်တို့နောင်မှ။ဓဎာစ၊ဓအပြု,ဎအပြုတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ဓ ပ ဘ ဟ ဣစ္စေဝမန္တေဟိ၊ ဓ အက္ခရာ,ပ အက္ခရာ, ဘ အက္ခရာ, ဟ အက္ခရာ အဆုံးရှိကုန်သော။ ဓာတူဟိ၊ဓာတ်တို့နောင်မှ။တကာရပစ္စယဿ ၊ တ အက္ခရာဖြစ်သောပစ္စည်း၏။ယထာက္ကမံ၊အစဉ်အားလျော်စွာ။ ဓဎာဒေသာ၊ ဓအပြု,ဎ အပြုတို့သည်။ဟောန္တိ၊ ဖြစ်ကုန်၏။ ယထာ၊ ဥဒါဟရုဏ် အဘယ်နည်းဟူမူကား။ ဗုဒ္ဓေါတျာဒိ၊ ဗုဒ္ဓေါ ဤသို့ အစရှိသည်တည်း။ ဗုဒ္ဓေါ၊ သစ္စာလေးပါးကို သိတော်မူပြီးသော။ ဘဂဝါ၊ မြတ်စွာဘုရား။ ဝုဍ္ဎော၊ကြီးရင့်ပြီးသော။ ဘိက္ခု၊ရဟန်း။ မေ၊ငါသည်။ ပတ္တစီဝရံ၊ သပိတ်,သင်္ကန်းကို။ လဒ္ဓံ၊ ရအပ်ပြီ။ အဂ္ဂိနာ၊ မီးဖြင့်။ ဒဍ္ဎံ၊တိုက်ရှို့အပ်ပြီးသော။ဝနံ၊ တော။ [ဤသို့ ဓာတ်နှင့် ပစ္စည်းတို့၏ အနက်ပေါ်အောင်ပေး။]

---

## ၁၃၀၈-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ပထမ မေးခွန်းအဖြေလွှာ

၁။ *ဈာနင် ယောဂဘေဒေန၊ ကတွေကေကန္တု ပဉ္စဓာ။
ဝုစ္စတာ နုတ္တရံ စိတ္တံ၊ စတ္တာလီသဝိဓန္တိ စ။ ။

ပါဒကဈာန သမ္မသိတဈာန ပုဂ္ဂလဇ္ဈာသယယေသု၊ ပါဒကဈာန်,သမ္မသိတဈာန်,ပုဂ္ဂလဇ္ဈာသယဈာန်တို့တွင်။ ဧကေကသဒိသတ္တာ၊ တပါးပါး

နှင့် တူသည်၏အဖြစ်ကြောင့်။ ကောကံ၊ တခုခုသောလောကုတ္တရာစိတ်ကို ဈာနင်္ဂယောဂ ဘေဒေန၊ ပဉ္စမဈာန် အစရှိသော ဈာန်အင်္ဂါတို့နှင့် ယှဉ်သော အပြားဖြင့်။ ပဉ္စဓာ- ပဉ္စဝိဓံ၊ ငါးပါးအပြားရှိသည်ကို။ ကတွာတု- ကတွာဧဝ၊ပြု၍သာလျှင်။အနုတ္တရံ၊ လောကုတ္တရာဖြစ်သော။ စိတ္တံ၊ စိတ်ကို။ စတ္တာလီသဝိဓန္တိ စ၊ လေးဆယ်အပြားရှိ၏ဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ်၏။

၂။ *ပကိဏ်း စေတသိတ် ၆-ခုနှင့် မယှဉ်သောစိတ်စုကား- ဒွေပဉ္စ ဝိညာဏ်၁ဆယ်တို့တည်း၊ ၎င်းတို့ကိုပကိဏ်းပိုင်းလာ သင်္ဂဟ ၆-ပါးနှင့် ဝေဘန်မှု— သုခဝေဒနာ,ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာ၊ အဟိတ်၊ စက္ခု ဝိညာဏ်ဒွေးသည်- ဒဿနကိစ္စ, သောတဝိညာဏ် ဒွေးသည်- သဝနကိစ္စ, ဃာနဝိညာဏ် ဒွေးသည်- ဃာယနကိစ္စ,ဇိဝှါဝိညာဏ်ဒွေးသည်-သာယန ကိစ္စ,ကာယဝိညာဏ်ဒွေးသည်- ဖုသနကိစ္စ တပ်သည်၊စက္ခုဝိညာဏ်ဒွေး သည်-စက္ခုဒွါရ,သောတဝိညာဏ်ဒွေးသည်- သောတဒွါရ,ဃာနဝိညာဏ် ဒွေးသည်- ဃာနဒွါရ,ဇိဝှါဝိညာဏ်ဒွေးသည်- ဇိဝှါဒွါရ,ကာယဝိညာဏ် ဒွေးသည်- ကာယဒွါရ၌ ဖြစ်သည်၊ စက္ခုဝိညာဏ် ဒွေးသည်- ရူပါရုံ, သောတဝိညာဏ်ဒွေးသည်-သဒ္ဒါရုံ,ဃာနဝိညာဏ်ဒွေးသည်-ဂန္ဓာရုံ,ဇိဝှါ ဝိညာဏ်ဒွေးသည်-ရသာရုံ,ကာယဝိညာဏ်ဒွေးသည်-ဖောဋ္ဌဗ္ဗာရုံကိုအာရုံ ပြုသည်၊စက္ခုဝိညာဏ်ဒွေးသည်-စက္ခုဝတ္ထု,သောတဝိညာဏ်ဒွေးသည်- သောတဝတ္ထု,ဃာနဝိညာဏ်ဒွေးသည်- ဃာနဝတ္ထု, ဇိဝှါဝိညာဏ်ဒွေး သည်- ဇိဝှါဝတ္ထု, ကာယဝိညာဏ် ဒွေးသည်- ကာယဝတ္ထုကို မှီသည်၊ [ဤကား အကျယ်။]

အကျဉ်းဖြေမှု–ပဉ္စဝိညာဏ် တဆယ်တို့သည် သုခ- ဒုက္ခ- ဥပေက္ခာ ဝေဒနာ, အဟိတ်, ဒဿနာဒိ ပဉ္စကိစ္စ, ပဉ္စဒွါရ, ပဉ္စာရုံ, ပဉ္စဝတ္ထု- အသီးအသီး ဖြစ်၏။

၃။ *ဒိဋ္ဌိပ္ပါဘိညတိဟိတ် ပုထုဇ္ဇန်အား သောတာပတ္တိ မဂ္ဂဝီထိဖြစ် ဟန်ကား—ဘဝင်,ဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏ သမ္ပယုတ်ဇော လေးခုတို့တွင် တခုခုသည် ဥပစာ, အနုလုံ, ဂေါတြဘူ ဟူ၍ ၃-ကြိမ်, ထို့နောင် သောတာပတ္တိ မဂ်ဇော တကြိမ်, ထို့နောင် ဖိုလ်ဇော ၃-ကြိမ်, ထို့နောင် ဘဝင် ဖြစ်ထိုက်သ၍ ဖြစ်၏။

## ၁၃၀၈-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ဒုတိယမေးခွန်း အဖြေလွှာ

၁။ *ပဌမဈာန်ကို မြတ်သော အာနုဘော်ရှိအောင် ပွားများလျှင် မဟာဗြဟ္မာဘုံ၌ ဖြစ်နိုင် ပါသည်၊ ဝါ- မဟာ ဗြဟ္မာ ဘုံသို့ ရောက်နိုင် ပါသည်။

၂။ *အသညသတ်ဘုံ၌ ဖြစ်သင့်ရာသက်တန်းကား မဟာကပ်ငါးရာ တည်း။

ဖြစ်သင့်ရာရုပ်စုများကား အဝိနိဗ္ဘောဂရုပ် ၈-ပါး,ဇီဝိတရုပ်တပါး, လဟုတာဒိတ္တယ ၃-ပါး, လက္ခဏာရုပ် ၄-ပါး, အာကာသဓါတ်တပါး၊ ပေါင်း ၁၇-ပါး။

ဖြစ်သင့်သော ဣန္ဒြေကား ရူပဇီဝိတိန္ဒြေ တပါးသာတည်း။

၃။ *မရဏာနုဿတိ, ဥပသမာနုဿတိ, အာဟာရေပဋိကူလ သညာ, စတုဓာတုဝဝတ္ထာန်၊ ဤကမ္မဋ္ဌာန်းလေးပါးတို့သည် ဗုဒ္ဓိစရိတ ပုဂ္ဂိုလ်အားသင့်လျော်ပါသည်။

---

## ၁၃၀၈-ခုနှစ်၊ ပထမငယ်
## မာတိကာနှင့်ဓာတုကထာ၊ပထမ မေးခွန်းအဖြေလွှာ

၁။ *သံကိလိဋ္ဌ သံကိလေသိကာ၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပူပန်စေ တတ် နှိပ်စက်တတ်သော ကိလေသာကိုရခြင်းငှါထိုက်ကုန်သော။ ဓမ္မာ- နိဿတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

၂။ *သုခသဟဂုတ်ကာယဝိညာဏ်-စတုတ္ထဈာန်ကောဒသ၌ရှိသော သုခဝေဒနာ ၁၂-ခု,ဥပေက္ခာဝေဒနာ ၅၅-ခု, ဒုက္ခသဟဂုတ်စိတ် ၃-ခု, စေတသိက် ဗာဝီသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်၊ဤတရားတို့သည် ပီတိတိတ်၌ တိက်မုတ်ဖြစ်ကုန်၏။

၃။ *အကုသိုလ် ဒွါဒသ, လောကီကုသိုလ်သတ္တရသ၌ ရှိသော စေတနာစေတသိက်သည် ကမ္မဘာဝမည်၏။

လောကီဝိပါက်ဗာတ္တိံသ, စေတသိက်ပဉ္စတိံသ, ကမ္မဇရုပ်ဝီသ သည် ဥပပတ္တိဘဝမည်၏။

---

## ၁၃၀၈-ခုနှစ်၊ ပထမငယ်
## မာတိကာနှင့်ဓာတုကထာ၊ဒုတိယ မေးခွန်းအဖြေလွှာ

၁။ *သဟေတုကဒုက်နှင့်ဟေတုသမ္ပယုတ္တဒုက်တို့သည် သဒ္ဒါမျှသာ ထူး၏၊ အနက်အားဖြင့်ကား မထူး။ (ထိုသို့မထူးသော်လည်း မြတ်စွာဘုရားသည် ဒေသနာဝိလာသ, ပုဂ္ဂလဇ္ဈာသယအားဖြင့် ဟောတော်မူပြန်သတည်း၊) ဤကွင်းအတွင်းရှိစကားရပ်အည် မေးခွန်းနှင့်မဆိုင်၊ အထူးမရှိဘဲလျက် အဘယ့်ကြောင့် ဟောတော်မူပြန်သနည်းဟု မေးမှ ထိုကဲ့သို့ ဖြေလေ။

၂။ *တေဓမ္မာ စတူဟိခန္ဓေဟိ ဒွီဟာယတနေဟိ အဋ္ဌဟိ ဓာတူဟိ အသင်္ဂဟိတာ။

၃။ စတုတ္ထနယ၌ ခန္ဓာတူ, အာယတနတူ, ဓါတ်တူတရားတို့ကို ဟောတော်မူပါသည်။

[ဘာသာပြန်အဖြေ လွယ်ပြီ။]



# မေးခွန်းပုစ္ဆာများ

## ၁၃၀၉-ခုနှစ်

နာယက ဆရာတော်များကြီးမှူးသော မြန်မာနိုင်ငံတော်ပါဠိဘာသာ
ပညာရေးအဖွဲ့မှ ကျင်းပပြုလုပ်သည့် ၁၃၀၉-ခုနှစ်
အစိုးရ ပါဠိပထမပြန်စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက် (ဝိနယ)၊ပထမမေးခွန်း**

၁၃၀၉-ခုနှစ်၊ နယုန်လဆုတ် ၁-ရက်၊ ၄-၆-၄၇ ဗုဒ္ဓဟူးနေ့။
ခွင့်ပြုသည့်အချိန် ၂-နာရီ၊ (မွန်းတည့် ၁၂-နာရီက ၂-နာရီထိ။)
(**မှတ်ရန်။** ။လက်ျာဘက်ရှိ ဂဏန်းများသည် အမှတ်ပြည့်ကိုပြသည်။)

၁။ ဘိက္ခုဘေဒအပြား စုံလင်အောင် ထုတ်ဆိုပြီးလျှင်၊ ဤပါတိမောက် အရာဝယ် အဘယ်ဘိက္ခုရဟန်းဆိုလိုသည်ဟု ညွှန်ပြခဲ့ပါ။ (၁၀)

၂။ သံဃာဒိသေသုဒ္ဒေသ သတ္တမသိက္ခာပုဒ်၏ အစ,အဆုံး နိသျနက် ကျနမှန်ကန်အောင် အနက်သမ္ဗန်ခဲ့ပါ။ (၁၀)

၃။ မာတိကာရှစ်ပါးသရုပ် ကျကျနန အစဉ်အတိုင်း ထုတ်ပြီးလျှင်၊ ပဌမ မာတိကာပုဒ်, ဒုတိယ မာတိကာပုဒ်တို့၏ သဘောအဓိပ္ပါယ် ရေးဖြေခဲ့ပါ။ (၁၀)

---

နာယက ဆရာတော်များကြီးမှူးသော မြန်မာနိုင်ငံတော်ပါဠိဘာသာ
ပညာရေးအဖွဲ့မှ ကျင်းပပြုလုပ်သည့် ၁၃၀၉-ခုနှစ်
အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက်(ဝိနယ)၊ဒုတိယမေးခွန်း**

၁၃၀၉-ခုနှစ်၊နယုန်လဆုတ် ၁-ရက်၊၄-၆-၄၇ ဗုဒ္ဓဟူးနေ့။
ခွင့်ပြုသည့်အချိန် ၂-နာရီ၊ (၂-နာရီခွဲက ၄-နာရီခွဲထိ။)
(**မှတ်ရန်။** ။လက်ျာဘက်ရှိ ဂဏန်းများသည် အမှတ်ပြည့်ကိုပြသည်။)

၁။ စစ်အင်္ဂါလက္ခဏာများထုတ်ပြီးလျှင်၊ ဖ-ဆ-ပ-လ ပြည်သူ့ရဲဘော် များ စစ်သင်တန်းဆင်းရာအရပ်သို့ရဟန်းတော်များ သွားရောက် ကြည့်ရှုခဲ့လျှင် အာပတ်သင့်,မသင့်၊ သင့်ခဲ့လျှင် အာပတ်၏အမည် များ ထုတ်ဖော်၍ဆုံးဖြတ်ခဲ့ပါ။ (၁၀)

၂။ မြတ်စွာဘုရားသခင်၏ သက်နီးတော်ပမာဏပြသော သိက္ခာ ပုဒ်တော်ပါဠိကို အစ,အဆုံးမှန်ကန်စွာရေးခဲ့ပါ။ (၁၀)

၃။ သေဒိယမည်ခြင်း၏အကြောင်းအဓိပ္ပါယ်ကို ပေါ်လွင်အောင်ရေးပြီးလျှင်၊ သေဒိယတခုလုံး၌ ပါသောဝဂ်များကို အသီးအသီး စုံလင်အောင် ရေးခဲ့ပါ။ (၁၀)

---

နာယကဆရာတော်များကြီးမှူးသော မြန်မာနိုင်ငံတော် ပါဠိဘာသာ ပညာရေးအဖွဲ့မှ ကျင်းပပြုလုပ်သည့် ၁၃၀၉-ခုနှစ် အစိုးရ ပါဠိပထမပြန်စာမေးပွဲ

**ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း**

၁၃၀၉-ခုနှစ်၊ နယုန်လဆုတ် ၂-ရက်၊ ၅-၆-၄၇ ကြာသပတေးနေ့။
ခွင့်ပြုသည့်အချိန် ၂-နာရီ၊ (မွန်းတည့် ၁၂-နာရီက ၂-နာရီထိ။)

(မှတ်ရန်။ ။လက်ျာဘက်ရှိ ဂဏန်းများသည် အမှတ်ပြည့်ကိုပြသည်။)

၁။ မည်ကဲ့သို့စပ်ခြင်းမျိုးကို သန္ဓိခေါ်ကြောင်းပြဆို၍၊ အသဒိသဒွေဘာဝအရ ဖြစ်နိုင်သောအက္ခရာစုကိုထုတ်ပြပါ။ (၁၀)

၂။ ပုမသဒ္ဒါနောင် နာဝိဘတ်သက်ပြီးလျှင် ပြီးနိုင်သောရုပ်စုကိုဖော်ပြ၍၊ ''ပဒသော''ကို နာမ်ရုပ်,တဒ္ဓိတ်ရုပ် အကျဉ်းစီရင်ခဲ့ပါ။ (၁၀)

၃။ အောက်ပါပုဒ်များသည် မည်သည့်အနက်၌ မည်သည့်သုတ်ဖြင့် မည်သည့် ဝိဘတ်သက်ထားကြောင်းဖော်ပြ၍၊ ကတ္တုကာရကနှင့် ဟေတုကတ္တုကာရကတို့ကို ညွှန်ပြသော သုတ်များကို ဖော်ပြပါ။ (၁၀)

(က) ယေန သမယေန (ဂ) ရုဒတော ဒါရကဿ ပဗ္ဗဇိ
(ခ) ဧကံ သမယံ ဘဂဝါ (ဃ) ကဒလီသု ဂဇေ ရက္ခန္တိ

---

နာယကဆရာတော်များကြီးမှူးသော မြန်မာနိုင်ငံတော် ပါဠိဘာသာ ပညာရေးအဖွဲ့မှ ကျင်းပပြုလုပ်သည့် ၁၃၀၉-ခုနှစ် အစိုးရ ပါဠိပထမပြန်စာမေးပွဲ

**ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း**

၁၃၀၉-ခုနှစ်၊ နယုန်လဆုတ် ၂-ရက်၊ ၅-၆-၄၇ ကြာသပတေးနေ့။
ခွင့်ပြုသည့်အချိန် ၂-နာရီ၊ (၂-နာရီခွဲက ၄-နာရီခွဲထိ။)

(မှတ်ရန်။ ။လက်ျာဘက်ရှိ ဂဏန်းများသည် အမှတ်ပြည့်ကိုပြသည်။)

၁။ အမိတဗလပရက္ကမပတ္တော-၌ သမာသ်မည်မျှ ပါဝင်နိုင်ကြောင်းကို တွဲစပ်ပြ၍၊ နပုလ္လိင်ကေဝုစ်အဖြစ်သတ်မှတ်ထားသော သမာသ်များကို ထုတ်ပြပါ။ (၁၀)

၂။ နဝဋ္ဌိနီလပီတာဒေါ (ပေ)သိရသံဝဒေ—၌ ပေယျာလပါဌ်ကိုဖော်၍ အနက်ပေးခဲ့ပါ။ (၁၀)

၃။ အမေ့ဉတ္တမော-သုတ်အရ ဂမုဓာတ်နောင် ဘဝိဿန္တိဝိဘတ်သက် ပြပြီးလျှင်၊ အောက်ပါပုဒ်များကို ဓာတ်,ပစ္စည်းခွဲဝေပြပါ။ (၁၀)

(က) ဘင္တွော (ဂ) ဝိန္ဒော

(ခ) သင္ကော (ဃ) ရာဂေါ

---

နာယက ဆရာတော်များကြီးမှူးသော မြန်မာနိုင်ငံတော်ပါဠိဘာသာ ပညာရေးအဖွဲ့မှ ကျင်းပပြုလုပ်သည့် ၁၃၀၉-ခုနှစ် အစိုးရ ပါဠိပထမပြန်စာမေးပွဲ

**ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း**

၁၃၀၉-ခုနှစ်၊ နယုန်လဆုတ် ၃-ရက်၊ ၆-၆-၄၇-သောကြာနေ့။
ခွင့်ပြုသည့်အချိန် ၂-နာရီ၊ (မွန်းတည့် ၁၂-နာရီက ၂-နာရီအထိ )
(**မှတ်ရန်**။ ။လက်ျာဘက်ရှိ ဂဏန်းများသည် အမှတ်ပြည့်ကိုပြသည်။)

၁။ အရူပါဝစရစိတ်ကို အဘယ်ဈာန်၌ အဘယ့်ကြောင့် ရေတွက်ရမည်နည်း၊အကိုးသာဓက ထုတ်ဆောင်ပြပါ။ (၁၀)

၂။ သဗ္ဗာကုသလ သာဓာရဏ စေတသိက်နှင့် သဗ္ဗာကုသလ ယောဂီ စေတသိက်တို့၏ သရုပ်ကို ထုတ်ဆိုပြီးလျှင်၊ယင်းနှစ်ရပ်တို့၏ သဘော သွားခြားနား ဟန်ကိုလည်းပြဆိုခဲ့ပါ။ (၁၀)

၃။ ဇောထိုက်သော စိတ်များကား အဘယ်ပါနည်း၊ ၎င်းအထည်းတွင် တကြိမ်မှ ခုနစ်ကြိမ်တိုင် ဇောနိုင်သောဇောတို့ကို အစဉ်အတိုင်း ဖော်ပြပါ။ (၁၀)

---

နာယကဆရာတော်များ ကြီးမှူးသော မြန်မာနိုင်ငံတော်ပါဠိဘာသာ ပညာရေးအဖွဲ့မှ ကျင်းပပြုလုပ်သည့် ၁၃၀၉-ခုနှစ် အစိုးရ ပါဠိပထပြန်စာမေးပွဲ

**ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း**

၁၃၀၉-ခုနှစ်၊ နယုန်လဆုတ် ၃-ရက်၊ ၆-၆-၄၇—သောကြာ နေ့။
ခွင့်ပြုသည့်အချိန် ၂-နာရီ၊ (၂-နာရီခွဲက ၄-နာရီခွဲအထိ။)
(**မှတ်ရန်**။ ။လက်ျာဘက်ရှိ ဂဏန်းများသည် အမှတ်ပြည့်ကိုပြသည်။)

၁။ အကနိဋ္ဌာ ဘုံ၌ ဖြစ်သင့်ရာ ပုဂ္ဂိုလ်,သက်တန်း, ရုပ်စုကိုကို ဖော်ပြပါ။ (၁၀)

၂။ မောဓိပက္ခိယ တရားများကို သဘောအားဖြင့် ပေါင်းစုလိုက်သော် မည်မျှရှိပါသနည်း၊ ရေတွက်ပြပါ။ (၁၀)
၃။ ပစ္စယ သင်္ဂဟလာ ပဉ္စတ်ခြောက်မျိုးကို ဥဒါဟရဏ်အသီးသီးနှင့် တကွယှဉ်တွဲပြပါ၊ (၁၀)

---

နာယက ဆရာတော်များ ကြီးမှူးသော မြန်မာနိုင်ငံတော် ပါဠိဘာသာ ပညာရေးအဖွဲ့မှ ကျင်းပပြုလုပ်သည့် ၁၃၁၉-ခုနှစ် အစိုးရ ပါဠိပထမပြန်စာမေးပွဲ

**ပထမငယ်၊ မာတိကာဓာတုကထာ၊ ပထမမေးခွန်း**

၁၃၁၉-ခုနှစ်၊ နယုန်လဆုတ် ၄-ရက်၊ ၇-၆-၅၇ စနေနေ့။
ဖြေဆိုချိန် ၂-နာရီ၊ (မွန်းတည့် ၁၂-နာရီက ၂-နာရီအထိ။)
(**မှတ်ရန်**။ ။လက်ျာဘက်ရှိ ဂဏန်းများသည် အမှတ်ပြည့်ကို ပြသည်။)
၁။ ဥပါဒိန္နုပါဒါနိယာ ဓမ္မာ-ပုဒ်ကို အနက် ယောဇနာခဲ့ပါ။ (၁၀)
၂။ ဝေဒနာတိက်၌ တိက်မှတ်ကို ထုတ်ပြပါ။ (၁၀)
၃။ ဓာတုကထာ ဝဏ္ဏနာလာ အောက်ပါပုဒ် တို့ကို တရား ကိုယ် ကောက်ပြပါ။ (၁၀)
၁။ စက္ခာ ယတန ၂။ စက္ခု ဓာတ် ၃။ စက္ခု ဣန္ဒြေ
၄။ မနာယတန ၅။ မနော ဓာတ် ၆။ မနိန္ဒြေ

---

နာယကဆရာတော်များ ကြီးမှူးသော မြန်မာနိုင်ငံတော် ပါဠိဘာသာ ပညာရေးအဖွဲ့မှ ကျင်းပပြုလုပ်သည့် ၁၃၁၉-ခုနှစ် အစိုးရ ပါဠိပထမပြန်စာမေးပွဲ

**ပထမငယ်၊ မာတိကာဓာတုကထာ၊ ဒုတိယမေးခွန်း**

၁၃၁၉-ခုနှစ်၊နယုန်လဆုတ် ၄-ရက်၊ ၇-၆-၅၇ စနေနေ့။
ဖြေဆိုသည့်အချိန် ၂-နာရီ၊ (၂-နာရီက-၄-နာရီအထိ။)
(**မှတ်ရန်**။ ။လက်ျာဘက်ရှိ ဂဏန်းများသည် အမှတ်ပြည့်ကိုပြသည်။)
၁။ ဒုကမာတိကာ သပ္ပစ္စယာ ဓမ္မာ-ပုဒ်ကို အရကောက်ပြပါ။ (၁၀)
၂။ တတိယနယ၌ အဘယ်တရားမျိုးကို ဟောပါသနည်း။ (၁၀)
၃။ အောက်ပါပုစ္ဆာပါဠိကို ဝိသဇ္ဇနာပါဠိထုတ်ပြပြီးလျှင်၊ ထိုဝိသဇ္ဇနာ ပါဠိကိုသာ အနက်ယောဇနာခဲ့ပါ။ (၁၀)
သမုဒယသစ္စေန ယေဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ၊ အာယတနသင်္ဂဟေန သင်္ဂဟိတာ၊ ဓာတုသင်္ဂဟေန သင်္ဂဟိတာ။ တေဟိ

ဓမ္မေဟိ ယေ ဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ၊ အာယတနသင်္ဂဟေန သင်္ဂဟိတာ၊ဓာတုသင်္ဂဟေန သင်္ဂဟိတာ။တေ ဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟိ အာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာတိ။

---

နာယကဆရာတော်များကြီးမှူးသောမြန်မာနိုင်ငံတော်ပါဠိဘာသာ ပညာရေးအဖွဲ့မှ ကျင်းပပြုလုပ်သည့် ၁၃၀၉-ခုနှစ် အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘာသာပြန်(အသစ်)၊ ပထမမေးခွန်း**

၁၃၀၉–ခုနှစ်၊ နယုန်လဆုတ် ၆-ရက်၊ ၉-၆-၄၇ တနင်္ဂလာနေ့။
ခွင့်ပြုသည့်အချိန် ၂–နာရီ၊ (မွန်းတည့် ၁၂-နာရီက ၂–နာရီထိ။)
(မှတ်ရန်။ ။လက်ျာဘက်ရှိ ဂဏန်းများသည် အမှတ်ပြည့်ကိုပြသည်။)

အောက်ပါဝါကျများကို မြန်မာဘာသာပြန်ဆိုပါ။

၁။ (က) နနု တွံ ပုဗ္ဗေပိ ဝီရိယဝါ အဟောသိ။
(ခ) သော ကေဒါ သင္ဂယောဇနံ မရုကန္တာရံ ပဋိပဇ္ဇိ။
(ဂ) သာ ကုမာရိကာ တံ ဒိသွာ အယျိကံ အာဟ။
(ဃ) ဝါသဘခတ္တိယာ မဟာနာမဿ သက္ကဿ ဓီတာ။
(င) သာ ရညော သံဝါသံ ပဋိစ္စ ပုတ္တံ ဝိဇာယိ။ (၁၀)

၂။ (က) ဟဒယံ ဥဏှံ အဟောသိ၊မုခတော လောဟိတံ ဥဂ္ဂစ္ဆိ။
(ခ) မယှံ ဒွေ ပုတ္တာ အဂ္ဂိခန္ဓာဝိယ ဇာလမာနာ ဝိစရန္တိ။
(ဂ) အယံ နော ပါတိ အတ္ထိ၊ နောစ အမှာကံ ဥပကာရော။
(၁၀)

အောက်ပါဝါကျများကို ပါဠိဘာသာပြန်ဆိုပါ။ (၁၀)

၃။ (က) မလိမ္မာသောထိုလှည်းကုန်သည်သည်လည်းမိမိမိုက်မဲသည်၏ အဖြစ်ကြောင့်ဘီလူး၏စကားကိုယုံကြည်လျက် ရေအိုးကြီးတို့ကိုခွဲစေပြီးလျှင် တလက်ဖက်မျှလောက်သော ရေကိုမျှ မကြွင်း မထားဘဲ အလုံးစုံကို စွန့်ပစ်စေ၍ လှည်းတို့ကို မောင်းနှင်စေ၏။

(ခ) ထိုအချိန်အခါမှာ ဥတ္တရာပထတိုင်းမှ တဦးသောမြင်းကုန်သည်သည် ငါးရာသော မြင်းတို့ကို ယူဆောင် ခဲ့လေ၏၊ ဘုရင်မင်းသည် ထိုယောကျ်ားကို ခေါ်စေ၍ မြင်းတို့ကို အဘိုးဖြတ်စေ၏။

---

## အစိုးရ ပါဠိပထမပြန်စာမေးပွဲ

### ပထမငယ်၊ ဘာသာပြန် (အသစ်)၊ ဒုတိယမေးခွန်း

၁၃၀၉–ခုနှစ်၊ နယုန်လဆုတ် ၆-ရက်၊ ၉-၆–၄၇ တနင်းလာနေ့။
ခွင့်ပြုသည့်အချိန် ၂နာရီ၊ (၂-နာရီခွဲက ၄-နာရီခွဲအထိ။)
(မှတ်ရန်။ ။လက်ျာဘက်ရှိဂဏန်းများသည် အမှတ်ပြည့်ကိုပြသည်။)
အောက်ပါဝါကျတို့ကို မြန်မာဘာသာပြန်ဆိုပါ

၁။ (က) တသ္မိံ ကန္တာရေ သုခုမာဝါလုကာ မုဋ္ဌိယာ ဂဟိတာ ဟတ္ထေ န တိဋ္ဌတိ၊သူရိယုဂ္ဂမနတော ပဋ္ဌာယ အင်္ဂါရရာသိ ဝိယ ဥဏှာ ဟောတိ၊ န သက္ကာ အက္ကမိတုံ။
( ခ) သစ္စပရိယောသာနေ သောဘိက္ခု သောတာပတ္တိ ဖလေ ပတိဋ္ဌာတိ၊ သမ္မာသမ္ဗုဒ္ဓေါ ဒွေဝတ္ထုနိကထေတွာ အနု- သန္ဓိံဃဋေတွာ ဇာတကံ သမောဓာနေသိ။ (၁၀)

၂။ (က) သော စတုရာသီတိဝဿသဟဿာနိ ကောမာရကီဠံ့ကီဠိ။
( ခ) တဒါ ကပ္ပကော အာနန္ဒော အဟောသိ။
( ဂ) တုမှေ ဘန္တေ မဟလ္လကာ၊ ကိံဝေါ ဟိမဝန္တေန။
(ဃ) ရာဇာ တဿ ဩပရဇ္ဇံဒတွာ မာတရံ အဂ္ဂမဟေသိံ အကာသိ။ (၁၀)

အောက်ပါဂါထာကို ပါဠိယောဇနာဖြစ်စေ၊ မြန်မာသက်သက် ဖြစ်စေ ပြန်ဆိုရေးသားပါ။ (၁၀)

၃။ သဟဿကုတ္တုမတ္တာနံ၊
နိမ္မိနိတွာန ပဏ္ဍိကော။
နိသီဒမ္ဗဝနေ ရမ္မေ၊
ယာဝ ကာလပ္ပဝေဒနာ။ ။

---

## အစိုးရ ပါဠိ ပထမပြန် စာမေးပွဲ

### ပထမငယ်၊ ဘာသာပြန် (အဟောင်း)၊ ပထမမေးခွန်း

၁၃၀၉-ခုနှစ်၊နယုန်လဆုတ် ၆–ရက်၊ ၉–၆–၄၇ တနင်းလာနေ့။
ခွင့်ပြုသည့်အချိန် ၂-နာရီ၊(မွန်းတည့် ၁၂-နာရီက ၂-နာရီထိ။)
(မှတ်ရန်။ ။လက်ျာဘက်ရှိဂဏန်းများသည် အမှတ်ပြည့်ကိုပြသည်။)

(၁) အောက်ပါ ဝါကျများကို မြန်မာဘာသာ ပြန်ဆိုပါ။(၁၀)
(က) ဘန္တေ အဟံ မဟလ္လကကာလေ ပဗ္ဗဇိတော။
(ခ ) ပရလောကံ ဂစ္ဆန္တံ ဘောဂါဝါ နာနုဂစ္ဆန္တိ။

(ဂ) တာတ အဟံ သတ္တ၊ ဓမ္မဒေသနံ သုတွာ ဃရာဝါသေ ဝသိတုံ န သက္ကောမိ။

(ဃ) သတ္ထာ အာနန္ဒထေရံ အာမန္တေတွာ ဂန္တွာအာနန္ဒ တံ ယက္ခိနိံ ပက္ကောသာပေဟီတိ အာဟ။

၂။ အောက်ပါဝါကျများကို ပါဠိဘာသာပြန်ဆိုပါ။ (၂၀)

(က) အရှင်ဘုရား…အရှင်ဘုရား ဘယ်အရပ်ကြွမလို့ပါလဲဘုရား။

(ခ) ငါ သာဝတ္ထိပြည် သွားမလို့။

(ဂ) ထိုသို့ဖြစ်မူ အရှင်ဘုရား…အတူတူသွားကြ ပါစို့ ဘုရား။

(ဃ) ဒကာ…ငါ့မှာအားနည်းနေ၍ ငါနှင့်အတူသွားသော သင့်မှာ ခရီးကြာနေလိမ့်မည်။

---

အစိုးရ ပါဠိပထမပြန်စာမေးပွဲ

**ပထမငယ်၊ ဘာသာပြန် (အဟောင်း)၊ ဒုတိယမေးခွန်း**

၁၃၀၉-ခုနှစ်၊ နယုန်လဆုတ် ၆-ရက်၊ ၉-၆-၄၇ တနင်းလာနေ့။

ခွင့်ပြုသည့်အချိန် ၂နာရီ၊ (၂နာရီခွဲက ၄နာရီခွဲအထိ။)

(မှတ်ရန်။ ။လက်ျာဘက်ရှိဂဏန်းများသည် အမှတ်ပြည့်ကိုပြသည်။)

၁။ အောက်ပါ ဝါများကို ပါဠိဘာသာပြန်ဆိုပါ။ (၂၀)

(က) ငါ့ရှင်… ကျွန်ုပ် ငယ်ပါသေးတယ်၊ ရဟန်းဖြစ်တာမကြာသေးပါ။

(ခ) ငါ့မှာ လူ့ဘောင်၌ နေသဖြင့် ဘာအကျိုးရှိအံ့နည်း။

(ဂ) အကျွန်ုပ်တို့ဆရာ ဘယ်မှာနေပါသလဲ။

(ဃ) ဖ-ဆ-ပ-လ-အစိုးရသည် သာသနာ တော်ကြီးကိုရင်း, လူထုကြီးကိုရင်း အမြဲစောင့် ရှောက်ပါ စေသတည်း။

၂။ အောက်ပါဝါကျများကို မြန်မာဘာသာ ပြန်ဆိုပါ။ (၁၀)

(က) ဟောဘိက္ခုပဗ္ဗဇ္ဇာယ ပဗ္ဗာဇေတွာ အရဟတ္တံ ပါပေသိ။

(ခ) ပုနဒိဝသေ ပါတောဝ ပတ္တစီဝရ မာဒါယ ရာဇဂဟံ ပိဏ္ဍာယ ပါဝိသိ။

(ဂ) မယာ ဝေရူပေါ ပဗ္ဗဇိတောနာမ န ဒိဋ္ဌပုဗ္ဗော ယေဝ။

(ဃ) ကာလံ ဒေသဉ္စ ဒီပဉ္စ၊
ကုလံ မာတရမေဝစ။
ဣမေ ပဉ္စ ဝိလောကေတွာ၊
ဥပ္ပဇ္ဇတိ မဟာယသော။ ။

# မေးခွန်းအဖြေများ

## ၁၃၀၉-ခုနှစ်၊ ပထမငယ်

## ဘိက္ခုပါတိမောက်(ဝိနယ)၊ ပထမ်မေးခွန်းအဖြေလွှာ

၁။*(၁)ဟေိဘိက္ခုပသမ္ပဒါ(၂)သရဏဂမနူပသမ္ပဒါ(၃)ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ(၄) ပဉှာဗျာကရဏူပသမ္ပဒါ (၅)အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ (၆) ဒူတေနူပသမ္ပဒါ(၇) အဋ္ဌဝါစိကူပသမ္ပဒါ (၈)ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ၊ ဤကား ဘိက္ခုဘောဒအစုံအလင်တည်း၊ ၎င်းရှစ်မျိုးတွင် ဤပါတိမောက်အရာ၌ ရှစ်ခုမြောက်သော ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါဘိက္ခုကိုအလိုရှိအပ်ပါသည်။

၂။*သဃာမိကံ၊ ဆောက်လုပ်သူဒါယကာရှိသော။အတ္တုဒ္ဒေသံ၊ မိမိဟုဆိုအပ်သော ညွှန်းအပ်သော ပုဂ္ဂိုလ်ရှိသော။ မဟလ္လကံ၊ကြီးသော။ ဝိဟာရံ၊ ကျောင်းကို။ ကာရယမာနေန၊ ပြုစေလိုသော။ ဘိက္ခုနာပန၊ ရဟန်းသည်ကား။ ဝတ္ထုဒေသနာယ၊ ကျောင်းရာကို ကြားစေခြင်းငှါ။ ဘိက္ခူ၊ ရဟန်းတို့ကို။ အဘိနေတဗ္ဗာ၊ ပင့်ဆောင်အပ်ကုန်၏။ တေဟိ ဘိက္ခူဟိ၊ ထိုရဟန်းတို့သည်။ အနာရမ္ဘံ၊ ပိုးရွ,ခြပုန်းစသော ၁၆-ပါးသော ဘေးရန်မရှိသော။ သပရိက္ကမနံ၊ နွား ၂-ကောင် ကသောလှည်းဖြင့် လှည့်လည်လောက်သော ဥပစာရှိသော။ဝတ္ထု၊ကျောင်းရာကို။ဒေသေတဗ္ဗံ၊ ကြားအပ်၏။ ဘိက္ခု၊ ရဟန်းသည်။ သာရမ္ဘေ၊ ပိုးရွ,ခြပုန်းစသော ၁၆-ပါးသောဘေးရန်ရှိသော။ အပရိက္ကမနေ၊ နွား ၂-ကောင်ကသောလှည်းဖြင့် လှည့်လည်လောက်သော ဥပစာမရှိသော။ ဝတ္ထုသ္မိံ၊ ကျောင်းရာ၌။ မဟလ္လကံ၊ ကြီးသော။ ဝိဟာရံ၊ ကျောင်းကို။ စေကာရေယျ၊ အကယ်၍ ပြုစေငြားအံ့။ ဝတ္ထုဒေသနာယ၊ ကျောင်းရာကို ကြားစေခြင်းငှါ။ဘိက္ခူဝါ၊ ရဟန်းတို့ကိုမူလည်း။ စေအနဘိနေယျ၊ အကယ်၍ မပင့်ဆောင်ငြားအံ့။ သံဃာဒိသေသော၊ သံဃာဒိသိသ်အမည်ရှိသော။ အာပတ္တိနိကာယော၊ အာပတ်အပေါင်းသည်၊ ဟောတိ ဖြစ်၏။

၃။*(၁)ပက္ကမနန္တိကာ (၂) နိဋ္ဌာနန္တိကာ (၃) သန္နိဋ္ဌာနန္တိကာ (၄) နာသနန္တိကာ (၅) သဝနန္တိကာ (၆) အာသာဝစ္ဆေဒိကာ (၇) သီမာတိက္ကမန္တိကာ (၈) သဟုဗ္ဘာရာ၊ ဤကား ကထိန်နုတ်ခြင်း မာတိကာ ရှစ်ပါးတို့၏ အစဉ်အတိုင်းသရုပ်တို့တည်း။

(၁) ကထိန်သက်န်းကိုယူ၍ ကထိန်ခင်းရာကျောင်းတိုက်၌ မနေ တော့ဟုဘဲသွားခြင်းလျှင် အဆုံးရှိသောကထိန်နုတ်ခြင်းသည် ပက္ကမနန္တိကာမည်၏။

(၂) အာနိသံသသက်န်းစကို ယူ၍ဘဲသွားပြီး ကျောင်း၏ပြင်ပ ရောက်လတ်သော် တခြားအရပ်၌သာ ဤသက်န်းကိုချုပ်ဆိုးမှု ပြုတော့အံ့၊ ကျောင်းသို့မပြန်တော့အံ့ဟု အာဝါသပလိဗောဓပြတ်စေ၍ သက်န်းကို ပြီးစေခြင်းလျှင် အဆုံးရှိသောကထိန်နုတ်ခြင်းသည် နိဋ္ဌာနန္တိကာမည်၏။

**မှတ်ချက်။** ။ဤတတိယမေးခွန်းကိုမေးသူသည် စည်းကမ်းကျော်လွန်၍ မေးထားခြင်းဖြစ်၏၊ မာတိကာရှစ်ပါးသည်နိဿဂ္ဂိပါစိတ် ပထမကထိနသိက္ခာပုဒ်အဖွင့် ကင်္ခါအဋ္ဌကထာ၌ လာရှိ၏၊ တတိယကထိန သိက္ခာပုဒ် အဖွင့်၌လည်း သက်န်းဖြစ်ပေါ် လာခြင်း– မာတိကာရှစ်ပါး ရှိသေး၏၊ ထို ၂-မျိုးတွင် အဘယ် အမျိုးကို မေးမေး စည်းကမ်းကို ကျော်လွန်

## ၁၃၀၉-ခုနှစ်၊ပထမငယ်
## ဘိက္ခုပါတိမောက် (ဝိနယ)၊ဒုတိယမေးခွန်း အဖြေလွှာ

၁။ *ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေသည်တပ်တို့သည်၊ ဝါ- ဟတ္ထိ,အဿ, ရထ,ပတ္တိကတို့သည် စစ်အင်္ဂါလက္ခဏာများ ဖြစ်ကြပါသည်။

ဗ-ဆ-ပ-လ-ပြည်သူ့ရဲဘော်များ စစ်သင်တန်းဆင်းရာအရပ်သို့ သွားရောက်ကြည့်ရှုသောရဟန်းတော်များအား အစေလကဝဂ် ဆယ်ခုမြောက် ဥယျောဓိကသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ပါသည်။

**မှတ်ချက်။** ။ဥယျောဓိက,ဗလဂ္ဂ, သေနာဗျူဟ, အနီကဒဿန-တို့တွင် တခုတခုကိုသာ ကြည့်လျှင် ဒုက္ကဋ်,လေးပါးလုံးကြည့်မှပါစိတ်။

၂။ *ယောပနဘိက္ခု သုဂတစီဝရပ္ပမာဏံ စီဝရံကာရာပေယျ အတိရေကံဝါ၊ဆေဒနကံ ပါစိတ္တိယံ။တတြိဒံ သုဂတဿ သုဂတစီဝရပ္ပမာဏံ၊ ဒီဃသော နဝ ဝိဒတ္ထိယော သုဂတဝိဒတ္ထိယာ တိရိယံ ဆဝိဒတ္ထိယော၊ဣဒံ သုဂတဿ သုဂတစီဝရပ္ပမာဏံ။

၃။ *သိက္ခိတဗ္ဗာတိသေခိယာ—ဟူသည်နှင့်အညီ၊ကျင့်အပ်ကုန်သောကြောင့် သေခိယတို့မည်ပါသည်။

(၁) ပရိမဏ္ဍလဝဂ် (၂) ဥဇ္ဇဂ္ဃိကဝဂ် (၃) ခမ္ဘကတဝဂ် (၄) သက္ကစ္စဝဂ် (၅)ကဗဠဝဂ် (၆) သုရုသုရုဝဂ် (၇)ပါဒုကဝဂ် တို့ဖြစ်ပါသည်။

---

## ၁၃၀၉-နှစ်၊ ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *ပုဒ်နှစ်ပါးတို့၏ အကြားကိုမမြင်စေမူ၍ ကောင်းစွာ စပ်ထားအပ်သောကြောင့် သန္ဓိဟုခေါ်ပါသည်။

အသဒိသဒွေဘာဝအရဖြစ်နိုင်သောအက္ခရာစုတို့ကား—တတိယက္ခရာ ၅-လုံးနှင့် ပထမက္ခရာ ၅-လုံးတို့ဖြစ်ပါသည်။

၂။ *ပုမသဒ္ဒါနောင် နာဝိဘတ်သက်၍ ပြီးနိုင်သောရုပ်စုကား-ပုမေန၊ ပုမာနာ၊ ပုမုနာ ဟူ၍ ၃-မျိုးတို့တည်း။

ပဒသော- ပဒသဒ္ဒါတည်၊ အားဖြင့်ဟူ၍ အနက်ပေးသောကြောင့် ဝိသေသန အနက်၌ တတိယာ ကေဝုစ်နာဝိဘတ်သက်၊ ဒ-ခွင်း,အကြွင်း၊ သောဝါ- သုတ်ဖြင့် အ ကာရန္တနောင်နှောင်းသော နာဝိဘတ်ကို သောပြု၊ ဒ အ-သို့ကပ်၊ပြီး၏။ [နာမ်ရုပ်ကျဉ်း။]

ပဒသောကို ပဒသဒ္ဒါ,ဝိဘာဂ သဒ္ဒါတည်၊ အားဖြင့်ဟူ၍ အနက်ပေးသောကြောင့် တတိယာနာဝိဘတ် ၂-ခုသက်၊ နာဝိဘတ် ၂—ခု နေပြု၊ ပဒေန၊ပုဒ်ဟူသော။ဝိဘာဂေန၊ ဝေဘန်ခြင်းအားဖြင့်။ ဣတိအတ္ထေ၊ ဤသို့သောအနက်၌။ ဝိဘာဂေဓာစ-ဟူသောသုတ်၌ စသဒ္ဒါဖြင့် ဝိဘာဂအနက်၌ ၂-ပုဒ်တို့၏အလည် ပဒ နောင် သောပစ္စည်းသက်၊ဝိဘာဂ တဒ္ဓိတ်မည်၍၊တေသံဝိဘတ္တိယော လောပါစ-၌ တေသံသဒ္ဒါဖြင့် နာဝိဘတ် ၂-ခု နှင့် ဝိဘာဂပုဒ်ချေ၊နာမ်ငဲ့၊ဝိသေသနေစ-ဖြင့် တတိယာ နာဝိဘတ်သက်၊ သဗ္ဗာသမာဒုသော-သုတ်ဖြင့် နာဝိဘတ်ကိုချေ၊ပဒသောပြီး၏။

[ဤကား တဒ္ဓိတ်ရုပ်ကျဉ်း။]

၃။ * (က) သတ္တမီအနက်၌သတ္တမျတ္တေစသုတ်ဖြင့်တတိယာဝိဘတ်။
(ခ) သတ္တမီအနက်၌ကတိယာသတ္တမီနဥ္စဖြင့် ဒုတိယာဝိဘတ်။

(ဂ) အနာဒရအနက်၌ အနာဒရေစ သုတ်ဖြင့် ဆဋ္ဌီဝိဘတ်။
(ဃ) ပဋ္ဌမီအနက်၌ ပဋ္ဌမျတ္ထေစ သုတ်ဖြင့် သတ္တမီဝိဘတ်။
ယောဂကရေတိသကတ္တာ– ကတ္တုကာရက ညွှန်ပြသော သုတ်။
ယောကာရေတိသဟေတု–ဟေတုကတ္တုကာရကညွှန်ပြ သောသုတ်။

---

## ၁၃၀၉-ခုနှစ်၊ ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ဒုတိယမေးခွန်းအဖြေလွှာ

၁။ *နမိတာ အမိတာ၊ ဗလဥ္စပရက္ကမောစ ဗလပရက္ကမာ၊အမိတာဝေ ဗလပရက္ကမာအမိတဗလပရက္ကမာ၊အမိတဗလပရက္ကမာပတ္တာယေနာတိ အမိတဗလ ပရက္ကမပတ္တော။ ဒွန်,ကမ္မဓာရည်း, တပ္ပုရိသ် အတွင်းငုံ သော ဗဟုဗ္ဗိဟိသမာသ်။

နပုလ္လိင်, ကေဝုစ်အဖြစ် သတ်မှတ်ထားသော သမာသ်များကား ဒိဂု-သမာသ်နှင့် ဒွန်သမာသ်တို့ ဖြစ်ပါသည်။

၂။ * နဝုဒ္ဓိ နီလပီတာဒေါ၊ ပစ္စယေ သ-ဏကာရကေ။
ဖကာရေ ဖုဿ သဒ္ဒဿ၊ သိရောတိ သိရသံဝဒေ။ ။

နီလပီတာဒေါ၊ နီလပီတအစရှိသော သဒ္ဒါ၌။ သ-ဏကာရကေ၊ ဏအက္ခရာရှိသော။ ပစ္စယေ၊ ပစ္စည်းကြောင့်။ ဝုဒ္ဓိ၊ ဝုဒ္ဓိအပြုသည်။နဟော တိ၊မဖြစ်။ ဖုဿသဒ္ဒဿ၊ ဖုဿသဒ္ဒါ၏။ ဖကာရေ၊ ဖအက္ခရာသည်။ ဝါ၊ ကား။ ဖကာရေ၊ ဖအက္ခရာနှင့်ယှဉ်၍ အမှီဖြစ်သော ဥအက္ခရာ သည်။ ဝုဒ္ဓိ၊ သည်။ နဟောတိ၊ မဖြစ်။ သိရောတိသဒ္ဒဿ၊ သိရောဟူ သော သဒ္ဒါ၏။ သိရသံ၊ သိရသအပြုကို။ နဝဒေ၊ မဆိုရာ။

၃။ *ဂစ္ဆိဿာမိ၊ ဂစ္ဆိဿာမ၊ ဤကား အမှေ့ဥတ္တမော- သုတ်အရ ဂမုဓါတ်နောင် ဘဝိဿန္တိဝိဘတ် သက်ခြင်းတည်း။

(က) ဘန္ဒဓါတ် တ ပစ္စည်း
(ခ) သကဓါတ် တ ပစ္စည်း
(ဂ) ဒါဓါတ် တ ပစ္စည်း
(ဃ) ရန္ဓဓါတ် ဏ ပစ္စည်း

## ၁၃၀၉-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ပထမမေးခွန်းအဖြေလွှာ

၁။ *အရူပါဝစရစိတ်ကို ဥပေက္ခာ, ဧကဂ္ဂတာနှင့် ယှဉ်သည်ဖြစ်၍ ဈာန်အင်္ဂါတူမျှသည်၏အဖြစ်ကြောင့် ပဥ္စမဈာန်၌ရေတွက်အပ်ပါသည်။ (အကိုးသာဓက)အာရုပ္ပဥ္စ ပိ ပဥ္စမေ၊ဥပေက္ခေကဂ္ဂတာယောဂေနအင် သမတာယ။

၂။ *မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ၊ ဤလေးပါးတို့သည် သဗ္ဗာကုလသာဓာရဏစေတသိက်တို့မည်၏။

သဗ္ဗာကုသလသာဓာရဏစေတသိက်၄-ပါး၊ဆန္ဒ,ပီတိ,အဓိမောက္ခ မှတပါးသော (ဝါ—သဗ္ဗစိတ္တသာဓာရဏ ၇-ပါး၊ဝိတက်,ဝိစာရ, ဝီရိယ)အညသမာန်းစေတသိက် ၁၀၊ ပေါင်း ၁၄-ပါးတို့သည် သဗ္ဗာကုသလယောဂီစေတသိက်တို့မည်ကုန်၏။

အကုသိုလ်စိတ်အားလုံးနှင့်သာ ဆက်ဆံတတ် ယှဉ်တတ်၍ အခြားသောစိတ်များနှင့် မဆက်ဆံတတ်မယှဉ်တတ်ခြင်းသည် သဗ္ဗာကုသလသာဓာရဏ၊ များရာကိုလိုက်၍၊ ဝါ-များသောအားဖြင့် အကုသိုလ်စိတ်အားလုံးနှင့်လည်းယှဉ်လေ့ရှိ၍ အခြားသော စိတ်များနှင့်လည်း ယှဉ်နိုင်ခြင်းသည်သဗ္ဗာကုသလယောဂီ၊ ဤကား သဘောသွားဖြင့် ခြားနားပုံတည်း။

၃။ *ဇောထိုက်သောစိတ်များကား ကုသိုလ် ၂၁-ပါး, အကုသိုလ် ၁၂-ပါး, ဖိုလ်၄-ပါး, အာဝဇ္ဇန်းဒွေးကြဉ်သော ကြိယာ ၁၈-ပါးအားဖြင့် ၅၅-ပါးတို့တည်း။

၎င်းတွင်အနာဂါမ်,ရဟန္တာတို့နိရောဓသမာပတ်မှထရာ၌အနာဂါမိဖိုလ်ဇောနှင့် အရဟတ္တဖိုလ်ဇောသည် တကြိမ်သာစောသည်။

မဂ်ဇောလေးခုတို့သည် တကြိမ်သာစောသည်။

အာဒိကမ္မိကပုဂ္ဂိုလ်၏ ရှေးဦးစွာသော အပ္ပနာဝီထိ၌ မဟဂ္ဂုတ်ဇောတို့သည် တကြိမ်သာစောသည်။

အဘိညာဉ်ဇောတို့သည် အခါခပ်သိမ်းတကြိမ်သာစောသည်။

နိရောဓသမာပတ်ကို မဝင်စားမီရှေ့အဘို့ကာလ၌ စတုတ္ထာရုပ္ပနေဝသညာနာသညာယတန ကုသိုလ်ကြိယာဇောတို့သည် ၂-ကြိမ်စောသည်။

ဖိုလ်ဇောတို့သည် ၂-ကြိမ်,၃-ကြိမ်စောသည်။

မြတ်စွာဘုရား၏ ယမိုက်ပြာဋိဟာကို ပြသည့်အခါ စသည်တို့၌ ပစ္စဝေက္ခဏာဇောတို့သည် လေးကြိမ်,ငါးကြိမ်စောသည်။

မရဏာသန္နကာလ, မုစ္ဆာကာလစသည်တို့၌ ကာမဇောတို့သည် ၅-ကြိမ်သာ စောသည်။

ပကတိအခါ၌ ကာမဇောတို့သည် ၆-ကြိမ်, ၇-ကြိမ်စောသည်။

[ဤကား- ဇောတို့အစဉ်အတိုင်းစောပုံကို ဆိုင်ရာဌာနသွတ်သွင်း၍ ပြခြင်းဖြစ်၏။]

---

## ၁၃၀၉-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ဒုတိယမေးခွန်း အဖြေလွှာ

၁။ *အကနိဋ္ဌာဘုံ၌ အနာဂါမိဖလဋ္ဌာန်တယောက်, အရဟတ္တမဂ္ဂဋ္ဌာန်တယောက်,အရဟတ္တဖလဋ္ဌာန်တယောက် အားဖြင့် ၃-ယောက်ဖြစ်သင့်၏။

၎င်းဘုံပုဂ္ဂိုလ်တို့၏ သက်တန်းကား- မဟာကပ်(၁၆၀၀၀)ရှိ၏။ ၎င်းပုဂ္ဂိုလ်တို့အား ရုပ် ၂၇-ပါးတွင် ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်၊ ပေါင်း ၅-ပါးကြဉ်၍ ကျန်သော ၂၃-ပါးသော ရုပ်စုကိုသာရသည်။

၂။ *ဗောဓိပက္ခိယတရားများကို သဘောအားဖြင့် စုပေါင်းလိုက်သော်-

ဆန္ဒ, စိတ်, တတြမဇ္ဈတ္တတာ, သဒ္ဓါ, ပဿဒ္ဓိ, ပီတိ, သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာသတိ, သမ္မာသမာဓိအားဖြင့် ၁၄-ပါးတို့တည်း။

| | | |
|---|---|---|
| ၃။ *ဝိဇ္ဇမာန ပညတ် | .... | ရုပ်,ဝေဒနာ။ |
| အဝိဇ္ဇမာနပညတ် | .... | ဘူမိ,ပဗ္ဗတ။ |
| ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် | .... | ဆဠာဘိညာ။ |
| အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် | .... | ဣတ္ထိသဒ္ဒ။ |
| ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် | .... | စက္ခုဝိညာဏ။ |
| အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် | .... | ရာဇပုတ္တ။ |

---

## ၁၃၀၉-ခုနှစ်၊ ပထမငယ်

## မာတိကာ ဓာတုကထာ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *ဥပါဒိန္နုပါဒါနိယာ၊အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည်အကျိုး၏အဖြစ်ဖြင့်ယူ အပ်ကုန်သည်ဖြစ်၍ဥပါဒါန် တို့၏အစီးအပွားဖြစ်ကုန်သော။ ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝါ၊သတ္တလည်း မဟုတ်, ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

၂။ *သုခဝေဒနာ၆၃-ခု,ဒုက္ခဝေဒနာ၃-ခု,ဥပေက္ခာဝေဒနာ၅၅-ခု, ရုပ်အဋ္ဌဝီသ,နိဗ္ဗာန်သည် ဝေဒနတိက်၏ တိက်မုတ်ဖြစ်၏။

၃။ *(၁) စက္ခုပသာဒ (၂) စက္ခုပသာဒ (၃) စက္ခုပသာဒ (၄) စိတ်တခု ယုတ်ကိုးဆယ် (၅) ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေး (၆) စိတ်တခုယုတ်ကိုးဆယ်

---

## ၁၃၀၉-ခုနှစ်၊ ပထမငယ်

## မာတိကာ ဓာတုကထာ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသ ရ၏။

၂။ *တတိယနယ်၌ ခန္ဓာကွဲ,အာယတနတူ, ဓာတ်တူ တရားမျိုးကို ဟောတော်မူပါသည်။

၃။ *ဘေဓမ္မာ ဧကေန ခန္ဓေန ဧကေနာယတနေန ကောယဓာတုယာ သင်္ဂဟိတာ။

တေဓမ္မာ၊ ထိုသမုဒယ သစ္စာတို့ကို။ ဧကေန၊ တပါးသော။ ခန္ဓေန၊ သင်္ခါရက္ခန္ဓာဖြင့်။ ဧကေန၊ တပါးသော။ အာယတနေန၊ ဓမ္မာယတန ဖြင့်။ ကောယ၊ တပါးသော။ ဓာတုယာ၊ ဓမ္မဓာတ်ဖြင့်။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။ ဣတိဝိသဇ္ဇနာ၊ ဤသို့ဖြေတော်မူသည်။ ဟောတိ၊ ဖြစ်၏။

[ဘာသာပြန်အဖြေလွှာယ်ပြီ။]

# မေးခွန်းပုစ္ဆာများ

## ၁၃၁၀-ခုနှစ်

### အစိုးရပါဠိပထမပြန်စာမေးပွဲ

### ပထမငယ်၊ ဘိက္ခုပါတိမောက် (ဝိနယ)၊ပထမမေးခွန်း

၁၃၁၀ ခုနှစ်၊ ပဌမဝါဆိုလဆန်း ၂-ရက်၊ (၇-၆-၄၈) တနင်္လာနေ့။

၁။ နိဒါန်းလာ ဝဇ္ဇနီယ၁စ ပုဂ္ဂလာ တသ္မိံန ဟောန္တိ အရ- ဝဇ္ဇနီယ ပုဂ္ဂိုလ် ၂၁-ယောက်ကို အစဉ်အတိုင်း ရေတွက်ခဲ့ပါ။ (၁၀)

၂။ သံဃာဒိသိသ် အာပတ်သင့်ခဲ့လျှင် စင်ကြယ်အောင် ကုစားရမည့် နည်းကို ပါတိမောက်လာသည့်အတိုင်းအကျဉ်းချုပ်ဖြေဆိုခဲ့ပါ။(၁၀)

၃။ သုဒ္ဓပါစိတ် ဘောဇနဝဂ် စတုတ္ထသိက္ခာပုဒ်ကို ပါဠိသက်သက် အစ,အဆုံးရေးခဲ့ပါ။ (၁၀)

---

### အစိုးရပါဠိပထမပြန်စာမေးပွဲ

### ပထမငယ်၊ဘိက္ခုပါတိမောက်(ဝိနယ)၊ဒုတိယမေးခွန်း

၁၃၁၀-ခုနှစ်၊ ပထမဝါဆိုလဆန်း ၂-ရက် (၇-၆-၄၈) တနင်္လာနေ့။

၁။ ဥစ္စာစောင့်မကလေး ဖွက်ထားသော ရွှေတပြည်သားကို ခိုးလိုသော စိတ်ဖြင့် သိုက်တူးယူငင်သော ရဟန်းအား ပါရာဇိက ကျ-မကျ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။ (၁၀)

၂။ နိဿဂ္ဂိပါစိတ် ပထမ ကထိန သိက္ခာပုဒ်ကို အနက်သက်သက်မှန် အောင် ရေး၍ ဖြေဆိုခဲ့ပါ။ (၁၀)

၃။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရတို့ မသိအောင် ယိုးဒယား ပြည်မှ ဗန်ကောက်ပုဆိုးများကို မြန်မာပြည်တွင်းသို့ ခိုးသွင်းလာ သော သူဌေးတဦးဖြစ်ကြောင်း သိလျက်နှင့် ထိုသူဌေးနှင့်အတူ တကွ တိုင်ပင်ညီညွတ်၍ ယိုးဒယားမှ မြန်မာပြည်သို့ ကြွလာသော ရဟန်းတော်အား အဘယ်အာပတ်သင့်ပါသနည်း၊ အာပတ် အမည် ရေးပြပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း

၁၃၁၀-ခုနှစ်၊ပဌမဝါဆိုလဆန်း ၃-ရက်၊(၈-၆-၄၈)အင်္ဂါနေ့။

၁။ အဘယ်အက္ခရာမျိုးကိုသညော ဂခေါ်ကြောင်းပြဆို၍၊သသညောဂ, ဝိသညောဂ ဗျဉ္ဇန နှစ်ပါးအရ ပြ်ဂ်တခုစီထုတ်ပြပါ။ (၁၀)

၂၊ သခ သဒ္ဒါနှောင် ယောဝိဘတ်သက်လျှင် ပြီးနိုင်သောရုပ်စုကို ဖော်ပြ၍၊ဂုဏဝန္တကို နာမ်ရုပ် အကျဉ်းစီရင်ခဲ့ပါ။ (၁၀)

၃။ ဗုဒ္ဓဿ ပတိ သာရိပုတ္တော ဓမ္မဒေသနာယ ဘိက္ခူ အာလပတိ တေမာသံ- ဟူသောဝါကျ၌ ပါဝင်သော ကာရက, အကာရက အမည်များကို ပုဒ်နှင့်တွဲစပ်ဖော်ပြပါ၊ (၁၀)

## အစိုးရပါဠိ ပထမပြန်စာမေးပွဲ

### ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း

၁၃၁၀–ခုနှစ်၊ ပဉ္စမဝါဆိုလဆန်း ၃ရက်၊ (၈–၆–၄၈) အင်္ဂါနေ့။

၁။ အမိတဗလ ပရက္ကမဇုတိ၌ သမာသ်မည်မျှပါဝင်နိုင်ကြောင်းကို တွဲစပ်ပြ၍၊ သာမဏေရော၊ အာရောဂျံ၊ကထံတို့၌ မည်သည့်ပုဒ်နှောင် မည်သည့်အနက်၌ မည်သည့်ပစ္စည်းများသက်ထားကြောင်းကို ဖော်ပြပါ။ (၁၀)

၂။ အာယု၊ဝဏ္ဏာ၊နဋ္ဌာ၊ယောဝုဒ္ဓိ၌ အာယု၊ဝဏ္ဏ အရကောက်ပြ၍၊ တုမှေ မဏ္ဍိမော-သုတ်အရ ဝစနေ၀တ်နှောင်ဟိယျတ္တနီအတ္တနောပုဒ် ဝိဘတ် သက်၍ ရုပ်ပြီးပုံပြပါ။ (၁၀)

၃၊ ပဝေသော၊ ပါကောတို့၌ ဓာတ်,ပစ္စည်းကိုညွှန်ပြ၍၊ ကွိစ- သုတ်ကို ဝုတ္တိဥဒါဟရဏ်စုံလင်အောင် ပါဠိသက်သက်ရေးခဲ့ပါ။ (၁၀)

---

## အစိုးရပါဠိပထမပြန်စာမေးပွဲ

### ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း

၁၃၁၀–ခုနှစ်၊ပဉ္စမဝါဆိုလဆန်း ၄–ရက်၊(၉–၆–၄၈)ဗုဒ္ဓဟူးနေ့။

၁။ အဘယ့်ကြောင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟု ခေါ်ရပုံကို အကျဉ်းအားဖြင့် ပြဆိုပြီးလျှင်၊ဝိသေသက အမည်ရသော စေတသိက်တို့ကို အာဂုမ်ပါဠိနှင့်တကွ ဖော်ပြပါ။ (၁၀)

၂၊ ကေဒ္ဒါရိက စိတ်တို့၏ အာရုံကို အာလမ္ဗဏသင်္ဂဟနှင့် အညီ အသီးအသီး ယှဉ်တွဲပြပါ။ (၁၀)

၃။ ဝိထိသင်္ဂဟလာ အောက်ပါသချ်ာများ၏ သရုပ်ကို ဖော်ထုတ်ခဲ့ပါ။ (၁၀)

(က) ဝိတ္တုပ္ပါဒါ စတုဒ္ဒသ

(ခ) ဆ သမ္ဘောန္တိ ဥပေက္ခကာ

(ဂ) အသေက္ခာနံ စတုစတ္တာလီသ

## အစိုးရ ပါဠိပထမပြန်စာမေးပွဲ

### ပထမငယ်၊အဘိဓမ္မတ္ထသင်္ဂဟ၊ဒုတိယမေးခွန်း

၁၃၁၀-ခုနှစ်၊ပဥ္စမဝါဆိုလဆန်း ၄-ရက်၊(၉-၆-၄၈)ဗုဒ္ဓဟူးနေ့။

၁။ အပါယ်ဘုံ၏အပြား,ပဋိသန္ဓေစိတ်,ပုဂ္ဂိုလ်,သက်တန်းတို့ကို ဖော်ပြပြီးလျှင်၊ နကုတောဝိသမုဋ္ဌာနရုပ်,နကာလာပဂ်ရုပ်,ပဋိသန္ဓေအခါမရကောင်းသောရုပ်တို့ကို ဖော်ပြပါ။ (၁၀)

၂။ သမ္ဗသင်္ဂဟလာ သစ္စာလေးပါးတရားကိုယ်ပြ ဂါထာကိုရေး၍ အနက်ယောဇနာခဲ့ပါ။ (၁၀)

၃။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါနှင့် အသုဘကမ္မဋ္ဌာန်းဘို့၏သရုပ်ကို ရေတွက်ပြပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန်စာမေးပွဲ

### ပထမငယ်၊ မာတိကာနှင့်ဓာတုကထာ၊ပထမမေးခွန်း

၁၃၁၀-ခုနှစ်၊ ပဥ္စမဝါဆိုလဆန်း၅-ရက်၊(၁၀-၆-၄၈)ကြာသပတေးနေ့။

၁။ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ-ဟူသောပုဒ်ကို အရကောက်ပြီးလျှင်၊ခန္ဓာ,အာယတန,ဓါတ်,သစ္စာဖွဲ့ပြပါ။ (၁၀)

၂။ နိဗ္ဗာန်ကို ခန္ဓာဖွဲ့ထိုက်ပါသလော၊ မဖွဲ့ထိုက်လျှင် အဘယ်အကြောင်းကြောင့်ပါနည်း။

၃။ ဒုဒြေ ၂၂-ပါးတို့တွင် ဝေဒနာစေတသိက်နှင့်ဆိုင်သော ဒုဒြေ ၅-ပါး,ပညာစေတသိက်နှင့်ဆိုင်သော ဒုဒြေ ၄-ပါးတို့ကို အမည်ဖော်ထုတ်၍ ရေတွက်ပြပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန်စာမေးပွဲ

### ပထမငယ်၊ မာတိကာနှင့်ဓာတုကထာ၊ဒုတိယမေးခွန်း

၁၃၁၀-ခုနှစ်၊ပဥ္စမဝါဆိုလဆန်း၅-ရက်၊ (၁၀-၆-၄၈)ကြာသပတေးနေ့။

၁။ သညောဇနာဓမ္မာ-ဟူသော ပုဒ်ကိုဆိုရိုးကျအောင် တရားကိုယ်ကို ဖော်ပြ၍ အရကောက်ပါ။ (၁၀)

၂။ ပဋ္ဌမ နယနိဒ္ဒေသ၌ အဘယ်ကဲ့သို့သော တရားမျိုးကို ဟောရပါသနည်း။ (၈)

၃။ အောက်ပါ ပုစ္ဆာ, ဝိသဇ္ဇနာပါဠိကို မှန်ကန်ကျနစွာ အနက်ယောဇနာပါ။ (၁၂)

စက္ခာယတနေန ယောဝမ္မာ ခန္ဓသင်္ဂဟေနသင်္ဂဟိတာ၊အာယတနသင်္ဂဟေန အသင်္ဂဟိတာ၊ ဓာတုသင်္ဂဟေနအသင်္ဂဟိတာ။ တေဓမ္မာကတိဟိခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိဓာတူဟိ အသင်္ဂဟိတာ။ တေဓမ္မာ စတူဟိ ခန္ဓေဟိ ဒွီဟာယတနေဟိ အဋ္ဌဟိဓာတူဟိ အသင်္ဂဟိတာ။

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမယေ်၊ဘာသာပြန်(ဒ သစ်)၊ပထမမေးခွန်း**

၁၃၁၀ခုနှစ်၊ပဋ္ဌမဝါဆိုလဆန်း၆–ရက်၊(၁၁–၆–၄၀)သောကြာနေ့။

၁။ အောက်ပါ ပါဠိဝါကျတို့ကို မြန်မာဘာသာပြန်ဆိုပါ။ (၁၀)

(က) ပါပကမ္မံနာမ ဒုဗ္ဗလဇာတိကာနံ ကမ္မံ၊ မာဒိသဿ သူရဘာဝသမ္ပန္နဿ ဧဒိကမ္မံ ကာတုံ န ယုတ္တံ။

(ခ) ယထာ ဟိ ဒွိသု အယောဂုဠေသု ဧကော သီတလော ဘဝေယျ ဂူထမက္ခိတော၊ ဧကော ဥဏှော အာဒိတ္တော၊ တတ္ထ ပဏ္ဍိတော သီတလံ ဂူထမက္ခိတတ္တာ ဇိဂုစ္ဆန္တော န ဂဏှာတိ၊ ဣတရံ ဒါဟဘယေန န ဂဏှာတိ။

(ဂ) တေသု နိဒ္ဒံ ဥပဂတေသု ဧကော ဃုရုဃုရုပဿာသော ကာကစ္ဆမာနော ဒန္တေ ခါဒန္တော နိပ္ပဇ္ဇိသု။

၂။(က) ပုတ္တော တျာဟံ မဟာရာဇ၊ တွံ မံ ပေါသ ဇနာဓိပ။ (၁၀)
အညေပိ ဒေဝေါ ပေါသေတိ၊ ကိဉ္စ ဒေဝေါ သကံ ပဇံ၊

(ခ) သမ္မောဒမာနာ ဂစ္ဆန္တိ၊ ဇာလ မာဒါယ ပက္ခိနော။
ယဒါ တေ ဝိဝဒိဿန္တိ၊ တဒါ ဧဟိန္တိ မေ ဝသံ။ ။

၃။ အောက်ပါမြန်မာဝါကျများကို ပါဠိဘာသာပြန်ဆိုပါ။ (၁၀)

(က) အိုရဟန်းတို့…ယခုအခါအဘယ်စကားကိုပြောဆိုလျက်ကောင်းစွာထိုင်နေကြပါသနည်း၊ သင်တို့၏ မပြီးပြတ်ဘဲရပ်ထားသော စကားသည် အဘယ်စကားပါနည်း။

(ခ) ယနေ့ ကျွန်ုပ်အား မြက်စည်းတခုစီပေးကြပါ၊ ကျွန်တော်သည် မြက်များကိုမရောင်းလျှင် မိမိ၏မြက်တို့ကိုမရောင်းပါနှင့်။

(ဂ) ရာပြတ်မင်း၏ဉာဏ်ပြည့်စုံမှုသည် အံ့ဩလောက်ပေ၏၊ ဤမျှကာလပတ်လုံး ဤရာပြတ်မင်း ဘယ်မှာနေပါလိမ့်။

(ဃ) အိုရှင်မ …ဤခန္ဓာကိုယ်၏ ဤကဲ့သို့သော အပြစ်တို့ကိုမြင်သော သင်သည်အဘယ်ကြောင့်ရဟန်းမပြုပါသနည်း၊အို–အရှင့်သား…ရဟန်းပြုခွင့်ရလျှင် ယနေ့ပင်ရဟန်းပြုပါအံ့။

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ ဘာသာပြန် (အသစ်)၊ ဒုတိယမေးခွန်း

၁၃၁၀-ခုနှစ်၊ပဥ္စမဝါဆိုလဆန်း ၆-ရက်၊(၁၁-၆-၄၈)သောကြာနေ့။

၁။ အောက်ပါ မြန်မာဝါကျများကို ပါဠိဘာသာ ပြန်ဆိုပါ။ (၁၀)

(က) အမောင်…သင်သည် ဘာကိုလုပ်၍ ဤဥစ္စာကို ရသနည်း။

(ခ) မင်းကြီး…ထိုဝါသဘခတ္တိယသည် မင်း၏သမီးဖြစ်၏၊ မင်းကြီး၏ အတွက်သာလျှင် ယူဆောင်လာ၏၊မင်းကြီးကိုသာလျှင် အစွဲပြု၍ သားတော်ရ၏။

(ဂ) အရှင်ဘုရား…ဤရသေ့သည် စားချင်တိုင်းစားပြီး ဖြစ်လိမ့်မည်၊ ဥဒါန်းကျူးလျက် ချမ်းသာစွာ အိပ်ခြင်းကိုသာလျှင်ပြု၏။

(ဃ) သမင်မငယ်သည် လူနံ့ကိုရ၍ မုဆိုးတယောက် ဖြစ်လိမ့်မည်ဟု ထင်ပြီးလျှင် ထိုသမင်ငယ်ကို ရှေ့ကထား၍ မိမိသည်နောက်က နေ၏။

(င) ထိုရဟန်းသည် ရသတဏှာ တပ်စွဲသည် ဖြစ်၍ မိမိ၏ကျင့်နေကျ အကျင့်ကိုဖျက်၍ ထိုမိန်းမ၏အိပ်ရာ ဌာနသို့ဝင်၏။

၂။ (က) ထိုအခါ ကျော့ကွင်း၌မိသော ဆုံးမခက်သော ထိုသမင်ကိုသတ်၍ မုဆိုးသည် အသားကိုယူ၍ သွား၏။ (၁၀)

(ခ) ထိုခြင်္သေ့နှင့်ကျား ၂-ဦးတို့သည်လည်း မိမိတို့၏ ယုံမှားခြင်းကို ပယ်ဖျောက်ခြင်းငှါ မတတ်နိုင်သဖြင့် ဘုရားလောင်းအား မေးကြကုန်၏။

(ဂ) ပညာရှိ…သင်ကား ဒေဝဓမ်တရားတို့ကိုကား သိပါပေသည်၊ သို့သော် ထိုတရားတို့၌မလိုက်နာ။

(ဃ) သင်၏အလှည့်ကို သူတပါးတို့၏ အပေါ်သို့ ကျရောက်စေခြင်းငှါ မတတ်နိုင်၊ သင်သာလျှင် သင်၏ အလှည့်ကိုသိရမည်၊

(င) ရှိပါစေ သင်သွားလော့၊ ငါသည် သင်၏အလှည့်ကို လွှန်စေမည်။

၃။ အောက်ပါ ပါဠိဝါကျများကို မြန်မာဘာသာ ပြန်ဆိုပါ။ (၁၀)

(က) တတ္ထ အတ္တာနံ ပဋိစ္စ ဇာတော အတြဇော နာမ၊ သယနပိဌေ ပလ္လင်္ကေ ဥရေတိ ဝေမာဒီသု နိဗ္ဗတ္တော ခေတ္တဇော နာမ၊ သန္တိကေ သိပ္ပုဂ္ဂဏှကော အန္တေဝါသိကော နာမ၊ ပေါသာဝနတ္ထာယ ဒိန္နော ဒိန္နကော နာမ။

(ခ) တေသု မဟာသမ္မတကာလတော ပဋ္ဌာယ ဒေဝါတိ သမ္မတတ္တာ ရာဇ ရာဇကုမာရာဒယော သမ္မုတိဒေဝါ နာမ၊ ဒေဝလောကေ ဥပပန္နာ ဥပပတ္တိဒေဝါ နာမ၊ ခီဏာသဝါ ပန ဝိသုဒ္ဓိဒေဝါ နာမ၊

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမယေ်၊ ဘာသာပြန် (အဟောင်း)၊ ပထမမေးခွန်း**

၁၃၁၀-ခုနှစ်၊ ပဉ္စမဝါဆိုလဆန်း ၆-ရက်၊ (၁၁-၆-၄၈) သောကြာနေ့။

၁။ အောက်ပါ ဝါကျများကို မြန်မာဘာသာ ပြန်ဆိုပါ။ (၁၅)

(က) သတ္တာ ယာဝအရုဏုဂ္ဂမာ ကမ္မဋ္ဌာနံ ကထေသိ။

(ခ) ထေရော အာဟာ အာဝုသော တွံ မာ ဓဝံ စိန္တယိ။

(ဂ) အာဝုသော ဂိဟီပါပေါဒိ သမဏပါပေါဒိ ပါပေါယေဝ။

(ဃ) ဇူတ္တိသဒ္ဒေါ ဒိယ ဟိ အညော သဒ္ဒေါ ပုရိသာနံ သကလသရီရံ ဖရိတွာ ဌာတုံ သမတ္ထော နာမ နတ္ထိ၊

၂။ အောက်ပါဝါကျများကို ပါဠိဘာသာပြန်ဆိုပါ။ (၁၅)

(က) အရှင်ဘုရား တပည့်တော်ဂန္ထဓုရ မဖြည့်စွမ်းနိုင်ပါ။

(ခ) ဝိပဿနာဓုရကိုသာ ဖြည့်ပါအံ့၊ တပည့်တော်အား ကမ္မဋ္ဌာန်း တရားဟောတော်မူပါ။

(ဂ) မေ့လျော့ ပေါ့တန်နေသူအား အပါယ်လေးဘုံဟာ မိမိတို့ နေအိမ်နှင့်တူကုန်၏။

(ဃ) ထို့ကြောင့် မမေ့မလျော့-ဖြစ်ကြကုန်လော့ ငါ့ရှင်တို့၊ ကောင်း ပ ပြီဘုရား၊ မမေ့မလျော့ကြပါကုန်၊

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမယေ်၊ ဘာသာပြန် (အဟောင်း)၊ ဒုတိယမေးခွန်း**

၁၃၁၀-ခုနှစ်၊ပဉ္စမဝါဆိုလဆန်း၆-ရက်၊(၁၁-၆-၄၈)သောကြာနေ့။

၁။ အောက်ပါ ဝါကျများကို ပါဠိဘာသာ ပြန်ဆိုပါ။ (၁၅)

(က) ငါ့ရှင်...သင်ရှေးဦးစွာသွားပါ။

(ခ) အရှင်ဘုရား...ဤသို့ မပြုကြပါကုန်လင့်။

(ဂ) မြတ်စွာဘုရားသည် စ,လယ်,ဆုံးကောင်း တရားအပေါင်းကို ဟောတော်မူ၏။

(ဃ) မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်တရားတော်မြတ်ကို အမြန်ရပါ လို၏ အရှင်ဘုရား။

၂၊ အောက်ပါ ဝါကျများကို မြန်မာဘာသာ ပြန်ဆိုပါ၊ (၁၅)

က သတ္တဿ ဒေဝမနုဿာ ပဏ္ဏာကမ္မလသိလာသနံ ဥဏှာကာရံ ဒဿေသိ။

(ခ) သစာဟံ ဓမ္မဂရုကဿ အယျဿ သန္တိကံ နဂမိဿာမိ၊ မုဒ္ဓါ မေ သတ္တဓာ ဖလေယျ။

(ဂ) ပုဗ္ဗေ မယံ ဂမနကာလေ စိရေန ဂမိမှ။

(ဃ) တသ္မိံ ခဏေ ထေရော နာယံမနုဿော ဒေဝတာ ဘဝိဿတီတိ သလ္လက္ခေသိ။



H 475—5 [ဟံသာဝတီ]

# မေးခွန်းအဖြေများ

## ၁၃၁၀-ခုနှစ်၊ ပထမငယ်

## ဘိက္ခုပါတိမောက်၊ (ဝိနယ)၊ ပထမမေးခွန်း အဖြေလွှာ

၁။ *လူ့,ဘိက္ခုနီ, သိက္ခမာန်, သာမဏေယောက်ျား, သာမဏေမ, သိက္ခာ ချသောသူ, ပါရာဇိက ကျပြီးသူ, ဥက္ခိတ္တကပုဂ္ဂိုလ် ၃-ယောက်, ပဏ္ဍုက်, ထေယျသံဝါသက, တိတ္ထိယပက္ကန္တက, တိရစ္ဆာန်, ပဉ္စာနန္တရိယ ကံထိုက်သူ ၅-ယောက်, ဘိက္ခုနီဒူသက, ဥဘတောဗျည်း၊ ဤကား ဝဇ္ဇနီယ ပုဂ္ဂလာတသို့ နှောင်းသော်၌ ဝဇ္ဇနီယပုဂ္ဂိုလ် ၂၁-ယောက်တို့တည်း။

၂။ *သံဃာဒိသိသ်အာပတ်သင့်လျှင်ဖုံးလွှမ်းထားသမျှသောရက်ပတ်လုံး ပရိဝါသ် ဆောက်တည်ရမည်၊ ၎င်းနောက် မာနတ် ၆-ရက် ကျင့်ရမည်၊ မာနတ်ကျင့်ပြီးလျှင် အယုတ်ဆုံး သံဃာ ၂၀-ရှိသော သိမ်၌ ၎င်းရဟန်းကို အဗ္ဘာနကံဖြင့် သံဃာ့ဘောင်သို့ သွင်းခေါ် လက်ခံရမည်၊ (သံဃာ ၂၀-မပြည့်လျှင် သွင်းခေါ်ရာမရောက်၊) ဤကား သံဃာဒိသိသ် အာပတ်ကို ကုစားပုံ အကျဉ်းချုပ်တည်း။

၃။ *ဘိက္ခုံပနေဝ ကုလံဥပဂတံ ပူဝေဟိဝါ မန္ထေဟိဝါ အဘိဟဋ္ဌုံ ပဝါရေယျ၊ အာကင်္ခမာနေန ဘိက္ခုနာ ဒွတ္တိပတ္တပူရာ ပဋိဂ္ဂဟေတဗ္ဗာ၊ တတောစေဥတ္တရိ ပဋိဂ္ဂဏှေယျ၊ ပါစိတ္တိယံ။ ဒွတ္တိပတ္တပူရေ ပဋိဂ္ဂဟေတွာ တတောနီဟရိတွာ သိက္ခူဟိ သဒ္ဓိံ သံဝိဘဇိတဗ္ဗံ၊ အယံ တတ္ထ သာမိစိ။

---

## ၁၃၁၀-ခုနှစ်၊ ပထမငယ်

## ဘိက္ခုပါတိမောက်၊(ဝိနယ)၊ဒုတိယမေးခွန်းအဖြေလွှာ

၁။*လူဇာတ်ရှိသော သူ၏ ဥစ္စာ မဟုတ်သောကြောင့် ပါရာဇိက မကျပါ။

၂။ * ဘိက္ခုနာပန၊ ရဟန်းသည်ကား။ နိဋ္ဌိတစီဝရသ္မိံ၊ သက်နိုး၌ ပြုအပ်သော ပလိဗောဓ ပြီးပြီးသည်ရှိသော်။ ကထိနေ၊ ခင်းအပ်သော ကထိန်ကို။ ဥဗ္ဘတသ္မိံ၊ မာတိကာရှစ်ပါး အကြား၌ နုတ်ခြင်းဖြင့် နုတ်

အပ်ပြီးသည်ရှိသော်။ ဒသာဟပရမံ၊ ဆယ်ရက် အပိုင်းအခြား ရှိသော ကာလပတ်လုံး။ အတိရေကစီဝရံ၊ အဓိဋ္ဌာန် ဝိကပ္ပနာ ပြုသောသင်္ကန်းမှ လွန်သောသင်္ကန်းကို။ ဓာရေတုံ၊ ဆောင်အပ်၏။ တံ၊ထိုဆယ်ရက် အပိုင်းအခြားရှိသော ကာလကို။ အတိက္ကာမယတော၊ လွန်စေသောရဟန်း အား။ နိဿဂ္ဂိယံ၊ သင်္ကန်းဟူသော စွန့်အပ်သော ဝတ္ထုရှိသော။ ဝါ၊ စွန့်ခြင်းဝိနည်းကံ ရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။ ဝါ၊ နိဿဂ္ဂိယံ၊ သင်္ကန်းကိုလည်း စွန့်အပ်၏။ ပါစိတ္တိယံ၊ ပါစိတ်အာပတ် လည်း သင့်၏။

၃။ * သပ္ပါဏကဝဂ် ၆-ခုမြောက် ထေယျသတ္တ သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ပါသည်။ [ပါစိတ်အာပတ်သင့်ပါသည်၊ ဤမျှသာဖြေ လျှင်လည်းဖြစ်၏။]

---

## ၁၃၁၀-ခုနှစ်၊ ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *ဗျည်းနှစ်လုံးတို့၏ တခုသောသရ၌ တည်နေခြင်းသည်သညော ဂမည်၏။ [ဒွိန္နံဗျဉ္ဇနာနံ ဧကတြ ဌိတိ သံယောဂေါ ။ ။ရူပသိဒ္ဓိ]

ဧဝံ အဿ တေ....သသညောဂ ၏ ပြယုဂ်။
ဧဝံ သ တေ .... ဝိသညောဂ ၏ ပြယုဂ်။

၂။ *သခါ, သခါယော, သခါနော, သခိနော။

ဂဏ၀န္တု-ကို ဂဏ၀န္တု သဒ္ဒါတည်၊ ယောဝိဘတ်သက်၊ န္တုခွင်း ဥ-ကြွင်း၊ န္တုဿန္တောယောသုစ- သုတ်၌အန္တသဒ္ဒါဖြင့် ယောဝိဘတ် နှောင်းသောကြောင့် န္တုပစ္စည်း၏ အစိတ် ဥ-ကို အပြု၊ ယောဝိဘတ်ကို လည်း ဩပြု၊သရလောပေါဖြင့်ချေ၊ နယေပရံ ဖြင့်ကပ်၊ ဂဏ၀န္တော ပြီး၏။

၃။ * ဗုဒ္ဓဿ- အပါဒါနကာရက၊ သာရိပုတ္တော ကတ္တုကာရက။
ဓမ္မဒေသနာယ-သမ္ပဒါနကာရက၊ ဘိက္ခူ-ကမ္မကာရက။
တေမာသံ- အစ္စန္တသံယောဂဖြစ်သော အကာရက။

## ၁၃၁၀-ခုနှစ်ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ဒုတိယမေးခွန်းအဖြေလွှာ

၁။ *နမိတာ အမိတာ၊ ဗလဋ္ဌပရက္ကမောစ ဇုတိစဗလပရက္ကမဇုတိ-ယော၊အမိတာ ဗလပရက္ကမဇုတိယော ယဿာတိ အမိတဗလပရက္ကမဇုတိ။ ကမ္မဓာရည်း, ဒွန်အတွင်းဝှပ်သော ဗဟုဗ္ဗိဟိသမာသ်တည်း။

သမဏ ပုဒ် အပစ္စ အနက် ဏောရ ပစ္စည်း
အရောဂ ပုဒ် ဘာဝ ။ ဏျ ။
ကိံ ပုဒ် ပကာရ ။ ထံ ။

၂။ *အ အရ အ-အက္ခရာအရကောက်။
ယုဝဏ္ဏ....အရ....ဋ္ဌာ-ဉဦ-အရကောက်ပါ။
[အ၊ယု၊ဝဏ္ဏ၊နဋ္ဌ၊ဟူ၍ ပုဒ်ဖြတ်များဖြင့် မေးထားသည်မှာ နားရှုပ်ထွေးစေရန်လှည့်စားထားခြင်းမျှသာဖြစ်၏၊ ဤအတိုင်းသာဖြေလေ။]
တုမှေ မဇ္ဈိမေအရ- ဝစဓါတ်နောင် ဟိယျတ္တနီ အတ္တနောပုဒ်သက်၍ရုပ်ပြီးပုံကား—အဝစသေ၊ အဝစဝှ်တို့တည်း။

၃။ *ပ-ရှေးရှိသော ဝိသဓါတ် ဏပစ္စည်း (ပဝေသော)
ပစ ။ ဏ ။ (ပါကော)

ကွိစ။ ။သဗ္ဗဓါတုဟိ ကွိပစ္စယောဟောတိ။ သမ္ဘဝတီတိသမ္ဘူ။ ဝိသေသေန ဘဝတီတိဝိဘူ၊ ဘုဇေနဂစ္ဆတီတိဘုဇဂေါ၊သံအတ္တာနံခဏာတိ သံသုဋ္ဌု ခဏာတီတိ ဝါ သခ်ေါ။

---

## ၁၃၁၀-ခုနှစ်၊ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ပထမမေးခွန်းအဖြေလွှာ

၁။ *အာရုံကိုသိတတ်သောကြောင့် စိတ်မည်၏။
စိတ်၌ ဖြစ်တတ်သောကြောင့်၊ တနည်း- စိတ်၌ယှဉ်တတ်သော ကြောင့် စေတသိက်မည်၏။

အချမ်းအပူအစရှိသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သောကြောင့်၊ တနည်း-အချမ်းအပူအစရှိသော ဆန့်ကျင်ဘက်အကြောင်းတို့သည် ဖောက်ပြန်စေအပ်သောကြောင့် ရုပ်မည်၏။

ဝါနဟုဆိုအပ်သောတဏှာမှထွက်မြောက်တတ်သောကြောင့်၊တနည်း-ရာဂမီးစသည်တို့ ငြိမ်းအေးကြောင်းဖြစ်သောကြောင့် နိဗ္ဗာန်မည်၏။

[စေတသိက်,ရုပ်,နိဗ္ဗာန်တို့၌ တမျိုးတမျိုးကိုသာဖြေလျှင်လည်း ပြီးနိုင်ပါသည်။]

နဝိဇ္ဇန္တေတ္ထ ဝိရတီ၊ ကြိယေသု စ မဟဂ္ဂတေ။
အနုတ္တရေ အပ္ပမညာ၊ ကာမပါကေ ဒွယံ တထာ။ ။

အနုတ္တရေ ဈာနဓမ္မာ၊အပ္ပမညာ စ မဇ္ဈိမေ။
ဝိရတီ ဉာဏပီတိ စ၊ပရိတ္တေသု ဝိသေသကာ။ ။

ဟူသောပါဠိအရ ဝိသေသက အမည်ရသော စေတသိက်များကား-ဝိရတီ,အပ္ပမညာ,ဝိတက်,ဝိစာရ, ပီတိ,ဝေဒနာ,ပညိန္ဒြေ စေတသိက်များ ဖြစ်ပါသည်။

၂။ * စက္ခုဝိညာဏ်ဒွေသည် .... ရူပါရုံကိုအာရုံပြုသည်။
သောတဝိညာဏ်ဒွေသည် .... သဒ္ဒါရုံကို ။
ဃာနဝိညာဏ် ။ .... ဂန္ဓာရုံကို ။
ဇိဝှါဝိညာဏ် ။ .... ရသာရုံကို ။
ကာယဝိညာဏ် ။ .... ဖောဋ္ဌဗ္ဗာရုံကို ။

မဟဂ္ဂုတ်လောကုတ္တရာဇော ၂၆-ပါးတို့တွင် ဒုတိယာရုပ္ပ ကုသိုလ်ကြိယာဇော၂-ခုနှင့် စတုတ္ထာရုပ္ပ ကုသိုလ်ကြိယာဇော ၂-ခုတို့သည် (မဟဂ္ဂုတ်ဖြစ်သော) ဓမ္မာရုံကို အာရုံပြုသည်၊ ကြွင်းသောမဟဂ္ဂုတ်ကုသိုလ် ၇-ပါးနှင့် ကြိယာ ၇-ပါးတို့သည် (ပညတ်ဖြစ်သော)ဓမ္မာရုံကို အာရုံပြုသည်၊ ထိုတဆယ့်လေးပါးသောကုသိုလ်ကြိယာ မဟဂ္ဂုတ်ဇောတို့တွင် အဘိညာကိစ္စတပ်ခိုက်ရူပကုသိုလ် ပဉ္စမဈာန်သည် အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်အပ်သောအလုံးစုံသော အာရုံ ၆-ပါးကို အာရုံပြုသည်၊ အဘိညာကိစ္စတပ်ခိုက် ရူပကြိယာပဉ္စမဈာန်သည် အလုံးစုံသော အာရုံ ၆-ပါးကို အာရုံပြုသည်။

လောကုတ္တရာဇော ရှစ်ခုတို့သည် (နိဗ္ဗာန်ဟုဆိုအပ်သော)ဓမ္မာရုံကို အာရုံပြုသည်။ [အားလုံးပေါင်း ဧကဒွါရိကစိတ် ၃၆-ပါးတို့ကို အာရမ္မဏ သင်္ဂဟနှင့်အညီ အသီးသီးယှဉ်စပ်ပုံ]

၃။ * ပဋ္ဌာန်ရေစဝင်ဇွန်း, ပဋ္ဌဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော,ဇော ခုနစ်ကြိမ်,တဒါရုံ ၂ ကြိမ်၊ ပေါင်း၁၄။ [ဤကား စိတ္တုပ္ပါဒါ စတုဒ္ဒသ၏အရတည်း။]

မဟဂ္ဂုတ်ကြိယာ ဥပေက္ခာ ၅-ပါး, အရဟတ္တဖိုလ်ဥပေက္ခာတပါး၊ ပေါင်း ၆-ပါး။ [ဤကား-ဆ သမ္မောဟန္တိဥပေက္ခကာ၏ အရတည်း။]

ကာမဝိပါက် ၂၃-ပါး,ကြိယာ ၂၀,အရဟတ္တဖိုလ်စိတ်တပါး၊ပေါင်း ၄၄-ပါး။ [ဤကား-အသေက္ခာနံ စတုစတ္တာလီသ၏အရတည်း။]

---

## ၁၃၁၀-ခုနှစ်၊ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ဒုတိယမေးခွန်း အဖြေလွှာ

၁။ * အပါယ်ဘုံ၏အပြားကား- ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်အားဖြင့် ၄-ပါး၊ပဋိသန္ဓေစိတ်ကား အကုသလဝိပါက် ဥပေက္ခာ သန္တီရဏတပါး၊ ပုဂ္ဂိုလ်အားဖြင့်ကား ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တယောက်သာ၊ သက်တန်းကား အပိုင်းအခြားမရှိ။

န ကုတောစိသမုဋ္ဌာနရုပ်ကား လက္ခဏာရုပ် ၄-ပါး။

န ကလာပင်္ဂရုပ်ကား အာကာသဓာတ်နှင့် လက္ခဏာရုပ် ၄-ပါး။

ပဋိသန္ဓေအခါ မရကောင်းသော ရုပ်များကား သဒ္ဒရုပ်တပါး, ဝိကာရရုပ် ၅-ပါး, ဇရတာရုပ်တပါး, အနိစ္စတာရုပ်တပါးအားဖြင့် ရှစ်ပါးတို့တည်း။

၂။ * ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊ တဏှာ သမုဒယော ဘဝေ။
နိရောဓော နာမ နိဗ္ဗာနံ၊မဂ္ဂေါ လောကုတ္တရော မတော။ ။

တေဘူမကံ၊ ဘုံသုံးပါး၌ဖြစ်သော။ ဝဋ္ဋံ၊ ဝဋ်တရားသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာမည်သည်။ ဘဝေ၊ ဖြစ်၏။ တဏှာ၊ လောဘစေတသိက်သည်။ သမုဒယော၊ သမုဒယသစ္စာမည်သည်။ ဘဝေ၊ ဖြစ်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ နိရောဓောနာမ၊ နိရောဓသစ္စာ မည်သည်။ ဘဝေ၊ ဖြစ်၏။ လောကုတ္တရော၊ လောကုတ္တရာဖြစ်သော။ မဂ္ဂေါ၊ မဂ္ဂင်ရှစ်ပါးကို။ မဂ္ဂေါ၊ မဂ္ဂသစ္စာမည်၏ဟူ၍။ မတော၊ သိအပ်၏။

၃။ * ပဋိစ္စသမုပ္ပါဒ်၏ အင်္ဂါများကား-အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ အားဖြင့် တဆယ့်နှစ်ပါးတို့တည်း။

အသုဘကမ္မဋ္ဌာန်း၏ သရုပ်တို့ကား-

ဥဒ္ဓုမာတက, ဝိနီလက, ဝိပုဗ္ဗက, ဝိစ္ဆိဒ္ဒက, ဝိက္ခာယိတက, ဝိက္ခိတ္တက, ဟတဝိက္ခိတ္တက, လောဟိတက, ပုဠဝက, အဋ္ဌိက, အားဖြင့် ဆယ်ပါးတို့တည်း။

---

## ၁၃၁၀-ခုနှစ်၊ ပထမငယ်
## မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း အဖြေလွှာ

၁။ * ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ-ဟူသော ဒုတိယပုဒ်၏ အရကား- ဒုက္ခသဟ ဂုတ်စိတ် ၃-ခု၊ ဝေဒနာ, ပီတိ, လောဘ, ဒိဋ္ဌိ -မာန, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၈ကဝိသရ၏၊ ထိုတရားတို့သည် ခန္ဓာအားဖြင့် ၃-ပါး,အာယတနအားဖြင့် ၂-ပါး,ဓာတ်အားဖြင့် ၃-ပါး, သစ္စာအားဖြင့် တပါးဖြစ်ကုန်၏။

ခန္ဓာအားဖြင့် ၃-ပါး ဟူသော်ကား-စေတသိက် ၈ကဝိသတို့တွင် သညာသည် သညာက္ခန္ဓာမည်၏၊ သညာမကြွင်းသော စေတသိက်ဝိသသည် သင်္ခါရက္ခန္ဓာမည်၏၊ ဒုက္ခသဟဂုတ် စိတ် ၃-ခုသည် ဝိညာဏက္ခန္ဓာမည်၏၊ ဤသို့လျှင် ခန္ဓာအားဖြင့် ၃-ပါးဖြစ်သတည်း၊ အာယတနအားဖြင့် ၂-ပါးဟူသော်ကား-ဒုက္ခသဟဂုတ်စိတ် ၃-ခုသည် မနာယတနမည်၏၊ စေတသိက် ၈ကဝိသသည် ဓမ္မာယတနမည်၏၊ ဤသို့လျှင် အာယတနအားဖြင့် ၂-ပါးဖြစ်သတည်း၊ ဓာတ်အားဖြင့် ၃-ပါးဟူသော်ကား-ဒုက္ခသဟဂုတ် ကာယဝိညာဏ်သည် ကာယဝိညာဏဓာတ်မည်၏၊ ဒေါသမူဒွေးသည် မနောဝိညာဏ ဓာတ်မည်၏၊ စေတသိက် ၈ကဝိသသည် ဓမ္မဓာတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၃-ပါးဖြစ်သတည်း၊သစ္စာအားဖြင့် တပါးဟူသော်ကား-ဒုက္ခသဟဂုတ်စိတ် ၃-ခု, စေတသိက် ၈ကဝိသသည် ဒုက္ခသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအား ဖြင့် တပါးဖြစ်သတည်း။

[အကောက်အတိုင်း ရေးသားရမည်။]

၂။ * ပစ္စုပ္ပန်, အတိတ်စသော အပြားမရှိခြင်းကြောင့် နိဗ္ဗာန်ကိုခန္ဓာ မဖွဲ့ရပါ။

[ခန္ဓာဟူသော အရေအတွက်မှ လွတ်သည်၊ဝါ-ခန္ဓဝိမုတ်ဖြစ်သည်။] သို့မဟုတ်-ဘေဒါဘာဝေနနိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိယာမံ့-ဟူသော အဋ္ဌကထာပါဠိ၊ အတီတာဒိဘေဒဘိန္နာနံ ဟိ ရာသဋ္ဌေန ခန္ဓဝေါဟာရော။ နိဗ္ဗာနံ ဘေဒါဘာဝတော ခန္ဓသင်္ဂဟတော နိဿဋံဝိမုတ္တန္တိအဓိပ္ပာယော ဟူသောဋီကာပါဠိတို့ကို ထောက်၍ ခန္ဓာမဖွဲ့ရပါဟုလည်း ဖြေနိုင်၏။ (အဓိပ္ပါယ်အတူပင်။)

၃။* သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ၊ ဤကား ဝေဒနာစေတသိက်နှင့်ဆိုင်သော ဣန္ဒြေ ၅–ပါးတို့တည်း။

ပညိန္ဒြေ, အနညာတညဿာမိတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ၊ ဤကား ပညာစေတသိက်နှင့်ဆိုင်သော ဣန္ဒြေ ၄–ပါးတို့တည်း။

---

## ၁၃၁၀-ခုနှစ်၊ ပထမငယ်
## မာတိကာနှင့် ဓါတုကထာ၊ ဒုတိယမေးခွန်းအဖြေလွှာ

၁။* သညောဇနာဓမ္မာဟူသော ပဋ္ဌမပုဒ်၏ အရကား- လောဘ, ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဣဿာ, မစ္ဆရိယ, မောဟဟုဆိုအပ်သော သံယောဇဉ်တရားကို ၈-ပါးရ၏။

၂။* ပဋ္ဌမနယနိဒ္ဒေသ၌ ခန္ဓာကွဲ, အာယတနကွဲ, ဓါတ်ကွဲ တရားတို့ကိုဟောရပါသည်။

၃။* စက္ခာယတနေန၊ စက္ခာယတနသည်။ ယေဓမ္မာ၊ အကြင်စက္ခာယတနကြဉ်သော ရုပ်သတ္တဝီသတို့ကို။ ခန္ဓသင်္ဂဟေန၊ ရူပက္ခန္ဓာဟူသော ရေတွက်ခြင်းဖြင့်။ ဝါ၊ ရူပက္ခန္ဓာ၏အဖြစ်ဟု ဆိုအပ်သော ရေတွက်ခြင်းကြောင့်။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။ အာယတနသင်္ဂဟေန၊ စက္ခာယတနဟူသော ရေတွက်ခြင်းဖြင့်။ ဝါ၊ စက္ခာယတန၏အဖြစ်ဟု ဆိုအပ်သော ရေတွက်ကြောင်းဖြင့်။ အသင်္ဂဟိတာ၊ မရေတွက်အပ်ကုန်။ ဓာတုသင်္ဂဟေန၊ စက္ခုဓါတ်ဟူသောရေတွက်ခြင်းဖြင့်။ ဝါ၊ စက္ခုဓါတ်၏အဖြစ်ဟုဆိုအပ်သော ရေတွက်ကြောင်းဖြင့်။ အသင်္ဂဟိတာ၊မရေတွက်

အပ်ကုန်။ တေခမ္မာ၊ ထိုစက္ခာယတနကြဉ်သော ရုပ်သတ္တဝီသတို့ကို။ ကတိဟိ၊ အဘယ်မျှကုန်သော။ ခန္ဓေဟိ၊ ခန္ဓာတို့ဖြင့်။ ကတိဟိ၊ အဘယ်မျှကုန်သော။ အာယတနေဟိ၊ အာယတနတို့ဖြင့်။ ကတိဟိ၊ အဘယ်မျှကုန်သော။ ဓါတူဟိ၊ ဓါတ်တို့ဖြင့်။ အသင်္ဂဟိတာ၊ မရေတွက်အပ်ကုန်သနည်း။ ဣတိပုစ္ဆာယံ၊ ဤသို့သောအမေးတော်သည်။သတိ၊ရှိသော်။ တေခမ္မာ၊ ထိုစက္ခာယတနကြဉ်သော ရုပ်သတ္တဝီသတို့ကို။ စတူဟိ၊ လေးပါးကုန်သော။ ခန္ဓေဟိ၊ နာမက္ခန္ဓာတို့ဖြင့်။ ဒွိဟိ၊ နှစ်ပါးကုန်သော။ အာယတနေဟိ၊ စက္ခာယတန, မနာယတနတို့ဖြင့်။ အဋ္ဌဟိ၊ ရှစ်ပါးကုန်သော။ ဓါတူဟိ၊ စက္ခုဓါတ်, သတ္တဝိညာဏဓါတ်တို့ဖြင့်။ အသင်္ဂဟိတာ၊ မရေတွက်အပ်ကုန်။ ဣတိဝိသဇ္ဇနာ၊ ဤသို့ဖြေတော်မူသည်၊ ဟောတိ၊ဖြစ်၏။

[ဘာသာပြန်အဖြေလွယ်ပြီ။]





# မေးခွန်းပုစ္ဆာများ

## ၁၃၁၁-ခုနှစ်

### အစိုးရ ပါဠိပထမပြန်စာမေးပွဲ

**ပထမယေ်၊ ဘိက္ခုပါတိမောက်(ဝိနယ)၊ ပထမမေးခွန်း**

၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃-ရက်၊(၇-၁၁-၄၉)တနင်္လာနေ့။

၁။ စတုတ္ထပါရာဇိက၏ အနုပညတ်ကို ဖေါ်ပြ၍၊ ဤသိက္ခာပုဒ်လာ အနုပညတ်မှာ မည်သည့်အနုပညတ်မျိုး ဖြစ်သည်ဟု ဝေဘန်ပြပါ။ (၁၀)

၂။ ဘေဒါနုဝတ္တကရဟန်းအား ရဟန်းကောင်းတို့ကဆုံးမပုံပြသော ပါဠိတော်ကို ဘိက္ခုပါတိမောက်လာရှိသည့်အတိုင်း စုံလင်စွာ ပါဠိသက်သက်ရေးခဲ့ပါ။ (၁၀)

၃။ နိဿဂ္ဂိယပါစိတ်၌"ပရမ"သဒ္ဒါအမှတ်ပါသော သိက္ခာပုဒ်တို့၏ အရေအတွက်ကို သချာမျှပြ၍၊"အစ္စေကစီဝရ"သတ်န်းကာလကို တိတိကျကျပိုင်းခြားပြခဲ့ပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမယေ်၊ ဘိက္ခုပါတိမောက်(ဝိနယ)၊ဒုတိယမေးခွန်း**

၁၃၁၁-ခုနှစ်၊တန်ဆောင်မုန်းလဆုတ် ၃-ရက်၊(၇-၁၁-၄၉)တနင်္လာနေ့။

၁။ သဟဓမ္မိကဝဂ် အဋ္ဌမသိက္ခာပုဒ်ကို အနက်ယောဇနာခဲ့ပါ(၁၀)

၂။ ပါရာဇိကကျနေသော ရဟန်းမှန်းသိလျက် အခြားရဟန်းများအား မပြောကြားဘဲ ဖုံးကွယ်ထားလျှင် အဘယ်အာပတ်သင့်ပါသနည်း၊ အာပတ်အမည်ရေးပြီးလျှင်၊ "သုရာပါနဝဂ်" အဋ္ဌမသိက္ခာပုဒ်ကို ပါဠိမျှရေးပြခဲ့ပါ၊ (၁၀)

၃။ အောက်ပါရဟန်းများအား အာပတ် သင့်,မသင့်၊ သင့်ခဲ့သော် သင့်သောအာပတ်အမည်ကိုဖေါ်ပြပါ။ (၁၀)

(က) အကြောင်းမရှိဘဲ မှန်ကြည့်သောရဟန်း။

(ခ) လှေဖြင့် ရေကစားသောရဟန်း။

(ဂ) ဓိပါါသမရှိဘဲ ကြီရည်စသည် သောက်သော ရဟန်း။

(ဃ) ဆွမ်းလောင်းသော မိန်းမ၏မျက်နှာကို တဏှာစိတ်ဖြင့် ကြည့်မိသောရဟန်း။

(င) လှောင်ပြောင်လို၍ လူကြီးလူကောင်း တယောက်ကို လူ လိမ်လူညာကြီးလာနေပြီဟုပြောသောရဟန်း။

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ
## ပထမယေ်၊ ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း

၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၄-ရက်၊ (၈-၁၁-၄၉) အင်္ဂါနေ့။

၁။ အောက်ပါ က,ခ,ဂ,ဃ,င တို့ကို ပုဒ်ဖြတ်၍၊ စ,ဆ,ဇ,ဈ,ည တို့ကို ပုဒ်စပ်ပြပါ။ (၁၀)

(က) ဇူဝပ္ပမာဒေါ (စ) ယထာဇ္ဇဒံ
(ခ) ယတြဋ္ဌိတံ (ဆ) အဝသိရော
(ဂ) ဓမ္မဋ္ဌရေ (ဇ) ဗုဒ္ဓါနံသာသနံ
(ဃ) တဒ္ညဝေတ္တ (ဈ) ဧဝံအဿတော
(င) သဥ္စောဂေါ (ည) အဓိအာဂမာ

၂။ အောက်ပါနာမ်ပုဒ်များကို ရုပ်အကျဉ်းတွက်ပြပါ။ (၁၀)

(က) သယမ္ဘုဝေါ (ခ) ဇန္တုနော (ဂ) ဒုဝေ
(ဃ) ရာဇူနံ (င) အသ္မာ

၃။ အောက်ပါကာရကများသည် မည်သည့်အနက်,မည်သည့်သဒ္ဒါ၏ အယှဉ်, မည်သည့်ကာရကများဖြစ်သည်ဟု အသီးသီးဖော်ပြပါ။ (၁၀)

(က) တဏ္ဍုလာ (ခ) အာသန္နံ ဂါမာ (ဂ) ကင္ခဿ တုဝံ မဥ္စေ

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ
## ပထမယေ်၊ ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း

၁၃၁၁-ခုနှစ်၊ကန်ဆောင်မုန်းလဆုတ်၄-ရက်၊(၈-၁၁-၄၉)အင်္ဂါနေ့။

၁။ မဟာပုဥ္စော-ဟူသောပုဒ်သည် သမာသ်လော, တဒ္ဓိတ်လော၊ ဖြစ်သင့်သမျှ ခွဲခြားဖြေဆိုပါ။ (၁၀)

၂၊ အောက်ပါ ကြိယာပုဒ်တို့ကို ဓာတ်, ပစ္စည်းခွဲပြပါ။ (၁၀)

(က) ဇိဂုစ္ဆတိ (င) ဝုလှတိ (ဇ) နာယတိ။
(ခ) ပစ္စတေ (စ) ဃမ္မာမိ (ဈ) မဟီယတိ။
(ဂ) စက်မတိ (ဆ) ဇုဟွတိ (ည) ရုန္ဓောတိ။
(ဃ) ဃေပ္ပတိ။

၃။ အောက်ပါ ပစ္စည်းများကို မည်သည့်သာဓန၌ မည်သို့စီရင်ပါသနည်း၊ ဥဒါဟရုဏ် တခုစီဖော်ပြပါ။ (၁၀)

(က) ဏွု (ခ) ဏီ (ဂ) ဏျ (ဃ) ရမ္မ (င) ရ

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း

၁၃၁၁-ခုနှစ်၊တန်ဆောင်မုန်းလဆုတ်၅-ရက်(၉-၁၁-၄၉)ဗုဒ္ဓဟူးနေ့။

၁။ ''ပါပါဟေတုကမုတ္တာနိ'' ဂါထာကို အစ, အဆုံး ပါဠိအနက်ရေး၍၊ ခြောက်ဌါရ၌ အမြဲဖြစ်သောစိတ်, ရံခါသာဖြစ်သော စိတ်တို့ကိုရေတွက်ပြပါ။ (၁၀)

၂။ အောက်ပါ စိတ်နှင့်စေတသိက်များကို ကောက်ပြပါ။ (၁၀)

(က) ဝိတက်စေတသိက်နှင့် ယှဉ်သောစိတ်။

(ခ) ပညာစေတသိက်နှင့် ယှဉ်သောစိတ်။

(ဂ) ကာမတဆယ့်တဘုံ၌ ဖြစ်သောစိတ်။

(ဃ) ပဋ္ဌမဈာန်ဟူသမျှ၌ ယှဉ်သောစေတသိက်။

(င) အကုသိုလ်စိတ်ဟူသမျှ၌ ယှဉ်သောစေတသိက်။

၃။ ဝိရတီစေတသိက်သည် အဘယ်စိတ်တို့၌ အမြဲယှဉ်၍ အဘယ်စိတ်တို့၌ ရံခါရံခါယှဉ်သနည်း၊ သဂြိုဟ်ပါဠိ အကိုးပြ၍ ဖြေဆိုပါ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊အဘိဓမ္မတ္ထသင်္ဂဟ၊ဒုတိယမေးခွန်း

၁၃၁၁-ခုနှစ်၊တန်ဆောင်းမုန်းလဆုတ်၅-ရက်၊(၉-၁၁-၄၉)ဗုဒ္ဓဟူးနေ့။

၁။ ''အာဒိကမ္မိကဿပန(ပ)ဘဝင်္ဂပါတော''ပေယျာလဖေါ်ထုတ်အနက်ယောဇနာ၍၊ ကာမဇော,မဂ်ဇော, မဟဂ္ဂုတ် လောကုတ္တရာဇောတို့၏ ဖြစ်နိုင်သော အကြိမ်တို့ကို ရေတွက်ပြပါ။ (၁၀)

၂။ ရုပ်ကိုဖြစ်စေတတ်သောကံကို ကောက်ပြပြီးလျှင်၊ ကမ္မဇရုပ်တို့၏ အစဖြစ်ရာနှင့် နောက်ဆုံး ချုပ်ရာဌာနများကိုလည်း ဖေါ်ပြခဲ့ပါ။ (၁၀)

၃။ နိဗ္ဗာန်သည် အဘယ့်ကြောင့် ခန္ဓာငါးပါးတွင် မပါဝင်ကြောင်း ဖြေဆိုပြီးလျှင်၊ အောက်ပါ ပေယျာလကို ဖေါ်ထုတ်ရေးခဲ့ပါ၊ (၁၀)
ဝစီဃောသာနုသာရေန(ပ)လောကသင်္ကေတ နိမ္မိတာ။

---

## အစိုးရ ပါဠိ ပထမပြန် စာမေးပွဲ

### ပထမငယ်၊မာတိကာနှင့်ဓာတုကထာ၊ပထမမေးခွန်း

၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆-ရက်၊ (၁၀-၁၁-၄၉) ကြာသပတေးနေ့။

၁။ မဂ္ဂဟေတုကာ ဓမ္မာ ဟူသောပုဒ်ကို ရသင့်တိုင်း အနက်မှန်မှန် သမွန်ပြီးလျှင်၊ တတိယ ယောဇနာနည်း အရကိုသာ ကောက်ပြပါ။(၁၀)

၂။ အောက်ပါတို့ကို ဟောရိုးကျ စစ်ခဲ့ပါ။ (၁၀)

ဟေတု ဂေါစ္ဆကကို ဟောတော်မူသည်၏အခြားမဲ့၌ (လ)ဟော ဟန်ကား—

၃ သံကိလိဋ္ဌ, သံကိလေသ, သံကိလေသိက အရတို့ကို ရှင်းလင်းစွာ ကောက်ပြခဲ့ပါ။ (၁၀)

---

အစိုးရ ပါဠိ ပထမပြန် စာမေးပွဲ

**ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ ဒုတိယမေးခွန်း**

၁၃၁၁–ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၆-ရက်၊ (၁၀–၁၁-၄၉) ကြာသပတေးနေ့။

၁။ ဘဝကြီးကိုးပါး သရုပ်ကို ထုတ်ပြပြီးလျှင်၊သညီဘဝ၏ တရားကိုယ်ကို ကောက်ပြပါ။ (၁၀)

၂။ တတိယနယ ဥဒ္ဒါန်းစဉ် ၂–ဂါထာကို ပါဠိသက်သက် ရေးခဲ့ပါ။ (၁၀)

၃။ အောက်ပါ ဓာတုကထာ ပါဠိတော်ကို ကျနစွာ အနက် ယောဇနာ ခဲ့ပါ။ (၁၀)

မဂ္ဂသစ္စေန ယေဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ၊ အာယတန သင်္ဂဟေန သင်္ဂဟိတာ၊ဓာတုသင်္ဂဟေန သင်္ဂဟိတာ။ တေဟိဓမ္မေဟိ ယေဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ၊ အာယတန သင်္ဂဟေန သင်္ဂဟိတာ၊ ဓာတုသင်္ဂဟေန သင်္ဂဟိတာ။ တေဓမ္မာ ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတာ။ တေဓမ္မာ ဧကေန ခန္ဓေန ဧကေနာ ယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတာ။

---

အစိုးရ ပါဠိ ပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘာသာပြန် (အသစ်)၊ ပထမမေးခွန်း**

၁၃၁၁-ခုနှစ်၊တန်ဆောင်မုန်းလဆုတ်၇-ရက်၊(၁၁-၁၁-၄၉)သောကြာနေ့။

၁ အောက်ပါဂါထာများကို မြန်မာဘာသာပြန်ဆိုပါ။ (၁၅)

(က) ပုန ဇေတဝနေမေဝ ပစ္စာဂမာသိ၊ အထ နံ သန္နိဋ္ဌသမ္ဘတ္တာ အာဟံသု။

(ခ) အာဂုသော တုံ သတ္တ၊ သန္တိကေ ကမ္မဋ္ဌာနံ ဂဟေတွာ သမဏဓမ္မံ ကရိဿာမီတိ ဂတော။

(ဂ) နကောလဝဋ္ဋ နေသံ သတ္တာ၊ တွောကံ ယေဝ ဓမ္မံ ဒေသေတိ။

(ဃ) အရုဏုဋ္ဌပနံ နာမ မနုဿာနံ ဇီဝိတာ ဝေါရောပနသဒိသံ။

၂။ အောက်ပါဝါကျများကို ပါဠိဘာသာပြန်ဆိုပါ။ (၁၅)

(က) အသင်တို့သည် မငြိးငွေ့မပျင်းရိသည်ဖြစ်၍ ဤနေရာ၌သာ နေနှင့်ကြကုန်လော့။

(ခ) ငါသည် ဆရာဥပဇ္ဈာယ်ထံသွား၍ ပျူငှါလောကဝတ်ကိုပြု၍ တခုသောအခင်းကိုခင်း၍ ဆရာ့အထံ၌သာလျှင်လျောင်း၏။ (အိပ်၏။)

(ဂ) အရှင့်သား…အကျွန်ုပ်ရဟန်းပြုခွင့်ရသည်ဖြစ်မူကား ယနေ့ပင်လျှင် ရဟန်းပြုအံ့ဟု သူဌေးသွီးကဆို၏။

(ဃ) မြန်မာပြည်ဝယ် တောင်ပေါ်၌နေကုန်သော အချို့သောလူမျိုးတို့သည် ရှိကုန်သည်၊ ထိုလူမျိုး တို့သည် ဗုဒ္ဓဝါဒကို ကောင်းကောင်း နားမလည် မသိကြကုန်။

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

## ပထမယ်၊ ဘာသာပြန် (အသစ်)၊ ဒုတိယမေးခွန်း

၁၃၁၁ခုနှစ်၊တန်ဆောင်မုန်းလဆုတ်၇-ရက်၊(၁၁-၁၁-၄၉)သောကြာနေ့။

၁။ အောက်ပါဝါကျများကို ပါဠိဘာသာပြန်ဆိုပါ။ (၁၅)

(က) ထိုရဟန်းသည်ပဒုမာကြာပွင့်ပန်းကို အဖန်တလဲလဲကြည့်ရှု နေသည်။

(ခ) ပဒုမာကြာပွင့်သည် ထိုရဟန်းရှုစဉ်ပင်လျှင် အိုခြင်းသို့ရောက်၍ အဆင်းပျက်သည်ဖြစ်၏။

(ဂ) ရှေးသာရောအခါ ပြည်မြန်မာဝယ် မင်းကောင်း မင်းမြတ်များကိုအမှီပြု၍သာသနာအရောင်သည်ကောင်းစွာတည်တံ့၏။

(ဃ) ယခုအခါ ပြည်မြန်မာဝယ် အချို့သောသူတို့သည် သာသနာကို ဖျက်ဆီးစပြုကုန်ပြီ။

၂။ အောက်ပါဝါကျများကို ပါဠိဘာသာပြန်ဆိုပါ။ (၁၅)

(က) ယေ ဝုဍ္ဎ မပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေ ဓမ္မေဝ ပါသံသာ၊ သမ္ပရာယေ စ သုဂ္ဂတိန္တိ။ ။

(ခ) ကာယနုတ္ထ ဘိက္ခဝေ ဧတရဟိ ကထာယ သန္နိသိန္နာ´တိ ပုဋ္ဌ။ တေ တမတ္ထံ အာရောစေသုံ။

(ဂ) ကသ္မာ အာဂတောသီတိ၊ ကိံ တုမှေ သေဋ္ဌိဿ ကိရိယံ နပဿထ၊ အတ္တနော ပစ္ဆိမကာလံ အနောလောကေတွာ ဓနံ နီဟရိတွာ သမဏံ ဂေါတမံ ယေဝ ပူဇေတိ။ ဣဒံ ပုညကမ္မံ ကေစိ ဗာလမနုဿာ ဂရဟိဿန္တိ။

(ဃ) ကသ္မာ တွံ သမ္မ အမှေဟိ သဒ္ဒိံ စရသီတိ အာဟ၊သာမိ တုမှာကံ ကိရိယံ မယှံ ရုစ္စတိ၊ ဥတော ပဌာယ တုမှေ ဥပဋ္ဌဟိဿာမိတိ။

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘာသာပြန် (အဟောင်း)၊ ပထမမေးခွန်း**

၁၃၁၁-ခုနှစ်၊တန်ဆောင်မုန်းလဆုတ် ၇-ရက်၊ (၁၁-၁၁-၄၉) သောကြာနေ့။

၁။ အောက်ပါ ဝါကျများကို မြန်မာဘာသာ ပြန်ဆိုပါ။ (၁၅)

(က) တွံ တဝ ပဗ္ဗတေ အဂ္ဂိံ ဇာလေယျာသိ။
(ခ) အဟံ မမ ပဗ္ဗတေ အဂ္ဂိံ ဇာလေဿာမိ။
(ဂ) တာယ သညာယ အတ္တဘာဝံ ဇာနိဿာမ။
(ဃ) အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိဝါ။ သံယောဇနံ အဏုံ ထူလံ၊ ဒဟံ အဂ္ဂိဝ ဂစ္ဆတိ။ ။

၂။ အောက်ပါဝါကျများကို ပါဠိဘာသာ ပြန်ဆိုပါ။ (၁၅)

(က) ငါတို့သည် မင်းအဖြစ်ကိုစွန့်၍ ရဟန်းပြုကြ၏။
(ခ) အသက်မွေးခြင်းငှါ မတတ်နိုင်သောကြောင့် ရဟန်း ပြုသည် မဟုတ်ကုန်။
(ဂ) သင်သည် တောင်တခု၌ နေလော့။
(ဃ) ငါသည် ဤတောင်၌နေပါအံ့။

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘာသာပြန် (အဟောင်း)၊ ဒုတိယမေးခွန်း**

၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇-ရက်၊(၁၁-၁၁-၄၉) သောကြာနေ့။

၁။ အောက်ပါ ဝါကျများကိုပါဠိဘာသာ ပြန်ဆိုပါ။ (၁၅)

(က) အလ္လကပ္ပရသေ့သည်နံပါးတဘက်ဖြင့် တက်ရာဖြင်သော လှေကားကို ပြုလုပ်၍ တက်ပြီး သူငယ်ကိုယူ၏။
(ခ) ငါ့ကိုလက်ဖြင့် မထိပါစေလင့်ဟုဆိုပြီ၊ မိဖုရားကိုထိစေ မူ၍ သာလျှင် သူငယ်ကို ချယူ၏။
(ဂ) ထိုအခါ မိဖုရားကို နေရာသခ်မ်းကျောင်းသို့ ဆောင်၍ သီလ ပျက်စီးခြင်းမရှိဘဲ အစဉ်သနားသဖြင့် စောင့်ရှောက် လုပ် ကျွေး၏။

(ဃ) ပျားငယ်မရှိသော ပျားလဘိုကို ဆောင်၍ ဇာတဿရအိုင်မှဖြစ်သော သလေးစပါးတို့ကို ဆောင်၍သာလျှင် သူငယ်အား ယာဂု ကျိုပြီးပေး၏။

၂။ အောက်ပါဝါကျများကို မြန်မာဘာသာ ပြန်ဆိုပါ။ (၁၅)

(က) ပုတ္တော မေ ကုလသန္တကဿ ရဇ္ဇဿ အနုစ္ဆဝိကော။

(ခ) အဟံ ရဇ္ဇံ လဘနာကာရံ ကရိဿာမိ။

(ဂ) အထဿ ဟတ္ထိကန္တဝီဏဉ္စ ဟတ္ထိကန္တမန္တဉ္စ အဒါသိ။

(ဃ) သဗ္ဗေ နိဝတ္တိတွာ ဩလောကေတုံပိ အသက္ကောန္တာ ပလာယိဿန္တိ။

---



II 475—7 [ဟံသာဝတီ]

# မေးခွန်းအဖြေများ

## ၁၃၁၁-ခုနှစ်၊ ပထမငယ်
## ဘိက္ခုပါတိမောက် (ဝိနယ)၊ ပထမမေးခွန်းအဖြေလွှာ

၁။ *စတုတ္ထပါရာဇိကာ၏အနုပညတ်ကား-အညတြအဓိမာနာတည်း၊ ၎င်းစတုတ္ထပါရာဇိကသိက္ခာပုဒ်လာ အနုပညတ်သည် အာပတ်မသင့်ခြင်းကိုပြတတ်သော အနာပတ္တိကရ အနုပညတ်မျိုးဖြစ်ပါသည်။

၂။ *ဘေဒါနုဝတ္တက ရဟန်းအား ရဟန်းကောင်းတို့ကဆုံးမပုံ ပါဠိကား–မာယသ္မန္တော ဧဝံ အဝစုတ္ထ၊နစေသော ဘိက္ခု ဓမ္မဝါဒီ၊နစေသော ဘိက္ခု ဝိနယဝါဒီ၊ မာယသ္မန္တာနမ္ပိ သံဃဘေဒေါ ရုစ္စိတ္ထ၊ သမေတာယသ္မန္တာနံ သံဃေန၊ သမဂ္ဂေါ ဟိ သံဃော သမ္မောဒမာနော အဝိဝဒမာနော ဧကုဒ္ဒေသော ဖာသု ဝိဟရတိ။

၃။ *နိဿဂ္ဂိပါစိတ်၌ ပရမသဒ္ဒါအမှတ်ပါသော သိက္ခာပုဒ်တို့၏အရေအတွက် သချာ်ကား ရှစ်ပုဒ်ဖြစ်ပါသည်။

''အစ္စေက''သက်န်း၏၊ဝါ-''အစ္စေကစီဝရ'' ၏ကာလအပိုင်းအခြားကား သီတင်းကျွတ်လဆန်း ၅-ရက်မှ လဆန်း ၁၄-ရက်နေ့တိုင်အောင် ဖြစ်ပါသည်။

---

## ၁၃၁၁-ခုနှစ်၊ ပထမငယ်
## ဘိက္ခုပါတိမောက် (ဝိနယ)၊ ဒုတိယမေးခွန်းအဖြေလွှာ

၁။ *ယောပနဘိက္ခု၊ အကြင်ရဟန်းသည်။ ဘဏ္ဍနဇာတာနံ၊ ဖြစ်သောတိုးတိုးတိုင်ပင်ခြင်းရှိကုန်သော။ ကလဟဇာတာနံ၊ ဖြစ်သောခိုက်ရန်ရှိကုန်သော၊ ဝိဝါဒါ ပန္နာနံ၊ ငြင်းခုံခြင်းသို့ရောက်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဥပဿုတိံ၊ ထိုသူတို့စကားကို ကြားကောင်းရာအရပ်သို့ကပ်၍။ ဝါ၊ ကြားကောင်းသောအရပ်၌။ တိဋ္ဌေယျ၊ ရပ်ငြားအံ့။ ယံဝစနံ၊ အကြင်စကားကို။ ဣမေ၊ ဤရဟန်းတို့သည်။ ဘဏိဿန္တိ၊ဆိုကုန်လတ္တံ့။ တံဝစနံ၊ ထိုစကားကို။ သောဿာမိ၊နားထောင်အံ့။ ဣတိ-မနသိကတွာ၊ ဤသို့နှလုံးသွင်း၍။ ဧတဒေဝ၊ ထိုရဟန်းတို့တိုင်ပင်သော စကားကိုကြားလိုခြင်းကိုသာလျှင်။ ပစ္စယံကရိတွာ၊ အကြောင်းပြု၍။ အနညံ၊ အခြားအကြောင်းမရှိဘဲ။ တိဋ္ဌေယျ၊ရပ်ငြားအံ့။ ပါစိတ္တိယံ၊ပါစိတ်အာပတ်သင့်၏။

၂။ *ပါရာဇိကကျနေသောရဟန်းမှန်းသိလျက် အခြားရဟန်းများအား မပြောကြားဘဲ ဖုံးကွယ်ထားလျှင် ဒုက္ကဋ်အာပတ်သင့်ပါသည်။

**မှတ်ချက်။** ။ဤအဖြေနှင့် ပတ်သက်၍ အငြင်းပွားဘွယ်ရာ ရှိပါသည်၊ အချို့က ပါစိတ်အာပတ်သင့်၏ဟု ယူဆဘွယ်ရှိ၏၊ သို့ရာတွင် ကင်္ခါအဋ္ဌကထာ၌-ဒုဋ္ဌုလ္လန္တိ သံဃာဒိသေသံ အဓိပ္ပေတံဟု ဖွင့်ခြင်း၊ ယင်း၏ဋီကာသစ်၌-စတ္တာရိ ပါရာဇိကာနိ အတ္တုဒ္ဓါရဝသေန ပဒဘာဇနီယံ ဒဿိတာနီတိ အာဟ ဒုဋ္ဌုလ္လန္တိ သံဃာဒိသေသံ အဓိပ္ပေတန္တိ-ဟူ၍လာရကား သံဃာဒိသိသ်ကို ဖုံးလွှမ်းအပ်မှသာ ပါစိတ်အာပတ်သင့်သည်၊ ပါရာဇိကကျပြီးသူကား အနုပသမ္ပန္န၌ အတွင်းဝင်၍-အနုပသမ္ပန္နဿ ဒုဋ္ဌုလ္လေဝါ အဒုဋ္ဌုလ္လေဝါ အဇ္ဈာစာရေ ဒုက္ကဋမေဝ-ဟု ကင်္ခါပါဠိကိုထောက်၍ ဒုက္ကဋ်ဟုဆိုးဖြတ်သည်။

နဝံပနဘိက္ခုနော စီဝရလာဘေန တိဏ္ဏံ ဒုဗ္ဗဏ္ဏကရဏာနံ အညတရံ ဒုဗ္ဗဏ္ဏကရဏံ အာဒါတဗ္ဗံ နီလံဝါ ကဒ္ဒမံဝါ ကာဠသာမံဝါ၊ အနာဒါစေ ဘိက္ခု တိဏ္ဏံ ဒုဗ္ဗဏ္ဏကရဏာနံ အညတရံ ဒုဗ္ဗဏ္ဏကရဏံ နဝံ စီဝရံ ပရိဘုဉ္ဇေယျ ပါစိတ္တိယံ။

၃။ *(က) ဒုက္ကဋ် (ခ) ဒုက္ကဋ် (ဂ) ဒုက္ကဋ် (ဃ) ဒုက္ကဋ် (င) ဒုဗ္ဘာသိ။

[အနက္ကောသိတုကာမဿ ကေဝလံဒဝကမျတာယ ဝဒတော သဗ္ဗတ္ထ ဒုဗ္ဘာသိတံ။ ။ကင်္ခါ။]

**မှတ်ချက်။** ။ဤမေးခွန်းများကို အငယ်တန်း၌ မမေးသင့်ပါ၊ ခုဒ္ဒသိက္ခာနှင့် ကင်္ခါလာ အဓိပ္ပါယ်များဖြစ်ပါသည်။

---

## ၁၃၁၁-ခုနှစ်၊ ပထမငယ်

### ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *(က) ဂုဏပမာဒေါ (စ) ယထယိဒံ
(ခ) ယတြဋ္ဌိတံ (ဆ) အဝံသိရော
(ဂ) ဓမ္မံစရေ (ဇ) ဗုဒ္ဓါနုဿာသနံ
(ဃ) တံ ဧဝ ဧတ္တ (ဈ) ဧဝံသတေ
(င) သံယောဂေါ (ည) အဇ္ဈာဂမာ

၂။ *(က) သယမ္ဘုဝေါကို သယမ္ဘူတည်၊ယောသက်၊ မ္ဘ ကိုခွင်းဦကြွင်း၊ လအမည်မှည့်၊ အယောရဿမေကာဝစနယောသွပိစ-ဖြင့် ယောဝိဘတ်နှောင်းသောကြောင့် လအမည်ရှိသောဦကို ဥရဿပြု၊ လတော ဝေါကာရောစ-ဖြင့် လနောင်ယောဝိဘတ်ကို ဝေါပြု၊ မ္ဘ ဥ-သို့ကပ်၊ ပြီး၏။

(ခ) ဇန္တုနောကို ဇန္တုတည်၊ ယောသက်၊ န္တုခွင်းဥကြွင်း၊ ဥကိုလ မှည့်၊ လတောဇဝေါကာရောစ- သုတ်၌ ကာရသဒ္ဒါဖြင့် လ-နောင်ယောဝိဘတ်ကိုနောပြု၊ န္တ ဥ-သို့ကပ်၊ ဇန္တုနောပြီး၏။

(ဂ) ဒုဝေကို ဋ္ဌိသင်္ချာသဒ္ဒါတည်၊ ယောဝိဘတ်သက်၊ ယောသုဋ္ဌိန္နံဒွေစ-၌စသဒ္ဒါဖြင့်ယောဝိဘတ်နှောင်းသောကြောင့် အလုံးစုံသောဋ္ဌိသင်္ချာသဒ္ဒါကို ဝိဘတ်နှင့်တကွ ဒုဝေပြု၊ ပြီး၏။

(ဃ) ရာဇူနံကို ရာဇတည်၊ နံဝိဘတ်သက်၊ ရာဇဿရာဇုသုနံဟိသုစ-ဖြင့် နံဝိဘတ်နှောင်းသောကြောင့် ရာဇ သဒ္ဒါကိုရာဇုပြု၊ ဇ-ခွင်းဥကြွင်း၊သုနံဟိသုစ-ဖြင့် နံဝိဘတ်နှောင်းသောကြောင့် ဥကို ဦဒီဃပြု၊ ဇ ဦ-သို့ကပ်၊ ပြီး၏။

(င) အသ္မာကို တသဒ္ဒါတည်၊ သ္မာသက်၊ သသ္မာသ္မိံ သံသာသွတ္တံ-ဖြင့် သ္မာဝိဘတ် နှောင်းသောကြောင့် တသဒ္ဒါကို အပြု၊ ပြီး၏။ [သို့မဟုတ်သ္မာဟိ သ္မိံနံ မှာ-ဘိ-မှိ ဝါ-ဖြင့် သ္မာဝိဘတ်ကို မှာ-ပြုလုလဘ်သည်ရှိသော် နတိမေဟိကတာ ကာရေဟိ-သုတ်ဖြင့် ပြုအပ်ပြီးသောအအက္ခရာရှိသော တသဒ္ဒါနောင်နှောင်းသော-သ္မာဝိဘတ်ကိုမှာ မပြုရဟုမြစ်သောကြောင့် မပြုရ-ဟု ဆက်၍ရေး။]

အသ္မာကို ဣမသဒ္ဒါ တည်၍ တွက်နိုင်သေး၏၊ ဣမသဒ္ဒဿစ-ဖြင့် သ္မာဝိဘတ်နှောင်းရာ၌ ဣမသဒ္ဒါ အ-ပြုခြင်းသာထူး၏။

၃။*(က) ပဌမိအနက်၊ ရက္ခဓာတ်၏ အယှဉ်၊ အပါဒါနကာရက။

(ခ) ပဌမိအနက်၊ အန္တိကအနက်ရှိသော အာသန္နသဒ္ဒါ၏ အယှဉ်၊ အပါဒါနကာရက။

(ဂ) စတုတ္ထီအနက်၊မညတိသဒ္ဒါ၏အယှဉ်၊ သမ္ပဒါနကာရက။

**မှတ်ချက်။** ။ပဥ္စမီအနက်, စတုတ္ထီအနက်ဟု ရေးမည့်အစား အပါဒါန်အနက်, သမ္ပဒါန်အနက် ဟု လည်းရေးနိုင်၏၊ ကာရကအမည်နှင့် ကွဲရန် ခွဲရေးလိုက်သည်။

## ၁၃၁၁-ခုနှစ်၊ ပထမငယ်

## ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်းအဖြေလွှာ

၁။ *မဟန္တော စ သော ပုညော စာတိ မဟာပုညော-ဟု ပြုလျှင် သမာသ်ဖြစ်ပါသည်။ (ကမ္မဓာရည်းသမာသ်) ကြီးသော ဘုန်းဟု အနက်ရ၏။

၎င်းတွင် မဟာပုညော အဿ အတ္ထီတိ မဟာပုညော-ဟုတဒ္ဓိတ် ဆင့်လျှင် တဒ္ဓိတ်ဖြစ်သင့်၏။ (ကြီးသောဘုန်းရှိသူဟု အနက်ရ၏။) သို့မဟုတ်-မဟန္တာနိ ပုညာနိ ယဿာတိ မဟာပုညော-ဟု ဗဟုဗ္ဗီဟိ ပြုလျှင် သမာသ်ပင်။

**မှတ်ချက်။** ။ဖြစ်သင့်သမျှ ခွဲခြားပါဟု မေးထား၍ ခွဲခြားလိုက်သည်။

၂။*(က) ဂုပဓာတ် ဆ ပစ္စည်း (စ) ဂမုဓာတ် အပစ္စည်း

| | | | | | |
|---|---|---|---|---|---|
| (ခ) | ပစ ။ | ယ ။ | (ဆ) | ဟု ။ | အ ။ |
| (ဂ) | ကမု ။ | အ ။ | (ဇ) | ဉာ ။ | နာ ။ |
| (ဃ) | ဂဟ ။ | ပ္ပ ။ | (ဈ) | မဟ ။ | ယ ။ |
| (င) | ဝဟ ။ | ယ ။ | (ည) | ဗုဓ ။ | ဩ ။ |

၃။ *(က) ကတ္တုသာဓန၌ အက- ပြုစီရင်သည်၊ ရထကာရကော။

(ခ) ကတ္တုသာဓန၌ ဏအနုဗန်ချေသည်၊ ပိယပသံသီ။

(ဂ) ဘာဝသာဓန, ကမ္မသာဓန၌ ဏအနုဗန်ချေသည်၊ ကာရိယံ။

(ဃ) ကရဏသာဓန, ကမ္မသာဓန၌ ရအနုဗန် ချေသည်၊ ဓမ္မော, ကမ္မံ။

(င) ကတ္တုသာဓန, ကမ္မသာဓန၌ ရအနုဗန် ချေသည်၊ သံယော, ပရိက္ခာ။

**မှတ်ချက်။** ။မေးပုံမရှင်းလင်း၊ မည်သို့ စီရင်ပါသနည်း၊ ဥဒါဟရုဏ်တခုစီဖော်ပြပါဟု မေးထားရာ ရုပ်တွက်နိုင်ခြင်းဟုတ်ဟန်မတူ၊ ဥဒါဟရုဏ်တခုစီဖြင့် ရှင်းလင်းခဲ့ပါဆိုလျှင် ရုပ်တွက်ရမည်။

## ၁၃၁၁-ခုနှစ်၊ပထမငယ်

## အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *ပါပါဟေတုကမုတ္တာနိ၊ သောဘဏာနီတိ ဝုစ္စရေ။
ကေူနသဋ္ဌိ စိတ္တာနိ၊ အထေက နဝုတီပိ ဝါ။

ပါပါဟေတုက မုတ္တာနိ၊ အကုသိုလ်စိတ်, အဟိတ်စိတ်တို့မှ လွတ်ကုန်သော။ ကေူနသဋ္ဌိ၊ တခုယုတ်ခြောက်ဆယ်ကုန်သော။ စိတ္တာနိ၊ စိတ်တို့ကို။ သောဘဏာနီတိ၊သောဘဏစိတ်တို့ဟူ၍။ ဝုစ္စရေ-ဝုစ္စန္တိ၊မိန့်အပ်ကုန်၏။ အထဝါ၊ တနည်းကား။ ပါပါဟေတုက မုတ္တာနိ၊ အကုသိုလ်စိတ်, အဟိတ်စိတ်တို့မှ လွတ်ကုန်သော။ ဧကနဝုတိ၊ ကိုးဆယ့်တပါးကုန်သော။ စိတ္တာနိပိ၊ စိတ်တို့ကိုလည်း။ သောဘဏာနီတိ၊ သောဘဏစိတ်တို့ဟူ၍။ ဝုစ္စရေ-ဝုစ္စန္တိ၊ မိန့်အပ်ကုန်၏။

ခြောက်ဒွါရ၌ အမြဲဖြစ်သော စိတ်များကား- သုခသန္တီရဏ, ဝုဋ္ဌော, ကာမဇောတခုယုတ်သုံးဆယ်၊ ပေါင်း ၃၁-ပါးဖြစ်၏။

ရံခါသာခြောက်ဒွါရ၌ ဖြစ်သော စိတ်များကား- ဥပေက္ခာသန္တီရဏ ၂-ပါး, မဟာဝိပါက် ၈-ပါး၊ ပေါင်း ၁၀-ပါးဖြစ်၏။

၂။ *(က) ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော ကာမစိတ် ၄၄-ပါး၊ ပဉ္စမရျာန် ၁၁-ပါး၊ပေါင်း ၅၅-ပါးသည် ဝိတက်နှင့် ယှဉ်သည်။

(ခ) ကာမာဝစရ ဉာဏသမ္ပယုတ် ၁၂-ပါး, မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅-ပါး၊ပေါင်း ၄၇-ပါးသည် ပညာနှင့် ယှဉ်သည်။

(ဂ) အကုသိုလ်စိတ် ၁၂, အဟိတ်စိတ်-၁၈, ကာမာဝစရ သောဘဏစိတ်-၂၄၊ ပေါင်းကာမစိတ် ၅၄-ပါးသည် ကာမ တဆယ့်တဘုံ၌ဖြစ်သည်။

မှတ်ချက်။ ။ကာမတဆယ့်တဘုံ၌ ဖြစ်နိုင်သောစိတ်ဟုမေးလျှင် အသီတိဝိထိ စိတ္တာနိ၊ ကာမေ-အရ ဝိထိမုတ်စိတ် ၉-ပါးမှတပါးသောစိတ် ၈၀-လုံးဖြစ်နိုင်သည် ဟု ဖြေရမည်—သတိ။

(ဃ) ဝိတက်, ဝိစာရ, ပီတိကြဉ်သော အညသမာန်း စေတသိက်-၁ဝ, ဝိရတီ-အပ္ပမညာကြဉ်သော သောဘဏ စေတသိက်-၂ဝ၊ ပေါင်း ၃ဝ-သည် ပဥ္စမဈာန်ဟူသည်မျှနှင့် ယှဉ်သော စေတသိက် ဖြစ်သည်။

**မှတ်ချက်။** ။ပဥ္စမဈာန်ဟူသမျှဟု ဆိုသဖြင့် လောကုတ္တရာဈာန်သာ ယှဉ်သော ဝိရတီ စေတသိက်ကို မကောက်ယူရ—သတိ၊

(င) အကုသိုလ်စိတ်ဟူသမျှနှင့် ယှဉ်သော စေတသိက်ကား-သဗ္ဗာကုသလ သာဓာရဏ စေတသိက်၄-ပါး၊ ဆန္ဒ, ပီတိ, အဓိမောက္ခမှတပါးသော အညသမာန်း စေတသိက် ၄-ပါး၊ ပေါင်း ၁၇-ပါး။ [သဗ္ဗာကုသလယောဂီ စေတသိက်ပင်တည်း။]

၁။ *ဝိရတိယော ပန တိဿောပိ လောကုတ္တရစိတ္တေသု သဗ္ဗထာပိ နိယတာ ဧကတောဝ လဗ္ဘန္တိ။ လောကိယေသု ပန ကာမာဝစရ ကုသလေသွေဝ ကဒါစိ သန္ဒိဿန္တိ ဝိသုံ ဝိသုံ-ဟူသော သင်္ဂဟပါဌ်နှင့် အညီ ဝိရတီစေတသိက်တို့သည် လောကုတ္တရာစိတ်တို့၌ အမြဲ ယှဉ်၍ မဟာကုသိုလ်စိတ်တို့၌ ရံခါယှဉ်သည်။

---

## ၁၃၁၁-ခုနှစ် ပထမငယ်

### အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ * အာဒိကမ္မိကဿ ပန (ပဉ္စမကပ္ပနာယံ မဟဂ္ဂတ ဇဝနာနိ အဘိညာဇဝနာနိစ သဗ္ဗဒါပိ ဧကဝါရမေဝ ဇဝန္တိ တတောပရံ) ဘဝင်္ဂပါတော။

**မှတ်ချက်။** ။ပေယျာလကို ဖေါ်သည့်အခါ ကွင်းအတွင်းစာသားကိုသာ ဖေါ်ပါ။

ပန၊ ကာမာဝစရဇော မှတပါး မဟဂ္ဂုတ်ဇောကိုဆိုအံ့။ အာဒိကမ္မိကဿ၊ အစဉ်ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအမှုရှိသောပုဂ္ဂိုလ်အား။ ပဉ္စမကပ္ပနာယံ၊ ရှေးဦးစွာဖြစ်သောအပ္ပနာ၌။ မဟဂ္ဂတဇဝနာနိ၊ မဟဂ္ဂုတ်ဇောတို့သည်။ ဧကဝါရမေဝ၊ တကြိမ်သာလျှင်။ ဇဝန္တိ၊ စောကုန်၏။ အဘိညာဇဝနာနိစ၊ အဘိညာဉ်ဇောတို့သည်ကား။ သဗ္ဗဒါပိ၊ အခါ

ခပ်သိမ်းလည်း။ ကောဝါရမေဝ၊ တကြိမ်သာလျှင်။ ဇဝန္တိ၊ စောကုန်၏။ တတော၊ထိုမဟဂ္ဂုတ်၊ဇော, အဘိညာဉ်ဇောချုပ်သည်မှ။ ပရံ၊ နောက်၌။ ဘဝင်ပါတော၊ ဘဝင်ကျသည်။ ဟောတိ၊ ဖြစ်၏။

မှတ်ချက်။ ။ပေယျာလကိုဖေါ်ထုတ်အနက်ယောဇနာလျှင် ပါဠိသက်သက်ရေးရန်မလို။

ကာမဇောတို့ပကတိအခါ ၆-ကြိမ်, ၇-ကြိမ်စောသည်၊ မရဏာသန္နကာလ,မုစ္ဆာကာလစသည်တို့၌ ၅-ကြိမ်သာစောသည်၊ မြတ်စွာဘုရား၏ ရေးမီးအစုံစုံဘန်းခိုးပြာဋိဟာကိုပြရာကာလစသည်တို့၌ပစ္စဝေက္ခဏာဇောတို့သည် ၄-ကြိမ်, ၅-ကြိမ်ခစောသည်၊ [ဤကား-ကာမဇောတို့ဖြစ်နိုင်သောအကြိမ်တည်း။]

မဂ်ဇောတို့သည် တကြိမ်သာစောသည်။

အာဒိကမ္မိကပုဂ္ဂိုလ်၏ အစစွာဖြစ်သောအပ္ပနာ၌ မဟဂ္ဂုတ်ဇောတို့သည် တကြိမ်သာစောသည်၊ အဘိညာဉ်ဇောတို့သည် အခါခပ်သိမ်းတကြိမ်သာစောသည်။

ဖိုလ်ဇောတို့သည် ဒန္ဓါဘိညပုဂ္ဂိုလ်၌ ၂-ကြိမ်စောသည်၊ ခိပ္ပါဘိညပုဂ္ဂိုလ်၌ ၃-ကြိမ်စောသည်။

နိရောဓသမာပတ်ကို မဝင်စားမီရှေ့အဘို့ကာလ၌ နေဝသညာနာသညာယတန ကုသိုလ်,ကြိယာဇောသည် ၂-ကြိမ်စောသည်။

နိရောဓသမာပတ်မှထသည့်အခါ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇော,ရဟန္တာအား အရဟတ္တဖိုလ်ဇောသည် တကြိမ်စောသည်။

ဈာနသမာပတ္တိဝီထိ, ဖလသမာပတ္တိဝီထိ၌ ဈာန်ဇော, ဖိုလ်ဇောတို့သည် ဘဝင်ကျနေသကဲ့သို့ အကြိမ်များစွာဖြစ်သည်၊ အမှတ်အသားမရှိ။

၂။ * ကာမာဝစရကုသိုလ်,အဂုသိုလ်ကံ ၂၀၊ရူပါဝစရကုသိုလ်ကံ ၅-ပါး၊ ပေါင်း ၂၅-ပါးတို့သည် ရုပ်ကိုဖြစ်စေတတ်သောကံတို့တည်း။

ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကစ၍ဖြစ်သည်၊ ကမ္မဇရုပ်တို့၏ နောက်ဆုံးချုပ်ရာဌာနကား- စုတိစိတ်၏ ဘင်ခဏနှင့်တူပြိုင်ညီမျှသောကာလတည်း၊ ဝါ-စုတိစိတ်၏ ဘင်နှင့်ပြိုင်၍ချုပ်သည်။

၃။ * နိဗ္ဗာန်သည် ပစ္စုပ္ပန်, အတိတ်, အနာဂတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဒူရ, အာသန္န, ဟီန, ပဏီတ, သုခုမ, ဩဠာရိကဟုဆိုအပ်သော တဆယ့်တပါးသော အပြားမရှိခြင်းကြောင့် ခန္ဓာ ၅-ပါးတွင်မပါဝင်ပါ။ [အတိတ်စသည်ကွဲပြားသောတရားတို့၏ စုပေါင်းအပ်သောအနက်ကြောင့် ခန္ဓာဟူသော အမည်သည်ဖြစ်၏၊ နိဗ္ဗာန်ကား-ကွဲပြားမှုမရှိ၊ မစုပေါင်းအပ်၊ တို့ကြောင့် ခန္ဓာမမည် ဟူလို။]

ဝိစိယောသာနုသာရေန၊ (သောတဝိညာဏဝီထိယာ။
ပဝတ္တာနန္တရုပ္ပန္န၊ မနောဒွါရသ္သ ဂေါစရော။ ။
အတ္ထာယာဿာနုသာရေန၊ ဝိညာယန္တိ တတော ပရံ။
သာယံ ပညတ္တိ ဝိညေယျာ၊ လောကသင်္ကေတ)နိမ္မိတာ။ ။

**မှတ်ချက်။** ။ပေယျာလဖေါ်ခိုင်းလျှင် ကွင်းအတွင်းကိုသာရေး၍ဖေါ်။

---

## ၁၃၁၁-ခုနှစ်၊ ပထမငယ်
## မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း အဖြေလွှာ

၁။ * မဂ္ဂဟေတုကာ၊ မဂ်ဟုဆိုအပ်သော အကြောင်းရှိကုန်သော။ ဓမ္မာ-နိဿတ္တ နိဇ္ဇီဝ သဘာဝ၊ သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်ကုန်သောသဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ တနည်းကား-မဂ္ဂဟေတုကာ၊ မဂ်နှင့်ယှဉ်သောဟိတ်ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။ တနည်းကား- မဂ္ဂဟေတုကာ၊ မဂ်၌တည်သော ဟိတ်ရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

တတိယယောဇနာနည်း၌ မဂ္ဂဟေတုကာဓမ္မာ-ဟူသော ဒုတိယပုဒ်၏ အရကား- မဂ်စိတ် ၄-ခု, အမောဟကြဉ်သော စေတသိက်ပဉ္စတိံသရ၏။

၂။ * ဟေတုဂေါစ္ဆကကို ဟောတော်မူသည်၏အခြားမဲ့၌(စူဠန္တရဒုက်ကို ဟောတော်မူ၏၊ ထိုစူဠန္တရဒုက်၌လည်း သပ္ပစ္စယဒုက်, သင်္ခတဒုက်, သနိဒဿနဒုက်, သပ္ပဋိဃဒုက်, ရူပီဒုက်, လောကိယဒုက်, ကေနစိ ဝိညေယျဒုက်အားဖြင့် ၇-ပါး အပြားရှိ၏၊ ထို ၇-ပါးတို့တွင် သပ္ပစ္စယဒုက်ကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုသပ္ပစ္စယဒုက်၌လည်း ပဌမပဒ, ဒုတိယပဒအားဖြင့် ၂-ပါးအပြားရှိ၏၊ ထို ၂-ပါးတို့တွင် ပဌမပဒကို ရှေးဦးစွာ ဟောတော်မူ၏၊)ဟောဟန်ကား—

၃။ * အကုသိုလ်စိတ်၁၂ ဒါသ,စေတသိက်သတ္တဝီသသည်-သံကိလိဋ္ဌ။
ကိလေသာဆယ်ပါးတို့သည်-သံကိလေသ။
လောကီကုသိုလ်သတ္တရသ, လောကီဝိပါက်ဗာတ္တိံသ,ကြိယာ
စိတ်ဝီသ,စေတသိက်အဋ္ဌတိံသ,ရုပ် အဋ္ဌဝီသသည်-သံကိလေ
သိက။

---

### ၁၃၁၁-ခုနှစ်၊ ပထမငယ်

### မာတိကာနှင့်ဓာတုကထာ၊ဒုတိယမေးခွန်း အဖြေလွှာ

၁။ *ကာမဘဝ, ရူပဘဝ, အရူပဘဝ၊
သညီဘဝ, အသညီဘဝ, နေဝသညီ နာသညီဘဝ၊
ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝ၊
ဤကား-ဘဝကြီး ကိုးပါးသရုပ်တည်း။

နေဝသညာ နာသညာယတန ဝိပါက်ကြဉ်သော လောကီဝိပါက် ဧက
တိံသ, စေတသိက် ပဉ္စတိံသ, ကမ္မဇရုပ် ဝီသသည် သညီဘဝ မည်၏။

၂။ *တယော ခန္ဓာ တထာ သစ္စာ၊ ဣန္ဒြိယာနိ စ သောဠသ။
ပဒါနိ ပစ္စယာကာရေ၊ စုဒ္ဒသူပရိ စုဒ္ဒသ။ ။
သမတိံသ ပဒါ ဟောန္တိ၊ ဂေါစ္ဆကေသု ဒသသွထ။
ဒွေ စူဠန္တရဒုကာ၊ အဋ္ဌ ဟောန္တိ မဟန္တရာတိ။ ။

၃။ *မဂ္ဂသစ္စေန၊ မဂ္ဂသစ္စာသည်။ ယေဓမ္မာ၊ အကြင်မဂ္ဂသစ္စာကြဉ်
သော သင်္ခါရက္ခန္ဓာ ၅၀-တို့ကို။ ခန္ဓသင်္ဂဟေန၊ သင်္ခါရက္ခန္ဓာ ဟူသော
ရေတွက်ခြင်းဖြင့်။သင်္ဂဟိတာ၊ရေတွက်အပ်ကုန်၏။ အာယတနသင်္ဂဟေန၊
ဓမ္မာယတနဟူသော ရေတွက်ခြင်းဖြင့်။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်
၏။ ဓာတုသင်္ဂဟေန၊ ဓမ္မဓာတ်ဟူသောရေ တွက်ခြင်းဖြင့်။ သင်္ဂဟိတာ၊
ရေတွက်အပ်ကုန်၏။တေဟိဓမ္မေဟိ၊ ထိုမဂ္ဂသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ
၅၀-တို့သည်။ ယေဓမ္မာ၊ အကြင်မဂ္ဂသစ္စာတို့ကို။ ခန္ဓသင်္ဂဟေန၊ သင်္ခါ
ရက္ခန္ဓာဟူသော ရေတွက်ခြင်းဖြင့်။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။
အာယတနသင်္ဂဟေန၊ ဓမ္မာယတနဟူသော ရေတွက်ခြင်းဖြင့်။ သင်္ဂဟိ
တာ၊ ရေတွက်အပ်ကုန်၏။ ဓာတုသင်္ဂဟေန၊ ဓမ္မဓာတ်ဟူသော ရေတွက်
ခြင်းဖြင့်။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။ တေဓမ္မာ၊ ထိုမဂ္ဂသစ္စာ

တို့ကို။ ကတိဟိ၊ အဘယ်မျှကုန်သော။ ခန္ဓေဟိ၊ ခန္ဓာတို့ဖြင့်။ ကတိဟိ၊ အဘယ်မျှ ကုန်သော။ အာယတနေဟိ၊ အာယ တနတို့ဖြင့်။ ကတိဟိ၊ အဘယ်မျှကုန်သော။ ဓာတူဟိ၊ ဓာတ်တို့ဖြင့်။ သင်္ဂဟိတာ၊ ရေတွက် အပ်ကုန်သနည်း။ ဣတိ-ပုစ္ဆာယံ၊ ဤသို့သော အမေးတော်သည်။သတိ၊ ရှိသော်။ တေဓမ္မာ၊ ထိုမဂ္ဂသစ္စာတို့ကို။ ဧကေန၊ တပါးသော။ ခန္ဓေန၊ သင်္ခါရက္ခန္ဓာဖြင့်။ ဧကေန၊ တပါးသော။ အာယတနေန၊ ဓမ္မာယတန ဖြင့်။ ဧကာယ၊ တပါးသော။ ဓာတုယာ၊ ဓမ္မဓာတ်ဖြင့်။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။ ဣတိ-ဝိသဇ္ဇနာ၊ ဤသို့ဖြေတော်မူသည်။ ဟောတိ၊ ဖြစ်၏။

[ဘာသာပြန်အဖြေလွယ်ပြီ။]





# မေးခွန်းပုစ္ဆာများ

## ၁၃၁၂-ခုနှစ်

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက် (ဝိနယ)၊ပထမမေးခွန်း**

၁၃၁၂-ခုနှစ်၊ နယုန်လဆုတ် ၆-ရက်၊ (၅-၆-၅၀) တနင်္လာနေ့။

၁။ နိဒါန်းဉတ်ပါဠိပါ ဥပေါသထံ ကရေယျ၌ ဥပေါသထအရ ဥပုသ်ကိုးပါးတို့တွင် မည်သည့်ဥပုသ်ကို ယူရမည်ဟု ဖေါ်ပြခဲ့ပါ။ (၁၀)

၂။ အောက်ပါပေယျာလကို ဖေါ်ပြခဲ့ပါ။ (၁၀)
ယေသံဘိက္ခု (ပ) အဇ္ဈတ္တဗဟိဒ္ဓာ။

၃။ ဘူတဂါမဝဂ်၌ ကိုးခုမြောက် သိက္ခာပုဒ်ကို အနက်ရေးခဲ့ပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက် (ဝိနယ)၊ဒုတိယမေးခွန်း**

၁၃၁၂-ခုနှစ်၊ နယုန်လဆုတ်၆-ရက်၊(၅-၆-၅၀)တနင်္လာနေ့။

၁။ တတိယပါရာဇိက သိက္ခာပုဒ်၌ "ထာဝရ ပယောဂ" ပြ ပါဠိကို ထုတ်ပြခဲ့ပါ။ (၁၀)

၂။ မိုးသည်းရေခံသင်္ကန်းကို ရှာမှီးရာ ကာလနှင့် ချုပ်ဆိုး၍ ဝတ်ရာကာလတို့ကို အတိအကျ ပိုင်းခြား၍ ပြခဲ့ပါ။ (၁၀)

၃။ သမထ ၇-ပါးတို့တွင် ၆-ခုမြောက် သမထကို အနက်ပေးခဲ့ပါ(၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ပထမမေးခွန်း**

၁၃၁၂-ခုနှစ်၊ နယုန်လဆုတ် ၇-ရက်၊ (၆-၆-၅၀) အင်္ဂါနေ့။

၁။ အောက်ပါ က,ခ,ဂ,ဃ,င,ရှိပုဒ်တို့ကို ပုဒ်ဖြတ်၍၊ စ,ဆ,ဇ,ဈ, ည, ရှိပုဒ်တို့ကို ပုဒ်စပ်ပြပါ။ (၁၀)

| | |
|---|---|
| (က) သာဟုဒဿနံ | (စ) ဉာတိအဿ ဝ စနီယံ |
| (ခ) ပဗ္ဗဇ္ဇံ | (ဆ) နိက္ကမတိ |
| (ဂ) သုဂတော | (ဇ) ဉာတိအဿ မုဟုတ္တမ္ပိ |
| (ဃ) ပဋိဟညတိ | (ဈ) တံသာဓု |
| (င) ပုထုဘူတံ | (ည) ဝိဇ္ဇောဿတိ။ |

၂။ အောက်ပါ နာမ်ပုဒ်တို့ကို လိုရင်းသုတ် တခုစီညွှန်ပြ၍ ရုပ်အကျဉ်းတွက်ပါ။ (၁၀)

(က) မတ္ထု (ခ) ဒါတု

(ဃ) ဂုရုဝေါ (င) မြဟ္မနိ။

၃။ အောက်ပါ ကာရကပုဒ်များ၏ ဝိဘတ်တို့သည် မည်သည့်သုတ်များဖြင့် မည်သည့် အနက်၌ သက်ထား သော ဝိဘတ်တို့ ဖြစ်ပါသနည်း။

(က) အဟိနာ ဒဋ္ဌော နရော (ဃ) ရထဿ အင်္ဂပစ္စင်္ဂါနံ

(ခ) သောတ္တိ ပဇာနံ (င) ကဒလီသု ဂဇေ ရက္ခန္တိ

(ဂ) အနနုမောဒာ (စ) ဒုဒ္ဒါသု အာဂတော

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထပငယ်၊ ကစ္စည်းသဒ္ဒါ၊ဒုတိယမေးခွန်း**

၁၃၁၂–ခုနှစ်၊နယုန်လဆုတ် ၇–ရက်၊ (၆–၆–၅၀)အင်္ဂါနေ့။

၁။ သမာသ်ပုဒ်၏ သဘောလက္ခဏာကို သဒ္ဒါကြီးလာသည်နှင့် အညီ ဥဒါဟရဏ်တခုထုတ်ဆောင်၍ ရှင်းလင်းပြပါ။ (၁၀)

၂။ အောက်ပါလက်ဝဲဘက်ရှိ ပုဒ်များသည် မည်သည့် သမာသ်ပုဒ်များဖြစ်၍၊ လက်ျာဘက်ရှိပုဒ်များသည် မည်သည့်တဒ္ဓိတ်ပုဒ်များဖြစ်ကြပါသနည်း။ (၁၀)

| | |
|---|---|
| ယထာဝုဒ္ဓံ | သကျပုတ္တိ |
| ခတ္တိယကညာ | ရာဇပုတ္တကော |
| ရူပသညာ | ဒုဗ္ဗုလ္လိ |
| အာဂတသမဏော | မေဓာဝိ |
| ယမဝရုဏာ | နဝမော |

၃။ အောက်ပါ အာချာတ်ပုဒ်တို့၏ ဓာတ်နှင့် ဝိဘတ်, ကိတ်ပုဒ်တို့၏ ဓာတ်နှင့်ပစ္စည်းတို့ကိုအသီးသီးခွဲခြားပြပါ။ (၁၀)

(က) အဒ္ဒသ (စ) သတ္တာ

(ခ) ဒမ္မ (ဆ) သဏ္ဍော

(ဂ) ဃမ္မတု (ဇ) ပဂ္ဂယှ

(ဃ) ဇညာ (ဈ) ဥရဂေါ

(င) နိယစ္ဆတိ (ည) ကတ္တာ

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း**

၁၃၁၂-ခုနှစ်၊နယုန်လဆုတ် ဂ-ရက်၊(၇-၆-၅၀) ဗုဒ္ဓဟူးနေ့။

၁။ တခုယုတ်ကိုးဆယ်အပြားရှိသော စိတ်သည် တရာ့နှစ်ဆဲ့တပါးပြား ရသည်ကို အကြောင်းပြပြီးလျှင်၊ "စိတ္တေနသမယုတ္တသေ"အရ ပီတိ စေတသိက်ပေါင်းမည်မျှရှိနိုင်ပါသနည်း၊ ရေတွက်၍ပြပါ။ (၁၀)

၂။ စိတ်တပါး၌သာဖြစ်သော စေတသိက်ကိုညွှန်ပြလျက်၊ ၎င်းကို ဟေ တု,ကိစ္စ,ဒွါရ,အာလမ္ဗဏသင်္ဂဟတို့၌ ရထိုက်သလိုဝေဘန်ပါ (၁၀)

၃။ ဒွတ္တိံသ သုခပုညမှာ- ဂါထာကိုပါဠိဆုံးအောင် ရေး၍၊မြန်မာလို သက်သက်ပြန်ဆိုရေးသားပါ။ (၁၀)

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း**

၁၃၁၂ခုနှစ်၊နယုန်လဆုတ် ဂ-ရက်၊(၇-၆-၅၀) ဗုဒ္ဓဟူးနေ့။

၁။ ခုစရိုက်ဆယ်ပါးကို မူလတရားများဖြင့် ဝေဘန်ပြီးလျှင်၊ ရူပမြဟ္မာ စုတေသောအခါ ဘဝမခြားဘဲ ပဋိသန္ဓေအားဖြင့် ကန်းသောလူ့ ဘုံသွားဖြစ်,မဖြစ်ကို သင်္ဂဟစကားဖြင့်ထောက်ထား၍ဖြေပါ။(၁၀)

၂။ အောက်ပါတို့၏ တရားကိုယ်သရုပ်များကို အသီးသီး ထုတ်ပြပါ၊ (၁၀)

(က) ရယ်ရွှင်ခြင်းကိုဖြစ်စေတတ်သောတရားများ။
(ခ) ဇုန္ဒြိယရုပ်များ။
(ဂ) ကလာပ်၏အင်္ဂါမရှိသောရုပ်များ။
(ဃ) အညိန္ဒြေတရားကိုယ်။
(င) ဈာနင်မထိုက်သောတရားများ။

၃။ ဆဓာနာမန္တ၊နာမဿ-၌ ဆဓာ၏ သရုပ်ကိုထုတ်ပြီးလျှင်၊ သီလ လေးပါးကိုလည်း ရေတွက်၍ပြပါ။ (၁၀)

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း**

၁၃၁၂-ခုနှစ်၊ နယုန်လဆုတ် ၉-ရက်၊ (၈-၆-၅၀) ကြာသပတေးနေ့။

၁။ သပ္ပဒေသတိက, နိပ္ပဒေသတိက ခေါ်ရခြင်းအကြောင်းပြ ဖြေဆိုပြီး လျှင်၊ သပ္ပဒေသတိက ဖြစ်နိုင်သော တိက်အမည် များကို ဖော် ပြပါ။ (၁၀)

၂။ ဝိတက္ကတိက်၏ တတိယပဒ အရကောက်၍၊ သစ္စာမျှသာ ဖွဲ့ပြခဲ့ပါ။ (၁၀)
၃။ မဟာနိဒ္ဒေသတွက်၌ ငါးခုမြောက်ဒုက်ကို အရကောက်ပြပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ ဒုတိယမေးခွန်း

၁၃၁၂-ခုနှစ်၊ နယုန်လဆုတ် ၉-ရက်၊(၈-၆-၅၀)ကြာသပတေးနေ့။

၁။ အောက်ပါ ပေယျာလကို ဖေါ်ပြခဲ့ပါ။ (၁၀)
နယ မာတိကာကို ဟောတော်မူသည်၏ အခြားမဲ့၌ (လ) တဆယ့်ငါးပါး အပြားရှိ၏။ (၁၀)
၂။ တတိယနယ နိဒ္ဒေသ၌ ဝေဒနာက္ခန္ဓာ ဟောပုဒ်၏ နိယတ်, အနိယတ် အစွဲချက်ကိုသာ စွဲဆိုဖေါ်ပြပါ။ (၁၀)
၃။ အောက်ပါ ပါဠိတော်ကို ယောဇနာပါ။ (၁၀)
ပရိဒေဝေန ယေဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ၊အာယတနသင်္ဂဟေန သင်္ဂဟိတာ၊ဓာတုသင်္ဂဟေနသင်္ဂဟိတာ။တေဟိဓမ္မေဟိ ယေဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ၊ အာယတန သင်္ဂဟေန သင်္ဂဟိတာ၊ဓာတုသင်္ဂဟေန သင်္ဂဟိတာ။ တေဓမ္မာ။

---

## အစိုးရ ပါဠိ ပထမပြန် စာမေးပွဲ

### ပထမငယ်၊ ဘာသာပြန် (အသစ်)၊ ပထမမေးခွန်း

၁၃၁၂-ခုနှစ်၊ နယုန်လဆုတ် ၁၀-ရက်၊(၉-၆-၅၀) သောကြာနေ့။

၁။ အောက်ပါ ဝါကျများကို မြန်မာဘာသာ ပြန်ဆိုပါ။ (၁၀)
(က) ဣမံ ဇာတကံ ဂါယန္တော ရဇတဖလကေ သုဝဏ္ဏပါသကေ ခိပတိ၊ ဧဝံ ကီဠန္တော ပန ရာဇာ နိစ္စံ ဇိနာတိ။
(ခ) ဣမသ္မိံ ကိရ သမယေ ကောသလရဋ္ဌေ ဒေဝေါ န ဝဿိ၊ သဿာနိ မိလာယန္တိ။
(ဂ) အထေကသ္မိံ ဒိဝသေ မဟာတိ ဝါတဝုဋ္ဌိ ဥပ္ပဇ္ဇိ။
(ဃ) နာနာပုပ္ဖကာရေ ဂန္ဓကရဏ္ဍကေ ပူရေတွာအာပဏံ ပသာရေတွာ နိသီဒိံသု။
၂။ အောက်ပါ ဝါကျများကို ပါဠိဘာသာ ပြန်ဆိုပါ။ (၁၅)
(က) လင်မရှိသည် ရှိသော် အဘိုးတထောင် ထိုက်သော အဝတ်ကို ဝတ်ရငြားသော်လည်း လင်မှကင်းသော မိန်းမသည် အချည်းနှီးသာလျှင်မည်၏။

(ခ) တနေ့သ၌ မိုဃ်းရွာ၏၊နေဝင်၏၊အမိုက်မှောင်ဖြစ်၏၊ ထိုအခါ ကြီးစွာသော ပွဲသဘင်ဖြစ်၏။

(ဂ) အို–လှည်းကုန်သည်တို့… သစ်ပင်ရင်း၌ စကြံ သွားသော ရသေ့သည် ယနေ့ အကယ်၍ မရှိအံ့၊ အလုံးစုံသော သင်တို့သည် လုယက်သဖြင့် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကုန်ရာ၏။

(ဃ) ဘုရားအလောင်းသည် ဒါယကာတို့…နိုးသူကိုမြင်၍ ကြောက်ခြင်း မည်သည်ကား မရှိအားသာဖြစ်၏၊ငါကား ဥစ္စာနှင့်မ်းပါး သင်းရဲသားတည်း၊ အဘယ်ကြောင့် ကြောက်ရအံ့နည်း။

---

အပိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမယော်၊ ဘာသာပြန်(အသစ်)၊ ဒုတိယမေးခွန်း**

၁၃၁၂–ခုနှစ်၊ နယုန်လဆုတ် ၁၀-ရက်၊ (၉–၆–၅၀)သောကြာနေ့။

၁။ အောက်ပါဝါကျများကို ပါဠိဘာသာ ပြန်ဆိုပါ၊ (၁၅)

(က) စိဘ်ဆိုးသောအခါ ယောက်ျားတို့ မည်သည် မိမိမယားကို ဘိလူးမ, ပြတ္တာမဟု ဆိုကြကုန်၏။

(ခ) ပညာရှိ…သင်သည် အသို့လျှင် ဤမျှောက်မလာက်သို့ ရောက်သောအဖြစ်ကို သိသနည်းဟုမေး၏။

(ဂ) စစ်မက်ပြိုင်၍ အနိုင်ယူသောအခါ ရဲရင့်သော မိုလ်မှူးကိုအလိုရှိကြကုန်၏၊ အစားကောင်းနှင့်ကြုံသောအခါ ချစ်သူကို တမ်းတကြကုန်၏။

(ဃ) ကောသလမင်းကြီး၏မင်းမိန်းမတို့သည် အရှင်အာနန္ဒာမထေရ်၏အထံ၌ တရားတော်ကို နာလည်းနာကုန်၏၊ သင်လည်းသင်ကုန်၏။

၂။ အောက်ပါဝါကျများကို မြန်မာဘာသာ ပြန်ဆိုပါ။ (၁၅)

(က) ဥက္ကဋ္ဌေ သူရမိစ္ဆန္တိ၊
မန္တီသု အကုတူဟလံ။
ပိယဉ္စ အန္နပါနမှိ
အတ္ထေ ဇာတေ စ ပဏ္ဍိတံ။

(ခ) အထေကဒိဝသံ ဂတ္တံ ပရိသိတွာ မဇ္ဈကေ နိပ္ပဇ္ဇိ။

(ဂ) စေဋ္ဌက ဒူရေ နိသီဒါပေတွာ ကောသကံ ပူရေတွာ သုရံ ပါတုံ အာရဘိ။

(ဃ) သကလဇမ္ဗုဒီပေ မယာ သဒိသော ဓနုဂ္ဂဟော နာမ နတ္ထိ။

---

## အစိုးရ ပါဠိပထမပြန်စာမေးပွဲ

### ပထမယ်၊ ဘာသာပြန် (အဟောင်း)၊ပထမမေးခွန်း

၁၃၁၂-ခုနှစ်၊နယုန်လဆုတ် ၁၀-ရက်၊(၉-၆-၅၀)သောကြာနေ့။

၁။ အောက်ပါဝါကျများကို မြန်မာဘာသာပြန်ဆိုပါ။ (၁၅)

(က) အာဂန္တုကဿ စ မေ ဂန္တုကဿ စ သရီရံ သူရိယတေ-
ဇေန တတ္တံ။

(ခ) ကောသလရညော ကိရ ဝိဇိတေ ပဗ္ဗတပါဒေ မာတိက-
ဂါမော နာမေကော ဃနဝါသော ဂါမော အဟောသိ။

(ဂ) သာဝတ္ထိယံ ကိရ အနာထပိဏ္ဍိကဿ ဂဟပတိနော
နန္ဒော နာမ ဂေါပါလကော ဂေါယူထံ ရက္ခတိ။

(ဃ) ရာဂေါ ရဇော၊ နစပန ရေဏု ဝုစ္စတိ။
ရာဂဿေတံ အဓိဝစနံ ရဇောတိ။

၂။ အောက်ပါဝါကျများကို ပါဠိဘာသာပြန်ဆိုပါ။ (၁၅)

(က) သင့်စွ၊ မေ့လျော့သောသူအား အပါယ်လေးပါးတို့သည် မိမိ
အိမ်နှင့်တူကုန်၏။

(ခ) မကြာမြင့်မီပင်လျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ ရဟန္တာအဖြစ်သို့
ရောက်လေပြီ။

(ဂ) ထိုသူသည်ကား သင်၏အထံ၌ မြင်းကောင်းကဲ့သို့ဖြစ်၏။

(ဃ) အလုံးစုံသောအရပ်တို့၌ မိုဃ်းကြီးထစ်ချုန်း၍ တက်၏။

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ ဘာသာပြန် (အဟောင်း)၊ ဒုတိယမေးခွန်း

၁၃၁၂—ခုနှစ်၊ နယုန်လဆုတ် ၁၀—ရက်၊ (၉—၆—၅၀) သောကြာနေ့။

၁။ အောက်ပါ ဝါကျများကို မြန်မာဘာသာ ပြန်ဆိုပါ။ (၁၅)

(က) သကလသရီရံ ဆိဒ္ဒါဝဆိဒ္ဒံ အဟောသိ။

(ခ) မယာ ပန အဇ္ဈတ္တိကော လောဘစောရော ဇိတော၊ သော
ပုန မံ န ဇိနိဿတိ။

(ဂ) အဟောဝတ အယံဝါ ထေရော မမ ဘရိယာ ဘဝေယျ၊မမ
ဘရိယာယ သရီရဝဏ္ဏောဝါ ဧတဿ သရီရဝဏ္ဏောဝိယ
ဘဝေယျ။

(ဃ) သဟာယကိစ္စတို့ အတွက်နံ၊
နိမ္မိနိတ္တာန ပန္နကော။
နိသိဒမ္မဝနေ ရမ္မေ၊
ယာဝ ကာလပ္ပဝေဒနာ။ ။

၂။ အောက်ပါ ဝါကျများကို ပါဠိဘာသာ ပြန်ဆိုပါ။ (၁၅)

(က) ရဟန်း…သင်သည် တပါးတည်းကိုသာ အကယ်၍ စောင့်ရှောက်ခြင်းငှာ စွမ်းနိုင်သည် ဖြစ်ခဲ့တုံအံ့၊ ကြွင်းသောတရားများကို စောင့်ရှောက်ဘွယ် မဟုတ်။

(ခ) ထိုခဏ၌ သူဌေးသည် ပက်လက် လျောင်းသည် ဖြစ်၏။

(ဂ) လွန်လေပြီးခါ ဟိမဝန္တာဝယ် ဂင်္ဂါမြစ်ကမ်းနား၌တခုသော ရေသဖန်းတော၌ အထောင်မကသော ကျေးငှက်တို့သည် နေကုန်၏။

(ဃ) ကြားဘူးသည်ကား သာဝတ္ထိပြည်၌ အမျိုးသား တယောက်သည် ဘုရားရှင်၏ တရားတော်သံ ကြားနာရ၍တောထွက်ပြီး ရဟန်းပြု၏။



# မေးခွန်းအဖြေများ

## ၁၃၁၂-ခုနှစ်၊ ပထမငယ်

## ဘိက္ခုပါတိမောက် (ဝိနယ)၊ ပထမ မေးခွန်းအဖြေလွှာ

၁။ *နိဒါန်းညွှတ်ပါဌ်ပါ ဥပေါသထံ ကရေယျ-၌ ဥပေါသထအရ ဥပုသ်ကိုးပါးတွင် သံဃဥပုသ်ကိုသာ ယူရပါမည်၊ [သံဃောဥပေါသထံ ကရေယျာတိ-ဣမိနာ ယေတေ အပရေပိ တယော ဥပေါသထာ-သံဃေ ဥပေါသထော ဂဏေ ဥပေါသထော ပုဂ္ဂလေ ဥပေါသထောတိ ဧဝံ ကာရကဝသေန တယော ဥပေါသထာ ဝုတ္တာ။တေသု ဣတရေ ဒွေပဋိက္ခိပိတွာ သံဃေ ဥပေါသထမေဝ ဒီပေတိ။ ။ကင်္ခါအဋ္ဌကထာ။

သို့မဟုတ် နိသျအတိုင်း သုတ္တုဒ္ဒေသသံဃ ဥပုသ်ကို ယူရပါမည်ဟု ရေးလျှင်လည်း အမှတ်ရသည်သာ၊ နိသျအနက် အတိုင်းဖြစ်သောကြောင့်တည်း။]

၂။ *ယေသံ ဘိက္ခု(အညတရံဝါ အညတရံဝါ အာပတ္တိံတွာ ယာ-ဝတီဟံ ဇာနံ ပဋိစ္ဆာဒေတိ၊ တာဝတီဟံ တေန ဘိက္ခုနာ အ ကာမာ ပရိဝတ္ထဗ္ဗံ။ပရိဝုတ္ထပရိဝါသေန ဘိက္ခုနာ ဥတ္တရိဆာရတ္တံ ဘိက္ခုမာနတ္တာယ ပဋိပဇ္ဇိတဗ္ဗံ။ စိဏ္ဏမာနတ္တော ဘိက္ခု ယတ္ထ သိယာ ဝီသတိဂဏော ဘိက္ခုသံဃော၊ တတ္ထ သော ဘိက္ခု ဘိက္ခုဟိ) အဗ္ဘေတဗ္ဗော။

၃။ *မဟလ္လကံ၊ ကြီးသော။ ဝိဟာရံ၊ ကျောင်းကို။ ကာရယမာနေန၊ ပြုစေလိုသော။ ဘိက္ခုနာပန၊ ရဟန်းသည်ကား။ ယာဝဒွါရကောသာ၊ တံခါးပေါင်၏ ၂-တောင့်ထွာအရပ်တိုင်အောင်။ အဂ္ဂဠဋ္ဌပနာယ၊ တံခါးပေါင်နှင့်တကွ တံခါးအိမ်ကို မြဲမြံစွာ ထားခြင်းငှါ။ အာလောကသန္ဓိပရိကမ္မာယ၊ အထက်လေသာ ပြုတင်းကို အပြေဒ. ပြစ် ပြုခြင်းငှါ။ ပုနပ္ပုနံ၊ အထပ်ထပ်။ လေပေတဗ္ဗော၊ လိမ်းကျံအပ်၏။ ဆဒနဿ၊ အမိုး၏။ ဒွတ္တိပရိယာယံ၊ ၂-စဉ်, ၃-စဉ် မိုးခြင်းကို။ အပ္ပဟရိတေ၊ စိမ်းသောကောက်ပဲမရှိရာ၌။ ဌိတေန၊ ရပ်သဖြင့်။ အဓိဋ္ဌာတဗ္ဗံ၊ စီရင်အပ်၏။ တတော၊ ထို၂-စဉ်, ၃-စဉ် အမိုးထက်။ ဥတ္တရိ၊ အလွန်။ အပ္ပဟရိတေပိ၊ စိမ်းသောကောက်ပဲမရှိရာ၌လည်း။ ဌိတော၊ ရပ်လျက်။ စေအဓိဋ္ဌေယျ၊ အကယ်၍ စီရင်ငြားအံ့။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

## ၁၃၁၂-ခုနှစ်၊ ပထမငယ်
## ဘိက္ခုပါတိမောက် (ဝိနယ)၊ ဒုတိယမေးခွန်းအဖြေလွှာ

၁။ * တတိယပါရာဇိက သိက္ခာပုဒ်၌ "ထာဝရပယောဂ"ကို ပြသောပါဠိကား–သတ္တဟာရကံ ဝါဿ ပရိယေသေယျ တည်း။

၂။ *နယုန်လပြည့်ကျော် တရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့် တိုင်အောင် ၅-လသည်မိုးဥတု ရေခံသက်နှံကို ရှာမှီးရာသော ကာလတည်း။

ဝါဆိုလဆန်း တရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့် တိုင်အောင် ၄-လခွဲသည် မိုးရေခံသက်နှံကို ချုပ်ဆိုး၍ဝတ်ရာကာလတည်း။

၃။ *တဿ ပါဒိယျသိကာ၊ ဥပဝါဋ္ဌရဟန်းကဲ့သို့ ယုတ်မာသောသူအား ပြုအပ်သော ဉတ္တိစတုတ္ထကံကို။ ကာတဗ္ဗာ၊ ပြုအပ်၏။

---

## ၁၃၁၂-ခုနှစ်၊ ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *(က) သာဓုဒဿနံ (စ) ဣစ္စဿ ဝစနီယံ
(ခ) ပဗ္ဗတွံ (ဆ) နိက္ခမတိ
(ဂ) သုဂဒေါ (ဇ) ဣတိဿ မဟုတ္တမ္ပိ
(ဃ) ပတိဟညတိ (ဈ) တံသာရု
(င) ပုထဘူတံ (ည) ပစ္စေဿတိ

၂။ *(က) မတိ-တည်၊ သ္မိံဝိဘတ်သက်၊ တခွင်းဣကြွင်း၊ ပ–အမည်မှည့်၊ အ မာ ပ တော သ္မိံ သ္မာနံဝါ-ဖြင့် ပ-နောင်နှောင်းသော သ္မိံဝိဘတ်ကိုအံ့ပြု၊ ပသညာသုတ-ဖြင့် ဝိဘတ်အပြုဖြစ်သော နိဂ္ဂဟိတ်မှီရာ အသရနောင်းသောကြောင့် ပ-အမည်ရှိသော ဣကို ယပြု ယ အံ ကပ်၊ တ ယံ-ကပ်၊ မတျံပြီး၏။

(ခ) ဒါတု-တည်၊ သဝိဘတ်သက်၊ တခွင်းဥကြွင်း၊ သက္က မန္တာဒိနုဒ္ဓ- ဖြင့် သ ဝိဘတ် နှောင်းသောကြောင့် ဒါတုသဒ္ဒါ၏ အစိတ် ဥကို ဥပြု၊ သဝိဘတ်ကိုလည်းချေ၊ ဘ ဥ ကပ်၊ ဒါတုပြီး၏။

(ဃ) ဂရုတည်၊ ယောဝိဘတ်သက်၊ ခွင်းဥကြွင်း၊ ဩသရေစ-၌ စ သဒ္ဒါဖြင့် ယောဝိဘတ်နှောင်းသောကြောင့် ဂရုသဒ္ဒါ၏အစိတ်

ဥကို အဝပြု၊ ရ အ-သို့ကပ်၊ တတော ယောနမောတု-၌ တုသဒ္ဒါဖြင့် အဝ အပြုနှောင်နှောင်းသော ယောဝိဘတ်ကို ဩပြု၊ ဝခွင်း၊ ချေ၊ ကပ်၊ ဂုရဝေါ ပြီး၏။

(င) ဗြဟ္မ-သဒ္ဒါတည်၊ သို့ ဝိဘတ်သက်၊ ဗြဟ္မတောတုသသို့ နိ-ဖြင့် ဗြဟ္မသဒ္ဒါနှောင် နှောင်းသောသို့ ဝိဘတ်ကို နိ ပြု၊ ဗြဟ္မနိပြီး၏။

မှတ်ချက်။ ။မေးခွန်း၌ (ဂ)မှတ်ပြ မပါ၊ လိုရင်းသုတ်တခုညွှန်ပြပါ ဆိုသော်လည်း အချို့သုတ်များ မပြဘဲချန်၍မဖြစ်သောကြောင့် ထည့်ပြလိုက်ရသည်။

၃။ *(က) ကတ္တုရိစ-ဖြင့် ကတ္တားအနက်၌ တတိယာဝိဘတ်သက်သည်။

(ခ) နမောယောဂါဒိသွပိစ-ဖြင့် သမ္ပဒါန်အနက်၌ စတုတ္ထီဝိဘတ်သက်သည်။

(ဂ) ကာရဏတ္ထေစ-ဖြင့် ကာရဏ အနက်၌ ပဉ္စမီဝိဘတ်သက်သည်။

(ဃ) ဆဋ္ဌီစ-ဖြင့် သတ္တမီအနက်၌ ဆဋ္ဌီဝိဘတ်သက်သည်။

(င) ပဉ္စမျတ္ထေစ-ဖြင့် ပဉ္စမီ အနက်၌ သတ္တမီဝိဘတ် သက်သည်။

(စ) ကာလဘာဝေသုစ-ဖြင့် ဘာဝေနဘာဝလက္ခဏာအနက်၌ သတ္တမီဝိဘတ် သက်ထားပါသည်။

---

## ၁၃၁၂-ခုနှစ်၊ ပထမငယ် ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *ကထိန ဒုဿံ-ဟူသော ပြယုဂ်၌ သမာသ်မတွဲစပ်မီ ကထိန သဒ္ဒါသည် ကထိန်ဟူသော အနက်ကိုဟောသည်၊ ဒုဿ သဒ္ဒါသည် ပုဆိုးဟူသော အနက်ကို ဟောသည်၊ ထိုသို့ဆိုင်ရာပုဒ်က အသီး အသီးသော အနက်များကို ဟောနေသော်လည်း ကထိနဿ ဒုဿံ ကထိန ဒုဿံ-ဟု သမာသ်တွဲစပ်ပြီးသည့်အခါ (ကထိန်အတွက် ပုဆိုး၊ ဝါ-ကထိန်ဘို့ပုဆိုးဟူ၍) တခုသော အနက်ရှိသည်၏ အဖြစ်သည် သမာသ်၏ သဘောလက္ခဏာဖြစ်ပါသည်။

ဝါ-အထူးထူးသော ပုဒ်တို့၏ သမာသ်တွဲစပ်ပြီးသည့်အခါ တပုဒ်တည်း အဖြစ်သို့ ဆိုက်ရောက်သွားခြင်းသည် သမာသ်၏ သဘောလက္ခဏာဖြစ်ပါသည်။

**မှတ်ချက်။** ။နှစ်မျိုးတွင် ကြိုက်နှစ်သက်ရာဖြေ၊ ဥဒါဟရဏ်ပါပါစေ။

| | | |
|---|---|---|
| ၂။ * ယထာဝုဍ္ဎံ | အဗျယီ ဘာဝ | သမာသ် |
| ဓတ္တိယ ကညာ | ကမ္မဓာရည်း | ။ |
| ရူပသညာ | တပ္ပုရိသ် | ။ |
| အာဂတ သမဏော | ဗဟုဗ္ဗီဟိ | ။ |
| ယမ ဝရုဏာ | ဒွန် | ။ |
| သကျပုတ္တိ | အပစ္စ | တဒ္ဓိတ် |
| ရာဇပုတ္တကော | သမူဟ | ။ |
| ဒုဇ္ဇုလ္လံ | ဌာန—သို့မဟုတ် နိဿိတ | |
| မေဓာဝီ | အဿတ္ထိ | ။ |
| နဝမော | သင်္ချာပူရဏ | ။ |

| | | | | | |
|---|---|---|---|---|---|
| ၃။ * (က) | ဒိသ | ဓါတ် | (ဟိယျတ္တနီ) | အာ | ဝိဘတ် |
| (ခ) | ဒါ | ။ | | မ | ။ |
| (ဂ) | ဂမု | ။ | | တု | ။ |
| (ဃ) | ဉာ | ။ | | ယျေ | ။ |
| (င) | နိပုဗ္ဗ-ယမု | ။ | | တိ | ။ |
| (စ) | သာသ | ဓါတ် | | ရတ္တု ပစ္စည်း | |
| (ဆ) | သက | ။ | | တ | ။ |
| (ဇ) | ပပုဗ္ဗ-ဂဟ | ။ | | တွာ | ။ |
| (ဈ) | ဥရသဒ္ဒူ ပပဒ-ဂမုဓါတ် | | | ကွိ | ။ |
| (ည) | ကရ | ဓါတ် | | တု | ။ |

---

## ၁၃၁၂-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ပထမမေးခွန်းအဖြေလွှာ

၁။ *ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-ဈာန်အင်္ဂါ ၅-ပါးနှင့် တကွ ဖြစ်သော သောတာပတ္တိမဂ်စိတ်။ ။ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄-ပါးနှင့် တကွဖြစ်သော သောတာပတ္တိမဂ်စိတ်။ ။ပီတိ,

သုခ, ဧကဂ္ဂတာ-ဈာန်အင်္ဂါ ၃-ပါးနှင့် တကွဖြစ်သော သောတာပတ္တိမဂ်စိတ်။ ။သုခ, ဧကဂ္ဂတာ-ဈာန် အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော သောတာပတ္တိမဂ်စိတ်။ ။ဥပေက္ခာ, ဧကဂ္ဂတာ - ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော သောတာပတ္တိမဂ်စိတ်၊ ဤသို့ သောတာပတ္တိမဂ်စိတ် ၅-ပါး ပြားသည်၊ ထို့အတူ သကဒါဂါမိမဂ်စိတ်, အနာဂါမိမဂ်စိတ်, အရဟတ္တမဂ်စိတ် ၅-ပါးစီပြား၍ မဂ်စိတ် ၂၀-ဖြစ်သည်၊မဂ်စိတ် အတူ ဖိုလ်စိတ်တို့လည်း ၂၀-ပြား၍ လောကုတ္တရာစိတ် ၄၀-ဖြစ်သည်၊ ဤသို့ လောကုတ္တရာစိတ် ၄၀-ပြားသောကြောင့် တခုယုတ်ကိုးဆယ်အပြားရှိသောစိတ်သည် တရာ့နှစ်ဆယ့် တပါးပြားရပါသည်။

မှတ်ချက်။ ။ဤအဖြေသည် ကထမေကူနနဝုတိဝိဓံ စိတ္တံ ဧကဝီသသတံ ဟောတိ-ဟူသော ပါဠိရှိတိုင်း အမေး၏ အဖြေတည်း၊ မလွဲနိုင်ပါ၊ အကျဉ်းဖြေမှုကား-လောကုတ္တရာစိတ် ၈-ပါးက ၄၀-ပြား၍ တခုယုတ်ကိုးဆယ်သော စိတ်က တရာ့နှစ်ဆယ့်တပါးပြားသည် ဟုဖြေ၊

စိတ္တေန သမမုဒ္ဒိသေ-အရ ပီတိသည် စိတ် ၅၁-ပါးနှင့် ယှဉ်သောကြောင့် ပီတိစေတသိက် ပေါင်း ၅၁-ပါးအရေအတွက် ရှိပါသည်။

၂။ *စိတ်ဘပါး၌သာ ယှဉ်သော စေတသိက်ကား ဝိစိကိစ္ဆာတည်း၊ ၎င်းသည် ဟိတ်အားဖြင့် အဟိတ်, ကိစ္စအားဖြင့် ဇောကိစ္စ, ဒွါရအားဖြင့် မနောဒွါရ, အာရုံအားဖြင့် လောကုတ္တရာတရား ကိုးပါးကြဉ်အပ်သော အာရုံ ၆-ပါးလုံးကိုအာရုံပြုသည်။

၃။ * ဒွတ္တိံသ သုခပုညမှာ၊ ဒွါဒသောပေက္ခကာ ပရံ။
သုဓိတ ကြိယတော အဋ္ဌ၊ ဆ သမ္ဘောန္တိ ဥပေက္ခကာ။ ။
သောမနဿသဟဂုတ် မဟာကုသိုလ် ဉာဏ သမ္ပယုတ် ဇောနှစ်ခုနောင် ၃၂-ပါးသော အပ္ပနာ ဇောတို့ဖြစ်ကြသည်၊ ဝါ-စောကြသည်။

ဥပေက္ခာသဟဂုတ် မဟာကုသိုလ်ဉာဏ သမ္ပယုတ်ဇောနှစ်ခုနောင်-၁၂-ပါးသော အပ္ပနာဇောတို့ဖြစ်ကြသည်၊ ဝါ-စောကြသည်။

သောမနဿသဟဂုတ် မဟာကြိယာ ဉာဏ သမ္ပယုတ်ဇောနှစ်ခုနော် ၈-ပါးသော အပ္ပနာဇောတို့ဖြစ်ကြသည်၊ ဝါ-စောကြသည်။

ဥပေက္ခာသဟဂုတ် မဟာကြိယာ ဉာဏမ္ပယုတ် ဇောနှစ်ခုနှောင်— ၆-ပါးသော အပ္ပနာဇောတို့ ဖြစ်ကြသည်၊ ဝါ-ဇောကြသည်။

---

## ၁၃၁၂-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ၊ ဤသုံးပါးတို့သည် ဒေါသမူလကြောင့် ဖြစ်ကြသည်။

ကာမေသု မိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ၊ ဤသုံးပါးတို့သည် လောဘမူလကြောင့် ဖြစ်ကြသည်။

ကြွင်းသော အဒိန္နာဒါန်, မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ၊ ဤလေးပါးတို့သည် လောဘ, ဒေါသ မူလနှစ်ပါးလုံးတို့ ကြောင့် ဖြစ်ကြသည်။

ရူပါဝစရစုတိယာ၊ အဟေတုရဟိတာ သိယုံ-ဟူသော သင်္ဂဟာစကား ကို ထောက်ထား၍ ရူပဗြဟ္မာစုတေသော အခါ ဘဝင်ခြားဘဲပဋိသန္ဓေ အားဖြင့် ကန်းသောလူ့ဘုံသား မဖြစ်နိုင်ပါ။

၂။ *(က) လောဘမူ သောမနဿ ၄-ပါး, ဟသိတုပ္ပါဒ်-၁, မဟာကုသိုလ်သောမနဿ -၄၊ မဟာကြိယာ သောမနဿ-၄၊ ပေါင်း ၁၃-ပါး။ [ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သောတရား။]

(ခ) ပသာဒရုပ် ၅-ပါး, ဘာဝရုပ်-၂, ဇီဝိတရုပ်-၁၊ ပေါင်း ၈-ပါး။[ဣန္ဒြိယရုပ်များ။]

(ဂ) အာကာသဓါတ် ၁-ပါး, လက္ခဏာရုပ် ၄-ပါး၊ ပေါင်း ၅-ပါး။ [ကလာပ်၏ အင်္ဂါမရှိသော ရုပ်များ။]

(ဃ) သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်, သောတာ ပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ် အားဖြင့် အထက်မဂ် ၃-ပါး, အောက်ဖိုလ် ၃-ပါး၌ ယှဉ်သော ပညာစေတသိက်သည် အညိန္ဒြေ။ [အညိန္ဒြေတရားကိုယ်။]

(င) ဒွိပဉ္စဝိညာဏ်-၁၀။ [ဈာနင်မထိုက်သော တရားများ။]

၃။ *အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ, အာသေဝန, သမ္ပယုတ္တ အားဖြင့် ၆-ပါးတို့သည် ဆဓာ၏သရုပ်တည်း။ [အနန္တရနိရုဒ္ဓါစိတ္တ

စေတသိကာ ဓမ္မာ စသော ပါဠ်ကို အဓိပ္ပါယ် စုံလင်အောင် ရေး၍ ဖေါ်လိုက ဖေါ်နိုင်၏။]

သီလ လေးပါးကား—

၁။ ပါတိမောက္ခ သံဝရ သီလ
၂။ ဣန္ဒြိယ သံဝရ သီလ
၃။ အာဇီဝ ပါရိသုဒ္ဓိ သီလ
၄။ ပစ္စယ သန္နိဿိတ သီလ

---

### ၁၃၁၂-ခုနှစ်၊ ပထမငယ်
### မာတိကာ နှင့် ဓာတုကထာ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *ပရမတ္ထတရားလေးပါးကို ပဒ သုံးခုဖြင့်ဝေဘန်ရာ၌ တရား မကုန်ဘဲ ကြွင်းကျန်နေလျှင် သပ္ပဒေသတိက၊ မကြွင်းကျန်လျှင် နိပ္ပဒေ သတိက။

သပ္ပဒေသ ဖြစ်နိုင်သော တိက်များကား—

ဝေဒနတိက်, ဝိတက္ကတိက်, ပီတိတိက်, ပရိတ္တာရမ္မဏတိက်, မဂ္ဂါရမ္မဏတိက်,ဥပ္ပန္နတိက်,အတီတတိက်,အတီတာရမ္မဏတိက်, အဇ္ဈတ္တာရမ္မဏတိက် အားဖြင့် ၉-တိက်တို့တည်း။

ဆောင်ပုဒ်။ ။ဝေဒန, ဝိတက်၊ ပီတိစွက်၍၊တချက်ပရိတ္တာ၊ရမ္မဏာနှင့်၊ မဂ္ဂါရမ္မဏာ၊ ဥပ္ပန္နတည့်၊ တီတနှစ်တန်၊ အဇ္ဈာရမ်တည့်၊ ကိုးပါးရှိ၊ခေါ်ဘိ သပ္ပဒေသ။
ထိုမှကြွင်းကျန်၊ဆယ့်သုံးတန်ကား၊ နာမံတိက၊နိပ္ပဒေသ။

၂။ *အဝိတက္က အဝိစာရာဓမ္မာ-ဟူသော တတိယပုဒ်၏အရကား- အဝိတက္က အဝိစာရစိတ် ၅၅-ခု, ဝိတက်-ဝိစာရကြဉ်သော စေတသိက် ဆတ္တိံသ, ဒုတိယဈာန်စိတ် ကောဒသ၌ရှိသော ဝိစာရ စေတသိက် ၁၁-ခု, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏။

သစ္စာအားဖြင့် ၃-ပါးဟူသော်ကား—လောကီ အဝိတက္က အဝိစာရ စိတ် ၃၁-ခု, စေတသိက်တေတ္တိံသ, လောကီဝိစာရ ၃-ခု, ရုပ်အဋ္ဌ ဝီသသည် ဒုက္ခသစ္စာ မည်၏၊ နိဗ္ဗာန်သည် နိရောဓ သစ္စာမည်၏၊ မဂ်အဝိတက္က အဝိစာရစိတ် ၁၂-ခု၌ ရှိသော သမ္မာဒိဋ္ဌိ, သမ္မာဝါစာ,

သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟုဆိုအပ်သော သောတာပတ္တိမဂ် ၇-ပါး, သကဒါဂါမိမဂ် ၇-ပါး, အနာဂါမိမဂ် ၇-ပါး, အရဟတ္တမဂ် ၇-ပါးသည် မဂ္ဂသစ္စာ မည်၏၊ ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၀-ခု, ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခုသည်၎င်း၊ လောကုတ္တရာ ဒုတိယဈာန်စိတ် ၈-ခု၌ရှိသော ဝိစာရစေတသိက် ၈-ခု သည်၎င်း သစ္စာ-ဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာ အားဖြင့် ၃-ပါး ဖြစ်သတည်း။

၃။ *စိတ္တသံသဋ္ဌာ ဓမ္မာ-ဟူသော ပဌမပုဒ်၏အရကား—စေတသိက် ဒွေပညာသ ရ၏။

စိတ္တဝိသံသဋ္ဌာ ဓမ္မာ ဟူသော ဒုတိယပုဒ်၏အရကား ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏၊ အာဒိလဒ္ဓနာမ ဒုက်မည်၏၊ သပ္ပဒေသဒုက်, နိပ္ပဒေသဒုက် ၂-ပါးတို့တွင် စိတ်တခုယုတ် ကိုးဆယ်ဟုဆိုအပ်သောကြွင်းသောတရား ရှိသည်၏ အဖြစ်ကြောင့် သပ္ပဒေသဒုက်မည်၏။ [ဤကား မဟန္တရဒုက်၌ ၅-ခုမြောက် ဒုက်ကို အရကောက်ပုံ။]

## ၁၃၁၂-ခုနှစ်၊ ပဌမငယ်

## မာတိကာနှင့် ဓာတုကထာ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *နယမာတိကာကို ဟောတော်မူသည်၏ အခြားမဲ့၌ (အဗ္ဘန္တရ မာတိကာကို ဟောတော်မူ၏၊ ထိုအဗ္ဘန္တရ မာတိကာသည်လည်း ခန္ဓာဒိဥဒ္ဒေသ, ဖဿသတ္တကရာသိ ဥဒ္ဒေသအားဖြင့်နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ခန္ဓာဒိဥဒ္ဒေသကို ရှေးဦးစွာဟောတော်မူ၏၊ ထိုခန္ဓာဒိ ဥဒ္ဒေသ သည်လည်း ခန္ဓဥဒ္ဒေသ, အာယတနဥဒ္ဒေသ, ဓာတုဥဒ္ဒေသ, သစ္စဥဒ္ဒေသ, ဣန္ဒြိယ ဥဒ္ဒေသ, ပဋိစ္စသမုပ္ပါဒ ဥဒ္ဒေသ, သတိပဋ္ဌာန ဥဒ္ဒေသ, သမ္မပ္ပဓာနဥဒ္ဒေသ, ဣဒ္ဓိပါဒဥဒ္ဒေသ, ဈာနဥဒ္ဒေသ, အပ္ပမညာ ဥဒ္ဒေသ,ပဉ္စိန္ဒြိယဥဒ္ဒေသ, ဗောဇ္ဈင်္ဂဥဒ္ဒေသ, မဂ္ဂဥဒ္ဒေသအားဖြင့်)တဆယ့် ငါးပါး အပြားရှိ၏။

၂။ *ယေဓမ္မာ၊ အကြင်သညာ, သင်္ခါရ, သုခုမရုပ်, နိဗ္ဗာန်တို့ကို။
[အနိယတ်အစွဲ]

တေဓမ္မာ၊ ထိုသညာ, သင်္ခါရ, သုခုမရုပ်, နိဗ္ဗာန်တို့ကို။ [နိယတ်အစွဲ]

၃။ *ပရိဒေဝေန၊ ပရိဒေဝသည်။ ဝါ၊ ပရိဒေဝစိတ္တဇဝိပလ္လာသ သဒ္ဒသည်။ ယေဗမ္ဘာ၊ အကြင်အပရိဒေဝစိတ္တဇသဒ္ဒ, ဥတုဇသဒ္ဒတို့ကို။ ခန္ဓသင်္ဂဟေန၊ ရူပက္ခန္ဓာဟူသောရေတွက်ခြင်းဖြင့်။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။ အာယတနသင်္ဂဟေန၊ သဒ္ဒါယတနဟူသောရေတွက်ခြင်းဖြင့်။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။ ဓာတုသင်္ဂဟေန၊ သဒ္ဒဓာတ်ဟူသော ရေတွက်ခြင်းဖြင့်။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။ တေဟိဓမ္မေဟိ၊ ထိုအပရိဒေဝစိတ္တဇသဒ္ဒ, ဥတုဇသဒ္ဒတို့သည်။ ယေဓမ္မာ၊ အကြင်ပရိဒေဝစိတ္တဇဝိပလ္လာသ သဒ္ဒတို့ကို။ ခန္ဓသင်္ဂဟေန၊ ရူပက္ခန္ဓာဟူသော ရေတွက်ခြင်းဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။ အာယတနသင်္ဂဟေန၊ သဒ္ဒါယတနဟူသော ရေတွက်ခြင်းဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။ ဓာတုသင်္ဂဟေန၊ သဒ္ဒဓာတ်ဟူသောရေတွက်ခြင်းဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။ တေဓမ္မာ၊ ထို ပရိဒေဝစိတ္တဇဝိပလ္လာသ သဒ္ဒတို့ကို။

[ဘာသာပြန် အဖြေလွယ်ပြီ။]



# မေးခွန်းပုစ္ဆာများ

## ၁၃၁၃-ခုနှစ်

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက် (ဝိနယ)၊ ပထမမေးခွန်း**

၁၃၁၃–ခုနှစ်၊ နယုန်လဆန်း ၁၄–ရက်၊(၁၀–၆–၅၁) တနင်္လာနေ့၊

၁၊ ပုဗ္ဗကရဏ ၄–ပါး, ပုဗ္ဗကိစ္စ ၅–ပါး သရုပ်ကိုထုတ်ပြ၍၊ ပုဗ္ဗကရဏ ပုဗ္ဗကိစ္စ ခေါ်ရခြင်း၏အကြောင်းကို ရေးခဲ့ပါ။ (၁၀)

၂၊ ပါရာဇိကော ဟောတိ အသံဝါသော–၌ အသံဝါသ, သံဝါသ အဓိပ္ပါယ်ကိုရေး၍၊သံဃာဒိသိသ် ၁၃–ပါး၌ပဌမာပတ္တိက,ယာဝတတိယက သိက္ခာပုဒ်များကို ခွဲခြားပြခဲ့ပါ။ (၁၀)

၃။ ဘောဇနဝဂ် စတုတ္ထ သိက္ခာပုဒ်ကို အနက်မှန်မှန် ယောဇနာခဲ့ပါ။ (၁၀

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက်(ဝိနယ)၊ ဒုတိယမေးခွန်း**

၁၃၁၃–ခုနှစ်၊ နယုန်လဆန်း ၁၄–ရက်၊(၁၀–၆–၅၁)တနင်္လာနေ့။

၁။ သပ္ပါဏကဝဂ် ပဉ္စမသိက္ခာပုဒ်ကို အနက်ယောဇနာ၍၊ ၎င်းဝဂ်လာ မြတ်စွာဘုရားအား စွပ်စွဲ ပြောဆိုသော အဓမ္မဝါဒီ ရဟန်းအား တပါးသောရဟန်းတို့က ဆုံးမပုံကို ပါဠိသက်သက်ရေးခဲ့ပါ။ (၁၀)

၂။ ပဏီတဘောဇဉ်သရုပ်ကို ရေတွက် ပြပြီးလျှင်၊ ပါဒုကနှင့် ဥပါဟန အထူးကို ရေးခဲ့ပါ၊ (၁၀)

၃။ အဓိကရဏ သမထ ၇-ပါးသရုပ်ကို သေချာစွာ ရေတွက်၍ပြခဲ့ပါ။ (၁၀)

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ပထမမေးခွန်း**

၁၃၁၃ ခုနှစ်၊ နယုန်လဆန်း ၁၅-ရက်၊ (၁၉-၆-၅၁) အင်္ဂါနေ့။

၁။ အောက်ပါ က,ခ,ဂတို့ကိုပုဒ်ဖြတ်၍ ဃ,င,စတို့ကိုပုဒ်စပ်ပြပါ။ (၁၀)

(က) သဒ္ဓီဓ ဝိတ္တံ (ဃ) တံ ကာရုဏိကံ

( ခ ) မျာယံ ဓမ္မော ( င) ဧဝံ ဟိ

( ဂ) အထခွဿ ( စ) ဝိရံ ပဝါသိံ

၂။ အောက်ပါ နာမ်ပုဒ်များကို ရုပ်ကျဉ်းတွက်ပြပါ။ (၁၀)

(က) ဥဘိန္နံ (ဂ) ရာဇိနော

(ခ) အဂ္ဂိနိ (ဃ) သခိနော

၃။ အောက်ပါ ကာရကပုဒ်များ၏ ဝိဘတ်တို့သည် မည်သည့်သုတ်များဖြင့် မည်သည့်အနက်များ၌ သက်ထားသောဝိဘတ်တို့ဖြစ်ပါသနည်း (၁၀)

(က)သုဝဏ္ဏေန အဘိရူပေါ (ဂ)ကတော မေ ဇလျာဏော

(ခ)ဓမ္မံ သုဏာတိ (ဃ)ဒိဝိ စမ္မေသု ဟညတေ

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

## ပထမငယ်၊ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း

၁၃၁၃-ခုနှစ်၊ နယုန်လဆန်း ၁၅-ရက်၊(၁၉-၆-၅၁)အင်္ဂါနေ့။

၁။ နာနာဒုမ ပတိတပုပ္ဖဝါသိတသာနု–၌ သမာသ်မည်မျှ ပါဝင်နိုင်ကြောင်း တွဲစပ်၍ သမာသအမည်နှင့်တကွ ဖော်ပြပါ။ (၁၀)

၂။ တိယေ ဒုတာပိစ သုတ်၌ အပိသဒ္ဒါ,စသဒ္ဒါ တို့၏ အကျိုးပြ ပါဠိသက်သက်ကို ရေးခဲ့ပါ။ (၁၀)

၃။ အောက်ပါအာချာတ်ပုဒ်တို့၏ ဓါတ်နှင့်ဝိဘတ်,ကိတ်ပုဒ်တို့၏ ဓါတ်နှင့်ပစ္စည်းတို့ကို အသီးသီး ခွဲခြားဖော်ပြပါ။ (၁၀)

(က) ရုန္ဓတိ (က) ဝိဘူ

(ခ) အာဟ (ခ) ကမ္မနော

(ဂ) အဝေါစ (ဂ) ဘိက္ခု

(ဃ) ဝက္ခာမိ (ဃ) ကိစ္စံ

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

## ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း

၁၃၁၃-ခုနှစ်၊ နယုန်လဆုတ် ၁-ရက်(၂၀-၆-၅၁)ဗုဒ္ဓဟူးနေ့။

၁။ "ယထာ စ ရူပါဝစရံ(ပ) တေဝိသတိဝိဓံ ဘဝေ" ပေယျာလဖော်ထုတ်အနက်ယောဇနာ၍၊ အမိမောက္ခမယှဉ်သောစိတ် ဖော်ပြပါ။ (၁၀)

၂။ လောဘမူ ဒုတိယအသင်္ခါရိကစိတ်နှင့်ယှဉ်သော စေတသိက်တို့ကို ရေတွက်၍ လေးကိစ္စတပ်သောစိတ်ကိုဖော်ပြပါ။ (၁၀)

၃။ ရုံခါခြောက်ဒွါရ၌ဖြစ်၍,ရုံခါခြောက်ဒွါရမှလွတ်သောစိတ်ကို ဖော်ပြ၍၊မရဏာသန္နဇော အကြိမ်ပေါင်းမည်မျှဇောပါသနည်း။ (၁၀)

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း**

၁၃၁၃-ခုနှစ်၊ နယုန်လဆုတ် ၁-ရက်၊ (၂၀-၆-၅၁) ဗုဒ္ဓဟူးနေ့။

၁။ ဇုတ္တံ မဟဂ္ဂတံ ပုညံ–ဂါထာကို ပါဠ်အနက်ရေး၍၊ အသညသတ် ပုဂ္ဂိုလ်၏ ပဋိသန္ဓေကိုဖော်ပြပါ။ (၁၀)

၂။ အောက်ပါတရားကိုယ်-သရုပ်များကို အသီးအသီး ထုတ်ပြပါ။ (၁၂)

(က) ဥါရရုပ်များ။

(ခ) မဂ္ဂင်မထိုက်သောတရားများ။

(ဂ) သမုဒယသစ္စာထိုက်သောတရားများ။

(ဃ) ဓမ္မာယတနထိုက်သောတရားများ။

(င) ဩဇာတို့၏တရားကိုယ်များ။

၃။ အတိတ်အကြောင်းတရား ၅–ပါးတို့ကိုဖော်ပြ၍၊ သဒ္ဓါစရိုက်ပြော သောသူနှင့် သင့်လျော်သောကမ္မဋ္ဌာန်းတို့ကို ရေတွက်ပြပါ။ (ဂ)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း**

၁၃၁၃–ခုနှစ်၊ နယုန်လဆုတ် ၂-ရက်၊ (၂၁–၆–၅၁) ကြာသပတေးနေ့။

၁။ ဥပါဒိန္နတိက်၏ဒုတိယပုဒ်ကို ဆိုရိုးကျအနက်ယောဇနာပြီးလျှင် ၎င်း ၏အရကို သစ္စာဖွဲ့ပြပါ။ (၁၀)

၂။ သုံးပုဒ်လုံး နာမ်တရားကိုသာ အရကောက်ရသော တိက်များကို စုံလင်စွာ အမည်မျှဖော်ပြပါ။ (၁၀)

၃၊ ပရာမာသတရား, ပရာမဋ္ဌတရား, ပရာမာသ သမ္ပယုတ္တတရား တို့ကို အရကောက်ရုံမျှကောက်ပြပါ။ (ခန္ဓာစသည်ဖွဲ့ရန်မလို။) (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ ဒုတိယမေးခွန်း**

၁၃၁၃–ခုနှစ်၊နယုန်လဆုတ် ၂–ရက်၊(၂၁–၆–၅၁)ကြာသပတေးနေ့။

၁။ အောက်ပါတရားတို့သည် မည်သို့ထူးခြားကြပါသနည်း။ (၁၀)

(က) ဗာဟိရသတိပဋ္ဌာနိဒ္ဒေသဝိဘင်္ဂ နှင့် ပဋ္ဌာနိဒ္ဒေသဝိဘင်္ဂ။

(ခ) အနညာတ ညဿာမီတိန္ဒြေနှင့် အညာတာဝိန္ဒြေ။

(ဂ) ပဋိစ္စသမုပ္ပါဒ်၌ သင်္ခါရနှင့် ဓဿသတ္တကရာသီ၌ စေတနာ။

၂။ ဒုတိယနယ နိဒ္ဒေသ၌ အဘယ်တရားမျိုးကို ဟောပါသနည်း။(၁၀)

၃။ အောက်ပါ ပါဠိတော်ကို အနက်ယောဇနာခဲ့ပါ။ (၁၀)

စက္ခာယတနေန ယေဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ၊ အာယတန သင်္ဂဟေန အသင်္ဂဟိတာ၊ ဓာတုသင်္ဂဟေန အသင်္ဂဟိတာ။ တေဟိဓမ္မေဟိယေဓမ္မာ ခန္ဓသင်္ဂဟေနအသင်္ဂဟိတာ၊ အာယတန-သင်္ဂဟေန အသင်္ဂဟိတာ၊ ဓာတုသင်္ဂဟေန အသင်္ဂဟိတာ။တေဓမ္မာ။

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘာသာပြန် (အသစ်)၊ ပထမမေးခွန်း**

၁၃၁၃-ခုနှစ်၊ နယုန်လဆုတ် ၃-ရက်၊ (၂၂-၆-၅၁) သောကြာနေ့။

၁။ အောက်ပါဝါကျများကို မြန်မာဘာသာ ပြန်ဆိုပါ။ (၁၅)

(က) တသ္မိံသမယေ စောရရာဇာ အလက်တသိရိဂဗ္ဘေသိရိသယ-နပိဋ္ဌေ နိပန္နော နိဒ္ဒါယတိ။

(ခ) 'အထ နံ အဋ္ဌဝိမုခေ မနုဿာ ဒိသွာ ''ဘော မာဏဝ မာ ဣမံ အဋ္ဋဝိံ ပါဝိသိ၊ သိလေသလောမယက္ခောနာမေတ္ထ အတ္ထိ၊ သော ဒိဋ္ဌေ ဒိဋ္ဌေ မနုဿေ ဇီဝိတက္ခယံ ပါပေတီ တိ''ဝါရယိံသု။

(ဂ) ကေသ္မိံ ဟိ အတ္တဘာဝေ ကော်မရဏံ နိယတမေဝ၊ အဝိစ မယှံ ကုန္တိမှိ ဝဇိရာဝုဓံ အတ္ထိ၊သစေ မံ ခါဒိဿသိ၊တံ အာဝုဓံ ဇီရာပေတုံ န သက္ခိဿသိ။

(ဃ) သစေ အဂါရံ အဇ္ဈာဝသိတုကာမော တက္ကသီလံ ဂန္တွာ ဒိသာ-ပါမောက္ခဿ အာစရိယဿ သန္တိကေ သိပ္ပံ ဥဂ္ဂဏှိတွာ ကုဋုမ္ဗံ သဏ္ဌာပေဟိ။

၂။ အောက်ပါဝါကျများကို ပါဠိဘာသာ ပြန်ဆိုပါ။ (၁၅)

(က) ထိုအခါ သန်းခေါင်အချိန်၌ ''လူသားကို စားကြ ကုန်အံ့''ဟု မြေခွေးတို့သည် လာကြကုန်ပြီ။

(ခ) ယနေ့ ဤမြစ်၏ရေသည် လျော့လည်းမလျော့, တိုးလည်းမတိုး။

(ဂ) အိုမျောက်မင်း…ဤလောက၌ လေးမျိုးကုန်သော တရားတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ရန်သူတို့ကို လွှမ်းမိုးနိုင်၏။

(ဃ) ဤပုဆိန်ကို ယူ၍သွားပြီးလျှင် အကယ်၍ စွမ်းနိုင်ပါက ထိုသူကို သတ်လော့။

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမပိုင်း၊ ဘာသာပြန် (အသစ်)၊ ဒုတိယမေးခွန်း၊

၁၃၁၃-ခုနှစ်၊ နယုန်လဆုတ် ၃-ရက်၊ (၂၂-၆-၅၁) သောကြာနေ့။

၁။ အောက်ပါ ဝါကျများကို မြန်မာဘာသာ ပြန်ဆိုပါ။ (၁၅)

(က) အနုဗာလ အယျတွံ တေ ကတံ၊ န တွံ မမ ဝိဇိတေ ဝသိတုံ အရဟာသိ။

(ခ) တွံ ဇာနိယာနိ ဘိန္ဒိတွာ ဝိသဘာဂါရမ္မဏံ သုဘာဝသေန ဩလောကေန္တော ကိလေသေဟိ ကမ္ပိတော။

(ဂ) ထိနံ ဘာဝေါ ဒုရာဇာနော၊ မစ္ဆာယေဝေါဒကေ ဂတံ။

(ဃ) ဗောဓိသတ္တော ရညော ဂတကာလတော ပဋ္ဌာယ အတ္တနော ရဇ္ဇနဝေလာယ ရာဇဂေဟံ ဂစ္ဆတိ။

၂။ အောက်ပါဝါကျများကို ပါဠိဘာသာ ပြန်ဆိုပါ။ (၁၅)

(က) မြတ်စွာဘုရားသည် ထိုသူကိုမြင်၍ပင်လျှင် "ရဟန်းတို့...အဘယ့်ကြောင့် အလိုမရှိသော ရဟန်းကို ခေါ်ဆောင်၍ လာကြကုန်သနည်း" ဟု မိန့်တော်မူ၏။

(ခ) ရဟန်းတို့...ဤမိန်းမသည် ယခုအခါ၌သာ ထိုသုံးယောက်ကုန်သောလူတို့ကို ဆင်းရဲမှ လွတ်စေသည် မဟုတ်၊ ရှေးကလည်း လွတ်စေခဲ့ပြီ။

(ဂ) ငါ့အား လှော်ဘောင်၌ နေသဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ လှော်ဘောင်မှထွက်၍ ရဟန်းပြုအံ့။

(ဃ) ရဟန်းတို့...ဤသူသည် ယခုအခါ၌သာ သင်တို့အား အန္တရာယ်ကို ပြုသည်မဟုတ်၊ ရှေးကလည်း ပြုခဲ့သည်သာ။



# မေးခွန်းအဖြေများ

## ၁၃၁၃-ခုနှစ်၊ ပထမငယ်

## ဘိက္ခုပါတိမောက် (ဝိနယ)၊ ပထမမေးခွန်း အဖြေလွှာ

၁။ *ဥပုသ်အိမ်သိမ်အပြင်၌ တံမြက်လှည်းခြင်း, ဆီမီးညှိထွန်းခြင်း, သောက်ရေ သုံးရေ တည်ထားခြင်း, နေရာခင်းခြင်း။ [ဤကား-ပုဗ္ဗကရဏ ၄-ပါး]

ဆောင်အပ်သော ဆန္ဒကိုကြားခြင်း, ဆောင်အပ်သော ပါရိသုဒ္ဓိကို ကြားခြင်း, ဥတုသုံးပါး၌ လွန်သောပက္ခ-ကြွင်းသောပက္ခကို ကြားခြင်း, သိမ်အပြင်၌ စည်းဝေးသောရဟန်းအပေါင်းကို- ဤမျှရှိ၏ဟုရေတွက်၍ ကြားခြင်း, အဆုံးအမကို ရပါအံ့လောဟု (ဘိက္ခုနီတို့)တောင်းပန်သော ဩဝါဒကို ကြားခြင်း။[ဤကား-ပုဗ္ဗကိစ္စ ၅-ပါး]

သံဃာမစည်းဝေးမီ ရှေးအဘို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကရဏ ခေါ်သည်။

သံဃာစည်းဝေးပြီးသည့်နောက် ပါတိမောက်မပြမီ, ပါရိသုဒ္ဓိကို မကြားမီ, အဓိဋ္ဌာန်မပြုမီ ရှေးအဘို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စ ခေါ်သည်။

၂။ *ရဟန်းကောင်းတို့နှင့် ကံကြီး,ကံငယ်ဟုဆိုအပ်သော တူသော ပေါင်းဖေါ်မှုမရှိခြင်းသည် အသံဝါသ မည်၏။

တူသောပေါင်းဖေါ်မှုရှိခြင်းသည် သံဝါသမည်၏။

ဆောင်ပုဒ်။ ။ကေ့ဒ္ဒေသ၊ ဧကကမ္မ၊ သမသိက္ခတာ၊ ဤသုံးဖြာ၊ ခေါ်ပါ သံဝါသ။

ငင်းသုံးဝ၊ မရှိက၊ အသံဝါသခေါ်။

[ငင်းအတိုင်း အဓိပ္ပါယ်ကို မြင်ရေးနိုင်သည်။]

(၁) သုက္ကဝိဿဋ္ဌိ (၂) ကာယသံသဂ္ဂ (၃) ဒုဋ္ဌုလ္လဝါစာ (၄) အတ္တကာမပါရိစရိယ (၅) သဉ္စရိတ္တ (၆) ကုဋိကာရ (၇) ဝိဟာရကာရ (၈) ပထမဒုဋ္ဌဒေါသ (၉) ဒုတိယဒုဋ္ဌဒေါသ၊ ဤသိက္ခာပုဒ် ၉-ပုဒ်သည် ပဌမာပတ္တိက။[နဝပဌမာပတ္တိကာ]

(၁) သံယဘေဒက, (၂) ဘေဒါနုဝတ္တက, (၃) ဒုဗ္ဗစ, (၄) ကုလဒူသက၊ ဤသိက္ခာပုဒ် ၄-ပုဒ်သည် ယာဝတတိယက။ [စတ္တာရော ယာဝတတိယကာ]

၃။ *ကုလံ၊ ဒါယကာအိမ်သို့။ ဥပဂတံ၊ ကပ်သော။ ဘိက္ခုံပနေဝ၊ ရဟန်းကိုသာလျှင်။ ပုဝေဟိဝါ၊ လက်ဆောင်အကျိုး၄ါ စီရင်အပ်သော မုံ့တို့ဖြင့်၄င်း။ မန္ထေဟိဝါ၊ ရိက္ခာအကျိုး၄ါစီရင်အပ်သော မုံ့ကြွက်ကျစ်တို့ဖြင့်၄င်း။ အဘိဟဋ္ဌုံ-ဂဏှိတုံ၊ ခံယူခြင်း၄ါ။ ဝါ၊ အဘိဟဋ္ဌုံ-အဘိဟရိတွာ၊ ရှေးရှုဆောင်ယူ၍။ ပဝါရေယျ၊ ဘိတ်ကြားအံ့။ အာကင်္ခမာနေန၊ အလိုရှိသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဒွတ္တိပတ္တပူရာ၊ ၂-သပိတ်, ၃-သပိတ်ပြည့်သောမုံ့တို့ကို။ ပဋိဂ္ဂဟေတဗ္ဗာ၊ ခံအပ်ကုန်၏။ တတော၊ ထို ၂-သပိတ်, ၃-သပိတ်ထက်။ ဥတ္တရိ၊ အလွန်။ စေပဋိဂ္ဂဏှေယျ၊ အကယ်၍ခံငြားအံ့။ တသ္မိံဘိက္ခုနော၊ ထိုရဟန်းအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။ ဒွတ္တိပတ္တပူရေ၊ ၂-သပိတ်, ၃-သပိတ်ပြည့်သော မုံ့တို့ကို။ ပဋိဂ္ဂဟေတွာ၊ ၍။ တတော၊ ထိုခံရာအရပ်မှ။ နီဟရိတွာ၊ ဆောင်၍။ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ သံဝိဘာဇိတဗ္ဗံ၊ ဝေဘန်အပ်၏။ အယံ၊ ဤသို့ဝေဘန်ခြင်းသည်။ တတ္ထ၊ ထို ၂-သပိတ်,၃-သပိတ်ပြည့်သော မုံ့ကိုခံရာ၌။ သာမိစိ၊ ကျင့်ရာသောဝတ်တည်း။

---

၁၃၁၃-ခုနှစ်၊ ပထမငယ်

ဘိက္ခုပါတိမောက် (ဝိနယ)၊ဒုတိယမေးခွန်း အဖြေလွှာ

၁။ *ယောပနဘိက္ခု၊ အကြင်ရဟန်းသည်။ ဇာနံ-ဇာနန္တော၊ သိလျက်။ ဦနဝီသတိဝဿံ၊ ပဋိသန္ဓေမှစ၍ အသက်နှစ်ဆယ်မပြည့်သော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ ဥပသမ္ပာဒေယျ၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံငြားအံ့။ သောစပုဂ္ဂလော၊ ထိုပဉ္စင်းခံအပ်သောပုဂ္ဂိုလ်သည်လည်း။ အနုပသမ္ပန္နော၊ ပဉ္စင်းမဖြစ်။ တေစဘိက္ခူ၊ ထိုကာရကရဟန်းတို့သည်လည်း။ ဂါရယှာ၊ ဒုက္ကဋ်အာပတ်သင့်ကုန်၏။ ဣဒံ၊ ဤသို့၊ ထိုဥပဇ္ဈာယ်ဆရာ၌။ ဣဒံပါစိတ္တိယံ၊ ဤပါစိတ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။

အဓမ္မဝါဒီရဟန်းအား သုံးမပုံပြ ပါဠိ—

မာယသ္မာ ဧဝံ အဝစ၊ မာ ဘဂဝန္တံ အဗ္ဘာစိက္ခိ၊ နဟိသာဓု ဘဂဝတော အဗ္ဘာစိက္ခနံ၊ န ဟိ ဘဂဝါ ဧဝံ ဝဒေယျ၊ အနေကပရိယာယေနာဝုသော

အန္တရာယိကာ ဓမ္မာ အန္တရာယိကာ ဝုတ္တာ ဘဂဝတာ၊ အလဋ္ဌ ပန တေ ပဋိသေဝတော အန္တရာယာယ။

၂။ *ထောပတ်, ဆီဦ, ဆီ, ပျား, တင်လဲ,ငါး, အမဲ,နို့ရည်,နို့ဓမ်း အားဖြင့် ပဏီတဘောဇဉ်၏သရုပ်တို့သည် ကိုးပါးတို့တည်း။

ပါဒုကနှင့် ဉပါဟန နှစ်ပါးတို့၏ အထူးကား—

သဲကြိုးပါ အဖျားၗ ကြေးဖုတပ်၍ခြေမ,ခြေညှိုးတို့ဖြင့် ညှပ်၍စီးရသော ဘိနပ်မျိုးသည် ပါဒုက၊ သဲကြိုးတပ်ဘိနပ်အမျိုးမျိုး, ရှေ့ထိုးနောက်ပိတ် ဘိနပ် အမျိုးမျိုးသည် ဉပါဟန၊ ဤကားအထူး။

၃။ *သမထ ၇-ပါးတို့၏ သရုပ်ကား—

(၁) သမ္မုခါဝိနယ သမထ (၂) သတိဝိနယ သမထ (၃)အမုဠ္ဟဝိနယ သမထ (၄) ပဋိညာယ ကာရေတဗ္ဗသမထ (၅) ယေဘုယျသိကာသမထ (၆) တဿပါပိယျသိကာ သမထ (၇) တိဏဝတ္ထာရက သမထ။

---

## ၁၃၁၃-ခုနှစ်၊ ပထမငယ်

## ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *(က) သဋ္ဌါ ဣမေ ဝိတ္တံ (ဃ) တက္ကာရဏိကံ
(ခ) မေ အယံ ဓမ္မော (င) ဝေဠု
(ဂ) အထ ခေါ အဿ (စ) စိရပ္ပဝါသိံ

၂။ *(က) ဥဘ-သဒ္ဒါတည်း၊နံဝိဘတ်သက်၊ဥဘာဒိတောနမိန္န-ဖြင့် ဥဘသဉ်္ဂ္ဂ သဒ္ဒါနောင်နှောင်းသော နံဝိဘတ်ကို ဣန္နံပြု၊ ဘခွင်း၊ချေ၊ ကပ်၊ ပြီး၏။ တနည်း-ဒွိသဉ်္ဂ္ဂသဒ္ဒါတည်း၊ နံဝိဘတ်သက်၊ ယောသုဒွိန္နံဒွေစ-၌ စသဒ္ဒါဖြင့် နံဝိဘတ်နှောင်းသောကြောင့် ဒွိသဒ္ဒါကို ဥဘပြု၊ဥဘာဒိတောနမိန္န-ဖြင့် ဥဘသဒ္ဒါနောင်နှောင်းသော နံဝိဘတ်ကို ဣန္နံပြု၊ဘခွင်း၊ချေ၊ကပ်၊ ပြီး၏။

(ခ) အဂ္ဂိတည်၊ သိဝိဘတ်သက်၊ ဂခွင်း ဣကြွင်း၊ အဂ္ဂိဿိနိ ဖြင့် နောက်သိဝိဘတ်နှောင်းသောကြောင့် အဂ္ဂိသဒ္ဒါ၏ အစိတ် ဣကို ဣနိပြု၊ ဂ ဣ-သို့ကပ်၊ သိဝိဘတ် ကိုချေ၊ ပြီး၏။

(ဂ) ရာဇ-တည်၊ သ ဝိဘတ်သက်၊ ရာဇာဿရသော ရာဇိနော၁သ ဖြင့် နောက်သဝိဘတ်နှောင်းသောကြောင့် အလုံးစုံသော ရာဇာသဒ္ဒါကို ဝိဘတ်နှင့်တကွ ရာဇိနောပြု၊ ပြီး၏။

(ဃ) သခ-တည်၊ ယောဝိဘတ်သက်၊ သခတော စာယောနော-ဖြင့် သခသဒ္ဒါ နှောင်နှောင်းသော ယောဝိဘတ်ကို နောပြု၊ ခွင်း အကြွင်း၊ သခန္တဿိနောနာနံ သေသု-ဖြင့် နောက်နောအပြု နှောင်းသောကြောင့် သခသဒ္ဒါ၏ အစိတ်အကို ဣပြု၊ ခ ဣ-သို့ကပ်၊ ပြီး၏။ တနည်း—သခတည်၊ သဝိဘတ်သက်၊ ခွင်း အကြွင်း၊ သခန္တဿိ နောနာနံသေသု-ဖြင့် နောက် သဝိဘတ်နှောင်းသောကြောင့် သခသဒ္ဒါ၏အစိတ် အ-ကို ဣပြု၊ ဣဝဏ္ဏာ ဝဏ္ဏာ ရုလာဖြင့် ဣကို ရုမှည့်၊ ရုလတော သဿနော ဝါ-ဖြင့် ရုနောင် နှောင်းသောသဝိဘတ် နောပြု၊ ခ ဣ-ကပ်၊ ပြီး၏။

၃။ *(က) ဝိသေသနေစ-ဖြင့် ဝိသေသနအနက်၌ သက်ထားသည်။
(ခ) ကမ္မတ္ထေ ဒုတိယာ-ဖြင့် ကံအနက်၌ သက်ထားသည်။
(ဂ) ဆဋ္ဌီစ-ဖြင့် တတိယာ အနက်၌ သက်ထားသည်။
(ဃ) ကမ္မကရဏ နိမိတ္တတ္ထေသု သတ္တမီ-ဖြင့် နိမိတ်အနက်၌ သက်ထားသည်။

မှတ်ချက်။ ။သုတ္တအမေးအတိုင်း ဖြေထားသည်၊ဝိဘတ်အမည်ကို မမေး၍ မဖော်ပြ။

---

## ၁၃၁၃-ခုနှစ်၊ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ဒုတိယမေးခွန်း အဖြေလွှာ

၁။ * နာနာပကာရာ ဒုမာ နာနာဒုမာ၊ နာနာဒုမေဟိ ပတိတာနိ နာနာဒုမ ပတိတာနိ၊ နာနာဒုမပတိကာနိ စ တာနိ ပုပ္ဖာနိ စေတိ နာနာ ဒုမပတိတပုပ္ဖာနိ၊ နာနာဒုမပတိတပုပ္ဖေဟိ ဝါသိတာ နာနာဒုမပတိတ ပုပ္ဖဝါသိတာ၊ နာနာဒုမပတိတ ပုပ္ဖဝါသိတာ သာနူ ယဿာတိ နာနာဒုမ ပတိတပုပ္ဖဝါတိတသာနု။

ကမ္မဓာရည်း, တပ္ပုရိသ်အတွင်းဝင်သော ဗဟုဗ္ဗိဟိသမာသ်ဖြစ်သည်။

၂။ * အပိဂ္ဂဟဏေန အညေသုပိ ဒု-ဒိအာဒေသာ ဟောန္တိ။ဒုရတ္တံ. ဒိရတ္တံ။ စဂ္ဂဟဏေန ဒွိန္နစ္စေတဿ ဒိကာရော ဟောတိ။ ဒိဂုဏံ သင်္ဃာဋိံ ပါရုပေတွာ။

၃။ *(က) ရုစ ဓါတ် တိ ဝိဘတ် (က) ဝိပုဗ္ဗ-ဘူဓါတ်ကွိပစ္စည်း။
(ခ) မြု ။ အ ။ (ခ) ကပိ ။ ယု ။
(ဂ) ဝစ ။ ဤ ။ (ဂ) ဘိက္ခ ။ ရူ ။
(ဃ) ဝစ ။ ဿာမိ။ (ဃ) ကရ ။ ရိစ္စ ။

---

## ၁၃၁၃-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း အဖြေလွှာ

၁။ * ရူပါဝစရဉ္စ၊ ရူပါဝစရစိတ်ကိုငင်း။ အနုတ္တရဉ္စ၊ လောကုတ္တရာစိတ်ကိုငင်း။ ပဉ္စမာဒိဈာနဘေဒေ-ပဉ္စမာဒိဈာနဘေဒေန၊ ပဉ္စမဈာန်အစရှိသောဈာန်အင်္ဂါတို့နှင့် ယှဉ်သောအပြားအားဖြင့်။ ဂယှတိယထာ၊ ဆိုအပ်သကဲ့သို့။ တထာ၊ ထို့အတူ၊ အာရုပ္ပဉ္စာပိ၊ အရူပါဝစရစိတ်တဆယ့်နှစ်ခုကိုလည်း။ ဥပေက္ခေကဂ္ဂတာယောဂေန၊ ဥပေက္ခာ,ဧကဂ္ဂတာနှင့်ယှဉ်ခြင်းကြောင့်။ ဝါ၊ ဥပေက္ခာ, ဧကဂ္ဂတာနှင့်ယှဉ်သည် ဖြစ်၍။ အင်္ဂသမတာယ၊ ဈာန်အင်္ဂါတူမျှသည်၏အဖြစ်ကြောင့်။ပဉ္စမေ-ပဉ္စမဈာနဘာဝေန၊ ပဉ္စမဈာန်၏အဖြစ်တည်းဟူသော ဓဝါဟာရဖြင့်။ ယသ္မာ၊ အကြင်ကြောင့်။ ဂယှတိ၊ ဆိုအပ်၏။ တသ္မာ၊ ထို့ကြောင့်။ ပဉ္စမာဒိကံ၊ ပဉ္စမဈာန်အစရှိသော။ ဧကေကံ၊ တခုတခုသော။ ဈာနံ၊ ဈာန်စိတ်ကို။ ဧကာဒသဝိဓံ၊ တဆယ့်တပါးအပြားရှိ၏ဟူ၍။ ဤရိတံ၊ မိန့်အပ်၏။ အန္တေတု-အန္တိမပန၊ အဆုံးဖြစ်သော ပဉ္စမဈာန်စိတ်သည်ကား။ တေဝီသတိဝိဓံ၊ နှစ်ဆယ့်သုံးပါးအပြားရှိသည်။ ဘဝေ၊ ဖြစ်၏။

**မှတ်ချက်။** ။ပေယျာလကိုဖေါ်၍ အနက်ပေးလျှင် တော်ပြီ၊ ပါဠိ သက်သက်ရေးရန်မလိုပြီ။

ဒွေပဉ္စဝိညာဏ်တဆယ်, ဂိစိကိစ္စာသဟဂုတ်စိတ် ၁၊ ပေါင်း ၁၁-ပါး သောစိတ်တို့၌ အဝိမောက္ခမယှဉ်ပါ။

၂။ *လောဘမူ ဒုတိယအသင်္ခါရိကနှင့်ယှဉ်သော စေတသိက်တို့ကား- အညသမာန်းစေတသိက် ၁၃-ပါး, သဗ္ဗာကုသလသာဓာရဏ စေတသိက် ၄-ပါး, လောဘ,မာန အားဖြင့် ၁၉-ပါးတို့တည်း။

လေးကိစ္စတပ်သောစိတ်ကား-မဟာဝိပါက်စိတ် ၈-ပါး။

၃။ * ရုံခါခြောက်ဒွါရ၌ဖြစ်၍, ရုံခါခြောက်ဒွါရမှ လွတ်သောစိတ်တို့ကား- ဥပေက္ခာသန္တီရဏ ၂-ပါး, မဟာဝိပါက် ၈-ပါးအားဖြင့် ၁၀-ပါးတို့တည်း။

မရဏာသန္နဇောတို့ ငါးကြိမ်သာစောပါသည်။

---

## ၁၃၁၃-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *ဇူဏ္ဍ-ယထာဝုတ္တပဘေဒေန၊ အကြင်အကြင် ဆိုအပ်ပြီးသော အပြားအားဖြင့်။ မဟဂ္ဂတံ၊ မဟဂ္ဂုတ်ဖြစ်သော။ ပုညံ၊ ကုသိုလ်စိတ်သည်။ ပဋိသန္ဓိပဝတ္တိယံ၊ ပဋိသန္ဓေအခါ, ပဝတ္တိအခါ၌။ ယထာဘူမိဝဝတ္ထိတံ၊ အကြင်အကြင်ပိုင်းခြားအပ်သော ဘုံအားလျော်စွာ။ သဒိသံ၊ မိမိနှင့် တူသော။ ပါကံ၊ အကျိုးကို။ ဇနေတိ၊ ဖြစ်စေ၏။

အသညသတ်ပုဂ္ဂိုလ်၏ ပဋိသန္ဓေကား- ဇီဝိတနဝကကလာပ်ရုပ် ဖြစ်ပါသည်။

၂။*(က) ပသာဒရုပ် ၅-ပါး, ဝိညတ်ရုပ် ၂-ပါး၊ ပေါင်း ၇-ပါး သောရုပ်များသည် ဒွါရရုပ်များဖြစ်ပါသည်။

(ခ) အဟိတ်စိတ်တို့၌ယှဉ်သော ဝိတက်, ဝီရိယ, စေတနာ စေတသိက်များသည် မဂ္ဂင်မထိုက်သော တရားများ ဖြစ်ပါသည်။

(ဂ) တဏှာဟုဆိုအပ်သော လောဘစေတသိက်သည် သမုဒယသစ္စာထိုက်သော တရားဖြစ်ပါသည်။

(ဃ) စေတသိက်ဒွေပညာသ, သုခုမရုပ်သောဠသ,နိဗ္ဗာန်သည် ဓမ္မာယတနထိုက်သော တရားများဖြစ်ပါသည်။

(င) လောဘ,ဒိဋ္ဌိ,မောဟ၊ ဤသုံးပါးသည် ပြဲယတို့၏တရားကိုယ်များဖြစ်ပါသည်။

၃။ *အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝတို့သည် အတိတ်အကြောင်းတရား ၅-ပါးတို့ဖြစ်ပါသည်။

ဗုဒ္ဓါနုဿတိ အစရှိသော အနုဿတိ ၆-ပါးသည် သဒ္ဓါစရိုက်ပြောသောသူနှင့် သင့်လျော်သော ကမ္မဋ္ဌာန်းတို့ဖြစ်ပါသည်။

---

## ၁၃၁၃-ခုနှစ်၊ ပထမငယ်
## မာတိကာ ဓာတုကထာ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *အနုပါဒိန္န ပါဒါနိယာ၊ အာရုံပြုသောအားဖြင့် တဏှာ,ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏ အစီး အပွားသာ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

သစ္စာအားဖြင့် ၂-ပါးဟူသော်ကား– အကုသိုလ် ဒွါဒသ, လောကီကုသိုလ် သတ္တရသ, ကြိယာစိတ်ဝီသ, လောဘကြဉ်သော စေတသိက်ဧကပညာသ, တိဇရုပ်သည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါး ဖြစ်သတည်း။

**မှတ်ချက်။** ။တရားအရ ကောက်မခိုင်း၍ အရကောက်ရန်မလို–သတိ။

၂။ *သုံးပုဒ်လုံး နာမ်တရားကိုသာ အရကောက်ရသော တိက်များကား– (၁) ဝေဒနတိက် (၂) ပီတိတိက် (၃) မဂ္ဂါရမ္မဏတိက် (၄) အတီတာရမ္မဏတိက် (၅) အဇ္ဈတ္တာရမ္မဏတိက် အားဖြင့် ၅-တိက် ရှိပါသည်။

**မှတ်ချက်။** ။ဤတိက်များ၌ ရုပ်တရား တိက်မုတ် ဖြစ်နေသည်။

၃။ *ဒိဋ္ဌိသည် ပရာမာသတရား။

လောကီစိတ် ကောသိတိ, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသသည် ပရာမဋ္ဌ တရား။

ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄-ခု၊ ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ,ဝိစိကိစ္ဆာ ကြဉ်သော စေတသိက်ဝီသသည် ပရာမာသသမ္ပယုတ္တ။

## ၁၃၁၃-ခုနှစ်၊ ပထမငယ်

## မာတိကာနှင့်ဓာတုကထာ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *(က) သောဘဏာစိတ်တခု ယုက် ၆၀-၌ရှိသော သဒ္ဓါစေတသိက်သည် ဗာဝီသတိန္ဒြိယာနိ၌ သဒ္ဓိန္ဒြေ၏အရ ဖြစ်ပါသည်။

လောကုတ္တရာစိတ် ၈-ခု၌ရှိသော သဒ္ဓါစေတသိက်သည် ပဋ္ဌိန္ဒြိယာနိ၌ သဒ္ဓိန္ဒြေ၏အရ ဖြစ်ပါသည်၊ ဤသို့ထူးခြားပါသည်။

(ခ) သောတာပတ္တိ မဂ်နှင့်ယှဉ်သော ပညာစေတသိက်သည် အနညာတညဿာမီတိန္ဒြေ၊ အရဟတ္တဖိုလ်နှင့် ယှဉ်သောပညာသည် အညာတာဝိန္ဒြေ၊ ဤသို့ ထူးခြားပါသည်။

(ဂ) အကုသိုလ်စိတ် ၁၂ ဒါ၊ လောကီကုသိုလ် သတ္တရသ၌ရှိသော စေတနာစေတသိက်သည် ပဋိစ္စသမုပ္ပါဒ်၌ သင်္ခါရဖြစ်သည်။

စိတ်တခုယုတ် ၉၀-၌ရှိသော စေတနာစေတသိက်သည် ဖဿသတ္တကရာသိ၌ စေတနာဖြစ်ပါသည်၊ ဤသို့ထူးခြားပါသည်။

၂။ *ဒုတိယနယနိဒ္ဒေသ၌ ခန္ဓာတူ၊အာယတနကွဲ၊ဓာတ်ကွဲ၊ တနည်း-ခန္ဓာ၊အာယတနတူ၊ ဓာတ်ကွဲတရားမျိုးကို ဟောတော်မူသည်။

၃။ *စက္ခာယတနေန၊ စက္ခာယတနသည်။ ယေဓမ္မာ၊ အကြင် နာမက္ခန္ဓာ ၄-ပါး၊နိဗ္ဗာန်တို့ကို။ ခန္ဓသင်္ဂဟေန၊ ရူပက္ခန္ဓာဟူသော ရေတွက်ခြင်းဖြင့်။ အသင်္ဂဟိတာ၊ မရေတွက်အပ်ကုန်။ အာယတနသင်္ဂဟေန၊ စက္ခာယတနဟူသော ရေတွက်ခြင်းဖြင့်။ အသင်္ဂဟိတာ၊ မရေတွက်အပ်ကုန်။ ဓာတုသင်္ဂဟေန၊ စက္ခုဓာတ်ဟူသော ရေတွက်ခြင်းဖြင့်။ အသင်္ဂဟိတာ၊ မရေတွက် အပ်ကုန်။ တေဟိဓမ္မေဟိ၊ ထိုနာမက္ခန္ဓာ ၄-ပါး၊ နိဗ္ဗာန်တို့သည်။ ယေဓမ္မာ၊ အကြင် သြဠာရိကရုပ် ၁၁ ဒါတို့ကို။ ခန္ဓသင်္ဂဟေန၊ နာမက္ခန္ဓာဟူသော ရေတွက်ခြင်းဖြင့်။ အသင်္ဂဟိတာ၊ မရေတွက်အပ်ကုန်။ အာယတနသင်္ဂဟေန၊ မနာယတန၊ဓမ္မာယတနဟူသော ရေတွက်ခြင်းဖြင့်။ အသင်္ဂဟိတာ၊ မရေတွက်အပ်ကုန်။ ဓာတုသင်္ဂဟေန၊ သတ္တဝိညာဏဓာတ်၊ ဓမ္မဓာတ်ဟူသောရေတွက်ခြင်းဖြင့်။ အသင်္ဂဟိတာ၊ မရေတွက်အပ်ကုန်။ တေဓမ္မာ၊ ထိုသြဠာရိကရုပ် ၁၁ ဒါတို့ကို။

[ဘာသာပြန် အဖြေလွှာပြီး။]



# မေးခွန်းပုစ္ဆာများ

## ၁၃၁၄-ခုနှစ်

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက် (ဝိနယ)၊ပထမမေးခွန်း**

၁၃၁၄-ခုနှစ်၊ နယုန်လဆန်း ၁၁-ရက်၊ (၃-၆-၅၂) အင်္ဂါနေ့။

၁။ နိဒါနုဒ္ဒေသ-သံဃော ဥပေါသထံ ကရေယျ၊ပါတိမောက္ခံဥဒ္ဒိသေယျ-ပါဠိတို့ဖြင့် ၉-ပါးသော ဥပုသ်တို့တွင် အဘယ် ဥပုသ်ကို ပြပါသနည်း။ (၁၀)

၂။ ပဉ္စမပါရာဇိကသိက္ခာပုဒ်မှ ဒုတိယပါရာဇိကသိက္ခာပုဒ်သို့လိုက်၍ အနက်ပေးသင့်သောပုဒ်တို့ကို ထုတ်ပြ၍၊ လူမရှိသောသယ်ကွင်းမှ တဲသည် ၅သိက္ခာပုဒ်အရ ဂါမလော,အရညလော။ (၁၀)

၃။ ဒုဋ္ဌဒေါသသိက္ခာပုဒ်တို့၌ ဒုဋ္ဌောအရ စွပ်စွဲသောရဟန်းကို ယူရမည်လော၊ သို့မဟုတ် အစွပ်စွဲခံရသော ရဟန်းကိုယူရမည်လော။(၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက်(ဝိနယ)၊ ဒုတိယမေးခွန်း**

၁၃၁၄-ခုနှစ်၊ နယုန်လဆန်း ၁၁-ရက်၊(၃-၆-၅၂) အင်္ဂါနေ့။

၁။ မိုဃ်းရေခံသင်္ကန်းရှာမှီးရာမဟုတ်သောအခါတို့ကို တိကျစွာ ဖော်ပြခဲ့ပါ။ (၁၀)

၂။ ဂဏဘောဇနေ အညတြ သမယာ-၌ သမယသရုပ်တို့ကို ထုတ်ပြခဲ့ပါ။ (၁၀)

၃။ သမထ ၇-ပါးတို့တွင် အဆုံးသမထကို အနက်ရေးခဲ့ပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း**

၁၃၁၄-ခုနှစ်၊ နယုန်လဆန်း ၁၂-ရက်၊ (၄-၆-၅၂) ဗုဒ္ဓဟူးနေ့။

၁။ သန္ဓိဒုတိယကဏ္ဍ ဒီဃံသုတ်၌ ကာရီ,ကာရိယဖြစ်ထိုက်သော သရတို့ကို အသီးအသီး ကုန်စင်အောင်ပြခဲ့ပါ။ (၁၀)

၂။ သုနံဟိသုစ-သုတ်ဖြင့်(သု)ဝိဘတ်နှောင်းရာ အဘယ်မျှသော ရဿသရတို့ကို ဒီဃပြုနိုင်မည်နည်း။ (၁၀)

၃။ အောက်ပါ ကာရကဝိဘတ်များကို မည်သည့်သုတ်ဖြင့် မည်သည့်အနက်၌ သက်ထားပါသနည်း။ (၁၀)

(က) အပဟိနာ ဒဠှော နရော
(ခ) အန္ဓေန ဝသတိ
(ဂ) တေန ကာလေန
(ဃ) အက္ခိနာ ကာဏော
(င) တပသာ ဥတ္တမော

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း**

၁၃၁၄-ခုနှစ်၊ နယုန်လဆန်း ၁၂-ရက်၊ (၄-၆-၅၂) ဗုဒ္ဓဟူးနေ့။

၁။ အောက်ပါသမာသ်ပုဒ်တို့ကို သမာသ်အမည်ဖော်ပြ၍၊ တဒ္ဓိတ်ပုဒ်တို့ကိုလည်း ပစ္စည်းနှင့်တကွ တဒ္ဓိတ်အမည်ကိုလည်းဖော်ပြပါ။ (၁၀)

(က) စက္ခုသောတံ (ဃ) မာဟိံသော
(ခ) ဥပဝဂ္ဂ (င) သောစံ
(ဂ) တိလောကံ

၂။ ဤယူပမာနာဒေ-သုတ်၏ဝုတ္တိကို ပါဠိမျှရေး၍ သုတ်ကိုသာ အနက်ပေးခဲ့ပါ။ (၁၀)

၃။ အောက်ပါပုဒ်တို့၏ ဓါတ်,ပစ္စည်းတို့ကို ညွှန်ပြခဲ့ပါ။ (၁၀)

(က) ဇိန (ဃ) ဓိတာ
(ခ) ဒုက္ကရ (င) ဂမိကော
(ဂ) သတ္ထာ

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း၊**

၁၃၁၄-ခုနှစ်၊နယုန်လဆန်း ၁၃-ရက်၊(၅-၆-၅၂)ကြာသပတေးနေ့။

၁။ အဟိတ်စိတ် ၁၈-ပါးတို့တွင် နိဿယဘေဒစိတ်, ကိစ္စဘေဒစိတ်တို့ မည်မျှစီရှိကြပါသနည်း၊အသီးအသီး ခွဲ၍ဖြေခဲ့ပါ။ (၁၀)

၂။ (က) မာနနှင့်သာယှဉ်၍ ထိနမိဒ္ဓနှင့် မယှဉ်သော အကုသိုလ်စိတ်။
(ခ) ထိနမိဒ္ဓနှင့်သာယှဉ်၍ မာနနှင့်မယှဉ်သော အကုသိုလ်စိတ်။

(ဂ) ၂-ပါးစုံယှဉ်သော အကုသိုလ်စိတ်။
(ဃ) ၂-ပါးစုံမယှဉ်သော အကုသိုလ်စိတ်တို့ကို သရုပ်မျှ အသီးအသီး ထုတ်ခဲ့ပါ။ (၁၀)

၃။ သေသာနိ ကာမာဝစရ ဝိပါကာနိ(ပ)ကာမာဝစရာ ရမ္မဏာနေဝ-၌ ကာမာဝစရ သရုပ်ကို ကုန်စင်အောင် ထုတ်ခဲ့ပါ။ (၁၀)

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း**

၁၃၁၄-ခုနှစ်၊ နယုန်လဆန်း ၁၃-ရက်၊(၅-၆-၅၂)ကြာသပတေးနေ့။

၁။ ဝီထိစိတ္တာနိ သတ္တေဝ (ပ) ပဉ္စဒွါရေ ယထာရဟံ-ဂါထာ၌ သတ္တ, စတုဒ္ဒသ, စတုပညာသတို့၏ သရုပ်တို့ကို ပေါ်လွင်ထင်ရှားရုံ ထုတ်ပြခဲ့ပါ။ (၁၀)

၂။ ပဋိသန္ဓိစတုက္က အဆုံးဂါထာကို ပါဠိသက်သက် ရေးခဲ့ပါ။ (၁၀)

၃။ ရုပ်ပိုင်းအဆုံးရှိ နှစ်ဂါထာတို့တွင် ပဌမဂါထာကိုသာ အနက် ရေးခဲ့ပါ။ (၁၀)

---

အစိုးရ ပါဠိ ပထမပြန် စာမေးပွဲ

**ပထမငယ်၊မာတိကာနှင့်ဓာတုကထာ၊ပထမမေးခွန်း**

၁၃၁၄-ခုနှစ်၊ နယုန်လဆန်း ၁၄-ရက်၊ (၆-၆-၅၂) သောကြာနေ့။

၁။ ဝိပါကတိက် တတိယပဒကို အနက်ယောဇနာပြီးလျှင်၊ အဝိတက္က ဝိစာရမတ္တာဓမ္မာ ကိုလည်း အရကောက်ပြပါ။ (၁၀)

၂။ မဂ်နှင့်ယှဉ်သော ဟိတ်ရှိသောတရားများကို ဆိုရိုးကျ ကောက်ပြ၍၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဟု မဆိုထိုက်သော ပရမတ္ထဓမ္မကိုလည်း ညွှန်းပြပါ။ (၁၀)

၃။ နီဝရဏ နီဝရဏီယဒုက်၏ ဒုက်မုတ်ကိုထုတ်ပြ၍၊ စိတ္တသံသဋ္ဌနှင့်စိတ္တ သဟဘူအမည်ရသောတရားများကိုလည်း ကောက်ပြပါ။ (၁၀)

---

အစိုးရ ပါဠိပထမပြန်စာမေးပွဲ

**ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ ဒုတိယမေးခွန်း**

၁၃၁၄-ခုနှစ်၊ နယုန်လဆန်း ၁၄-ရက်၊ (၆-၆-၅၂) သောကြာနေ့။

၁။ ပဥ္စမ, သတ္တမ,နဝမ နယမာတိကာ ဟောဟန်ပါဠိတို့ကို ထုတ်ပြ၍၊ အောက်ပါတရားတို့၏ တရားကိုယ်ကိုလည်းဆိုရိုးကျကောက်ပြပါ။ (၁၂)

(က) ပဉ္စဝေါကာရဘဝ　　(ဂ) ဒုက္ခ
(ခ) သောက　　(ဃ) မေတ္တာ

၂။ ဒုတိယနယ၌ ဟောအပ်သောပုဒ်တို့၏သချ်ာမျှကို ထုတ်ပြ၍၊ စတုတ္ထနယနိဒ္ဒေသ၌ဟောတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ်တို့၏ သရုပ်ကိုလည်း ထုတ်ပြပါ။ (၈)

၃။ အောက်ပါ ပါဠိတော်များ၌ ယေဝမ္ပအရ တရားများကိုသာဖေါ်ပြလိုက်ပါ။ (၁၀)

(က) ဣတ္ထိန္ဒြိယေန ယေဝမ္ပ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ၊အာယတနသင်္ဂဟေန သင်္ဂဟိတာ၊ ဓာတုသင်္ဂဟေန သင်္ဂဟိတာ။

(ခ) ဣတ္ထိန္ဒြိယေန ယေဝမ္ပ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ၊ အာယတနသင်္ဂဟေန သင်္ဂဟိတာ၊ ဓာတုသင်္ဂဟေန သင်္ဂဟိတာ။

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘာသာပြန် (အသစ်)၊ ပထမမေးခွန်း**

၁၃၁၄–ခုနှစ်၊ နယုန်လဆန်း ၁၅–ရက်၊ (၇–၆–၅၂) စနေနေ့၊

၁။ အောက်ပါဝါကျများကို မြန်မာဘာသာပြန်ဆိုပါ။ (၁၅)

(က) သော ကေဒိဝသံ ကောသလရာဇာနံ အာဟ၊ ဒေဝ ဗာရာဏသိရဇ္ဇံနာမ နိမ္မက္ခိကမဓုပဋလသဒိသံ၊ သော ရာဇာ အတိမုဒုကော အပ္ပေနေဝ ဗလဝါဟနေန သက္ကာ ဗာရာဏသိရဇ္ဇံ ဂဏှိတုန္တိ။

(ခ) ကော် သမယံ သာဝတ္ထိယံ သုရာဓုတ္တာ သန္နိပတိတ္ဝာ မန္တယိံသု သုရာမူလံ နော ခီဏံ ကဟံ နု ခေါ လဘိဿာမာတိ။

(ဂ) အယံ ဝိသရုက္ခော န ဒုက္ခာရုဟော ဉက္ခိပိတ္ဝာ ထပိတနိသောဏီဝိယ သုခေနာရောဟိတုံ သက္ကာတိ ဝဒတိ။

(ဃ) ပါဏာတိပါတကမ္မံနာမ နိရယေ တိရစ္ဆာနယောနိယံ ပေတ္တိဝိသယေ အသုရကာယေ စ နိဗ္ဗတ္တေတိ၊ မနုဿေသု နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ အပ္ပါယုကသံဝတ္တနိကံ ဟောတိ။

၂။ အောက်ပါဝါကျများကို ပါဠိဘာသာပြန်ဆိုပါ။ (၁၅)

(က) သင်သည် ဤနေ့မှစ၍ ကာယဋ္ဌါရ,ဝစီဋ္ဌါရ,မနောဋ္ဌါရအားဖြင့် ၃-ပါးသောဋ္ဌါရတို့ကို စောင့်ရှောက်ပါ။

(ခ) ဘယ်အခါမဆို ကိုယ်,နှုတ်,စိတ်ဖြင့်မကောင်းမှုကိုမပြုပါလင့်။

(ဂ) သွားလော့၊လူမထွက်ပါလင့်၊ ဤသီလသုံးပါးကိုသာ စောင့်ရှောက်ပါလော့။

(ဃ) ခံတွင်းကို ဘွင့်လိုက်သည်ရှိသော် မိကျောင်းတို့၏မျက်လုံးတို့သည် မှိတ်သွားကုန်၏။

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ
## ပထမငယ်၊ ဘာသာပြန် (အသစ်)၊ ဒုတိယမေးခွန်း

၁၃၁၄-ခုနှစ်၊နယုန်လဆန်း ၁၅-ရက်၊(၇-၆-၅၂)စနေနေ့။

၁။ အောက်ပါ ဝါကျများကို မြန်မာဘာသာပြန်ဆိုပါ။ (၁၅)

(က) အထ သာ ဝါနရီ ဂဗ္ဘသ ပတိဋ္ဌိတဘာဝံ ဉတွာ အတ္တ- နော ဂဗ္ဘံ အနုရက္ခမာနာ အညံ ပဗ္ဗတပါဒံ အဂမာသိ။

(ခ) သာ ပရိပက္ကဂဗ္ဘာ ဗောဓိသတ္တံ ဝိဇာယိ၊ သော ဝုဍ္ဎိ- မန္ဝာယ ဝိညုတံ ပတ္တော ထာမသမ္ပန္နော အဟောသိ။

(ဂ) သော ကေဒိဝသံ မာတရံ ပုစ္ဆိ အမ္မ မယှံ ပိတာ ကဟန္တိ။

(ဃ) တာတ အသုကသ္မိံ နာမ ပဗ္ဗတပါဒေ ယူထံ ပရိဟရန္တော ဝသတီတိ ဝုတ္တော အမ္မ တဿ မံ သန္တိကံ အာနေဟီတိ။

၂။ အောက်ပါဝါကျများကို ပါဠိဘာသာပြန်ဆိုပါ။ (၁၅)

(က) ပုရောဟိတ်သည် ပြင်ပသို့ ထွက်ခွါသွားသည် ရှိသော် နှစ် ယောက်တို့သည် ကာမဂုဏ်ဖြင့်မွေ့လျော်ပျော်ပါးကြကုန်၏။

(ခ) ထိုပုရောဟိတ်သည် ပြန်လာသည်ရှိသော် သေသောက်ကြူး သည် ပုန်းကွယ်နေ၏။

(ဂ) ပုဏ္ဏားပြန်လာသည်ရှိသော် အရှင်…အကျွန်ုပ်သည် သင်တို့ က စောင်းတီးပေ ကုန်ပါလျှင် ကခြင်းငှါအလိုရှိပါ၏ ဟူ၍ သူမက ပြောလေ၏။

(ဃ) မိန်းမသတ္တဝါ မုသားသာတည်း။

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ
## ပထမငယ်၊ ဘာသာပြန် (အဟောင်း)၊ ပထမမေးခွန်း

၁၃၁၄-ခုနှစ်၊ နယုန်လဆန်း ၁၅-ရက်၊(၇-၆-၅၂) စနေနေ့။

၁။ အောက်ပါ ပါဠိများကို မြန်မာဘာသာ ပြန်ဆိုပါ။ (၁၅)

(က) တွံ ကေသ္မိံ ပဗ္ဗတေ ဝသ၊ အဟံ ဇာမသ္မိံ ပဗ္ဗတေ ဝသိဿာမိ။

(ခ) ဇာမံ ပဏ္ဏံ ဟရိတွာ တဿ ဒေဟိ။

(ဂ) အဟံ တွေကံ ကာလံ တဿာ အနုစ္ဆဝိကံ ပုရိသံ န ပဿာမိ။

(ဃ) ရာဇာ ကပဏာမနုဿာ သောတိ ဝစနံ သုတွာပိ န သဒ္ဒဟတိ။

(င) အယံ မေ နတ္တာ တုမှာကံ သန္တိကေ ပဗ္ဗဇိတုကာမော။

၂။ အောက်ပါ မြန်မာဘာသာများကို ပါဠိဘာသာပြန်ဆိုပါ။ (၁၅)
(က) ထိုစဉ်အခါ ကောသမ္ဗီပြည်၌ ပုရန္တပမည်သော မင်းဖြစ်၏။
(ခ) ပဒွေကဗုဒ္ဓါသည် ထိုခွေးကို ချီးစမ်းလိုသည် ဖြစ်၍ တပါး သော ခရီးသို့ကြွတော်မူ၏။
(ဂ) သူဌေးသမီးသည် ထိုခဏ၌ ထိုကျွန်မကို ဈေးသို့နိုင်း၏။
(ဃ) ဘဒ္ဒဝတီမည်သော ဆင်မယဉ်သာသည် တနေ့ယူဇနာ ငါး ဆယ်သွား၏။
(င) အချင်းတို့....မေတ္တာကိုထား၍ ငါတို့အား တပါးသော ကိုးကွယ်ရာ မရှိချေ။

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘာသာပြန် (အဟောင်း)၊ ဒုတိယမေးခွန်း**

၁၃၁၄-ခုနှစ်၊ နယုန်လဆန်း ၁၅-ရက်၊ (၇-၆-၅၂) စနေနေ့။

၁။ အောက်ပါ ပါဠိများကို မြန်မာဘာသာ ပြန်ဆိုပါ။ (၁၅)
(က) တဿ အပ္ပိစ္ဆသန္တုဋ္ဌဘာဝဂုဏေန သက္ကဿ ဘဝနံ ကမ္ပိ။
(ခ) ဘိက္ခု မယံ ဇမ္ပံ နိဿာယ ဘိက္ခာယ အကိလမန္တာ ဘဝ နိဿရဏံ ကာတုံ သက္ခိဿာမာတိ အမိဝါသယိံသု။
(ဂ) ဘန္တေ တုမှာကံ ယံယံ ရုစ္စတိ၊ တံတံ ဂဟေတွာ ပရိ- ဘုဉ္ဇထ။
(ဃ) သော ဘိက္ခု သတ္တု သန္တိကေ သြဝါဒံ လဘိတွာ တတ္ထ အဂမာသိ။

၂။ အောက်ပါမြန်မာဘာသာများကို ပါဠိဘာသာ ပြန်ဆိုပါ။ (၁၅)
(က) ပုထုဇဉ်တို့မည်သည်ကား တင့်တယ်သည်ကိုရင်း၊မတင့်တယ် သည်ကိုရင်း ကြိစည်တတ်ကုန်၏။
(ခ) အကယ်၍ ငါသည် တစုံတခုမသင့်သောအကြီကိုကြံမိငြားအံ့။
(ဂ) ခိုးထုပ်နှင့်တကွ သူခိုးကို ဆံထုံး၌ ကိုင်ဆုပ်သကဲ့သို့ ငါ့ကို ဘောက်ပြန်ခြင်းသို့ ရောက်စေရာ၏။
(ဃ) အတူနေ တပည့်စသည်တို့သည် လုပ်ကျွေးခြင်းငှါ မတတ်နိုင် ကုန်ရကား စွန့်ကြကုန်၏။

# မေးခွန်းအဖြေများ

## ၁၃၁၄-ခုနှစ်၊ ပထမငယ်

### ဘိက္ခုပါတိမောက် (ဝိနယ)၊ ပထမမေးခွန်း အဖြေလွှာ

၁။ *သံဃော ဥပေါသထံ ကရေယျ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ–ဟူသော ပါဠိတို့ဖြင့် ၉-ပါးသော ဥပုသ်တို့တွင် သံဃဥပုသ်, သုတ္တုဒ္ဒေသ ဥပုသ်, ပန္နရသီဥပုသ်ဟူသော ဥပုသ် ၃-ပါးကို ပြပါသည်။

၂။ *ပဥ္စမ ပါရာဇိက သိက္ခာပုဒ်မှ ဒုတိယပါရာဇိက သိက္ခာပုဒ်သို့ လိုက်၍ အနက်ပေးသင့်သော ပုဒ်တို့ကား-"ဘိက္ခူနံသိက္ခာသာဇီဝသမာပန္နော သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ" ဟူသော ပုဒ်တို့တည်း။

လူမရှိသောလယ်ကွင်းမှတဲသည် ၌(ဒုတိယပါရာဇိက) သိက္ခာပုဒ် အရ "ဂါမ"ပင် ဖြစ်ပါသည်၊ အရညမဟုတ်ပါ။

၃။ *ဒုဋ္ဌဒေါသသိက္ခာပုဒ်၌ ဒုဋ္ဌော၏အရ စွပ်စွဲသော ရဟန်းကို ယူရပါသည်။

---

## ၁၃၁၄-ခုနှစ်၊ ပထမငယ်

### ဘိက္ခုပါတိမောက် (ဝိနယ)၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *တန်ဆောင်မုန်းလပြည့်ကျော် တရက်နေ့မှစ၍ နယုန်လပြည့်နေ့တိုင်အောင် ၇-လသည် မိုယ်းရေခံသက်န်းကို ရှာမှီးရာ မဟုတ်သော၊ ဝါ-မရှာမှီးရသော ကာလဖြစ်ပါသည်။

**မှတ်ချက်။** ။ဤ၌ မရှာမှီးရ, မဝတ်ရုံရသော အခါကို ဗိဋ္ဌိသမယ (ကျောက်ကုန်းကဲ့သို့ အပြင်ကျသောအခါ)ဟု ခေါ်သည်၊ ရှာမှီးရ, ဝတ်ရုံရသောအခါကို ကုစ္ဆိသမယ (ဝမ်းဗိုက်ကဲ့သို့ အတွင်းဘက်ကျသောအခါ)ဟု ခေါ်သည်။

၂။ *ဂဏဘောဇနေ အညတြ သမယာ၌ သမယသရုပ်ကား–

(၁) ဂိလာနသမယ (၂) စီဝရဒါနသမယ (၃) စီဝရကာလသမယ (၄) အဒ္ဓါနဂမနသမယ (၅) နာဝါဘိရုဟနသမယ (၆) မဟာသမယ (၇) သမဏဘတ္တသမယအားဖြင့် ၇-ပါးဖြစ်ပါသည်။

၃။ *တိဏဝတ္ထာရကော၊ မစင်ကိုမြက်ဖြင့်ဖုံးလွှမ်းသကဲ့သို့ ပြုအပ်သော သမထကို။ကာတဗ္ဗော၊ ပြုအပ်၏။

---

## ၁၃၁၄-ခုနှစ်၊ ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *သန္ဓိ ဒုတိယကဏ္ဍ ဒီဃံ-သုတ်၌ ကာရိဖြစ်ထိုက်သော သရတို့ကား-အ, ဣ, ဥ ဟူ၍ ၃-လုံးဖြစ်သည်၊ ကာရိယ ဖြစ်ထိုက်သော သရတို့ကား-အာ, ဤ, ဦ ဟူ၍ ၃-လုံးဖြစ်သည်။

၂။ *သုနံဟိသုစ-သုတ်ဖြင့် သုဝိဘတ်နှောင်းရာ၌ ဒီဃပြုနိုင်သော သရကား-ဣ, ဥ သရ ၂-လုံးဖြစ်သည်။ [အ-ကိုအာ-ဒီဃမပြု။]

၃။ *(က) ကတ္တရိစ-ဖြင့် ကတ္တားအနက်၌ သက်သည်။
(ခ) ဟေတွတ္ထေစ-ဖြင့် ဟိတ် အနက်၌ သက်သည်။
(ဂ) သတ္တမျတ္ထေစ-ဖြင့် သတ္တမီအနက်၌ သက်သည်။
(ဃ) ယေနဂ်ဝိကာရော-ဖြင့် အင်္ဂဝိကာရလက္ခဏာအနက်၌ သက်သည်။
(င) ဝိသေသနေစ-ဖြင့် ဝိသေသနအနက်၌ သက်သည်။

---

## ၁၃၁၄-ခုနှစ်၊ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ဒုတိယမေးခွန်း အဖြေလွှာ

၁။ * (က) ဒွန်သမာသ်
(ခ) အဗျယီဘာဝသမာသ်
(ဂ) ဒိဂုသမာသ်
(ဃ) ဏ-ပစ္စည်း သမူဟတဒ္ဓိတ်
(င) ဏ-ပစ္စည်း ဘာဝတဒ္ဓိတ်

၂။ *နာမတော ဥပမာနာ အာစာရတ္ထေ စ ဤယ ပစ္စယော ဟောတိ။ အဆတ္တံ ဆတ္တမိဝ အာစရတိ ဆတ္တီယတိ၊ အပုတ္တံ ပုတ္တမိဝ အာစရတိ ပုတ္တီယတိ။ ဥပမာနာတိ ကိမတ္ထံ၊ အဆတ္တံ ဆတ္တမိဝ ရက္ခတိ။ ဝေမဇ္ဈေပိ ယောဇေတဗ္ဗာ။

ဥပမာနာ၊ ဥပမာဖြစ်သော နာမသဒ္ဒါနောင်မှလည်း။ ဤယ၊ ဤယ ပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

| ၃။ * | ဓာတ် | ပစ္စည်း |
|---|---|---|
| (က) | ဇီ | ဋ္ဌန |
| (ခ) | ဒုပုဗ္ဗ-ကရ | ခ |
| (ဂ) | သာသ၊တနည်း-သသု | ရဏ္ဍု |
| (ဃ) | ဓရ | ရိတု |
| (င) | ဂမု | ဋ္ဌက |

---

## ၁၃၁၄-ခုနှစ်၊ ပထမငယ်

## အဘိဓမ္မတ္ထ သင်္ဂဟ၊ ပထမ မေးခွန်း အဖြေလွှာ

၁။ * အဟိတ်စိတ် ၁၈-ပါးတို့တွင် နိယယ ဘေဒစိတ်တို့ကား–ဒွေပဉ္စဝိညာဏ် ၁၀-တို့တည်း၊ ကိစ္စဘေဒစိတ်တို့ကား-သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏ ၃-ပါး, အာဝဇ္ဇန်းဒွေး, ဟသိတုပ္ပါဒ်အားဖြင့် ၈-ပါး တို့တည်း။

မှတ်ချက်။ ။ဤကား စက္ခာဒိနိယယ သမ္ပဋိစ္ဆနာဒိ ကိစ္စဘေဒေန–ဟူသော ဋီကာသဲလွန်စ အရ အများဖြေရိုး ဖြေစဉ် အဖြေတည်း၊ အမှန်စင်စစ်အားဖြင့် ဒွေပဉ္စဝိညာဏ် ၁၀-သည် နိယယ ဘေဒလည်းဖြစ်၏၊ ကိစ္စဘေဒလည်းဖြစ်၏၊ကြွင်း ၈-ပါးကား–ကိစ္စဘေဒသာ။

၂။ *(က) ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက ၂-ပါး။
(ခ) ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက ၂-ပါးနှင့် ဒေါသမူ သသင်္ခါရိက တပါး။
(ဂ) ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိက ၂-ပါး။
(ဃ) ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိက ၂-ပါးနှင့် ဒေါသမူ အသင်္ခါရိကတပါး မောဟမူစိတ် ၂-ပါး၊ ပေါင်း ၅-ပါး။

အကျဉ်းသင်္ချာမျှဖြေပုံ–(က) ၂-ပါး၊ (ခ) ၃-ပါး၊ (ဂ) ၂-ပါး၊ (ဃ) ၅-ပါး ဟူ၍ဖြေ။

၃။ *ကာမအာရုံဖြစ်သော ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖေါဋ္ဌဗ္ဗာရုံ, ဓမ္မာရုံအားဖြင့် ၆-ပါးသောအာရုံတို့သည် ကာမာဝစရ၏သရုပ်ဖြစ်ပါ

သည်၊ ဝါ-ကာမစိတ်ငါးဆယ့်လေးပါး, စေတသိက်ငါးဆယ့်နှစ်ပါး, ရုပ်နှစ်ဆယ့်ရှစ်ပါးတို့သည် ကာမာဝစရ၏သရုပ်ဖြစ်ပါသည်။

---

## ၁၃၁၄-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *ပဋ္ဌာဒါရာဝဇ္ဇန်း, ဒွေပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံ၊ ဤကား-သတ္တ၏အရေဖြစ်ပါသည်။

ပဋ္ဌဒ္ဒါရာဝဇ္ဇန်း, ဒွေပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်၊ ဤကား-စတုဒ္ဒသ၏အရေဖြစ်ပါသည်။

ပဋ္ဌဒ္ဒါရာဝဇ္ဇန်း, ဒွေပဉ္စဝိညာဏ် ၁၀, သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏ ၃-ပါး, မနောဒ္ဒါရာဝဇ္ဇန်း,ကာမဇောတခုယုတ် ၃၀,တဒါရုံ မဟာဝိပါက် ၈-ပါး၊ ဤကား-စတုပညာသ၏အရေဖြစ်ပါသည်။

၂။ *ပဋိသန္ဓိ ဘဝင်္ဂ၊ တထာ စဝနမာနသံ။
ဧကမေဝ တထေဝေက၊ ဝိသယဉ္စေကဇာတိယံ။ ။

၃။ *အစ္စုတံ၊ စုတိခြင်းမရှိသော။ အစ္စန္တံ၊ စုတိဟုဆိုအပ်သော အဆုံးကိုလွန်သော။ အသင်္ခတံ၊ ကံ,စိတ်, ဥတု,အာဟာရတည်းဟူသော အကြောင်းတရားတို့သည် မပြုပြင်အပ်သော။ အနုတ္တရံ၊ မိမိထက်လွန်သောတရားမရှိသော မဂ်,ဖိုလ်တို့၏အာရုံဖြစ်သောတရားကို။ နိဗ္ဗာနမိတိ-နိဗ္ဗာနံဣတိ၊ နိဗ္ဗာန်ဟူ၍။ ဝါနမုတ္တာ၊ ဝါနဟုဆိုအပ်သောတဏှာမှ လွတ်တော်မူကုန်သော။ မဟေသယော+ မြတ်စွာဘုရားတို့သည်။ ဘာသန္တိ၊ ဟောတော်မူကုန်၏။

---

## ၁၃၁၄-ခုနှစ်၊ ပထမငယ်
## မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း အဖြေလွှာ

၁။ နေဝဝိပါက နဝိပါကဓမ္မ-ဓမ္မာ၊ အချင်းချင်းထူးကုန်သော ကုသိုလ်,အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်, အကျိုးကိုဖြစ်စေခြင်း သဘောရှိသည်လည်း မဟုတ်ကုန်သော သတ္တလည်းမဟုတ်, ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်။သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

အဝိတက္ကဝိစာရမတ္တာဓမ္မာ- ဟူသော ဒုတိယပုဒ်၏အရကား-ဒုတိယ ဈာန်စိတ်ဇကာဒသ, ဝိတက်-ဝိစာရကြဉ်သော စေတသိက်ဆတ္တိံသ,သဝိ တက္က သဝိစာရစိတ် ၅၅-ခု၌ရှိသော ဝိတက်စေတသိက် ၅၅-ခုရ၏။

၂။ *မဂ်နှင့်ယှဉ်သောဟိတ်ရှိသောတရားများကား- မဂ်စိတ် ၄-ခု, အလောဘ,အဒေါသကြဉ်သော စေတသိက် စတုတ္တိံသရ၏။

အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဟု မဆိုထိုက်သော ပရမတ္ထတရားကား- နိဗ္ဗာန်တည်း။

**မှတ်ချက်။** ။ပရမတ္ထတရားဟုသာမေးသဖြင့် ပညတ်ကိုမထည့်ရ၊သတိပြု။

၃။ *လောကုတ္တရာစိတ် ဂ-ခု, စေတသိက်ဆတ္တိံသ, နိဗ္ဗာန်သည် နိဝရဏာ နိဝရဏိယ ဒုက်၏ ဒုက်မှတ်ဖြစ်ပါသည်။

စိတ္တသံသဋ္ဌအမည်ရသောတရားများကား-စေတသိက်ဒွေပညာသ။
စိတ္တသဟဘူအမည်ရသော တရားများကား- စေတသိက်ဒွေပညာ သ, ဝိညတ်ဒွေ။

---

## ၁၃၁၄-နှစ်၊ ပထမငယ်

### မာတိကာနှင့် ဓာတုကထာ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *ပဌမနယ မာတိကာ ဟောဟန်ပါဠိကား- အသင်္ခတံ ဟိတေန အသင်္ခတံ။

သတ္တမနယမာတိကာဟောဟန်ပါဠိကား-သမ္ပယုတ္တေနဝိပ္ပယုတ္တံ။
နဝမနယမာတိကာဟောဟန်ပါဠိကား-သမ္ပယုတ္တေန သမ္ပယုတ္တံ။

(က) ကာမဝိပါက်တေဝီသ,ရူပဝိပါက် ၅-ခု,စေတသိက်ပဉ္စတိံသ, ကမ္မဇရုပ်ဝီသသည် ပဥ္စဝေါကာရ ဘဝမည်၏။

(ခ) ဒေါသမူဒွေ၌ရှိသော ဒေါမနဿဝေဒနာသည် သောကမည်၏။

(ဂ) ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ ရှိသော ဝေဒနာစေတသိက် သည် ဒုက္ခမည်၏။

(ဃ) ရူပါဝစရ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထ ဈာန်၌ရှိသော အဒေါသစေတသိက်သည် မေတ္တာမည်၏။

၂။ *ဒုတိယနယ၌ ပုဒ်ပေါင်း ၇၂-ပုဒ်တို့ကို ဟောတော်မူအပ် ပါသည်။

စတုတ္ထနယနိဒ္ဒေသ၌ အဝိဇ္ဇာ,သင်္ခါရ, ဖဿ,တဏှာ,ဥပါဒါန်, ကမ္မဘဝ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသဟု ဆိုအပ်သော တဆယ့်တပါးသော ပဋိစ္စသမုပ္ပါဒ်တို့ကို ဟောတော်မူအပ်ပါသည်။

၃။ *(က) ယေဓမ္မာ၊ အကြင်ဝေဒနာ,သညာ,သင်္ခါရ,နိဗ္ဗာန်တို့ကို။

(ခ) ယေဓမ္မာ၊ အကြင်ဣတ္ထိန္ဒြေကြဉ်သော သုခုမရုပ်ပန္နရသတို့ကို။

[ဘာသာပြန်အဖြေ လွယ်ပြီ။]



# မေးခွန်း ပုစ္ဆာများ

## ၁၃၁၅-ခုနှစ်၊ နယုန်လ

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက် (ဝိနယ)၊ ပထမမေးခွန်း**

၁၃၁၅-ခုနှစ်၊ နယုန်လပြည့်ကျော် ၅-ရက်၊(၁-၆-၅၃) တနင်္လာနေ့။

၁။ သံဃဥပုသ် ပြုရာ၌ ထေရ, နဝ, မဇ္ဈိမတို့တွင် အဘယ် ရဟန်းသည် ပါတိမောက်ကို ပြနိုင်ခွင့် ရှိပါသနည်း၊ သံဃဥပုသ်ပြုရာ ဉတ်ပါဠိ၌ ပါတိမောက်ပြသော ရဟန်းအားလျော်စွာ ပြင်သင့်သောပါဠိကိုပြင် ပြခဲ့ပါ။ (၁၀)

၂။ တတိယ ပါရာဇိက သိက္ခာပုဒ်၌ မနုဿဝိဂ္ဂဟံ-အရ ယူရမည့်ကိုယ်ကို လူတယောက်၏တဘဝ အတွင်း အစ, အဆုံးကာလဖြင့် ပိုင်းခြားပြ ခဲ့ပါ။ (၁၀)

၃။ တပါးပါးသော ရဟန်းသည် ညီညွတ်နေသော သံဃာကို ကွဲပြား အောင် လုံ့လပြုခဲ့သော် တပါးသော ရဟန်းတို့သည် မည်သို့ပြုကျင့် ရမည်နည်း။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက် (ဝိနယ)၊ဒုတိယမေးခွန်း**

၁၃၁၅-ခုနှစ်၊နယုန်လပြည့်ကျော် ၅-ရက်၊ (၁-၆-၅၃) တနင်္လာနေ့။

၁။ အဆွေနှင့် စီဝရကြောင့် အမျိုးမတော်သူထံ သက်န်း တောင်းသော ရဟန်းသို့ ထိုဒါယကာက များစွာသော သင်္ကန်းတို့ကို လှူရန်ဆောင် ခဲ့သော် ထိုရဟန်းသည် မည်မျှအလှူခံရမည်နည်း။ (၁၀)

၂။ သုရာပါနဝဂ် အဆုံးသိက္ခာပုဒ်ကို ပါဠိ, အနက်ရေးခဲ့ပါ။ (၁၀)

၃။ သမထ ၇-ပါးတို့တွင် ၃-ခုမြောက် သမထကိုသာ အနက်ရေး ခဲ့ပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ကစ္စည်းသဒ္ဒါ၊ပထမမေးခွန်း**

၁၃၁၅-ခုနှစ်၊ နယုန်လပြည့်ကျော် ၆-ရက်၊ (၂-၆-၅၃) အင်္ဂါနေ့။

၁။ ဝဂ္ဂေ ဃောသာဃောသာနံ-ဟူသောသုတ်ဖြင့် ဩ, ဥ-တို့ကို ဝပြုရာ အဘယ် ဗျည်း၏အစိတ်ဖြစ်သော ဩ,ဥ-တို့ပါနည်း၊ ဥဒါဟရုဏ် ၅-ခုမျှထုတ် ပြပါ။ (၁၀)

၂။ တယောနေ၀စ သမ္ဗနာမေဟိ-သုတ်၌ တယော၏အရ သုတ်နှင့်တကွ ကာရိ, ကာရိယ စုံလင်စွာ ဖေါ်ပြပါ။ (၁၀)

၃။ နာနာရုက္ခ တိဏပတိတ ပုပ္ဖေါပသောဘိတ ကန္ဒရော-ဟူသောပုဒ်ကို ဝိဂြိုဟ်ဝစနတ္ထပြုပြီးလျှင်၊မည်သည့်သမာသ်များ အတွင်းငုပ်သည်ကိုလည်း ဖေါ်ပြပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ဒုတိယမေးခွန်း

၁၃၁၅-ခုနှစ်၊ နယုန်လပြည့်ကျော် ၆-ရက်၊ (၂-၆-၅၃) အင်္ဂါနေ့။

၁။ အောက်ပါ တဒ္ဓိတ်ပုဒ်တို့ကို ပုဒ်,ပစ္စည်းခွဲ၍ တဒ္ဓိတ်အမည်မှည့်ခဲ့ပါ။ (၁၀)

(၁) ဒေါဝါရိကော (၄) ရာဇပုတ္တော
(၂) ဝေသမိ (၅) သုကရော
(၃) ဇစ္စန္ဒကိယော

၂။ အာချာတ်ဂိုဏ်းရှစ်ပါးနှင့်တကွ ဝိကရဏပစ္စည်းတို့ကို ခွဲခြားဝေဘန်၍ စုံလင်အောင် ဖေါ်ပြပြီးလျှင်၊ ဂမု-ဓာတ်ကို ဝတ္တမာန်ဝိဘတ် ပရဿပုဒ် ကတ္တုရုပ်အစုံ ပဒမာလာ-စီစဉ်ပါ။ (၁၀)

၃။ အောက်ပါ ကိတ်ပုဒ်တို့ကို ဓာတ်,ပစ္စည်း ဝေဘန်ခဲ့ပါ။ (၁၀)

(၁) သံယော (၆) ကိရိယံ
(၂) သင်္ခါ (၇) သုပိနံ
(၃) ဥဇ္ဈုံ (၈) ဆိန္နော
(၄) ဂမိကော (၉) ဇာတော
(၅) ဝုသိတဝါ (၁၀) မတိ

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမ မေးခွန်း

၁၃၁၅-ခုနှစ်၊ နယုန်လပြည့်ကျော် ၇-ရက်၊ (၃-၆-၅၃) ဗုဒ္ဓဟူးနေ့။

၁။ အာလမ္ဗဏပ္ပဘေဒေန စတုဓာရုပ္ပမာနသံ၌ အာလမ္ဗိတဗ္ဗ ဖြစ်ထိုက်သော အာရုံတို့ကို ထင်ရှားအောင်ထုတ်ပြပါ။ (၁၀)

၂။ အနိယတ ယောဂီ စေတသိက်တို့တွင် ထိန,မိဒ္ဓ စေတသိက်တို့၏ ကဒါစိ,သဟ ဖြစ်ပုံကို ထင်ရှားအောင် ရေးခဲ့ပါ။ (၁၀)

၃။ ကိစ္စသင်္ဂဟအဆုံး ဂါထာပါ အဋ္ဌသဋ္ဌိသရုပ်ကို ထုတ်ပြခဲ့ပါ။ (၁၀)

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း**

၁၃၁၅-ခုနှစ်၊ နယုန်လပြည့်ကျော် ၇-ရက်၊ (၃-၆-၅၃) ဗုဒ္ဓဟူးနေ့၊

၁။ ဝိထိစိတ္တာနိ တီဏေဝ (ပ) စတ္တာလီ သဝိဘာဝယေ-ဂါထာ၌ တီဏိ, ဒသ, ဧကစတ္တာလီသ တို့၏သရုပ်တို့ကို ပေါ်လွင် ထင်ရှားရုံထုတ်ပြခဲ့ပါ။ (၁၀)

၂။ ကမ္မစတုက္က အဆုံးဂါထာ၏ အနက်ကိုသာ ရေးသားခဲ့ပါ။ (၁၀)

၃။ ရူပ ပဝတ္တိက္ကမ အဆုံးနှစ်ဂါထာတို့ကို ပါဠိသက်သက်ရေးခဲ့ပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ ပထမ မေးခွန်း**

၁၃၁၅-ခုနှစ်၊နယုန်လပြည့်ကျော် ၈-ရက်၊(၄-၆-၅၃)
ကြာသပတေးနေ့။

၁။ သံကိလိဋ္ဌတိက် ပထမပုဒ်ကိုအနက်ပေး၍ အရကောက်ပြီးလျှင်၊သစ္စာ မျှဖွဲ့ခဲ့ပါ။ (၁၀)

၂။ အပ္ပမာဏာရမ္မဏဓမ္မတို့ကို ကုန်စင်အောင် ထုတ်ပြ၍၊ သစ္စဝိမုတ်ဖြစ်ထိုက်သော အပ္ပမာဏာရမ္မဏဓမ္မ တို့ကိုလည်း ရေးပြခဲ့ပါ။ (၁၀)

၃။ ပရာမဋ္ဌဒုက်၏ ဒုတိယပုဒ် အရကောက်ပြ၍၊၎င်း ဒုက်သည် သပ္ပဒေသ, နိပ္ပဒေသ ၂-ပါးတို့တွင် အဘယ်ဒုက် ဖြစ်ကြောင်းကိုလည်းရေးခဲ့ပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ ဒုတိယမေးခွန်း**

၁၃၁၅-ခုနှစ်၊ နယုန်လပြည့်ကျော် ၈-ရက်၊ (၄-၆-၅၃)
ကြာသပတေးနေ့။

၁။ စတုတ္ထနယ မာတိကာ ပါဠိကိုအနက်ပေး၍၊ အောက်ပါ တရားတို့၏ တရားကိုယ်ကိုလည်း ဆိုရိုးကျကောက်ပြပါ။ (၁၀)

(က) အသညီဘဝ (ဃ) ဒေါမနဿ
(ခ) ဇာတိ (င) ဥပါယာသ
(ဂ) ပရိဒေဝ

၂။ ဒုတိယနယ၌ ဟောအပ်သော အာယတန,ဓာတ်, ဇုဗြွေ၊ တတိယ နယ၌ မဟောအပ်သော ဇုဗြွေတို့ကို ထုတ်ပြခဲ့ပါ။ (၁၀)

၃။ အောက်ပါ ပါဠိတော်၌ ယေဝမ္မာ, တေဝမ္မာတို့၏ အရ တရားများ ကိုသာ ပြခဲ့ပါ။ (၁၀)

အနိဒဿနသပ္ပဋိဃေဟိ ဓမ္မေဟိယေဝမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိ-တာ၊အာယတန သင်္ဂဟေန အသင်္ဂဟိတာ၊ဓာတုသင်္ဂဟေန အသင်္ဂ-ဟိတာ။တေဝမ္မာ စတူဟိ ခန္ဓေဟိ ဒွဲဟာယတနေဟိ သောဠသဟိ ဓာတူဟိ အသင်္ဂဟိတာ။

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ ဘာသာပြန်၊ ပထမမေးခွန်း

၁၃၁၅-ခုနှစ်၊ နယုန်လပြည့်ကျော် ၉-ရက်၊ (၅-၆-၅၃) သောကြာနေ့။

၁။ အောက်ပါပါဠိတို့ကို မြန်မာပြန်ဆိုပါ။ (၁၅)

(က) ဓမ္မသဘာယံ သန္နိပတိတာ ဘိက္ခူ သုရာမေရယပါနဿ အဝဏ္ဏံ ကထယိံသု။

(ခ) တာပသာ သုရံ ပိဝိတွာ ဥယျာနံ ဂန္တွာ သုရာမဒမတ္တာ ဟုတွာ ကေစိ ဥဋ္ဌာယ နစ္စိံသု။

(ဂ) မိတ္တော ဟဝေ သတ္တပဒေန ဟောတိ၊ သဟာယော ပန ဒွါဒ-သကေန ဟောတိ။

(ဃ) ပရိဘောဂကာလေ မနာပါဝိ ကာမာ ဝိပါကကာလေ ဟာနန္တိ။

(င) သစ္စပရိယောသာနေ ဥက္ကဏ္ဌိတဘိက္ခူ သောတာပတ္တိဖလေ သမ္ပာ-ပုဏိ။

၂။ အောက်ပါ မြန်မာဘာသာတို့ကို ပါဠိပြန်ဆိုပါ။ (၁၅)

(က) ထို(ပုဏ္ဏား)သည် တနေ့သ၌ မင်းအား ခစားရာသို့သွားပြီး အိမ်သို့ပြန်လာလတ်သော် ရွှေပန်းထိမ်သည်တယောက်၏ ကြမ်းပြင်မှ မပန်ကြားဘဲသာလျှင် အသပြာတကျပ်ကို ယူသွားလေ၏။

(ခ) ဘခင်...ကျွန်တော် လူသေမြုပ်သည့်သုသာန်၌ စွန့်အပ်သော ပုဆိုးအစုံကို ရဟန်းဂေါတမက ငါတို့အား အပ်၏ဟူ၍ ကျွန်တော်က တားမြစ်အပ်ပါသော်လည်း ယူပြီး ဝေဠုဝန်သို့ ကြွတော်မူပါသည်။

(ဂ) ရဟန်းတို့...ပစ္စည်းလေးပါးတို့ကို ဤသို့ဆင်ခြင်၍သုံးဆောင်ခြင်း ငှါ အပ်၏၊ မဆင်ခြင်ဘဲသုံးဆောင်ခြင်းမည်သည် လောလော လတ်လတ်သေစေတတ်သော အဆိပ်ကို သုံးဆောင်သည်နှင့် တူသတည်း။

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

## ပထမငယ်၊ဘာသာပြန်၊ဒုတိယမေးခွန်း

၁၃၁၅-ခုနှစ်၊ နယုန်လပြည့်ကျော်၉-ရက်၊ (၅-၆-၅၃) သောကြာနေ့။

၁။ အောက်ပါ ပါဠိတို့ကို မြန်မာဘာသာပြန်ဆိုပါ။ (၁၅)

(က) ဗောဓိသတ္တော အညတရသ္မိံ မဟာဘောဂကုလေ နိဗ္ဗတ္တိတွာ ဝယပတ္တော အက္ခဓုတ္တော အဟောသိ။

(ခ) ဥပါသကော ဖုဋ္ဌဂါရဝေန ရညော ပစ္စုဂ္ဂမနံဝါ ဝန္ဒနံဝါ န အကာသိ။

(ဂ) ရာဇာ သေဋ္ဌိံ ပက္ကောသာပေတွာ ဂဟိတံ တေ ဣမဿ ဟတ္ထတော မဟာသာရပိဠန္ဓနန္တိ ပုစ္ဆိ။

(ဃ) ဂေါပါလကောပိ စမ္မဒိန္နံ ဂဟေတွာ ဗောဓိသတ္တဿ သန္တိကံ အဂမာသိ။

(င) တက္ကပရိယာဟတံ သမဏော ဂေါတမော ဓမ္မံ ဒေသေတိ၊ ဝီမံသာနုစရိတံ သယံ ပဋိဘာနံ။

၂။ အောက်ပါမြန်မာဘာသာတို့ကို ပါဠိပြန်ဆိုပါ။ (၁၅)

(က) ရှေးလွန်လေပြီးသောအခါ တက္ကသိုလ်၌ ဘုရားလောင်းသည် ဒိသာပါမောက္ခဆရာဖြစ်၍ ငါးရာသော(တပည့်)လုလင်ငယ်တို့ကို အတတ်ပညာသင်ကြားပို့ချ၏၊ ထိုဆရာ၏ (တပည့်)လုလင်ငယ် တယောက်ကား အမည်အားဖြင့် ပါပကမည်၏။

(ခ) တပည့်ကြီးသည် လာလတ်၍''ဆရာသည် အဘယ်မှာနည်း''ဟု မေးလတ်သော် သေပြီဟု ကြား၍''စင်စစ်သော်ကား ဆရာကို ရအပ်သောတရားမေးလိုက်ကြရဲ့လား''ဟု ဆို၏။

(ဂ) သုပ္ပဝါသာသည်လည်း ''ချစ်သား...သင်သည် ဗာရာဏသီမြို့ကို ပိတ်ဆီး၍ယူလော့''ဟု စေဘူးသည်၏အဖြစ်ကြောင့် ခုနစ်နှစ်ပတ်လုံး ဝမ်းဖြင့်သူငယ်ကိုလွယ်၍ ခုနစ်ရက်ပတ်လုံး သားဖွါးခြင်း အရင်းမှုသော မိန်းမောသောဝေဒနာသို့ ရောက်၏။

# မေးခွန်းအဖြေများ

## ၁၃၁၅-ခုနှစ်၊ ပထမငယ်

### ဘိက္ခုပါတိမောက်၊ နယုန်လ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *ဗျတ္တ,ပဋိဗလဖြစ်မှု ထေရ,နဝ,မဇ္ဈိမ ၃-မျိုးလုံးပင် ပါတိမောက်ကို ပြနိုင်ခွင့်ရှိကြပါသည်။

ပါတိမောက်ပြသူ မထေရ်ကြီးဖြစ်လျှင် ဉာတ်ပါဠိ၌ ဘန္တေ-ဟူသော ပုဒ်၏နေရာ၌ အာဝုသော-ဟု ပြင်ရမည်၊ နဝနှင့်မဇ္ဈိမတို့ဖြစ်လျှင် ဘန္တေဟူ၍ ပင်ထား၍ ရွတ်ဘတ်ရမည်။

[ပါတိမောက်၌ လိမ္မာခြင်းကို-ဗျတ္တ၊ ပါတိမောက်ပြခြင်း၌ စွမ်းနိုင်ခြင်းကို- ပဋိဗလ ဟူ၍မှတ်။]

၂။ *ကလလ ရေကြည် တည်သည်မှစ၍ အသက်ရှင်ဆဲ ဖြစ်သော လူဇာတ်ရှိသောသူ၏ကိုယ်ကို မနုဿဝိဂ္ဂဟ၏ အရယူရပါသည်။

၃။ *သံဃာကွဲပြားအောင် အားထုတ်နေသောရဟန်းအား အခြားရဟန်းတို့က "အရှင်ဘုရားသည် အညီအညွတ်ဖြစ်သော သံဃာတော်၏ ကွဲပြားစိမ့်သော၄ါ အားမထုတ်ပါလင့်၊ ကွဲပြားခြင်းကို ဖြစ်စေတတ်သော အကြောင်းကိုလည်း ချီးမြှောက်၍မတည်ပါလင့်၊ အရှင်သည် သံဃာတော်နှင့်တကွ အယူသီလ တူညီမျှခြင်းသို့ ရောက်ပါ၊ အညီအညွတ် ဖြစ်သော သံဃာသည် သီလစသည် ပြည့်စုံခြင်းဖြင့် ဝမ်းမြောက်သည် ဖြစ်၍ ဓမ္မ, အဓမ္မ စသည်ဖြင့် ငြင်းခုံခြင်းမရှိသည်ဖြစ်၍ တူသော ပါတိမောက်ပြခြင်း ရှိသည်ဖြစ်၍ ချမ်းသာစွာ အကြင့်ကြောင့်နေရပါ၏၊ ထို့ကြောင့် အယူသီလ တူမျှခြင်းသို့ရောက်ပါ"ဟု ပြောကြားရမည်၊ ဝါ-ပြကျင့်ရမည်။

[အနက်အတိုင်း မြန်မာပြန်၍ ရေးသားပါ။]

---

## ၁၃၁၅-ခုနှစ်၊ ပထမငယ်

### ဘိက္ခုပါတိမောက်၊ နယုန်လ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *သင်းပိုင်နှင့်တကွ ကိုယ်ရုံ (တစုံ)ကိုသာ အလှူခံရပါသည်။

၂။ *ယောပနဘိက္ခု၊ သည်။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ ဟာသပေက္ခောပိ၊ ရယ်ကြူးလို၍လည်း။ ဘိက္ခု၊ သူ၊

ရဟန်း၏။ ပတ္တံဝါ၊ အမိဋ္ဌာန်လောက်သော သပိတ်ကိုရင်း။ စီဝရံဝါ၊ ဝိကပ္ပနာ လောက်သော သင်္ကန်းကိုရင်း။ နိသီဒနံဝါ၊ နိသီဒိုင်ကိုရင်း။ သူစိယာရံဝါ၊ အပ်ကျည်ကိုရင်း။ ကာယဗန္ဓနံဝါ၊ခါးပန်းကိုရင်း။ အပနိ-ဓေယျဝါ၊ မိမိမူလည်း ဖွက်ငြားအံ့။ အပနိဓာပေယျဝါ၊ သူ့ကိုလည်း ဖွက်စေငြားအံ့။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

၃။ *အမူဠ္ဟဝိနယော၊ ဥမ္မတ္တက ရဟန်းအား အမူဠ္ဟဝိနည်းကို။ ဒါ တဗ္ဗော၊ ပေးအပ်၏။

---

## ၁၃၁၅ ခုနှစ်၊ ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ နယုန်လ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *ဝမောဒုဒန္တာနံ-ဖြင့် ဩ-ဥတို့ကို ဝ-ပြုရမည်ဟုဆိုရာ ဩ၌သာ အပိုင်းအခြားရှိ၍ ဥ-၌ အပိုင်းအခြားမရှိပါ၊ က,ခ,ယ,သ,တ စသည် တို့၏ အစိတ် ဩ-ကိုသာ ဝ-ပြုရပါသည်။

[က ခ ယ သ တ သဒ္ဒါဒိ ဩကာရဿေဝံ ဂဟဏံ။ ။ရူပသိဒ္ဓိ။]

(၁) ယာဝတကွဿ ကာယော။(၂)အထခွဿ။(၃)ယွာယံ (၄) သွေဿ။(၅)ယတွာဓိကရဏံ၊ဤကားအစဉ်အတိုင်း-ပြယုဂ် ၅-ခုတည်း။

ဆောင်။ ။က,ခ,ယ,သ၊တသဒ္ဒ၏၊ အန္တဩသာ၊ဝ-ပြုပါ၊ကျမ်းလာရူပ သိဒ်။

ဥကိုဝမှာ၊ ဘယ်သဒ္ဒါဟု၊ ဆရာထုတ်ဖွင့်၊ မဆိုလင့်၍၊လျော် သင့်သလိုသာ၊ယူကြပါ။

၂။ * တယော၏အရ သုတ်များကား-ဘွာသွိ ံနံဝါနှင့် အာယ-စတုက္ကေကဝစနဿတုအာ-ဖြင့် ၂-သုတ်တို့တည်း။

(ဘွာ,ကာရီ၊အာ-ကာရိယ)၊(သွိံကာရီ၊ ဧ-ကာရိယ)၊ (သ-ကာရီ၊ အာယ ကာရိယ)၊ဤကား ကာရီ,ကာရိယ အစုံအလင်တည်း။

၃။ * ရုက္ခော စ တိဏဥ္စ ရုက္ခတိဏာနိ၊ နာနာပကာရာနိ ဧဝ ရုက္ခတိဏာနိ နာနာရုက္ခတိဏာနိ၊ နာနာရုက္ခတိဏေဟိ ပတိတာနိ နာ-နာရုက္ခတိဏပတိတာနိ၊ နာနာရုက္ခတိဏပတိတာနိ စ တာနိ ပုပ္ဖါနိ စေတိ နာနာရုက္ခတိဏပတိတပုပ္ဖါနိ၊နာနာရုက္ခတိဏပတိတပုပ္ဖေဟိ ဥပ-သောဘိတာနိ နာနာရုက္ခတိဏပတိတပုပ္ဖေါပသောဘိတာနိ၊နာနာရုက္ခတိ-

ဏပတိတပုပ္ပေါပသောဘိတာနိ ကန္တိရာနိ ယဿ ပဗ္ဗတရာဇဿာတိ နာနာရုက္ခတိဏ ပတိတပုပ္ဖါပသောဘိတကန္တရော။ ဒွန်, ကမ္ဘဓာရည်း, တပ္ပုရိသ်အတွင်းငုပ်သောဗဟုဗ္ဗိဟိ။

---

## ၁၃၁၅-ခုနှစ်၊ ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ နယုန်လ၊ ဒုတိယမေးခွန်း အဖြေလွှာ

| | | | | | |
|---|---|---|---|---|---|
| ၁။ | * (၁) | ဒုအာရပုဒ် | ဏိကပစ္စည်း | နိယုတ္တတဒ္ဓိတ်။ | |
| | (၂) | ဝိသမ ။ | ဏ ။ | ဘာဝ ။ | |
| | (၃) | ဇစ္စန္ဓ ။ | ကိယ ။ | နိယုတ္တ ။ | |
| | (၄) | ရာဇပုတ္တ ။ | ဏ ။ | သမူဟ ။ | |
| | (၅) | သုက ။ | ရ ။ | အဿတ္ထိ ။ | |

| | | | | |
|---|---|---|---|---|
| ၂။ | * (၁) | ဘူဝါဒိဂိုဏ်း | ဝိကရဏ | အပစ္စည်း။ |
| | (၂) | ရုဓာဒိဂိုဏ်း | ။ | အ,ဧ,ဤ,ဧ,ဩ,ပစ္စည်း။ |
| | (၃) | ဒိဝါဒိဂိုဏ်း | ။ | ယပစ္စည်း။ |
| | (၄) | သွာဒိဂိုဏ်း | ။ | ဏု,ဏာ,ဥဏာပစ္စည်း။ |
| | (၅) | ကီယာဒိဂိုဏ်း | ။ | နာပစ္စည်း။ |
| | (၆) | ဂဟာဒိဂိုဏ်း | ။ | ပ္ပ,ဏှာပစ္စည်း။ |
| | (၇) | တနာဒိဂိုဏ်း | ။ | ဩ,ယိရပစ္စည်း။ |
| | (၈) | စုရာဒိဂိုဏ်း | ။ | ဏေ, ဏယပစ္စည်း။ |

ဂစ္ဆတိ၊ ဂစ္ဆန္တိ၊ ဂစ္ဆသိ၊ ဂစ္ဆထ၊ ဂစ္ဆာမိ၊ ဂစ္ဆာမ။

| | | | | | |
|---|---|---|---|---|---|
| ၃။ | *ဓါတ် | ပစ္စည်း | | ဓါတ် | ပစ္စည်း |
| ၁။ | သံပုဗ္ဗ-ဟန | ရ | ၆။ | ကရ | ရိရိယ |
| ၂။ | သံပုဗ္ဗ-ခန | ကွိ | ၇။ | သုပ | ရာန |
| ၃။ | ဉာ | ဏျ | ၈။ | ဆိဒ | တ |
| ၄။ | ဂမု | ရာက | ၉။ | ဇန | တ |
| ၅။ | ဝသ | တဝန္တု | ၁၀။ | မာ+မန+မရ | တိ |

မှတ်ချက်။ ။မတိကို မာဓါတ်, မနဓါတ်, မရဓါတ် ဟု ၃-ဓါတ်ထား
နိုင်သည်။

## ၁၃၁၅-ခုနှစ်၊ ပထမငယ်

### အဘိဓမ္မတ္ထသင်္ဂဟ၊ နယုန်လ၊ ပထမ မေးခွန်း အဖြေလွှာ

၁။ * အာလမ္ဗိတဗ္ဗဖြစ်ထိုက်သော အာရုံလေးပါးတို့ကား—

(၁) ကောင်းကင် ပညတ် အာရုံ
(၂) ပဌမာရုပ္ပ ဝိညာဏ် အာရုံ
(၃) နတ္ထိဘော ပညတ် အာရုံ
(၄) တတိယာ ရုပ္ပဝိညာဏ် အာရုံ တို့တည်း။

၂။ * စိတ်, စေတသိက်တို့၏၊ ဝါ-နာမက္ခန္ဓာလေးပါးတို့၏ အမှု၌ မခံသော အစွမ်းဖြင့် ဖြစ်ရာ တရံတခါ၌ ထိန,မိဒ္ဓတို့-ကဒါစိ သဟ၊ (ဝါ-ရံခါ တက္ခ)ဖြစ်သည်။ [စိတ်ထိုင်းမှိုင်းသည့်အခါ စေတသိက်များလည်း ထိုင်းမှိုင်း၍ အတူတကွဖြစ်သည်။]

၃။ * ဇော ၅၅-ပါး, မနောဓာတ် ၃-ပါး, ဒွေပဉ္စဝိညာဏ် ၁၀၊ ပေါင်း ၆၈-ပါးသည် ကိစ္စသင်္ဂဟ အဆုံးဂါထာပါ အဋ္ဌသဋ္ဌိ-၏ သရုပ်ဖြစ်ပါသည်။

---

## ၁၃၁၅-ခုနှစ်၊ ပထမငယ်

### အဘိဓမ္မတ္ထသင်္ဂဟ၊ နယုန်လ၊ ဒုတိယ မေးခွန်း အဖြေလွှာ

၁။ * ဝိထိစိတ္တာနိ တီဏေဝ (ပ) စတ္တာလီသ ဝိဘာဝယေ-ဂါထာ၌ တီဏိ၏အရကား-မနောဒွါရာဝဇ္ဇန်း, ဇော, တဒါရုံအားဖြင့် ၃-ပါးတို့တည်း၊ဒသ ၏ အရကား—မနော ဒွါရာဝဇ္ဇန်း-၁, ဇော၇-ကြိမ်, တဒါရုံ ၂-ကြိမ်အားဖြင့် ၁၀-ပါးတို့တည်း၊ ဧကစတ္တာလီသ၏ အရကား—မနောဒွါရာဝဇ္ဇန်း-၁, ကာမဇော တခုယုတ် ၃၀,တဒါရုံ ၁၁-ပါး အားဖြင့် ၄၁-ပါးတို့တည်း။

၂။ * ဣတ္ထံ-ယထာဝုတ္တဘေဒေန၊ အကြောင်းအကြောင်း ဆိုအပ်ပြီးသော အပြားဖြင့်။ မဟဂ္ဂတံ၊ မဟဂ္ဂုတ်ဖြစ်သော။ ပုညံ၊ ကုသိုလ်ကံသည်။ ပဋိသန္ဓိ ပဝတ္တိယံ၊ ပဋိသန္ဓေအခါ, ပဝတ္တိအခါ၌။ ယထာဘူမိဝဝတ္ထိတံ၊ ဘုံကိုမှတ်သည်အားလျော်စွာ။ သဒိသံ၊ မိမိနှင့်တူသော။ ပါကံ၊ ဝိပါက် စိတ်ကို။ ဇနေတိ၊ ဖြစ်စေ၏။

၃။ * အဋ္ဌဝီသတိ ကာမေသု၊ ဟောန္တိ တေဝီသ ရူပိသု။
သတ္တရသေဝ သည္ဒိံ၊ အရူပေ နတ္ထိ ကိဉ္စိပိ။ ။
သဒ္ဒေါ ဝိကာရော ဇရတာ၊ မရဏဉ္စောပပတ္တိယံ။
န လဗ္ဘန္တိ ပဝတ္တေ တု၊ န ကိဉ္စိပိ န လဗ္ဘတိ။ ။

---

## ၁၃၁၅-ခုနှစ်၊ ပထမငယ်
## မာတိကာနှင့် ဓာတုကထာ၊နယုန်လ၊ပထမမေးခွန်း အဖြေလွှာ

၁။ * သံကိလိဋ္ဌသံကိလေသိကာ၊ ပူပန်စေတတ်, နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ်, နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ပူပန်စေ တတ်, နှိပ်စက်တတ်သော ကိလေသာကိုရခြင်းငှါထိုက်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

သံကိလိဋ္ဌ သံကိလေသိကာ ဓမ္မာ-ဟူသော ပဋ္ဌမပုဒ်၏အရကား– အကုသိုလ်စိတ်၁၂ါဒသ, စေတသိက် သတ္တဝီသရ၏။

သစ္စာအားဖြင့် ၂-ပါး‌ဟူသော်ကား-အကုသိုလ်စိတ်၁၂ါဒသ, လောဘ ကြဉ်သော စေတသိက်ဆဗ္ဗီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၂-ပါးဖြစ်သတည်း။

၂။ *အပ္ပမာဏာရမ္မဏာဓမ္မာ-ဟူသောပုဒ်၏အရကား-အပ္ပမာဏ တရားကိုမြဲသောအားဖြင့်အာရုံပြုသောလောကုတ္တရာစိတ် ၈-ခု,စေတသိက် ဆတ္တိံသ၊ အပ္ပမာဏတရားကိုအာရုံပြုခိုက် မနောဒွါရာဝဇ္ဇန်း, မဟာ ကုသိုလ်ဉာဏသမ္ပယုတ် ၄-ခု, မဟာကြိယာ ဉာဏသမ္ပယုတ် ၄-ခု, အဘိညာဉ်ဒွေး, အပ္ပမညာကြဉ်သော စေတသိက် ဆတ္တိံသရ၏၊ မဂ်စိတ္တုပ္ပါဒ် ၂၉-ခု,ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုဟူသော အပ္ပမာဏာရမ္မဏ ဓမ္မသည် သစ္စာဝိမုတ်။

၃။ * ပရာမဋ္ဌဒုက်၏ ဒုတိယပုဒ်အရကား-လောကုတ္တရာစိတ် ၈-ခု, စေတသိက်ဆတ္တိံသ, နိဗ္ဗာန်ရ၏၊ ၎င်းဒုက်သည် နိပ္ပဒေသဒုက်ဖြစ်၏။

---

## ၁၃၁၅-ခုနှစ်၊ ပထမငယ်
## မာတိကာနှင့် ဓာတုကထာ၊ နယုန်လ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *သင်္ဂဟိတေန၊သမုဒယသစ္စာအစရှိသည်သည် ခန္ဓာ အာယတန ဓါတ်တို့ဖြင့် ရေတွက်အပ်သော သမုဒယသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ

၇၉-ခု အစရှိသည်သည်။ သင်္ဂဟိတံ၊ ခန္ဓာ, အာယတန, ဓါတ်တို့ဖြင့် ရေတွက်အပ်သော သမုဒယသစ္စာ အစရှိသည်ကို။ သင်္ဂဟိတံ၊ အဘယ်မျှသောခန္ဓာ, အဘယ်မျှသောအာယတန, အဘယ်မျှသောဓါတ်တို့ဖြင့် ရေတွက်အပ်သနည်း၊ ဤမျှသောခန္ဓာ, ဤမျှသောအာယတန, ဤမျှသော ဓါတ်တို့ဖြင့် ရေတွက်အပ်၏။

(က) ဇီဝိတ နဝက ကလာပ်ရုပ်သည် အသညသတ္တဘဝ။

(ခ) ရုပ်၏ဇာတိ, နာမ်၏ ဇာတိအားဖြင့် ၂-ပါး၊ထိုတွင်နိပ္ဖန္နရုပ် အဋ္ဌာရသတို့၏ဖြစ်ဆဲသည် ရုပ်၏ဇာတိ၊ နာမက္ခန္ဓာလေးပါးတို့၏ဖြစ်ဆဲ သည်၊ နာမ်၏ဇာတိ။

(ဂ) ဆွေမျိုးတို့၏ ပျက်စီးခြင်းအစရှိသောအကြောင်းကြောင့် ငိုကြွေး မြည်တမ်းသောအခြင်းအရာဖြင့်ဖြစ်သော စိတ္တဇဝိပလ္လာသ သဒ္ဒသည် ပရိဒေဝ။

(ဃ) ဒေါသမူဒွေ၌ရှိသော ဝေဒနာစေတသိက်သည် ဒေါမနဿ။

(င) ဉာတိဗျသန- အစရှိသည်တို့ဖြင့် တွေ့သောသူအား လွန်စွာ ဖြစ်သော စိတ်၏ဆင်းရဲခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ပြင်းစွာပင်ပန်း ခြင်း၏အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေ၌ရှိသော ဒေါသစေတသိက်သည် ဥပါယာသ။

၂။ *ဒုတိယနယ၌ ဩဠာရိကာယတန ၁၀-ပါး, ဩဠာရိကဓာတ် ၁၀-ပါး, သတ္တဝိညာဏဓာတ် ၇-ပါးအားဖြင့် ဓာတ် ၁၇-ပါး, ရုပ်ဣန္ဒြေ ၇-ပါးတို့ကို ဟောပါသည်။

တတိယနယ၌ ပသာဒိန္ဒြေ ၅-ပါးနှင့် မနိန္ဒြေတပါး၊ ပေါင်း ၆-ပါး သော ဣန္ဒြေတို့ကိုမဟော။

၃။ * ယေဓမ္မာ၏အရ တရားများကား-ရူပါရုံ,သုခမရုပ်သောဥသ- ရ၏။

တေဓမ္မာ၏အရ တရားများကား-ရူပါရုံ, သုခုမရုပ်သောဥသ ပင်ရ၏။

[ဘာသာပြန် အဖြေလွှယ်ပြီ။]



# မေးခွန်းပုစ္ဆာများ

## ၁၃၁၅-ခုနှစ်၊ တပေါင်းလ

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ ဘိက္ခုပါတိမောက်(ဝိနယ)၊ပထမမေးခွန်း

၁၃၁၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃-ရက်၊ (၁-၄-၅၄)
ကြာသပတေးနေ့။

၁။ ပွတ္တကလ္လအင်္ဂါ ၄-ပါးတို့တွင်(က)ဥပေါသထအရ(ခ)ကမ္မပ္ပတ္တဘိက္ခု၊ အရ(ဂ)သဘာဂါ ပတ္တိအရ ဖေါ်ပြပါ။ (၁၀)

၂၊ တေဒင္ဂံ(ပေ) ပရိစရေယျာ၌ ပေယျာလကို ဖေါ်ပြ၍ အနက်ယောဇနာခဲ့ပါ၊ (၁၀)

၃။ အသစ်ဖြစ်သော သိုးမွေးအခင်းကို ပြုလိုသောရဟန်းသည် အသို့ပြုအပ်သနည်း၊သိက္ခာပုဒ် ပါဠိကိုလည်း ထုတ်ပြခဲ့ပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ ဘိက္ခုပါတိမောက် (ဝိနယ)၊ဒုတိယမေးခွန်း

၁၃၁၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃-ရက်၊ (၁-၄-၅၄)
ကြာသပတေးနေ့။

၁။ ကပ္ပိယကာရကထံ၌ သုံးကြိမ်တောင်းခြင်း, ခြောက်ကြိမ် ရပ်ခြင်းဖြင့် သက်န်းကို မဖြစ်စေနိုင်သော ရဟန်းသည် ပြုကျင့်အပ်သော သာမိစိကို မြန်မာဘာသာ သက်သက်ဖြင့် ဖြေဆိုပါ။ (၁၀)

၂။ မာဝုသောသမဏုဒ္ဒေသ (ပေ)အန္တရာယာယာတိ-၌ ပေယျာလကို ဖေါ်ပြပါ။ (၁၀)

၃။ အသက်နှစ်ဆယ်မပြည့်သော ပုဂ္ဂိုလ်ကို ရဟန်းပြုစေကုန်သော ကာရကရဟန်း, ဥပဇ္ဈာယ် ရဟန်းတို့အား အဘယ်အာပတ် သင့်သနည်း၊ သိက္ခာပုဒ် ပါဠိတော်ထုတ်ပြ၍ ဖြေဆိုပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း

၁၃၁၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄-ရက်၊ (၂-၄-၅၄) သောကြာနေ့။

၁။ လဟုမတ္တာ တယော ရဿာ—သုတ်၌ မတ္တာ တယော ရဿာ—ဟုဆိုလျှင် ပြီးကောင်းပါလျက် အဘယ်အကျိုးငှာ လဟုသဒ္ဒါကို ထည့်စွက်၍ ဆိုရပါသနည်း (၁၀)

၂။ အောက်ပါ နာမ်ပုဒ်တို့ကို ရုပ်အကျဉ်းထွက်ပြပါ။ (၁၀)
(က) ဂါဝံ (ဃ) ပုရိသမှာ
(ခ) တိဏ္ဏံ (င) ဒိဃသော
(ဂ) မာတုလာနိ

၃။ အောက်ပါ ကာရကပုဒ်များ၏ ဝိဘတ်တို့သည် မည်သည့် သုတ်များဖြင့်မည်သည့်အနက်များ၌ သက်ထားသော ဝိဘတ်တို့ ဖြစ်ကြောင်းကိုဖော်ပြပါ။ (၁၀)

(က) ယဣေန ဒိန္နော ဝရော
(ခ) တေန ခေါပန သမယေန
(ဂ) ဂေါတ္တေန ဂေါတမော နာထော
(ဃ) ဃဋံ ကရောတိ
(င) မာသံ သဇ္ဈာယတိ

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း**

၁၃၁၅–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄-ရက်၊ (၂-၄–၅၄)
သောကြာနေ့။

၁။ ပကတိစသ သရန္တသ သုတ်၏ ဝုတ္တိ, ဥဒါဟရုဏ်ပါဠိကိုဆုံးအောင်ရေး၍ ဝုတ္တိကိုသာ အနက်ပေးခဲ့ပါ။ (၁၀)

၂။ အောက်ပါ (က) (ခ) (ဂ) အမှတ်ပြ တဒ္ဓိတ်ပုဒ်တို့ကို ပုဒ်နှင့်ပစ္စည်းခွဲဝေ၍ အမည်ပေးပြီးလျှင် (ဃ) (င) အမှတ်ပြ၍ အာချာတ်ပုဒ်တို့ကို ဓာတ်နှင့် ဝိဘတ် ခွဲဝေပြပါ။ (၁၀)
(က) ဘဂ္ဂဝေါ (ဃ) ဃေပ္ပတိ
(ခ) သုမေဓသော (င) ကာဟတိ
(ဂ) သဒ္ဓေါ

၃။ အောက်ပါ ကိတ်ပုဒ်တို့ကို ဓာတ်, ပစ္စည်း ဝေဘန်ပြပါ။ (၁၀)
(က) ကမ္ဗံ (ဃ) မာတာ
(ခ) ယောဂ္ဂံ (င) ဘဂ္ဂေါ
(ဂ) ဝေဒနာ

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း

၁၃၁၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅-ရက်၊ (၃-၄-၅၄) စနေနေ့။

၁။ ပဉ္စမဈာန်စိတ် သရုပ်တို့ကို အသီးအသီး တခုစီ အားဖြင့်၎င်း၊ ဇာတိဘေဒ အားဖြင့်၎င်း၊ ဘူမိဘေဒ အားဖြင့်၎င်း ကုန်စင်အောင် ရေတွက်ပြပါ။ (၁၀)

၂။ အညသမာနာ၌ အညမည်ထိုက်သော တရားတို့ကို ထုတ်ပြခဲ့ပါ။ (၁၀)

၃။ ဒေါသမူ့ဒွေးကို ပကိဏ်းပိုင်းလာ ဝေဒနာ၊ ဟိတ်၊ ကိစ္စသင်္ဂဟတို့၌ ဖြစ်သင့်သည် အားလျော်စွာ ထည့်သွင်းပြပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း

၁၃၁၅-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅-ရက်၊ (၃-၄-၅၄) စနေနေ့။

၁။ ဝီထိပိုင်း (က) တဒါရမ္မဏနိယမ (ခ) ဇဝနနိယမတို့၏ အဆုံးဂါထာကို ပါဠိသက်သက်ရေးခဲ့ပါ။ (၁၀)

၂။ ဝီထိမုတ်ပိုင်း အဆုံးဂါထာကို အနက်ရေးခဲ့ပါ၊ (၁၀)

၃။ ကေန္ဒကမ္မဇ၊ ကေန္ဒင်္ဂုဇရုပ်တို့၏ သရုပ်တို့ကို ထုတ်ပြခဲ့ပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ ပါတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း

၁၃၁၅-ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၂-ရက်၊ (၅-၄-၅၄) တနင်္လာနေ့။

၁။ (၁) အကျိုးတရား (၂) အကြောင်းတရား (၃) အကျိုးလည်း မဟုတ်၊ အကြောင်းလည်း မဟုတ်သော တရားတို့ကို ပါဠိတော် ထောက်၍ ကောက်ပြပါ။ (၁၀)

၂။ တိကမာတိကာ၌ အဆုံးတိက်ပါဠိကိုရေး၍၊ ပဌမပုဒ်၊ ဒုတိယပုဒ်တို့၏ အရကိုကောက်ပြပါ၊ (၁၀)

၃။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရား လေးပါးကိုသည်- (၁) မြင်အပ်သော တရား (၂) မမြင်အပ်သော တရားတို့ကို ခွဲခြား၍ကောက်ပြီးလျှင်၊ လောကုတ္တရာစိတ် ၈-ခုတို့ကို ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့လည်း ဖွဲ့ပြခဲ့ပါ။ (၁၀)

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ
### ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ ဒုတိယမေးခွန်း

၁၃၁၅–ခုနှစ်၊နှောင်းတန်းခူးလဆန်း ၂-ရက်၊(၅-၄-၅၄)တနင်္လာနေ့။

၁။ အောက်ပါ ပုဒ်တို့၏ အရကိုကောက်ပြပါ။ (၁၀)

(က) ဟေတုစေဝ ဓမ္မာ သဟေတုကာ စ။

(ခ) အာသဝဝိပ္ပယုတ္တာ ခေါပန ဓမ္မာ သာသဝါပိ။

(ဂ) အရဏာဓမ္မာ။

၂ သမာဓိနှင့် မည်ကောင်းသော ဧကဂ္ဂတာ, မမည်ကောင်းသော ဧကဂ္ဂတာများကို ခွဲခြား၍ ကောက်ပြပါ။ (၁၁)

၃။ စက္ခုဝိညာဏ ဓာတုယာ ယေဓမ္မာ-၌ ယေဓမ္မာ-ဟူသော ပုဒ်ကို ဒုတိယနယ နိဒ္ဒေသဖြစ်လျှင်အဘယ်သို့အနက်ပေးရမည်၊ပဉ္စမနယနိဒ္ဒေသဖြစ်လျှင် အဘယ်သို့ အနက်ပေးရမည်နည်း၊ အကောက်အတိုင်း အနက်ပေးခဲ့ပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ
### ပထမငယ်၊ ဘာသာပြန်၊ ပထမမေးခွန်း

၁၃၁၅-ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၃-ရက်၊(၆-၄-၅၄)အင်္ဂါနေ့။

၁။ အောက်ပါ ပါဠိတို့ကို မြန်မာပြန်ဆိုပါ။ (၁၅)

(က) မနုဿာ တေ စောရေ ဂဟေတွာ ဗာရာဏသိရညော ဒဿေသုံ။

(ခ) ကောသလရာဇာ ပဟောန္တေန ဗလဝါဟနေန ဗာရာဏသိံ ပါဝိသိ။

(ဂ) ကဿစိ ကာလေ သီလဝမဟာရာဇာ စောရရညော အာဃာတမတ္တမ္ပိ နာကာသိ။

(ဃ) ဓေဋ္ဌကသိင်္ဂါလော ရာဇာနံ ဥပဂန္တွာ၊ သေသာ သိင်္ဂါလာ သေသာနံ အမစ္စာနံ သန္တိကံ အဂမံသု။

(င) ဒွေ့ဗ္ဗသဟဿံ စ ဇီဝိတပဋိလာဘော မယိ ဝိရိယံ အကရောန္တေ န ကိ္က အလဘိဿ။

၂။ အောက်ပါ မြန်မာဘာသာတို့ကို ပါဠိပြန်ဆိုပါ။ (၁၅)

(က) အရှင်မင်းကြီး... အကျွန်ုပ်သည် သူလျှိုမဟုတ်ပါ၊ မှန်သည်ကို သာ ဆိုပါ၏။

(ခ) မဟာသီလဝမင်းသည် တိုင်းသူတို့အားလည်း ဥစ္စာကိုပေး၍ လုပ်ကိုင်စားသည်သာ ဖြစ်စေလျှင်တည်း။

( ဂ ) သန်းခေါင်အခါ၌ လူသားကိုစားကုန်အံ့ဟု ခြေခွေးတို့သည် လာကုန်၏။

(ဃ) မင်းသည် ထိုခိုးသူမင်း၏ မေ့လျော့စဉ် အိပ်ပျော်စဉ် သန်လျက်ပြားဖြင့် ဝမ်းကိုခတ်၏။

( င ) အချင်းတို့…စင်စစ်အံ့ဘွယ်၌ ဒွါသီလနှင့်ပြည့်စုံကုန်သော သူတို့အား ဝိရိယ၏အကျိုးမည်သည် ပြည့်စုံ၏။

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘာသာပြန်၊ ဒုတိယမေးခွန်း**

၁၃၁၅-နှစ်၊ နှောင်းတန်းခူးလဆန်း ၃ ရက်၊ (၆-၄-၅၄)အင်္ဂါနေ့။

၁။ အောက်ပါ ပါဠိတို့ကို မြန်မာပြန်ဆိုပါ။ (၁၅)

(က) ဇနကရာဇာ ပန သေတစ္ဆတ္တဿ ဟေဋ္ဌာ နိသိန္နော ဇာမိဂါထမာဟ။

( ခ ) အနာထပိဏ္ဍိကော အင်္ဂုလိမုဒ္ဒိကာ ဝိဿဇ္ဇိတွာ မဇ္ဈိသာဠကနိဝတ္ထော ရာဇုပဋ္ဌာနံ ဂစ္ဆတိ။

( ဂ ) အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ဗောဓိသတ္တော ဗာရာဏသိသေဋ္ဌိ အဟောသိ။

(ဃ) န ဘိက္ခဝေ အယမေဝ ဥယျာနပါလော ဖလကုသလော၊ ပုဗ္ဗေ ပဏ္ဍိတာပိ ဖလကုသလာယေဝ။

( င ) အင္ဂုဝိမုခေ စ ကေသိဂ္ဂံ ဂါမဋ္ဌါရေ ကိံ ဖလရုက္ခေ နာမ အတ္ထိ။

၂။ အောက်ပါ မြန်မာဘာသာတို့ကို ပါဠိပြန်ဆိုပါ။ (၁၅)

(က) မင်းကြီးသည် ပုဏ္ဏားတို့၏ စကားကို ကြား၍ မင်းသားအား အမည်မှည့်သည်ရှိသော် ပဒုမမင်းသား ဟူသော အမည်ကို မှည့်၏။

( ခ ) ဘီလူးသည် ဤလုလင်ကား မှန်သောစကားကိုသာလျှင် ဆို၏၊ ဤယောကျ်ားခြင်္သေ့၏ကိုယ်မှ ပဲနောက်စေ့မျှလည်းဖြစ်သော အသားတစ်ကို ငါ၏ဝမ်း၌ ကြေစေခြင်းငှါ မတတ်နိုင်လတ္တံ့၊ ထိုလုလင်ကို လွှတ်အံ့ဟု ကြံ၏။

( ဂ ) ဤသို့ မြတ်စွာဘုရားသည် အရဟတ္တဖိုလ်ဖြင့် တရားဒေသနာတော်၏ အထွဋ်ကို ယူ၍ အဆုံး၌ လေးပါးသော သစ္စာတို့ကို ပြတော်မူ၏၊

# မေးခွန်းအဖြေများ

## ၁၃၁၅-ခုနှစ်၊ ပထမငယ်

## ဘိက္ခုပါတိမောက်၊ တပေါင်းလ၊ ပထမမေးခွန်း အဖြေလွှာ

၁။ * (က) စာတုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂီ ဥပုသ် ၃-နေ့တို့တွင် ဟနေ့နေ့သည် ဥပေါသထအရ ဖြစ်ပါသည်။

(ခ) အောက်ထစ်ဆုံး အပိုင်းအခြားအားဖြင့် ပကတတ်ရဟန်း ၄-ပါးတို့သည် ကမ္မပတ္တဘိက္ခုအရ ဖြစ်ပါသည်။

(ဂ) ဝဇ္ဇသဘာဂအာပတ်သည် သဘာဂါပတ္တိအရ ဖြစ်ပါသည်။

၂။ *ဧတဒဂ္ဂံ ဘိက္ခိနီ ပါရိစရိယာနံ ယာ မာဒိသံ သီလဝန္တံ ကလျာဏဓမ္မံ ဗြဟ္မစာရိံ ဧတေန ဓမ္မေန ပရိစရေယျ။ [ဖေါ်ပြပါမှုသဖြင့် မေါ်ပြသည်။]

ဘိက္ခုနိ၊ နှမ။ ယာဏူကုဏ္ဍိ၊ အကြင်မိန်းမသည်။ သီလဝန္တံ၊ သီလရှိသော။ ကလျာဏဓမ္မံ၊ ကောင်းသောသဘောရှိသော။ ဗြဟ္မစာရိံ၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော။ မာဒိသံ၊ ငါကဲ့သို့သောသူကို။ ဧတေနဓမ္မေန၊ ထိုမေထုန်အကျင့်ဖြင့်။ ပရိစရေယျ၊ လုပ်ကျွေးရာ၏။ တဿာဏုတ္တိယာ၊ ထိုမိန်းမ၏။ ယာ-အယံ ပါရိစရိယာနာမ၊ အကြင်မေထုန်အကျင့်ဖြင့် လုပ်ကျွေးခြင်းမည်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ-သော ပါရိစရိယာ၊ ထိုမေထုန်အကျင့်ဖြင့်လုပ်ကျွေးခြင်းသည်။ ပါရိစရိယာနံ၊ လုပ်ကျွေးခြင်းတကာတို့ထက်။ အဂ္ဂံ-အဂ္ဂါ၊ မြတ်၏။

၃။ *အသစ်ဖြစ်သော သိုးမွေးအခင်းကိုပြုလိုသောရဟန်းသည် မိမိပြုလိုသော သိုးမွေးများ၏ အချိန်အဆကို မှန်းထား၍ လေးဘို့ပြုထားရမည်၊ ၎င်းတွင် ၂-ဘို့ကို မည်းနက်သောသိုးမွေးတို့ကိုယူရမည်၊ တတိယမြောက်တဘို့ကို ဖြူသောသိုးမွေးတို့ကိုယူရမည်၊ စတုတ္ထမြောက်တဘို့ကို ကြောင်သောအဆင်းရှိသော သိုးမွေးတို့ကို ယူရမည်၊ ထိုသို့ အမည်း ၂-ဘို့, အဖြူတဘို့, အကြောင်တဘို့ယူ၍ ပြုလုပ်ရမည်။

နဝံ ပန ဘိက္ခုနာ သန္ထတံ ကာရယမာနေန ဒွေဘာဂါ သုဒ္ဓကာဠကာနံ ဧဠကလောမာနံ အာဒါတဗ္ဗာ၊ တတိယံ ဩဒါတာနံ စတုတ္ထံ

ဂေါစရိယာနံ၊ အနာဒါ စေ ဘိက္ခု ဒွေဘာဂေ သုဒ္ဓကာဠကာနံ ဧဠက-လောမာနံ တတိယံ ဩဒါတာနံ စတုတ္ထံ ဂေါစရိယာနံ နဝံ သန္ထတံ ကာရာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

---

## ၁၃၁၅-ခုနှစ်၊ ပထမငယ်

## ဘိက္ခုပါတိမောက်၊ တပေါင်းလ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *ဒါယကာတို့....သင်တို့သည် အကြင်ရဟန်းကိုရည်၍ သင်္ကန်းဘိုးကို ပို့စေကုန်၏၊ ထိုသင်္ကန်းဘိုးသည် ထိုသင်တို့ရည်ညွှန်းသောရဟန်းအား တစုံတခုသောအကျိုးကိုမပြီးစေ၊ ဒါယကာတို့သည် မိမိဥစ္စာကို တောင်းကြကုန်လော့၊ သင်တို့သည် မိမိဥစ္စာကို မပျက်စီးစေလင့်၊ ဤသို့ ကိုယ်တိုင်သော်လည်းသွားရမည်၊ ဝါ-သွား၍ပြောရမည်၊ တမန်ကိုသော်လည်း စေလွှတ်ရမည်၊ ဝါ-စေလွှတ်၍ပြောစေရမည်၊ ဤသို့ ကိုယ်တိုင် သွားခြင်း, တမန်ကိုစေလွှတ်ခြင်းသည် သင်္ကန်းကိုမပြီးစေရာ၌ သာမိစိ ဖြစ်ပါသည်။

၂။ *မာဂုသော သမဏုဒ္ဒေသ(ဧဝံ အဝစ၊ မာ ဘဂဝန္တံ အဗ္ဘာ-စိက္ခိ၊ န ဟိ သာဓု ဘဂဝတော အဗ္ဘာစိက္ခနံ၊ န ဟိ ဘဂဝါ ဧဝံ ဝဒေ-ယျ၊ အနေကပရိယာယေ-နာဝုသော သမဏုဒ္ဒေသ အန္တရာယိကာ ဓမ္မာ အန္တရာယိကာ ဝုတ္တာ ဘဂဝတာ၊ အလဉ္စ ပန တေ ပဋိသေဝတော) အန္တရာယာယာတိ။

၃။ *ယော ပန ဘိက္ခု ဇာနံ ဥဒ္ဒိဋ္ဌံ ပုဂ္ဂလံ ဥပသမ္ပာ-ဒေယျ၊ သော စ ပုဂ္ဂလော အနုပသမ္ပန္နော၊ တေ စ ဘိက္ခူ ဂါရယှာ၊ ဣဒံ တသ္မိံ ပါစိတ္တိယံ- ဟူသောသိက္ခာပုဒ်အရ ကာရကရဟန်းများ ဒုက္ကဋ်, ဥပဇ္ဈာယ်ရဟန်းအား ပါစိတ်အာပတ်သင့်ပါသည်။

---

## ၁၃၁၅-ခုနှစ်၊ ပထမငယ်

## ကစ္စည်းသဒ္ဒါ၊ တပေါင်းလ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *ဆန်း၌ တမတြာခွဲရှိသော ဖျည်းနှင့်တကွသော သရတို့ကို ရဿဟု ယူခြင်းငှါ လဟုသဒ္ဒါထည့်စွက်၍ လဟုမတ္တာတယောရဿာဟု ဆိုပါသည်။

[လဟုဂ္ဂဟဏံ စေတ္ထ ဆန္ဒသိ ဒိယမ္ပုမတ္တာဿာပိ ဂဟဏတ္ထံ။ ။ရူပသိဒ္ဓိ။]

၂။ *(က) ဂေါသဒ္ဒါတည်၊အံဝိဘတ်သက်၊ ဂ-ခွင်းဩကွင်း၊ အဝမ္ဟိစ-ဖြင့် အံဝိဘတ်နှောင်းသောကြောင့် ဂေါသဒ္ဒါ၏ ဩအက္ခရာကို အာဝပြု၊ ဂ အာ-သို့ကပ်၊ ဝ ခွင်း၊ ချေ၊ ကပ်၊ ပြီး၏။

(ခ) တိသျှာသဒ္ဒါတည်၊ နံဝိဘတ်သက်၊ဣတ္ထာမိတ္ထာနံ့ တိဿဟိသျှာဟိ-ဖြင့် တိသျှာသဒ္ဒါနောင်နှောင်းသော နံဝိဘတ်ကို ဣဿံပြု၊တခွင်း၊ချေ၊ ကပ်၊ ပြီး၏။

(ဂ) မာတုလဘည်၊ ဤပစ္စည်းသက်၊ လခွင်း-အကွင်း၊မာတုလာဒီနမာနတ္တမီကာရေ-ဖြင့် နောက် ဤပစ္စည်းနှောင်းသောကြောင့် မာတုလသဒ္ဒါ၏ အစိတ် အ-ကို အာနပြု၊ လ အာ-ကပ်၊ န-ခွင်း၊ချေ၊ ကပ်၊ စသဒ္ဒါဖြင့် နာမ်ငဲ့၊ သိသက်၊ ချေ၊ ပြီး၏။

(ဃ) ပုရိသတည်၊သ္မာဝိဘတ်သက်၊ သ္မာဟိသ္မိံနံ မှာဘိမှိ ဝါ-ဖြင့် သ္မာဝိဘတ်ကိုမှာပြု၊ ပြီး၏။

(င) ဒိဃတည်၊ သ္မာသက်၊ ဒိဃောရေဟိ-ဖြင့် ဒိဃသဒ္ဒါနောင်နှောင်းသော သ္မာဝိဘတ်ကို သောပြု၊ ပြီး၏။

၃။ *(က) ကတ္တရိစ-ဖြင့် ကတ္တားအနက်၌ သက်ထားသောဝိဘတ်။
(ခ) သတ္တမျတ္တေစ-ဖြင့် သတ္တမီအနက်၌ ။
(ဂ) ဝိသေသနေစ-ဖြင့် ဝိသေသနအနက်၌ ။
(ဃ) ကမ္မတ္ထေ ဒုတိယာ-ဖြင့် ကံအနက်၌ ။
(င) ကာလဒ္ဓါန မစ္စန္တသံယောဂေ-ဖြင့် ကာလအစ္စန္တသံယောဂအနက်၌ သက်ထားသောဝိဘတ် ဖြစ်ပါသည်။

---

## ၁၃၁၅-ခုနှစ်၊ ပထမငယ်

## ကစ္စည်းသဒ္ဒါ၊ တပေါင်းလ၊ ဒုတိယ မေးခွန်း အဖြေလွှာ

၁။ *ပကတိစဿ သရန္တဿ။ ။လုတ္တာသု ဝိဘတ္တီသု အဿ သရန္တဿ လိင်္ဂဿ ပကတိရူပါနိ ဟောန္တိ။ စက္ခုသောတံ၊ မုခနာသိကံ၊ ရာဇပုတ္တော၊ ရာဇပုရိသော။

ဝိဘတ္တိသု၊ ဝိဘတ်တို့သည်။ လုတ္တာသု၊ ကျေကုန်ပြီးသည်ရှိသော်။ တနည်း—လုတ္တာသု၊ ကြေကုန်ပြီးသော။ ဝိဘတ္တိသု၊ ဝိဘတ်တို့ကြောင့်။ သရန္တသ၊ သရအဆုံးရှိသော၊ အဿလိင်္ဂဿ၊ ထိုလိင်၏။ပကတိရူပါနိ၊ ပကတိရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**မှတ်ချက်။** ။ဝုတ္တိကိုသာဟု မေးသဖြင့် ဥဒါဟရဏ်အနက်မရေး။

| | | | | |
|---|---|---|---|---|
| ၂။ * | (က) | ဘဂ္ဂု | ပုဒ် | ဏာဝ ပစ္စည်း။ |
| | (ခ) | သုမေဓာ | ။ | သော ။ |
| | (ဂ) | သဒ္ဓါ | ။ | ဏ ။ |
| | (ဃ) | ဂဟ | ဓာတ် | တိ ဝိဘတ်။ |
| | (င) | ကရ | ။ | ဿတိ။ |

| | | | |
|---|---|---|---|
| ၃။ * | | ဓာတ် | ပစ္စည်း |
| | (က) | ကရ | ရမ္မ |
| | (ခ) | ယုဇ | ဏျ |
| | (ဂ) | ဝိဒ | ယု |
| | (ဃ) | မာန | ရာတု |
| | (င) | ဘန္ဒ | တ |

## ၁၃၁၅-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ တပေါင်းလ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *ရူပါဝစရကုသိုလ်ပဉ္စမဈာန်-၁,ရူပါဝစရဝိပါက်ပဉ္စမဈာန်-၁, ရူပါဝစရကြိယာ ပဉ္စမဈာန်-၁, အရူပကုသိုလ် ပဉ္စမဈာန်-၄, အရူပဝိပါက် ပဉ္စမဈာန်-၄, အရူပကြိယာ ပဉ္စမဈာန်-၄, သောတာပတ္တိမဂ် ပဉ္စမဈာန်-၁, သကဒါဂါမိမဂ် ပဉ္စမဈာန်-၁, အနာဂါမိမဂ် ပဉ္စမဈာန်-၁, အရဟတ္တမဂ် ပဉ္စမဈာန်-၁, သောတာပတ္တိဖိုလ် ပဉ္စမဈာန်-၁, သကဒါဂါမိဖိုလ် ပဉ္စမဈာန်-၁, အနာဂါမိဖိုလ် ပဉ္စမဈာန်-၁, အရဟတ္တဖိုလ် ပဉ္စမဈာန်-၁၊ ပေါင်း၂၃-ပါး။ [ဤကားတခုစီ]

ဇာတိဘေဒအားဖြင့် ကုသိုလ် ပဉ္စမဈာန် ၉-ပါး ⎫
အဗျာကတ ပဉ္စမဈာန် ၁၄-ပါး ⎭ အားဖြင့် ၂၃-ပါး။

ဘူမိဘေဒအားဖြင့် ရူပပဉ္စမဈာန် ၃-ပါး
အရူပပဉ္စမဈာန် ၁၂-ပါး } အားဖြင့် ၂၃-ပါး။
လောကုတ္တရာပဉ္စမဈာန် ၈-ပါး

၂။ *အညမည် ထိုက်သော တရားတို့ကား- သောဘဏ, အသောဘဏ စိတ်တို့ ဖြစ်ပါသည်။

[သောဘဏာ ပေက္ခာယ ဣတရေ၊ ဣတရာပေက္ခာယ သောဘဏာစ အညေနာမ။ ။ဋီကာကျော်။]

၃။ *ဒေါမနဿဝေဒနာ, ဒေါသဟိတ်, မောဟဟိတ်, ဇောကိစ္စ။

---

## ၁၃၁၅-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ တပေါင်းလ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *(က) ကာမေ ဇဝနသတ္တာလ၊ မ္ဗဏာနံ နိယမေ သတိ။
ဝိဘူတေ တိမဟာ ခန္တ စ၊ တဒါရမ္မဏာ မီရိတံ။ ။
(ခ) သတ္တက္ခတ္တုံ ပရိတ္တာနိ၊ မဂ္ဂါဘိညာ သကိံ မတာ။
အဝသေသာနိ လဗ္ဘန္တိ၊ ဇဝနာနိ ဗဟူနိပိ။ ။

၂။ *ပန၊ သံသရာစက် လည်သည်မှတပါး သံသရာစက်ပြတ်သည်ကို ဆိုအံ့။ ဗုဓာ၊ ပညာရှိတို့သည်။ အစုပ၊ မမြဲသောသဘောရှိသော။ ဝါ၊ မြဲသောသဘောမရှိသော။ ဧတံ၊ ထိုဝဋ်တရားကို။ ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ စိရာယ-စိရံကာလံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ သုဗ္ဗတာ၊ ကောင်းသောအကျင့်ရှိကုန်သည်ဖြစ်၍။ သုသမုစ္ဆိန္နဲ့ သိနေဟဗန္ဓနာ၊ ကောင်းစွာမဂ်ဖြင့် ဖြတ်အပ်ပြီးသော ချစ်ခြင်း, နှောင်ဖွဲ့ခြင်း ရှိကုန်သည် ဖြစ်၍။ ဝါ၊ ချစ်ခြင်း နှောင်ဖွဲ့ခြင်းကို ကောင်းစွာမဂ်ဖြင့် ဖြတ်ကုန်သည် ဖြစ်၍။ အစ္စုတံ၊ ရွေ့ခြင်းမရှိသော။ ပဒံ၊ နိဗ္ဗာန်ကို။ အဓိဂန္တွာ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် သိကုန်၍။ သမံ၊ ခပ်သိမ်းသောဝဋ်ဆင်းရဲ၏ ငြိမ်းရာဖြစ်သော နိဗ္ဗာနဓာတ်သို့။ ဧဿန္တိ၊ ရောက်ကုန်လတ္တံ့။

၃။ *ဟဒယရုပ်-၁, ဣန္ဒြိယရုပ် ၈-အားဖြင့် ကိုးပါးတို့သည် ကေန်ကမ္မဇ၊ ဝိညတ်ရုပ် ၂-ပါးသည် ဧကန်စိတ္တဇ။

## ၁၃၁၅-ခုနှစ်၊ ပထမငယ်

## မာတိကာနှင့် ဓာတုကထာ၊ တပေါင်းလ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *(၁) ဝိပါကာ ဓမ္မာ- ဟူသော ပါဠိတော်ကို ထောက်၍ အကျိုးတရားတို့ဟူသည် ဝိပါက်စိတ်ဆတ္တိံသ, စေတသိက် အဋ္ဌတိံသ ရ၏။

(၂) ဝိပါကဓမ္မ ဓမ္မာ- ထောက်၍ အကြောင်းတရားတို့ ဟူသည် အကုသိုလ်စိတ် ဒွါဒသ, ကုသိုလ်စိတ် ဧကဝီသ, စေတသိက် ဒွေပညာသ ရ၏။

(၃) နေဝဝိပါက နဝိပါကဓမ္မဓမ္မာ-ထောက်၍ အကျိုးလည်းမဟုတ်, အကြောင်းလည်း မဟုတ်သော တရားတို့ဟူသည် ကြိယာစိတ် ဝီသ, စေတသိက် ပဉ္စတိံသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏။

၂။ *သနိဒဿန သပ္ပဋိဃာ ဓမ္မာ။
အနိဒဿန သပ္ပဋိဃာ ဓမ္မာ။
အနိဒဿန အပ္ပဋိဃာ ဓမ္မာ။
ပဌမပုဒ်၏ အရကား- ရူပါရုံရ၏။
ဒုတိယပုဒ်၏ အရကား- ရူပါရုံ ကြဉ်သော ဩဠာရိကရုပ် ကောဒသရ၏။

၃။ *(၁) ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးတို့သည် ပြုပြင်အပ်သောတရားကား စိတ်တခုယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသ, ရုပ်အဋ္ဌဝီသတို့ဖြစ်သည်။

(၂) မပြုပြင်အပ်သော တရားကား နိဗ္ဗာန်တည်း။
လောကုတ္တရာစိတ် ၈- ခုသည် ဝိညာဏက္ခန္ဓာ, မနာယတန, မနောဝိညာဏဓာတ်၊သစ္စာဟူသော အရေအတွက်မှလွတ်၏။

**မှတ်ချက်။** ။ဤဖွဲ့နည်းကား ဒုကမာတိကာ စိတ္တဒုက် စိတ္တာဓမ္မာ- ပုဒ်ကို နည်းမှီ၍ ဖွဲ့ခြင်းဖြစ်သည်၊ စိတ်ချည်းသက်သက် အဖွဲ့ခိုင်းရာ၌ ဤနည်းသာမှတ်။

## ၁၃၁၅-ခုနှစ်၊ ပထမငယ်

## မာတိကာနှင့် ဓာတုကထာ၊ တပေါင်းလ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ * (က) ဟေတု စေဝ ဓမ္မာ သဟေတုကာ စ-၏အရကား- မောဟမူဒွေး၌ မောဟကြဉ်သောဟိတ် ၆-ပါးရ၏။

(ခ) အာသဝဝိပ္ပယုတ္တာ ခေါ ပန ဓမ္မာ သာသဝါဝိ-၏အရကား- လောကီကုသိုလ်သတ္တရသ, လောကီဝိပါက်ဗာတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက်အဋ္ဌတိံသ, ရုပ်အဋ္ဌဝီသရ၏။

(ဂ) အရဏာဓမ္မာ-၏အရကား- ကုသိုလ်ဧကဝီသ, ဝိပါက်ဆတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက်အဋ္ဌတိံသ, ရုပ်အဋ္ဌဝီသရ၏။

၂။ *ဝိစိကိစ္ဆာသဟဂုတ်, ဒွေပဉ္စဝိညာဏ် ၁၀, မနောဓာတ် ၃, သန္တီရဏ ၃-ခု၊ ပေါင်း ၁၇-ပါးသောစိတ်၌ ယှဉ်သောကေဂ္ဂတာသည် သမာဓိန္ဒြေမဖြစ်ကောင်းပါ။

၎င်း ၁၇-ပါးသောစိတ်မှတပါးသော ၇၂-ပါးသောစိတ်၌ ယှဉ်သော ဧကဂ္ဂတာသည် သမာဓိန္ဒြေမည်ကောင်းပါသည်။

၃။ *ဒုတိယနယနိဒ္ဒေသဖြစ်လျှင်- ယေဓမ္မာ၊အကြွင်စက္ခုဝိညာဏဓာတ်ကြဉ်သော ဆဝိညာဏဓာတ်တို့ကိုဟုပေး။

ပဉ္စမနယနိဒ္ဒေသဖြစ်လျှင်-ယေဓမ္မာ၊ အကြွင် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ,နိဗ္ဗာန်တို့ကိုဟုပေး။

[ဘာသာပြန်အဖြေလွှာပြီး။]



# မေးခွန်းပုစ္ဆာများ

## ၁၃၁၆-ခုနှစ်

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက် (ဝိနယ)၊ ပထမမေးခွန်း**

၁၃၁၆-ခုနှစ်၊နှောင်းတန်းခူးလဆန်း ၉-ရက်၊ (၁-၄-၅၅)သောကြာနေ့။

၁။ ဟောတော်မူအပ်သောဉပုသ်အပြားကို ကုန်စင်အောင်ထုတ်ပြ၍၊ ပါတိမောက်ကျမ်းလာဉာတ္တိပါဠိတွင်အဘယ်ပုဒ်ဖြင့်အဘယ်ဉပုသ်ကို ပြတော်မူသည်ကိုဖေါ်ပြပါ။ (၁၀)

၂။ သံဃာဘေဒကရ ရဟန်းကို သံဃာတော်ကဆိုဆုံးမအပ်သောပါဠိကိုမှန်ကန်စွာရေးခဲ့ပါ။ (၁၀)

၃။ နိဿဂ္ဂိယပါစိတ် ပတ္တဝဂ် ဒုတိယသိက္ခာပုဒ်ကိုအနက်မြန်မာယောဇနာခဲ့ပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက်(ဝိနယ)၊ ဒုတိယမေးခွန်း**

၁၃၁၆-ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၉-ရက်၊(၁-၄-၅၅)သောကြာနေ့။

၁။ ဝဂ်သံဃာတို့ကိုထုတ်ပြ၍၊ ထိုဝဂ်သံဃာတို့ ပြုသင့်ပြုအပ်သော ကံတို့ကို ခွဲခြားပြပါ။ (၁၀)

၂။ နဝံ ပန ဘိက္ခုနာ စီဝရလာဘေန(ပ)ပါစိတ္တိယံ-၌ ပေယျာလ ပါဠိစုကို ထုတ်ဖေါ်ခဲ့ပါ။ (၁၀)

၃။ ပဌမပါဋိဒေသနီသိက္ခာပုဒ်ကို အနက်မြန်မာယောဇနာခဲ့ပါ။(၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း**

၁၃၁၆-ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၀-ရက် (၂-၄-၅၅) စနေနေ့။

၁။ အောက်ပါ(က)အမှတ်ပြပုဒ်တို့ကို ပဒစ္ဆေဒပြု၍(ခ)အမှတ်ပြ ပုဒ်တို့ကို အချာတ်,နာမ်ရုပ် အကျဉ်းချုပ်ခါတွက်ပြခဲ့ပါ။ (၁၀)

(က) သာရာဂေါ၊ ဝိဠူဂ္ဂ၊ ပဋိဟညတိ။

(ခ) နာယတိ၊ ဂဏ္ဍဝတ္တိ။

၂။ ကာလဘာဝေသေုစ-သုတ်ကို ဝုတ္တိ,ဉဒါဟရဏ် ကုန်စုံအောင် ပါဠိသက်သက်ရေးခဲ့ပါ။ (၁၀)

၃။ အာ,ဥ,ဇနီ ဇုတ္တိလိင်ပစ္စည်းသက်သောပုဒ်များကို အဘယ့်ကြောင့် နာမ်ငဲ့ရလေသနည်း၊ကျမ်းလာအရ ထင်ရှားအောင်ဖြေပြခဲ့ပါ(၁၀)

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမယ်၊ ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း**

၁၃၁၆–ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၀-ရက်၊ (၂-၄–၅၅)စနေနေ့။

၁။ ရုဓာဒိတော နိဂ္ဂဟိတပုဗ္ဗဥ-သုတ်၌ စသဒ္ဒါ၏အကျိုးပြပါဠိကို ပြည့်စုံစွာ အနက်ယောဇနာခဲ့ပါ။ (၁၀)

၂။ အောက်ပါ(က)(ခ) ဂ)(ဃ)(င)ပုဒ်တို့ကို ဖြစ်သင့်ရာရာ အမည်သညာပေးပြီးလျှင်(စ)(ဆ)(ဇ)(ဈ)(ည)ပုဒ်တို့ကို ဓာတ်နှင့်ပစ္စည်းခွဲဝေပြီးအသီးအသီးပြခဲ့ပါ။ (၁၀)

(က) အနန္တံ (စ) သဏ္ဌော
(ခ) ယာဝဇီဝံ (ဆ) မဇ္ဈံ
(ဂ) နာဠိကေရော (ဇ) ဥပ္ပန္နာ
(ဃ) နာဠိကေရိကော (ဈ) ဝါယု
(င) အာတိသာရော (ည) ယတိ

၃။ သာမုဟိကစသော နာမ် ၆–ပါးတို့၏အမည်မျှကို ဖော်ပြပြီးလျှင်၊ ငါးခုမြောက် ဖြစ်သော နာမ်ကို ပြယုဂ်နှင့်တကွ ကျမ်းလာ အရ အဓိပ္ပါယ်ဖော်ပြခဲ့ပါ။ (၁၀)

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း**

၁၃၁၆-ခုနှစ်၊နှောင်းတန်းခူးလဆန်း ၁၂-ရက်၊(၄–၄–၅၅)တနင်္လာနေ့။

၁။ ရူပါဝစရပထမဈာန်စိတ် ၃-ခုတို့၌ ယှဉ်သော စေတသိက်တို့တွင် (က) နိယတယောဂီ (ခ) အနိယတယောဂီစေတသိက်များကို ခွဲခြား၍ ကောက်ပြပါ။ (၁၀)

၂။ ရူပါဝစရစိတ် ၁၅-ခုတို့တွင် အဘယ်စိတ်များသည် အဘယ်ကိစ္စတင်ကြသည်၊ အဘယ်ဒွါရ၌ဖြစ်ကြရသည်များကိုခွဲခြား၍ ကောက်ပြပါ။ (၁၀)

၃။ ရူပါဝစရဝိပါက်စိတ်တို့တွင် အဘယ်စိတ်သည် အဘယ်ဘုံ, အဘယ်ပုဂ္ဂိုလ်တို့၌ဖြစ်ပါသနည်း။ (၁၀)

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း

၁၃၁၆-ခုနှစ်၊နှောင်းတန်းခူးလဆန်း ၁၂-ရက်၊(၄-၄-၅၅) တနင်္လာနေ့။

၁။ ရူပါဝစရ ကုသိုလ်ကြိယာ စိတ်ကိုသည် အကြိမ်ပေါင်း မည်မျှဖြစ်ကောင်းသည်ကို သင်္ဂဟဝယ် အဘယ်အနည်း, အဘယ်ဝါရဖြင့် ပြဆိုပါသနည်း။ (၁၀)

၂။ ရူပါဝစရ ပဉ္စမဈာန်ကို ရစေနိုင်,ဖြစ်စေနိုင်သော ကမ္မဋ္ဌာန်းတို့ကား အဘယ်ကမ္မဋ္ဌာန်းတို့နည်း။ (၁၀)

၃။ ဥပါရသင်္ဂဟ, ဝတ္ထုသင်္ဂဟတို့၌ ပြဆိုအပ်သော သင်္ဂဟဂါထာများကို ပြည့်စုံအောင်ရေးခဲ့ပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း

၁၃၁၆-ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၃-ရက်၊(၅-၄-၅၅)အင်္ဂါနေ့။

၁။ မိဿကတ္တိက် တတိယပဒအရကောက်ပြီးလျှင် သစ္စာဖွဲ့၍ပြခဲ့ပါ။ (၁၀)

၂။ အတီတတိက် သုံးပဒလုံး အရကောက်ပြီးလျှင် သစ္စာဝိမုတ် ထုတ်ပြခဲ့ပါ။ (၁၀)

၃။ အာသဝ၏ (၁) အာရုံ ဖြစ်သောတရား (၂) အာရုံ မဟုတ်သောတရားများကို ကောက်ပြီးလျှင် လောကိုတ်ကို ခန္ဓာ, အာယတန, ဓာတ်ဖွဲ့ခဲ့ပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ ဒုတိယမေးခွန်း

၁၃၁၆-ခုနှစ်၊နှောင်းတန်းခူးလဆန်း၁၃-ရက်၊ (၅-၄-၅၅) အင်္ဂါနေ့။

၁။ (က) မှားသောအားဖြင့် သုံးသပ်တတ်သောတရား
(ခ) မှားသောအားဖြင့် သုံးသပ်အပ်သောတရား
(ဂ) ထို ၂-မျိုးမှ လွတ်သော တရားများကို အသီးအသီးကောက်ပြပါ။ (၁၀)

၂။ အောက်ပါ ပေယျာလကိုဖော်၍ စတုက္ကာယတနေန ယေဝဂ္ဂေ၌ ယေဝမ္မာကိုသာ အစုံမှန်အောင် သဗ္ဗန်ပါ။ (၁၀)
ထိုဒုတိယနယ နိဒ္ဒေသသည်ကား (ယ) စတုက္ကာယတနေန ယေဝမ္မာ။

၃။ ပဉ္စမနယ ဝေဒနာက္ခန္ဓ နိဒ္ဒေသပါဠိ-၌ ပဌမ ယေဝမ္ဘာ, ဒုတိယယေ ဝမ္ဘာ-ဟူသော ၂-ပုဒ်ကိုသာ အစွဲမှန်အောင် အနက်ယောဇနာပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

## ပထမယေ်၊ ဘာသာပြန်၊ ပထမမေးခွန်း

၁၃၁၆-ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၄-ရက်၊(၆-၄-၅၅)ဗုဒ္ဓဟူးနေ့။

၁။ အောက်ပါပါဠိတို့ကို မြန်မာပြန်ဆိုပါ။ (၁၅)

(က) အထ ဘဂဝါ သာဝတ္ထိတော ပုနဒေဝ ရာဇဂဟံ အဂမာသိ။

(ခ) တေပိ ဘဂဝန္တံ ဝန္ဒိတွာ ကေမန္တံ နိသီဒိံသု။

(ဂ) သီလာဒီဟိ ဂုဏေဟိ ဗုဒ္ဓေန သဒိသော နာမ နတ္ထိ။

(ဃ) ဗာရာဏသိယံ ယေဝ အညောပိ သတ္တဝါဟပုတ္တော အတ္ထိ။

(င) သော ဗာလော အဗျတ္တော အနုပါယကုသလော။

၂။ အောက်ပါမြန်မာဘာသာတို့ကို ပါဠိပြန်ဆိုပါ။ (၁၅)

(က) မြတ်စွာဘုရားသည် ဘဝတပါးဖြင့် ဖုံးလွှမ်းအပ်သော အကြောင်းကို ထင်စွာပြုတော်မူ၏။

(ခ) တယောက်သော သူငယ်မသည် အဘွားနှင့်တကွ ကြွင်းသည်ဖြစ်၏။

(ဂ) ဤခွက်သည် အဘယ်အဘိုးထိုက်အံ့နည်း၊ ထိုခွက်သည် ပဲဝက်မျှသောအဘိုးကိုလည်းမထိုက်။

(ဃ) ဘုရားလောင်းသည်ကား"အမောင်...မပြန်ပါလင့်"ဟု တားမြစ်လေ၏။

(င) ထိုအခါ မိုက်သောကုန်သည်သည် ယခုအခါ ဒေဝဒတ်ဖြစ်လေသည်။

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

## ပထမယေ်၊ ဘာသာပြန်၊ ဒုတိယမေးခွန်း

၁၃၁၆-ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၄-ရက်၊ (၆-၄-၅၅)ဗုဒ္ဓဟူးနေ့။

၁။ အောက်ပါပါဠိတို့ကို မြန်မာပြန်ဆိုပါ။ (၁၅)

(က) ကိံ နု ခေါ ဘော ပဗ္ဗဇိတကိစ္စံ မတ္တကံ ပတ္တံ။

(ခ) သော ဘိက္ခု ဇွေကေန ဝစနေန ဥပတ္ထမ္ဘိတော အဟောသိ။

(ဂ) တံ ပန ကထံ သုတွာ ဘိက္ခူ ဘဂဝန္တံ ယာစိံသု၊

(ဃ) သူရိယုဂ္ဂမနတော ပဌာယ အင်္ဂါရရာသိ၀ိယ ဥဏှာ ဟောတိ။
(င) ဇူမဿ ပါသာဏဿ ဟေဋ္ဌာ ဥဒကေန ဘ၀ိတဗ္ဗံ။

၂။ အောက်ပါမြန်မာဘာသာတို့ကို ပါဠိပြန်ဆိုပါ၊ (၁၅)

(က) ဤယောကျ်ားသည် မိမိ၏ အပြစ်ကြီးသည်၏အဖြစ်ကြောင့် သွားခြင်းငှါ မ၀ံ့လေ။

(ခ) နှစ်ယောက်သော သူတို့သည်လည်း တခုတည်းသောစိတ်ရှိကုန်သည်ဖြစ်၍ ပြန်နစ်ကုန်၏။

(ဂ) သံသရာ၌ ကျင်လည်ကုန်သောသူတို့အား သားမဖြစ်ဘူး, သမီးမဖြစ်ဘူးသောသူမည်သည် မရှိ။

(ဃ) မဟာပန္ထကသည်ကား အဘိုးနှင့်တကွ မြတ်စွာဘုရား၏ တရားကို နာခြင်းငှါ သွား၏။

(င) မထေရ်သည် စူဠပန္ထကသူငယ်ကို ရှင်ပြုစေ၍ ဆယ်ပါးကုန်သော သီလတို့၌ တည်စေ၏။



# မေးခွန်းအဖြေများ

## ၁၃၁၆-ခုနှစ်၊ ပထမငယ်

### ဘိက္ခုပါတိမောက် ၊ပထမမေးခွန်း အဖြေလွှာ

၁။ *ဥပုသ်သည် နေ့၏အစွမ်းအားဖြင့် စာတုဒ္ဒသီ, ပန္နရသီ, သာမဂ္ဂီ ဟူ၍ ၃-မျိုး။

ပြုတတ်သော ကာရကပုဂ္ဂိုလ်၏အစွမ်းအားဖြင့် သံဃဥပုသ်, ဂဏ ဥပုသ်, ပုဂ္ဂလဥပုသ်ဟူ၍ ၃-မျိုး။

ပြုပုံအခြင်းအရာ-ကတ္တဗ္ဗာကာရ၏အစွမ်းအားဖြင့် သုတ္တုဒ္ဒေသဥပုသ်, ပါရိသုဒ္ဓိဥပုသ်,အဓိဋ္ဌာန်ဥပုသ် ဟူ၍ ၃-မျိုး၊ ပေါင်း ၉-မျိုးဟောသည်။

ထိုတွင် ပါတိမောက်လာ ဉာတ်ပါဠ်တွင် ပန္နရသော-ပုဒ်ဖြင့် ပန္နရသီ ဥပုသ်ကိုယူရမည်။

သံဃော ဥပေါသထံ ကရေယျ-ပုဒ်ဖြင့် သံဃဥပုသ်ကို ယူရမည်။

ပါတိမောက္ခံ ဥဒ္ဒိသေယျ-ပုဒ်ဖြင့် သုတ္တုဒ္ဒေသ ဥပုသ်ကိုယူရမည်။

၂။ *သံဃဘေဒကရ ရဟန်းအား သံဃာတော်တို့က ဆိုဆုံးမ အပ်သောပါဠ်ကား-"မာယသ္မာ သမဂ္ဂဿ သံဃဿ ဘေဒါယ ပရက္ကမိ၊ ဘေဒနသံဝတ္တနိကံ ဝါ အဓိကရဏံ သမာဒါယ ပဂ္ဂယှ အဋ္ဌာသိ သမေတာယသ္မာ သံဃေန၊ သမဂ္ဂေါ ဟိ သံဃော သမ္မောဒမာနော အဝိဝဒမာနော ဧကုဒ္ဒေသော ဖာသု ဝိဟရတိ"။

၃။ *ဦနပဉ္စဗန္ဓနေန၊ ယုတ်သောငါးဖွဲ့ရှိသော။ ပတ္တေန၊ သပိတ်ဖြင့်။ ယေ ဘိက္ခူ၊ မှတ်အပ်သော။ ယောပနဘိက္ခု၊ အကြင်ရဟန်းသည်။ တနည်း-ယောပနဘိက္ခု၊ သည်။ ဦနပဉ္စဗန္ဓနေနပတ္တေန-ဦနပဉ္စဗန္ဓနပတ္တော ဟုတ္တွာ၊ ယုတ်သောငါးဖွဲ့ရှိသောသပိတ်ရှိသည်ဖြစ်၍။ အညံ၊ တပါးသော။ နဝံ၊ အသစ်ဖြစ်သော။ ပတ္တံ၊ သပိတ်ကို။ စေတာပေယျ၊ တောင်းပြောအံ့။ နိဿဂ္ဂိယံ၊ စွန့်ခြင်းဝိနည်းကံရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ တေနဘိက္ခုနာ၊ ထိုရဟန်းသည်။ သောပတ္တော၊ ထိုတောင်းသောသပိတ်ကို။ ဘိက္ခုပရိသာယ၊ ရဟန်းပရိသတ်၌။ နိဿဇ္ဇိ တဗ္ဗော၊ စွန့်အပ်၏။ တဿာ ဘိက္ခုပရိသာယ၊ ထိုရဟန်းပရိသတ်၌။ ယော စ ပတ္တော၊ အကြင်သပိတ်သည်လျှင်။ ပတ္တပရိယန္တော၊ အယုတ်ဆုံး

သပိတ်တည်း။ သော ပတ္တပရိယန္တော၊ ထိုအယုတ်ဆုံးသပိတ်ကို။ တာဿ ဘိက္ခုနော၊ ထိုသပိတ်ကို တောင်းသော ရဟန်းအား။ ပဒါတဗ္ဗော၊ ပေးအပ်၏။ဘိက္ခု၊ ရဟန်း။ တေ-တယာ၊ သင်သည်။ အယံပတ္တော၊ ဤသပိတ်ကို။ ယာဝ ဘေဒနာယ၊ ကွဲသည်တိုင်အောင်။ ဓာရေတဗ္ဗော၊ ဆောင်ရမည်-ဆောင်လေ။ဣတိဝတွာ၊ ဤသို့ဆို၍။ ပဒါတဗ္ဗော၊ ပေးအပ်၏။အယံ၊ဤသို့ဆို၍ အယုတ်ဆုံးသပိတ်ကိုပေးခြင်းသည်။တတ္ထ၊ ထိုသပိတ်ကိုတောင်းသောရဟန်း သပိတ်ကိုစွန့်ရာ၌။ သာမိစိ၊ လောကုတ္တရာတရားအား လျော်သောကျင့်ဝတ်တည်း။

---

## ၁၃၁၆-ခုနှစ်၊ပထမငယ်
## ဘိက္ခုပါတိမောက်၊ ဒုတိယ မေးခွန်း အဖြေလွှာ

၁။ *ဝဂ်သံဃာသည် စတုဝဂ်သံဃာ,ပဉ္စဝဂ်သံဃာ,ဒသဝဂ်သံဃာ, ဝီသတိဝဂ်သံဃာ, အတိရေကဝီသတိဝဂ်သံဃာ-ဟူ၍ ၅ါးမျိုး။

စတုဝဂ်သံဃာ-ဥပသမ္ပဒကံ, ပဝါရဏာကံ, အဗ္ဘာနကံတို့ကိုထား၍ အားလုံးသော သံဃကံတို့ကို ပြုပ်ဆောင်ရွက်နိုင်သည်။

ပဉ္စဝဂ်သံဃာ-မဇ္ဈိမဒေသ၌ ဥပသမ္ပဒကံနှင့် အဘယ်အရပ်၌မဆို အဗ္ဘာနကံ၊ ဤကံ ၂-မျိုးမှ ကြွင်းသော ကံများကို ပြုပ်ဆောင်ရွက်နိုင်သည်။

ဒသဝဂ်သံဃာ-အဗ္ဘာနကံမှတပါး အခြားကံများကို ပြုပ်ဆောင်ရွက်နိုင်သည်။

ဝီသတိဝဂ်သံဃာ-သံဃကံ အားလုံးပြုပ် ဆောင်ရွက်နိုင်သည်။

အတိရေကဝီသတိ ဝဂ်သံဃာ-သံဃကံအားလုံး ပြုပ်နိုင်သည်။

[အားလုံးပေါင်း ဝဂ်သံဃာ ၅-မျိုး။]

၂။ * နဝံ ပန ဘိက္ခုနာ စီဝရလာဘေန(တိဏ္ဏံ ဒုဗ္ဗဏ္ဏကရဏာနံ အညတရံ ဒုဗ္ဗဏ္ဏကရဏံ အာဒါတဗ္ဗံ နီလံဝါ ကဒ္ဒမံဝါ ကာဠသာမံဝါ၊ အနာဒါ စေ ဘိက္ခု တိဏ္ဏံ ဒုဗ္ဗဏ္ဏ ကရဏာနံ အညတရံ ဒုဗ္ဗဏ္ဏကရဏံ နဝံ စီဝရံ ပရိဘုဉ္ဇေယျ၊) ပါစိတ္တိယံ။

၃။ * ယောပနဘိက္ခု၊ သည်။ အန္တရဃရံ၊ ရွာတွင်းသို့။ ပဝိဋ္ဌာယ၊ ဝင်သော။ ဘိက္ခုနိယာ၊ ရဟန်းမ၏။ ဟတ္ထတော၊ လက်မှ။ ခါဒနီယံဝါ၊

ခဲဘွယ်ကိုင်ရင်း။ ဘောဇနီယံဝါ၊ ဘောဇဉ်ကိုင်ရင်း။ သဟတ္ထာ၊ မိမိလက်ဖြင့်။ ပဋိဂ္ဂဟေတွာ၊ ခံ၍။ ခါဒေယျဝါ၊ ခဲမူလည်းခဲအံ့။ ဘုဉ္ဇေယျဝါ၊ စားမူလည်း စားအံ့။ တေနဘိက္ခုနာ၊ ထိုရဟန်းသည်။ အာဝုသော၊ ငါ့ရှင်တို့။ ဂါရယှံ၊ ကဲ့ရဲ့အပ်သော။ အသပ္ပါယံ၊ မလျောက်ပတ်သော။ ပါဋိဒေသနီယံ၊ ပါဋိဒေသနီ အမည်ရှိသော။ ဓမ္မံ၊အာပတ်သို့။ အာပဇ္ဇိံ၊ ငါရောက်ပြီ။ တံ၊ ထိုပါဋိဒေသနီအာပတ်ကို။ ပဋိဒေသေမိ၊ ကြား၏။ ဣတိ၊ ဤသို့။ ပဋိဒေသေတဗ္ဗံ၊ ကြားအပ်၏။

---

## ၁၃၁၆-ခုနှစ်၊ ပထမငယ်
## ကဝ္ဗည်းသဒ္ဒါ၊ ပထမမေးခွန်း အဖြေလွှာ

၁။ * (က) သံ ရာဝေါ၊ ဝိ အဝိ အဂ္ဂ၊ ပတိ ဟညတိ။

(၁) နာယတိ-ဉာသဒ္ဒါတည်။ ဉာ၊ဉာသဒ္ဒါသည်။ ဉာဏေ၊ သိခြင်း၌။ ဝတ္တတိ၊ ဖြစ်၏။ ဉာကိုဓါတ်မှည့်၊ ဝတ္တမာနာ ပစ္စုပ္ပန္နေ-ဖြင့် တိဝိဘတ်သက်၊ ကိယာဒိတော နာ-ဖြင့် ဉာဓါတ်နောင် နာပစ္စည်းသက်၊ နာသဿ လောပေါ ယကာရတ္တံ-ဖြင့် ဉာဓါတ်နောင် နာပစ္စည်းကို ယပြု၊ ဉာဿ ဇာ ဇံနာ-ဖြင့် ဉာဓါတ်ကိုနာပြု၊ ပြီး၏။

ဂုဏဝန္တကို ဂုဏဝန္တုတည်၊ ယောဝိဘတ်သက်၊ န္တုဒွင်း ဥကြွင်း၊ န္တုဿန္တော ယောသုစ-၌ အန္တုသဒ္ဒါ ဖြင့် န္တုပစ္စည်း၏ အဝိတ် ဥ-ကို အ-ပြု၊ ယောဝိဘတ်ကိုလည်း ဣပြု၊ ချေ၊ ကာ၊ ပြီး၏။

၂။ * ကာလဘာဝေသုစ။ ။ကာလဘာဝေသုစ ကတ္တရိ ပယုဇ္ဇ-မာနေ သတ္တမီ ဝိဘတ္တိ ဟောတိ။ ပုဗ္ဗန္ဟသမယေ ဂတော၊ သာယ-န္ဟသမယေ အာဂတော၊ ဘိက္ခူသု ဘောဇိယမာနေသု ဂတော၊ ဘုတ္တေသု အာ တော၊ဂေါသု ဒုယှမာနာသု ဂတော၊ ဒုဒ္ဓါသု အာဂတော။

၃။ * ခေတုပ္ပစ္စယ ပိဘတ္တိဝဇ္ဇိတံ မဉ္ဇ လိင်္ဂ-ဟူသော ပရိဘာသာနှင့်အညီ ဓါတ်, ပစ္စည်း, ဝိဘတ်ရှိနေသောသဒ္ဒါသည် လိင်မမည်၊ အာ, ဤ, ဣ ဤ ဣတို့လိင်ပစ္စည်း သက်သောပုဒ်များလည်း လိင်မမည်သောကြောင့်(တတော စ ဝိဘတ္တိယော-သုတ်အရ) ဝိဘတ်မသက်နိုင်၊

ဝိဘတ်သက်နိုင်ရန် ၎င်းဣတ္ထိလိင်ပစ္စည်း သက်ထားသော ပုဒ်များကို နာမ်ငဲ့ရသည်။

အချုပ်။ ။ပစ္စည်း ဆုံးသောကြောင့် လိင်မမည်၊လိင်မမည်သောကြောင့် ဝိဘတ်မသက်နိုင်၊ ဝိဘတ်သက်နိုင်ရန် နာမ်ငဲ့ရသည်-ဟူ၍ အကျဉ်းရေးနိုင်၏။

---

## ၁၃၁၆-ခုနှစ်၊ပထမငယ်

## ကစ္စည်းသဒ္ဒါ၊ဒုတိယမေးခွန်း အဖြေလွှာ

၁။ * စဂ္ဂဟဏေန၊ စသဒ္ဒါဖြင့်။ ဣ-ဤ-ဧ ဩ-ဣစ္စေတေပစ္စယာ၊ ဣပစ္စည်း, ဤပစ္စည်း, ဧပစ္စည်း, ဩပစ္စည်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ နိဂ္ဂဟိတပုဗ္ဗဉ္စ၊ ရှေ့၌ နိဂ္ဂဟိတ်လာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ရုန္ဓိတိ၊ ရုန္ဓီတိ၊ ရုန္ဓေတိ၊ ရုန္ဓောတိ၊ ပိတ်ပင်၏။ သုမ္ဘောတိ၊ ပုတ်ခတ်၏။ပရိသုမ္ဘောတိ၊ အဘန်အလဲလဲပုတ်ခတ်၏။

| | | | | | |
|---|---|---|---|---|---|
| ၂။* (က) ဗဟုဗ္ဗီဟိ သမာသ် | (စ) | သက | ခတ် | တ-ပစ္စည်း | |
| (ခ) အဗျယီဘာဝ သမာသ် | (ဆ) | မဒ | ။ | ဏျ | ။ |
| (ဂ) အပစ္စတဒ္ဓိတ် | (ဇ) | ဥပုဗ္ဗ-ပဒ | ။ | တွာ | ။ |
| (ဃ) ဒိဗ္ဗတိ တဒ္ဓိတ် | (ဈ) | ဝါ | ။ | ယု | ။ |
| (င) ဝိသယ တဒ္ဓိတ် | (ည) | ယတ | ။ | ဏ | ။ |

၃။ * သာမူဟိကနာမ်,ပစ္စေကနာမ်, ဝိကပ္ပနာမ်, သံယောဂိကနာမ်, သမ္ဗန္ဓိကနာမ်, ပဋိပက္ခနာမ်။

စပ်ခြင်းကိုစွဲ၍ ဖြစ်သောနာမ်သည် သမ္ဗန္ဓိကနမ်မည်၏၊ ပြယုဂ်ကား-အာဒိစ္စော အစရှိသည်တည်း၊ ဤအာဒိစ္စော ဟူသောနာမ်သည် အဒိတိအမည်ရှိသောနတ်သမီးနှင့် စပ်ခြင်းကိုစွဲ၍ဖြစ်သောကြောင့် သမ္ဗန္ဓိကနာမ်မည်၏။

---

## ၁၃၁၆-ခုနှစ်၊ ပထမငယ်

## အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမ မေးခွန်း အဖြေလွှာ

၁။ * ရူပါဝစရပဉ္စမဈာန်စိတ် ၃-ခုတို့၌ ယှဉ်သောစေတသိက် ၃၅-ပါးတို့တွင် (က)အညသမာန်း-၁၃, သောဘဏသာဓာရဏ-၁၉, ပညိန္ဒြေ ၁-အားဖြင့် ၃၃-ပါးသောစေတသိက်တို့သည် နိယတယောဂီ။

(ခ) အပ္ပမညာစေတသိက် ၂-ပါးသည် အနိယတယောဂီ။

၂။ * ရူပါဝစရစိတ် ၁၅-ခုတို့တွင် ကုသိုလ်၅-နှင့် ကြိယာ-၅၊ ပေါင်း ၁၀-ပါးတို့သည် ဇောကိစ္စတပ်ကြ၍ မနောဒွါရ၌ဖြစ်ကြပါသည်။

ဝိပါက်စိတ် ၅-ခုသည် ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်၍ခြောက်ဒွါရမှ အမြဲလွတ်ပါသည်။

၃။ * ပဌမဈာန်ဝိပါက်သည် ပဌမဈာန်ဘုံ၌ တိဟိတ်ပုထုဇဉ်နှင့် အရိယာပုဂ္ဂိုလ် ၀-ယောက်၊ ပေါင်း ၉-ယောက်တို့၌ဖြစ်ပါသည်၊

ဒုတိယဈာန်ဝိပါက်နှင့် တတိယဈာန်ဝိပါက်သည် ဒုတိယဈာန်ဘုံ၌ တိဟိတ်ပုထုဇဉ်နှင့် အရိယာပုဂ္ဂိုလ် ၀-ယောက်၊ ပေါင်း ၉-ယောက် တို့၌ဖြစ်ပါသည်။

စတုတ္ထဈာန်ဝိပါက်သည် တတိယဈာန်ဘုံ၌ တိဟိတ်ပုထုဇဉ်နှင့် အရိယာပုဂ္ဂိုလ် ၀-ယောက်၊ ပေါင်း ၉-ယောက်တို့၌ဖြစ်ပါသည်။

ပဉ္စမဈာန်ဝိပါက်သည် စတုတ္ထဈာန်ဘုံ၌ တိဟိတ်ပုထုဇဉ်နှင့် အရိယာပုဂ္ဂိုလ် ၀-ယောက်၊ ပေါင်း ၉-ယောက်တို့၌ဖြစ်ပါသည်။

ဆောင်။ ။တိဟိတ်ရိယံ၊ ကိုးယောက်စံ၊ ဆယ်တန်ဖြာဟ္မာ့ရွာ။

---

## ၁၃၁၆-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထ သင်္ဂဟ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ * အာဒိကမ္မိကပုဂ္ဂိုလ်၏ ရှေးဦးစွာကျသော အပွဲနာဇော၌ ရူပါဝစရကုသိုလ်, ကြိယာဇောတို့ တကြိမ်သာစောသည်၊ ရူပကုသိုလ် ပဉ္စမဈာန်နှင့် ကြိယာပဉ္စမဈာန်တို့ အဘိညာကိစ္စတပ်၍ ဇောစော နိုက်၌ ဘယ်ခါမဆို တကြိမ်သာစောသည်၊ ဈာန်ကိုရပြီးသူတို့ ဈာန်ဝင်စားသော ဈာနသမာပတ္တိဝီထိ အခိုက်၌ မရေမတွက် နိုင်အောင် အကြိမ်များစွာစောသည်ဟု ဝီထိသင်္ဂဟဝယ် ဇဝန နိယမဝါရ၌ ပြဆိုပါသည်။

၂။ * ရူပါဝစရ ပဌမဈာန်ကိုရစေနိုင်, ဖြစ်စေနိုင်သော ကမ္မဋ္ဌာန်းတို့ကား-ကသိုဏ်း ၁၀-ပါး,အာနာပါနဿတိတပါး,အသုဘ၁၀-ပါး, ကာယဂတာသတိ တပါး, မေတ္တာ, ကရုဏာ, မုဒိတာ, ၃-ပါးအားဖြင့် ၂၅-ပါးတို့ဖြစ်ပါသည်။

၃။ * ကေဋ္ဌ ါရိက စိတ္တာနိ၊ ပဉ္စ ဆဋ္ဌါရိကာနိ စ။
ဆဋ္ဌါရိက ဝိမုတ္တာနိ၊ ဝိမုတ္တာနိ စ သဗ္ဗထာ။ ။
ဆတ္တိံသတိ တထာ တီဏိ၊ ကေတိံသ ယထာက္ကမံ။
ဒသဓာ နဝဓာ စေတိ၊ ပဉ္စဓာ ပရိဒီပယေ။
[ဤကား-ဒွါရသင်္ဂဟ၌ သင်္ဂဟဂါထာများတည်း။]

ဆဝတ္ထုံ နိဿိတာ ကာမေ၊ သတ္တရူပေ စတုဗ္ဗိဓာ။
တိဝတ္ထုံ နိဿိတာရုပ္ပေ၊ဓာတွေကာ နိဿိတာ မတာ။ ။
တေစတ္တာလီသ နိဿာယ၊ ဒွေစတ္တာလီသ ဇာယရေ။
နိဿာယ စ အနိဿာယ၊ ပါကာရုပ္ပါ အနိဿိတာ။ ။
[ဤကား-ဝတ္ထုသင်္ဂဟ၌ သင်္ဂဟဂါထာများတည်း။]

**မှတ်ချက်။** ။သင်္ဂဟဂါထာများဆိုသည်ကို သတိပြု၍မှား၍ တခုသာရေး တတ်သည်။

---

## ၁၃၁၆-ခုနှစ်၊ ပထမငယ်

### မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း အဖြေလွှာ

၁။ * မိစ္ဆတ္တတိက်၌ အနိယတာဓမ္မာ-ဟူသော တတိယပုဒ်၏ အရကား-နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့် ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု သတ္တမဇော၊ မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက, သံဃဘေဒကတည်း-ဟူသော ပဉ္စာနန္တရိယကံ၏အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေး သတ္တမဇောမှတပါး အကုသိုလ်ဒွါဒသ, လောကီကုသိုလ်သတ္တရသ, ဝိပါက်ဆတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏။

သစ္စာအားဖြင့် ၃-ပါးဟူသော်ကား-အကုသိုလ်ဒွါဒသ, လောကီကုသိုလ်သတ္တရသ, လောကီဝိပါက် ဗာတ္တိံသ, ကြိယာစိတ်ဝီသ, လောဘကြဉ်သော စေတသိက် ကေပညာသ, ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယ သစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှလွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါးဖြစ်သတည်း။

၂။ * အတီတာရမ္မဏ၏အရကား–အတိတ်ဖြစ်သော စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ခွေပညာသ, ရုပ်အဋ္ဌဝီသရ၏။

အနာဂတာရမ္မဏ၏ အရကား-အနာဂတ်ဖြစ်သော စိတ်တခုယုတ် ကိုးဆယ်,စေတသိက်ခွေပညာသ,ရုပ်အဋ္ဌဝီသရ၏။

ပစ္စုပ္ပန္နာရမ္မဏ၏အရကား- ပစ္စုပ္ပန်ဖြစ်သော စိတ်တခုယုတ်ကိုးဆယ်, စေတသိက် ခွေပညာသ,ရုပ်အဋ္ဌဝီသရ၏။

မဂ်စိတ္တုပ္ပါဒ် ၂၀-ခု, ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဝါ-သစ္စာဝိမုတ်မည်၏။

၃။ * (၁) အာသဝ၏ အာရုံဖြစ်သောတရားကား- လောကီစိတ် ကောသီတိ,စေတသိက်ခွေပညာသ, ရုပ်အဋ္ဌဝီသတို့တည်း။

(၂) အာရုံမဟုတ်သော တရားကား- လောကုတ္တရာစိတ် ၈ ခု, စေတသိက် ဆတ္တိံသ, နိဗ္ဗာန်တို့တည်း။

လောကီစိတ် ကောသီတိသည် ဝိညာဏက္ခန္ဓာ,မနာယတန,ဓာတ်အားဖြင့် ၇-ပါးဖြစ်သတည်း။

ဓာတ်အားဖြင့် ၇-ပါးဟူသော်ကား–

စက္ခုဝိညာဏ် ခွေးသည် စက္ခုဝိညာဏ ဓာတ်မည်၏။
သောတဝိညာဏ်ခွေးသည် သောတဝိညာဏ ဓာတ်မည်၏။
ဃာနဝိညာဏ်ခွေးသည် ဃာနဝိညာဏ ဓာတ်မည်၏။
ဇိဝှါဝိညာဏ်ခွေးသည် ဇိဝှါဝိညာဏ ဓာတ်မည်၏။
ကာယဝိညာဏ်ခွေးသည် ကာယဝိညာဏဓာတ်မည်၏။
ကြွင်းသောလောကီစိတ် ၆၈-ပါးသည် မနောဝိညာဏဓာတ်မည်၏။
ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းခွေးသည် မနောဓာတ်မည်၏။
ဤသို့လျှင် ဓာတ်အားဖြင့် ၇-ပါးဖြစ်သတည်း။

[ဤဖွဲ့နည်းကား ဒုကမာတိကာ စိတ္တာရမ္မဏကိုနည်းမှီး၍ ဖွဲ့ခြင်း ဖြစ်၏။]

---

## ၁၃၁၆-ခုနှစ်၊ ပထမငယ်

## မာတိကာ ဓာတုကထာ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *(က) ဒိဋ္ဌ-နှ၏၊ (ခ) လောကီစိတ် ကောသီတိ,စေတသိက် ခွေးပညာသ, ရုပ်အဋ္ဌဝီသ၊ (ဂ) လောကုတ္တရာစိတ် ၈-ခု, စေတသိက် ဆတ္တိံသ, နိဗ္ဗာန်ရ၏။

၂။ *ထိုဒုတိယ နယနိဒ္ဒေသသည်လည်း(အဇ္ဈတ္တရမာတိကာနိဒ္ဒေသ, ဗာဟိရမာတိကာနိဒ္ဒေသအားဖြင့် ၂-ပါးအပြားရှိ၏၊ ထို ၂-ပါးတို့တွင် အဇ္ဈတ္တရမာတိကာနိဒ္ဒေသကို ရှေးဦးစွာဟောတော်မူ၏၊ ထိုအဇ္ဈတ္တရမာတိကာနိဒ္ဒေသသည်လည်း အာယတနနိဒ္ဒေသ,ဓာတုနိဒ္ဒေသ, ဣန္ဒြိယနိဒ္ဒေသ,ပဋိစ္စသမုပ္ပါဒနိဒ္ဒေသအားဖြင့် ၄-ပါးအပြားရှိ၏၊ ထို၄-ပါးတို့တွင် အာယတနနိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုအာယတနနိဒ္ဒေသသည်လည်း စက္ခာယတနနိဒ္ဒေသ, သောတာယတနနိဒ္ဒေသ။ပ။ ဖောဋ္ဌဗ္ဗာယတနနိဒ္ဒေသအားဖြင့် ၁၀-ပါးအပြားရှိ၏၊ ထိုတွင် စက္ခာယတနနိဒ္ဒေသကို ရှေးဦးစွာဟောတော်မူ၏၊ ဟောဟန်ကား)စက္ခာယ-တနေန ယေဓမ္မာ။

ယေဓမ္မာ၊ အကြင်စက္ခာယတနကြဉ်သော ရုပ်သတ္တဝိသတို့ကို။

၃။ *ယေဓမ္မာ၊ အကြင်သြဠာရိကရုပ်ဒွါဒသ, ဝိညာဏက္ခန္ဓာတို့ကို။ [ဤကား-ပဌမ ယေ၏ အစွဲတည်း။]

ယေဓမ္မာ၊ အကြင်ဝေဒနာ,သညာ,သင်္ခါရ,နိဗ္ဗာန်တို့ကို။[ဤကား-ဒုတိယ ယေ၏အစွဲတည်း။]

[ဘာသာပြန် အဖြေလွယ်ပြီ။]





# မေးခွန်းပုစ္ဆာများ

## ၁၃၁၇-ခုနှစ်

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက်(ဝိနယ)၊ပထမမေးခွန်း**

၁၃၁၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇-ရက်၊ (၂-၄-၅၆)တနင်္လာနေ့။

၁။ မိမိကိုယ်ကို အရိယာရဟန္တာဟု ထင်မှတ်အောင် ပရိယာယ်ဖြင့် တရားဟောပြော၏၊ တရားနာသူတို့ကလည်း ဟောသည့်အတိုင်းပင် အရိယာရဟန္တာဟု ထင်မှတ်ကုန်၏၊ ထိုရဟန်းအား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်သင့်ပါသနည်း။ (၁၀)

၂။ ဥက္ကလောမဝင် တတိယသိက္ခာပုဒ် ပါဠိတော်မျှကိုရေးခဲ့ပါ။ (၁၀)

၃။ ဒသာဟာနာဂတံ (ပ) ပါစိတ္တိယံ။ ဤသိက္ခာပုဒ်ကို အနက်ယောဇနာခဲ့ပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ဘိက္ခုပါတိမောက်(ဝိနယ)၊ဒုတိယမေးခွန်း**

၁၃၁၇-ခုနှစ်၊တပေါင်းလပြည့်ကျော် ၇-ရက်၊ (၂-၄-၅၆)တနင်္လာနေ့။

၁။ သမ္မုတိမရသောရဟန်းသည် နေဝင်သောအခါ ဘိက္ခုနီကျောင်းသို့သွား၍ အဂိလာနဘိက္ခုနီအား ဂရုဓမ်တရားရှစ်ပါးဖြင့် ဟောကြားဆုံးမ၏၊ ထိုရဟန်းအား အဘယ်သိက္ခာပုဒ်ဖြင့် အဘယ်အာပတ်သင့်သနည်း။ (၁၀)

၂။ ယော ပန ဘိက္ခု ရတနံဝါ (ပ) အယံ တတ္ထ သာမိစိ။ ဤဥဒ္ဒေသကိုဖေါ်ထုတ်ခဲ့ပါ။ (၁၀)

၃။ ပါဋိဒေသနီ ပဌမသိက္ခာပုဒ်ကို အနက်ယောဇနာခဲ့ပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း**

၁၃၁၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် ဂ-ရက်၊ (၃-၄-၅၆) အင်္ဂါနေ့။

၁။ အောက်ပါ (က (ခ) အမှတ်ပြပုဒ်တို့ကို ယထာရဟအားဖြင့် ပုဒ်ဖြတ်၍၊တုမှ နံ့,ကိစ္စံတို့ကို အစဉ်အတိုင်းနာမ်,ကိတ်ရုပ်အကျဉ်းထွက်ခဲ့ပါ။ (၁၀)

(က) စိရပ္ပဝါသိံ

(ခ) အနန္တရိယံ

၂။ သရာပကတိဗျဥ္စနေ-သုတ်၌ ''ပကတိရူပ''အမိပ္ပါယကို ပြပြီးလျှင်၊ ကွစိသြဗျဥ္စနေ-သုတ်အရ မည်သည့်သဒ္ဒါတို့ နောင်''သြ''အက္ခရာလာမည်နည်း၊ ''ရူပသိဒ္ဓိ''ကျမ်းရှိအရ ထုတ်ဆောင်၍ပြခဲ့ပါ။(၁၀)

၃။ ကာ ပ္ပစ္စေသုစ-သုတ်ကို ဝုတ္တိ,ဥဒါဟရဏ်ကုန်စုံအောင် ပါဠိမှုသာ ထုတ်ဖေါ်ရေးသားခဲ့ပါ၊ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း

၁၃၁၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် ဂ-ရက်၊ (၃-၄-၅၆) အင်္ဂါနေ့။

၁။ အောက်ပါ ပါဠိဂါထာကို ပြည့်စုံစွာအနက်မြန်မာပြန်ဆိုပါ။(၁၀)
နဂုဒ္ဓိ နိလပိတာဒေါ၊ ပစ္စယေ သ ဏကာရကေ။
ဖကာရော ဗုဿ သဒ္ဒဿ၊ သိရောတိ သိရသံ ဝဒေ။ ။

၂။ အစ္စန္တသံယောဂအမိပ္ပါယ်ကို ရေးပြီးလျှင်၊ အသဗ္ဗဓာတုကေဘူ-ဟူသောသုတ်၌ အသဗ္ဗဓာတ်အရ ဝိဘတ်ဟူသမျှတို့ကို အကျဉ်းချုပ်ခါ ထုတ်ပြပါ။ (၁၀)

၃။ အောက်ပါပေယျာသကို အကြွင်းအကျန်မရှိအောင် ထုတ်ဆောင်ရေးသားခဲ့ပါ။ (၁၀)
ကွစာသဝဏ္ဏံ လုတ္တေ-ဟူသောသုတ်ဖြင့် အသဝဏ်ပြုအပ်သော သရတို့သည် (ပ)ဖြစ်သတည်း။

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း

၁၃၁၇-ခုနှစ်၊တပေါင်းလပြည့်ကျော် ၉-ရက်၊ (၄-၄-၅၆) ဗုဒ္ဓဟူးနေ့။

၁။ မနောဒွါရာဝဇ္ဇန်းစိတ်သည် အဘယ်ကိစ္စတင်၍ အဘယ်ဒွါရ၌ဖြစ်သောအခါ အဘယ်ကို အာရုံပြုပါသနည်း။ (၁၀)

၂။ ဆဓာ ဝိသယပ္ပဝတ္တိစေတိ ဝီထိသင်္ဂဟေ ဆဆက္ကာနိ ဝေဒိတဗ္ဗာနိ-၌ ဆဓာဝိသယပ္ပဝတ္တိသရုပ်ကိုထုတ်ပြပါ။ (၁၀)

၃။ ဣမာနိ အဋ္ဌဝိ ကုသလဝိပါကာဟေတုကစိတ္တာနိနာမ-ဟူသောပါဠ်၌ အဘယ့်ကြောင့် ''အဟေတုက'' သဒ္ဒါကို ထည့်စွက်၍ ဆိုရပါသနည်း။ (၁၀)

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း**

၁၃၁၇–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉-ရက်၊(၄–၄–၅၆)ဗုဒ္ဓဟူးနေ့။

၁၊ ဝိရတီ ဉာဏဝိတိစ၊ပရိတ္တေသု ဝိသေသကာ–ဟူသော ပါဌ်၏အနက်ကို ရေးခဲ့ပါ။ (၁၀)

၂။ သောမနဿ သဟဂုတ်စိတ်တို့ကို ပြဆိုရာသင်္ဂဟပါဌ်ကိုရေးခဲ့ပါ။ (၁၀)

၃။ ရဟန္တာ ပုဂ္ဂိုလ်တို့၌ ဖြစ်ကောင်းသော ဝိထိစိတ်နှင့် ဝိထိမုတ်စိတ်များကို ခွဲခြား၍ ကောက်ပြခဲ့ပါ၊ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း**

၁၃၁၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀–ရက်၊(၅–၄–၅၆) ကြာသပတေးနေ့။

၁။ ဒေဝပုတ္တမာရ်ကို အောင်တော်မူပြီးနောက် အဘယ်အခါသမယ၌ ဝိမ္ဗစက္ခုစသော ဝိဇ္ဇာသုံးပါးကို ရတော်မူပါသနည်း။ (၁၀)

၂။ အာစယဂါမိတိက် ဒုတိယပဒ အရကောက်ပြီးလျှင်၊ခန္ဓာ, အာယတန, ဓာတ်, သစ္စာ အရေအတွက်မျှကိုသာ ပြခဲ့ပါ။ (၁၀)

၃။ လောကိယဒုက် ၂–ပဒလုံးအရကောက်ပြီးလျှင် လောကိယ မည်ခြင်းအကြောင်းပြခဲ့ပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ ဒုတိယမေးခွန်း**

၁၃၁၇–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀–ရက်၊(၅–၄–၅၆) ကြာသပတေးနေ့။

၁။ ကေနစိဝိညေယျာ ဓမ္မာ-ဟူသောပုဒ်အရ ဝိသေသအားဖြင့် ၂-နည်းအောက်မယုတ် ကောက်ပြီးလျှင်၊ ပဌမနည်း၌ ပဌမပုဒ်အရ ခန္ဓာ, အာယတန, ဓာတ်, သစ္စာဖွဲ့ပြပါ။ (၁၀)

၂၊ တတိယနယ နိဒ္ဒေသ အောက်ပါပေယျာလကို ဖေါ်ပြ၍၊ ဝေဒနာ၏ သဘောလက္ခဏာကို အဓိပ္ပါယ် ပေါ်လွင်အောင် ပြခဲ့ပါ။ (၁၀)

ထိုခန္ဓာဒိနိဒ္ဒေသသည်လည်း (လ) ဝေဒနာက္ခန္ဓေန ယေဓမ္မာ။

၃။ စတုတ္ထနယသမုဒယသဒ္ဒ နိဒ္ဒေသပါဠိတော်၌ ပဌမ ယေဝမွာ,ဒုတိယ ယေဝမွာ ၂–ပုဒ်ကိုသာ အစွဲမှန်အောင် အနက်သမ္ဗန်ပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ
### ပထမငယ်၊ ဘာသာပြန်၊ ပထမမေးခွန်း

၁၃၁၇–ခုနှစ်၊တပေါင်းလပြည့်ကျော် ၁၁–ရက်၊(၆-၄-၅၆) သောကြာနေ့။

၁။ အောက်ပါ ပါဠိတို့ကို မြန်မာပြန်ဆိုပါ။ (၁၁)

(က) ဇာနာသိ တွံ ပဏ္ဍိတ အသုကေဟိနာမ ရထစမ္မံ ခါဒိတံ၊

( ခ ) ဝိတာ ဝိတာ သုနခါ သဒ္ဒိံ စမ္မေဟိ ဝမိံသု။

( ဂ ) ကုက္ကုရောဝါဒေါ ဥါဒသဝဿသဟဿာနိ ပဝတ္တတိ၊

(ဃ) မောဓိသတ္တောပိ ယာဝတာယုကံ ဌတွာ ယထာကမ္မံ ဂတော။

( င ) အဝသေသာ ပရိသာ ဗုဒ္ဓပရိသာ၊ ကုက္ကုရပဏ္ဍိတော ပနာ ဟမေဝ။

၂။ အောက်ပါ မြန်မာဘာသာတို့ကို ပါဠိပြန်ဆိုပါ။ (၁၅)

(က) လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု လတ်သော် ဘုရားလောင်းသည် ဂေါဇာနီယသိန္ဓောမျိုး၌ ဖြစ်လျက် ခပ်သိမ်းသောတန်းဆာတို့ဖြင့် ပြည့်စုံသော ဗာရာ သီမင်း၏ မင်္ဂလာမြင်းတော်ဖြစ်ဘူးပြီ။

( ခ ) တရံရောအခါ ခုနစ်ပြည်ထောင်သောမင်းတို့သည် ဗာရာ ဏသီပြည်ကိုရံ၍ ငါတို့အား မင်းအဖြစ်ကိုတည်းပေးအံ့လော၊ စစ်ထိုးခြင်းကိုတည်းပေးအံ့လောဟု ဗာရာဏသီမင်းအား မှာ စာပေးပို့ကုန်ပြီ။

( ဂ ) အရှင်မင်းကြီး…အရှင်မင်းကြီးတို့သည် လက်ဦးစွာအစဉ်သာ လျှင် စစ်ထိုးခြင်းငှါ မသွားအပ်၊ ဤအမည်ရှိသောမြင်းစီးသူရဲ ကိုစေ၍ စစ်ထိုးခြင်းကိုပြုကုန်လော့၊ ထိုမြင်းစီးသူရဲမဘတ်နိုင် သည်ရှိသော် နောက်မှသိရကုန်လတ္တံ့။

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ
### ပထမငယ်၊ ဘာသာပြန်၊ ဒုတိယမေးခွန်း

၁၃၁၇-ခုနှစ်၊ တပေါင်းလပြည့်ကျော်၁၁-ရက်၊(၆-၄-၅၆)သောကြာနေ့။

၁။ အောက်ပါ ပါဠိတို့ကို မြန်မာပြန်ဆိုပါ။ (၁၈)

(က) အာသယာနုသယဉာဏံ ဟိ ဗုဒ္ဓါနံ ယေဝ ဟောတိ။

( ခ ) အဟံ ဘန္တေ ဇမယာ ကမ္မဋ္ဌာနံ အဒါသိ၊

(ဂ) သာရိပုတ္တံ ကတရံ ပန တေ ကမ္မဋ္ဌာနံ သဒ္ဓိဝိဟာရိကဿ ဒိန္နံ။
(ဃ) သော ဘိက္ခု တံ ပုပ္ဖံ ပုနပ္ပုနံ ဩလောကေတိ။
(င) ဇာဒိ ပဒုမပုပ္ဖံ ဇာဒါနေဝ အဘိရူပံ ဟောတိ ဒဿနီယံ။

၂။ အောက်ပါ မြန်မာဘာသာတို့ကို ပါဠိပြန်ဆိုပါ။ (၁၅)

(က) မြတ်စွာဘုရားက ထိုရဟန်း၏စိတ်ကား ဝိပဿနာသို့ တက်ပြီဟု သိတော်မူ၍ ဂန္ဓကုဋိ၌ နေထိုင်တော်မူလျက်သာလျှင် ရောင်ခြည်တော် ပျံ့နှံ့စေ၍ ဤဂါထာကိုဆိုပြီ။

(ခ) မခထေရ်သည်လည်း လာလတ်၍ မြတ်စွာဘုရားကို ရှိခိုး၍ မိမိ၏အတူနေ တပည့်ကို ခေါ်၍သွား၏၊ ဤအကြောင်းသည် ရဟန်းတို့အတွင်း ထင်ရှားသည်ဖြစ်၏။

(ဂ) မင်းက ဘုရားလောင်းကို ''သုခမိန်....သွားချေ၊ အဘယ်အကြောင်းကြောင့် မြင်းသည် မြစ်ဆိပ်သို့ ချအပ်သည်ရှိသော် မဆင်းသနည်းဟု သိပါလေလော့''ဟု စေခိုင်း၏။



# မေးခွန်းအဖြေများ

## ၁၃၁၇-ခုနှစ်၊ ပထမငယ်
## ဘိက္ခုပါတိမောက်ပထမမေးခွန်း အဖြေလွှာ

၁။ *ပရိယာယ်ဖြင့် ပြောဟောသောကြောင့် ထုလ္လစ္စည်းအာပတ်သင့်ပါသည်။

[တိုက်ရိုက်ပြောလျှင်အတ္တူပဒေသ၊ သွယ်ဝိုက်ပြောလျှင်အညာပဒေသဟု အတိအကျမှတ်။

သစေ ပန ယော တေ ဝိဟာရေ ဝသတိ၊ သော ဘိက္ခု ပဉ္စမံ ဈာနံ သမာပဇ္ဇတိ အာဒိနာနယေန အညာပဒေသေန အာရောစေန္တဿ ဇာနာတိ၊ ထုလ္လစ္စယံ။ ။ကင်္ခါအဋ္ဌကထာ။ ။"အဟန္တိ"အဝုတ္တတ္တာ ပါရာဇိကံ နတ္ထိ၊ အတ္တုပနာယိကမေဝ ဟိ သမုဒါစရန္တဿ ပါရာဇိကံ ဝုတ္တံ။ ။ပါရာဇိကဏ်အဋ္ဌကထာ။]

၂။ *နဝံ ပန ဘိက္ခုနာ သန္ထတံ ကာရယမာနေန ဒွေဘာဂါ သုဒ္ဓကာဠကာနံ ဧဠကလောမာနံ အာဒါတဗ္ဗာ တတိယံ ဩဒါတာနံ စတုတ္ထံ ဂေါစရိယာနံ။ အနာဒါ စေ ဘိက္ခု ဒွေဘာဂေ သုဒ္ဓကာဠကာနံ ဧဠကလောမာနံ တတိယံ ဩဒါတာနံ စတုတ္ထံ ဂေါစရိယာနံ။ နဝံ သန္ထတံ ကာရာပေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။

၃။ *ဒသာဟာနာဂတံ၊ ဆယ်ရက်ဖြင့်မရောက်သေးသော။ ကတ္တိကတေမာသိကပုဏ္ဏမံ၊ သီတင်းကျွတ်လပြည့်တိုင်အောင်သောနေ့၌။ ဝါ၊ ကတ္တိကတေမာသိကပုဏ္ဏမံ၊ သီတင်းကျွတ်လပြည့်နေ့သို့။ ဒသာဟာနာဂတံ၊ ဆယ်ရက်ဖြင့်မရောက်သေးသော သီတင်းကျွတ်လဆန်းငါးရက်မှစ၍ဖြစ်သောနေ့၌။ ဘိက္ခုနော ပနေဝ၊ ရဟန်းအားသာလျှင်။ အစ္စေကစီဝရံ၊ အဆောတလျင်ရှောင်တခင်လှူအပ်သောသင်္ကန်းသည်။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ငြားအံ့။ အစ္စေကံ၊ အဆောတလျင် ရှောင်တခင်လှူအပ်သောသင်္ကန်းဟူ၍။ မညမာနေန၊ သိသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ပဋိဂ္ဂဟေတဗ္ဗံ၊ ခံယူအပ်၏။ ပဋိဂ္ဂဟေတွာ၊ ခံယူပြီး၍။ ယာဝစီဝရကာလသမယံ၊ သင်္ကန်းကာလဆုံးသည်တိုင်အောင်သောအခါပတ်လုံး။ နိက္ခိပိတဗ္ဗံ၊ ထားအပ်၏။ တတော၊ ထိုသင်္ကန်းကာလထက်။ ဥတ္တရိံ၊ အလွန်။ စေ နိက္ခိပေယျ၊

အကယ်၍ ထားငြားအံ့။ နိဿဂ္ဂိယံ၊ စွန့်ခြင်းဝိနည်းကံရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

---

### ၁၃၁၇-နှစ်၊ ပထမငယ်
### ဘိက္ခုပါတိမောက်၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *သမ္မုတိမရဘဲ ဂရုဓမ်ဖြင့် ဆုံးမခြင်းကြောင့် ဘိက္ခုနောဝါဒဝဂ် ပဌမသိက္ခာပုဒ်ဖြင့် ပါစိတ်တချက်၊ မနေဝင်သောအခါ၌ ဂရုဓမ်ဖြင့်ဆုံးမခြင်းကြောင့် ဘိက္ခုနောဝါဒဝဂ် ဒုတိယသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်တချက်၊ ဘိက္ခုနီကျောင်းသို့ကပ်၍ အဂီလာနဘိက္ခုနီအား ဂရုဓမ်ဖြင့် ဆုံးမခြင်းကြောင့် ဘိက္ခုနောဝါဒဝဂ် စတုတ္ထသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ် တချက်၊ ပေါင်း ပါစိတ်အာပတ် ၃-မျိုး၊ ဝါ-၃-ချက်သင့်ပါသည်။

[သတိပြုပါ၊ ရော၍မေးထားပါသည်၊ အဓိုက်ဘမ်းထားခြင်းတည်း။]

၂။ *ယော ပန ဘိက္ခု ရတနံ ဝါ (ရတနသမ္မတံ ဝါ အညတြ အဇ္ဈာရာမာ ဝါ အဇ္ဈာဝသထာ ဝါ ဥဂ္ဂဏှေယျ ဝါ ဥဂ္ဂဏှာပေယျ ဝါ ပါစိတ္တိယံ။ ရတနံ ဝါ ပန ဘိက္ခုနာ ရတနသမ္မတံ ဝါ အဇ္ဈာရာမေ ဝါ အဇ္ဈာဝသထေ ဝါ ဥဂ္ဂဟေတွာ ဝါ ဥဂ္ဂဟာပေတွာ ဝါ နိက္ခိပိတဗ္ဗံ ယဿ ဘဝိဿတိ၊ သော ဟရိဿတီတိ) အယံ တတ္ထ သာမိစိ။

၃။ *၁၃၁၆-ခုနှစ် ပထမငယ် ဘိက္ခုပါတိမောက် ဒုတိယမေးခွန်း တတိယ ပုစ္ဆာ၏ အဖြေမှန်၌ ရေးပြီးပြီ။

---

### ၁၃၁၇-ခုနှစ်၊ ပထမငယ်
### ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *(က) စိရံပဝါသိ ံ တနည်း– စိရမ္ပဝါသိ ံ။
(ခ) အနုအစ္ဆရိယံ တနည်း– အနုအစ္ဆရိယံ။

တုမှာနံ- တုမှတည်၊ ယောဝိဘတ်သက်၊ ဝါယောပ္ပဌမော-၌ ဝိကပ္ပနအနက်ရှိသော ဝါသဒ္ဒါဖြင့် ယောဝိဘတ်ကို အာနံပြု၊ မှခွင်း၊ ချေ၊ ကပ်၊ ပြီး၏။

ကိစ္စံ- ကရတည်၊ ကရ၊ ကရသဒ္ဒါသည်။ ကရဏော၊ ပြုခြင်းအနက်၌။ ဝတ္တတိ၊ ဖြစ်၏။ ဣတိအဘွေ၊ ဤသို့သော အနက်၌။ ကရကိုဓာတ်မှည့်၊

ရ-ခွင်း၊ ခါတုဿန္တော လောပေါနေကသရဿ- ဖြင့် ခါတွန်အကိုချေ၊ ကရမှာ ရိစ္စ-ဖြင့် ကရခါတ်နောင် ရိစ္စ ပစ္စည်းသက်၊ က-ခွင်း၊ ရမှိရန္တော ရာဒိနော-ဖြင့် ရ အနုဗန်ရှိသောပစ္စည်း နှောင်းသောကြောင့် ကအစိတ် အသရကိုချေ၊ ခါတွန် ရ-ကိုချေ၊ ရအနုဗန်ကိုလည်းချေ၊ ပစ္စည်းအစိတ် ဣစ္စ-ကြွင်းစေ၊ က ဣ-သို့ကပ်၊ တဒ္ဓိတ-နာမ်ငဲ့၊ သိသက်၊ အံပြု၊ ခွင်း၊ ချေ၊ ကပ်၊ ပြီး၏။

၂။ *များသောအားဖြင့် ဒီဃပြုခြင်း, ရဿပြုခြင်း, ချေခြင်းတို့ဖြင့် ဘောက်ပြန်မှုမရှိခြင်းသည် ပကတိရူပ အဓိပ္ပါယ ဖြစ်ပါသည်။

[ယေဘုယျေန ဒီဃရဿ လောပေဟိ ဝိကာရာဘာဝေါ။ ။ရူပသိဒ္ဓိ။]

အတိပ္ပနှင့် ပရသဒ္ဒါတို့နောင်မှာသာ ဩအက္ခရာ လာပါသည်။

၃။ *ကာပ္ပတ္တေသုစ။ ။ကုဋ္ဌဓ္ဓေတဿ ကာ ဟောတိ အပ္ပတ္တေသုစ။ ကာလဝဏံ၊ ကာပုပ္ဖံ။ ဗဟုဝစနဂ္ဂဟဏံ ကိမတ္ထံ၊ ကုဋ္ဌဓ္ဓေတဿ အနပ္ပ ကတ္တေသုပိ ကွစိ ကာ ဟောတိ။ ကာပုရိသာ။

---

**၁၃၁၇-ခုနှစ်၊ ပထမငယ်**
**ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း အဖြေလွှာ**

၁။ *၁၃၀၉-ခု ကစ္စည်းသဒ္ဒါ ဒုတိယမေးခွန်း ၂-နံပါတ်အဖြေ၌ ဂှင်းဂါထာ၏အနက်ကို ရေးပြီးပြီ။

၂။ *ကာလ,အခွန့်တို့၏ ဒြဗ်, ဂုဏ်, ကြိယာတို့နှင့် မပြတ်ယှဉ်ခြင်းသည် အစ္စန္တသံယောဂမည်၏။

ပရောက္ခာ, အဇ္ဇတ္တနီ, ဘဝိဿန္တိ, ကာလာတိပတ္တိ၊ ဤဝိဘတ် လေးသွယ်တို့သည် အသဗ္ဗခါတ်အရ ဝိဘတ် များတည်း။

[ဟိယျတ္တနီ, သတ္တမီ, ပဉ္စမီ, ဝတ္တမာနာ သဗ္ဗခါတုကံ- သုတ်ကိုသတိပြု။]

၃။ *ကွစာသဝဏ္ဏံ လုတ္တေ-ဟူသောသုတ်ဖြင့် အသဝဏ်ပြုအပ်သော သရတို့သည် (လေးလုံးတို့တည်း၊ လေးလုံး ဟူသော်ကား အ-ကျေရာ၌ နှစ်လုံး, အာ ကျေရာ၌ နှစ်လုံး၊ ဤသို့လျှင် လေးလုံးဖြစ်သတည်း၊ အ-ကျေရာ၌ နှစ်လုံးဟူသော်ကား ဣ-အသဝဏ် ပြုအပ်သော ဧသရတလုံး, ဥ- အသဝဏ် ပြုအပ်သော ဩသရတလုံး၊ ဤသို့ နှစ်လုံး ဖြစ်သတည်း။

အာ-ကျေရာ၌ နှစ်လုံးဟူသော်ကား ဩ-အသဝဏ် ပြုအပ်သော ဥ-သရ တလုံး,ဧ-အသဝဏ်ပြုအပ်သော ဣ-သရတလုံး၊ဤသို့ နှစ်လုံးဖြစ်သတည်း၊ ဤသို့လျှင် လေးလုံး) ဖြစ်သတည်း။

---

## ၁၃၁၇-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *မနောဒွါရာဝဇ္ဇန်း စိတ်သည် ဝုဋ္ဌောကိစ္စတပ်၍ ပဉ္စဒွါရ၌ဖြစ်သော အခါ ပစ္စုပ္ပန်ဖြစ်သော ပဉ္စာရုံကို၊ ဝါ- ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံကို အာရုံပြုသည်။

အာဝဇ္ဇန်းကိစ္စတပ်၍ မနောဒွါရ၌ဖြစ်သောအခါ ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလဝိမုတ် ဖြစ်သော အာရုံ ၆-ပါးကို ထိုက်သည့် အားလျော်စွာ အာရုံပြုသည်။

၂။ *ပဉ္စဒွါရ၌ အတိမဟန္တာရုံ,မဟန္တာရုံ,ပရိတ္တာရုံ,အတိပရိတ္တာရုံ အားဖြင့် လေးပါး၊ မနောဒွါရ၌ ဝိဘူတာရုံ,အဝိဘူတာရုံအားဖြင့် ၂-ပါး၊ ပေါင်း ၆-ပါးသည် ဆဝိသယပဝတ္တိ၏ သရုပ်ဖြစ်ပါသည်။

၃။ * ကုသလဝိပါက်သည် အဟိတ်, သဟိတ်ဟူ၍ နှစ်မျိုးရှိသည်၊ အဟေတုကသဒ္ဒါမပါလျှင် ဤစိတ်သည် အဟိတ်လော, သဟိတ်လောဟု တွေးတောယုံမှား လျှဉ်းပါးစရာ ဖြစ်နေသည်၊ သို့ဖြစ်၍ သဟိတ်မဟုတ်, အဟိတ်ဟုသိစေခြင်းငှါ၊ ဝါ-သဟိတ်ဝိပါက်ကို စင်စေခြင်းငှါ အဟေတုကသဒ္ဒါကိုထည့်စွက်၍ ဆိုပါသည်။

---

## ၁၃၁၇-ခုနှစ်၊ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ * ပရိတ္တေသု၊ကာမာဝစရသောဘဏစိတ် နှစ်ဆယ့်လေးခုတို့၌။ အပ္ပမညာစ၊ အပ္ပမညာစေတသိက်တို့သည်၎င်း။ ဝိရတီဉာဏပီတိစ၊ ဝိရတီစေတသိက်သုံးခု,ပညိန္ဒြေ, ပီတိစေတသိက်တို့သည်၎င်း။ ဝိသေသကာ၊ အထူးကို ပြုတတ်ကုန်၏။

**မှတ်ချက်။** ။ဤ၌ဝိရတီဉာဏပီတိစ-၌ စသဒ္ဒါဖြင့် ဆည်းသော နောက် ဝါကျရှိ အပ္ပမညာစ-ကို ပါ-မပါစောင့်ဘမ်းခြင်းဖြစ်သည်။ ၎င်းမပါလျှင် အမှတ်မရနိုင်တော့ပေ။

၂။ * သောမနဿသဟဂတစိတ္တာနိ ပန လောဘမူလာနိ စတ္တာရိ ဒွါဒသ ကာမာဝစရသောဘဏာနိ သုခသန္တီရဏ ဟသနာနိ စ ဒွေတိ အဋ္ဌာရသကာမာဝစရ သောဘဏစိတ္တာနိစေဝ ပဌမ ဒုတိယ တတိယ စတုတ္ထဇ္ဈာနသင်္ခါတာနိ စတုစတ္တာလီသ မဟဂ္ဂတ လောကုတ္တရ စိတ္တာနိ စေတိ ဒွါသဋ္ဌိ ဝိဓာနိ ဘဝန္တိ။

[သောမနဿ သဟ ဂုတ်စိတ်တို့ကို ပြသောပါဠိ၊ ပကိဏ်းပိုင်းဝေဒနာ သင်္ဂဟ]

၃။ * ကာမဘုံ၌ဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့၌ ဖြစ်ကောင်းသော ဝီထိစိတ်များကား- ကာမဝိပါက် ၂၃-ပါး, ကြိယာ- ၂၀, အရဟတ္တဖိုလ်စိတ်တပါးအားဖြင့် ၄၄-ပါး၊ ထိုကာမဘုံသား ရဟန္တာပုဂ္ဂိုလ်များ၌ ဖြစ်ကောင်းသော ဝီထိမုတ်စိတ်သက်သက်မရှိ။

ရူပ်ဘုံသား ရဟန္တာပုဂ္ဂိုလ်တို့၌ ဖြစ်ကောင်းသော ဝီထိစိတ်များကား-စက္ခုဝိညာဏ်ဒွေး, သောတဝိညာဏ်ဒွေး,သမ္ပဋိစ္ဆိုင်းဒွေး, သန္တီရဏ ၃-ပါး, ကြိယာ ၂၀, အရဟတ္တဖိုလ်စိတ်တပါး အားဖြင့် ၃၀-ပါး၊ ထိုရူပဘုံသားရဟန္တာများ၌ ဖြစ်ကောင်းသော ဝီထိမုတ်စိတ်များကား ရူပဝိပါက် ၅-ခုတည်း၊ ၎င်း၅-ခုသည် ပုဂ္ဂိုလ်အားလျော်စွာ တပါးစီဖြစ်၏။

အရူပဘုံသား ရဟန္တာပုဂ္ဂိုလ်တို့၌ ဖြစ်ကောင်းသော ဝီထိစိတ်များကား-မနောဒွါရာဝဇ္ဇန်း, မဟာကြိယာ ၈-ပါး, အရူပကြိယာ ၄-ပါး၊ အရဟတ္တဖိုလ်စိတ် တပါးအားဖြင့် ၁၄-ပါး၊ ထိုအရူပဘုံသား ရဟန္တာများ၌ ဖြစ်ကောင်းသော ဝီထိမုတ်စိတ်များကား- အရူပဝိပါက်စိတ် ၄-ခုတည်း၊ ၎င်းစိတ် ၄-ခုသည် ပုဂ္ဂိုလ်အားလျော်စွာ တပါးစီဖြစ်၏။

မှတ်ချက်။ ။ဤမေးခွန်းမလွယ်ပါ၊ရဟန္တာပုဂ္ဂိုလ်တို့၌-ဟု ခပ်ရိပ်ရိပ်မေးထားသည်။

---

## ၁၃၁၇-ခုနှစ်၊ ပထမငယ်

## မာတိကာနှင့် ဓာတုကထာ၊ပထမမေးခွန်း အဖြေလွှာ

၁။ * ပုရိမယာမ်၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, ပစ္ဆိမယာမ်၌ အာသဝက္ခယဉာဏ်ကို ရတော်မူသည်။

၂။ *အပစယဂါမိနောဓမ္မာ-ဟူသော ဒုတိယပုဒ်၏အရကား-မဂ်စိတ် ၄-ခု, စေတသိက်ဆတ္တိံသရ၏၊ ထိုတရားတို့သည် ခန္ဓာအားဖြင့် ၄-ပါး, အာယတနအားဖြင့် ၂-ပါး, ဓာတ်အားဖြင့် ၂-ပါး, သစ္စာအားဖြင့် ၁-ပါးဖြစ်ကုန်၏။

၃။ * လောကိယာဓမ္မာ-ဟူသောပဌမပုဒ်၏အရကား-လောကီစိတ် ကောသီတိ, စေတသိက်ခွေပညာသ, ရုပ်အဋ္ဌဝီသရ၏။

လောကုတ္တရာ ဓမ္မာ-ဟူသော ဒုတိယပုဒ်၏ အရကား-လောကုတ္တရာ စိတ် ၈-ခု, စေတသိက်ဆတ္တိံသ, နိဗ္ဗာန်ရ၏။

ပျက်တတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲဟုဆိုအပ်သော သင်္ခါရလောက၌ အကျုံးဝင်သည်၏အဖြစ်ဖြင့် ပျက်တတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲဟုဆို အပ်သော သင်္ခါရလောက၌ ယှဉ်သောကြောင့် လောကိယမည်ပါသည်။

**မှတ်ချက်။** ။လောကိယမည်ကြောင်းကို အနက်အတိုင်းဖြေပါ၊ သတိ မမူနိုင်ဘဲရှိတတ်၏။

---

## ၁၃၁၇-ခုနှစ်၊ ပထမငယ်
## မာတိကာနှင့်ဓာတုကထာ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *ဝိသေသအားဖြင့် ဧကနစိဝိညေယျာဓမ္မာ-ဟူသော ပဌမပုဒ်၏ အရကား–စက္ခုဝိညာဏ်သည် သိအပ်သောရူပါရုံရ၏၊ ထိုရူပါရုံသည် ရူပက္ခန္ဓာ, ရူပါယတန, ရူပဓာတ်, ဒုက္ခသစ္စာအားဖြင့်တပါးသာဖြစ် သတည်း။ [ဤကားပဌမနည်း။]

တနည်း-ဧကနစိဝိညေယျာဓမ္မာ-ဟူသောပဌမပုဒ်၏အရကား-သောတ ဝိညာဏ်သည်သိအပ်သော သဒ္ဒါရုံရ၏။ [ဤကားဒုတိယနည်း။]

၂။ * ထိုခန္ဓာဒိနိဒ္ဒေသသည်လည်း (ခန္ဓနိဒ္ဒေသ, သစ္စနိဒ္ဒေသ, ဣန္ဒြိယ,ပဋိစ္စသမုပ္ပါဒ,သတိပဋ္ဌာန, သမ္မပ္ပဓာန, ဈာန, အပ္ပမညာ,ပဉ္စိန္ဒြိ ယ,ဗလ, ဗောဇ္ဈင်, မဂ္ဂင်နိဒ္ဒေသအားဖြင့် ၁၂-ပါးအပြားရှိ၏၊ ထိုတွင် ခန္ဓနိဒ္ဒေသကို ရှေးဦးစွာဟောတော်မူ၏၊ထိုခန္ဓနိဒ္ဒေသသည်လည်း ဝေဒ နာက္ခန္ဓနိဒ္ဒေသ, သညာက္ခန္ဓနိဒ္ဒေသ, သင်္ခါရက္ခန္ဓနိဒ္ဒေသအားဖြင့် ၃-ပါး အပြားရှိ၏၊ ထို ၃-ပါးတို့တွင် ဝေဒနာက္ခန္ဓနိဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောဟန်ကား) ဝေဒနာက္ခန္ဓေန ယေ ဓမ္မာ။

အာရုံ၏အရသာကို (အစိုးတရ ဝိုင်ဝိုင်နှိုင်နှိုင်) ခံစားခြင်းသည် ဝေဒနာ၏ သဘောလက္ခဏာဖြစ်ပါသည်၊ ကောင်းမွန်သောဘောဇဉ်၏ အရသာကို မြိန်ရှက်စွာ သာယာခံစားသော ပြည့်ရှင်မင်းကဲ့သို့တည်း။

၃။ * ယေဓမ္မာ၊ အကြောင်းသမုဒယသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ ၄၉-ခု တို့ကို။ ယေဓမ္မာ၊ အကြောင်းသမုဒယ သစ္စာတို့ကို။

[ဘာသာပြန် အဖြေလွယ်ပြီ။]



# မေးခွန်း ပုစ္ဆာများ

## ၁၃၁၈-ခုနှစ်

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမယေ်၊ ဘိက္ခုပါတိမောက် (ဝိနယ)၊ ပထမမေးခွန်း**

၁၃၁၈–ခုနှစ်၊ နှောင်းတန်းခူးလဆန်း၂–ရက်၊ (၁–၄–၅၇) တနင်္လာနေ့။

၁။ သုဏာတု မေ ဘန္တေ သံဃော (ပ)ပါတိမောက္ခံ ဥဒ္ဒိသေယျ–၌ သံဃောအရ ဒက္ခိဏေယျသံဃာ, သမ္မုတိသံဃာ နှစ်မျိုးတို့တွင် အဘယ်သံဃာကို ယူရမည်ဟု ညွှန်ပြခဲ့ပါ။ (၁၀)

၂။ ကူးသန်းရောင်းဝယ်ရေးပြုလုပ်သောရဟန်းအား မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်သင့်သည်ဟု ဖေါ်ပြပါ။ (၁၀)

၃။ ဘူတဂါမဝဂ် နဝမသိက္ခာပုဒ်ကို ပါဠိသက်သက်မျှ ရေးပြပါ။(၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမယေ်၊ ဘိက္ခုပါတိမောက် (ဝိနယ)၊ဒုတိယမေးခွန်း**

၁၃၁၈–ခုနှစ်၊ နှောင်းတန်းခူးလဆန်း၂–ရက်၊ (၁–၄–၅၇) တနင်္လာနေ့။

၁။ ပါရာဇိက ဒုတိယသိက္ခာပုဒ်၌ အနုပညတ်ပါဠိရပ်တို့ကို ထုတ်ပြခဲ့ပါ။ (၁၀)

၂။ သိလျက် ကိုယ်,နှုတ်ဖြင့် သံဃာသို့ညွှတ်လေပြီးသော သံဃိကလာဘ်ကို(က)မိမိသို့ညွှတ်စေသောရဟန်းနှင့် (ခ)ပုဂ္ဂိုလ်သို့ ညွှတ်စေသောရဟန်းအား မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်သင့်ပါသနည်း။ (၁၀)

၃။ ရတနဝဂ် သူစိဃရသိက္ခာပုဒ်ကို အနက်ပေးပြပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမယေ်၊ ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း**

၁၃၁၈-ခုနှစ်၊ နှောင်းတန်းခူးလဆန်း၃–ရက်၊(၂–၄–၅၇) အင်္ဂါနေ့။

၁။ အောက်ပါ ပုဒ်တို့ကို ဖြစ်သင့်သလိုပုဒ်ဖြတ်,စပ်ပြီးလျှင်၊ယင်းပြယုဂ်နှင့်သက်ဆိုင်သော သုတ်များကိုလည်း ရေးပြခဲ့ပါ။ (၁၀)

(က) ကိန္နုမာဝ

(ခ) ပုပ္ဖံသာ

(ဂ) မနုညံ

(ဃ) ပါဠေဝ

(င) အဝနဒ္ဓေါ

၂။ တုမှသဒ္ဒါနောင် သိဝိဘတ်သက်၍ ပြီးနိုင်သမျှရုပ်စုကို ဖော်ပြပြီးလျှင်၊ ဒုဝိန္နံကို ရုပ်ကျဉ်းထွက်ခဲ့ပါ။ (၁၀)

၃။ ယဿ ဒါတုကာမော ရောစတေ ဓာရယ်တေ ဝါ တံ သမ္ပဒါနံ-ဟူသောသုတ်ကို ဗုတ္တိဖွင့်နှင့်အညီ အနက်ယောဇနာခဲ့ပါ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ဒုတိယမေးခွန်း

၁၃၁၈-ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၃-ရက်၊ (၂-၄-၅၇) အင်္ဂါနေ့။

၁။ အမိတဿနသရီရော-ဟူသောပုဒ်ကို စုံလင်အောင်သမာသ်တွဲစပ်ပြီးလျှင်၊ ဓုမာယိတတ္တံ, အာယသ္မာ,သင္ဃော ဟူသောပြယုဂ်တို့ကို မည်သည့်အနက်၌ မည်သည့်ပစ္စည်းများဖြစ်သည်ကိုခွဲခြားပြဆိုပါ။ (၁၀)

၂။ ပါဓာတ်နောင် သပစ္စည်း, တိဝိဘတ်၊ ဉာဓာတ်နောင်နာပစ္စည်း, တိဝိဘတ်သက်ပြီးလျှင် ပြီးနိုင်သောရုပ်စုံကိုဖော်ပြပါ။ (၁၀)

၃။ ဏျောဝစ-သုတ်၌ စသဒ္ဒါအကျိုးကို ပြယုဂ်စုံလင်အောင်ထုတ်ပြ၍၊ ကိစ္စပစ္စည်းများကိုလည်း ရေးခဲ့ပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း

၁၃၁၈-ခုနှစ်၊နှောင်းတန်းခူးလဆန်း ၄-ရက်၊ (၃-၄-၅၇) ဗုဒ္ဓဟူးနေ့။

၁။ စိတ်အကျယ် ၁၂၁-တွင် ဈာန်စိတ်ပေါင်းမည်မျှရှိပါသနည်း၊ ၎င်းတွင် ဒိတိယဟိတဈာန်စိတ်တို့၏ သင်္ချာမျှကိုလည်း ပြဆိုပါ။ (၁၀)

၂။ သဗ္ဗာကုသလယောဂိမဟုတ်သော အညသမာန်းစေတသိက်တို့တွင် စိတ်အများဆုံးယှဉ်သောစေတသိက်တခုကို ယှဉ်ရာစိတ်စုနှင့်တကွ ထုတ်ပြ၍၊ ဇော-၅၅,တဒါရုံ ၁၁-တို့၏သရုပ်ပြပါဠိတို့ကိုလည်း ရေးခဲ့ပါ။ (၁၀)

၃။ (က) ကုသိုလ်, အကုသိုလ်ဇော (ခ) ကြိယာဇော (ဂ) လောကုတ္တရာဇောတို့သည် မည်သည့်ပုဂ္ဂိုလ်များ၌ ဇောနိုင်ခွင့်ရှိပါသနည်း၊ ဒေါသမူလကြောင့်ဖြစ်သော အကုသိုလ်ကံတို့ကိုလည်း ကာယ,ဝစီ,မနောအားဖြင့်ခွဲခြားပြပါ။ (၁၀)

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊အဘိဓမ္မတ္ထသင်္ဂဟ၊ဒုယမေးခွန်း**

၁၃၁၈-ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၄-ရက်၊ (၃-၄-၅၇)ဗုဒ္ဓဟူးနေ့။

၁။ ဝိဘူတာရုံဝီထိ၌သာဖြစ်နိုင်၍ အဝိဘူတာရုံဝီထိ၌မဖြစ်နိုင်သော ဝီထိစိတ်ကိုပြဆိုပြီးလျှင်၊ ၎င်းစိတ်ဖြစ်နိုင်ရန် လိုအပ်သောအင်္ဂါစုကိုလည်း ဖော်ပြပါ။ (၁၀)

၂။ မဂ္ဂင်္ဂါနဝဝတ္ထုတော—၏သရုပ်ကိုထုတ်ပြ၍၊ (က) ခန္ဓဝိမုတ်တရားပြပါဠ်နှင့် (ခ) သစ္စဝိမုတ်တရားပြပါဠ်တို့ကိုလည်း အနက်ပေးပါ။ (၁၀)

၃။ (က) ရှာဝက်နှင့်တူသောစေတသိက် (ခ) ပိုးဖလံနှင့်တူသော စေတသိက်များကို တူပုံအခြင်းအရာနှင့်တကွ ပြဆိုပါ။ (၁၀)

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ မာတိကာနှင့်ဓာတုကထာ၊ ပထမမေးခွန်း**

၁၃၁၈—ခုနှစ်၊နှောင်းတန်းခူးလဆန်း ၅—ရက်၊(၄—၄-၅၇)

ကြာသပတေးနေ့။

၁။ ခန္ဓဝိမုတ်တရားကိုသစ္စာဖွဲ့၍, သစ္စာဝိမုတ်တရားများကို ခန္ဓာဖွဲ့ပြပြီးလျှင်၊ မဂ်လေးပါးတို့သည် ကေန်, အနေကန်ပယ်အပ်ကုန်သော အကုသိုလ်များကို ပါဠိတော်ထောက်၍ကောက်ပြပါ။ (၁၀)

၂။ ဝိတက်တိက် ဒုတိယပဒ၌ ရထိုက်သောတရားများကို မမှားအောင်ကောက်၍၊ အဇ္ဈတ္တာရမ္မဏတိက်၏ တိက်မုတ်ကိုလည်း ဖော်ထုတ်ခဲ့ပါ။ (၁၀)

၃။ ကိလေသာတရားကိုယ်၏သဘောသွားကို ထင်ရှားအောင် ရေးပြီးလျှင်၊ ယင်းကိလေသာ(၁၀)ပါးတို့ကိုသာ ကောက်ရသောဒုက်ပုဒ်တို့၏ အမည်တို့ကို ထုတ်နုတ်ဖော်ပြပါ။ (၁၀)

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊မာတိကာနှင့် ဓာတုကထာ၊ ဒုတိယမေးခွန်း**

၁၃၁၈—ခုနှစ်၊နှောင်းတန်းခူးလဆန်း ၅—ရက်၊(၄—၄—၅၇)

ကြာသပတေးနေ့။

၁။ အောက်ပါ ပုဒ်များကို အနက်မျှသာ ရေးသားပြခဲ့ပါ။ (၁၀)

(က) လောကိယာဓမ္မာ။ (ဃ) ဉပါဒိန္နာဓမ္မာ။

(ခ) ပရာမဋ္ဌာဓမ္မာ။ (င) ဉပါဒါနာဓမ္မာ။

(ဂ) ဉပါဒါဓမ္မာ။

၂။ သင်္ခါရနှင့်ကမ္မဘဝတို့၏ ထူးခြားပုံကိုပြပြီးလျှင်၊ တရားကိုယ်အနေ
ကောက်ချင်းတူယော ဘဝများကို ထင်ရှားအောင်ရေးခဲ့ပါ။ (၁၀)

၃။ ဝုတ္တိနိဒ္ဒေသ ယေဝမ္ဘာ–၌ ယေဝမ္ဘာအရကို တတိယနယနိဒ္ဒေသ
ဖြစ်လျှင် အဘယ်ဓမ္မကို၊ စတုတ္ထနယနိဒ္ဒေသဖြစ်လျှင် အဘယ်ဓမ္မကို
ယူရမည်နည်း၊ အသီးသီးဝေခွဲပြီး ဖော်ပြခဲ့ပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ
## **ပထမယေ်၊ ဘာသာပြန်၊ ပထမမေးခွန်း**

၁၃၁၈–ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၆–ရက်၊ (၅–၄–၅၇)
သောကြာနေ့။

၁။ အောက်ပါ ပါဠိတို့ကို မြန်မာဘာသာ ပြန်ဆိုပါ။ (၁၅)

(က) ကေသ ဟတ္ထေ ပရိဿဝနံ အတ္ထိ ကေသံ နတ္ထိ၊ ဒွေပိ ကေ-
တော ပါနီယံ ပရိဿာဝေတွာ ပိဝန္တိ။

(ခ) ဇာတရော ပန ပရိဿဝနံ အလဘိတွာ ပိပါသံ သန္ဓာရေတုံ
အသက္ကောန္တော အပရိဿာဝေတွာ ပါနီယံ ပိဝိ၊

(ဂ) တေ ဥဘောပိ အနုပုဗ္ဗေန ဇေတဝနံ ပတွာ သတ္ထာရံ ပဿိတွာ
နိသီဒိံသု။

(ဃ) ဘန္တေ မယံ ကောသလဇနပဒေ ကေသ္မိံ ဂါမကေ ဝသိတွာ
တတော နိက္ခမိတွာ တုမှာကံ ဒဿနတ္ထာယ အာဂတာ။

(င) သောပိ သိင်္ဂါလော မရဏဘယဘီတော စတူဟိ ပါဒေဟိ
ရညော ဥပရိဘာဂေ ပံသုံ အပဗျူဟိ။

၂။ အောက်ပါ မြန်မာဘာသာတို့ကို ပါဠိဘာသာပြန်ဆိုပါ။ (၁၅)

(က) ဘုရားလောင်းသည် ရပ်ရာအရပ်၌ ခြေတို့ဖြင့် မြေမှုန့်ကိုယက်၍
ထိုအရပ်ကို မွေလျော်ဘွယ် ရှိသည်ကို ပြု၍ ရပ်၏၊ ထိုအခါ
အခြားယောကျ်ားသည် လာလတ်၍ ထိုအရပ်၌ ရပ်၏၊ ဘုရား
လောင်းသည် တပါးသောအရပ်ကို မွေလျော်ဘွယ်ရှိသည်ကို
ပြု၍ ရပ်၏။

(ခ) တပါးသောအခါ၌ ထိုသုံးကျိပ်သုံးယောက်သော သူတို့သည်
လည်း ဘုရားလောင်းနှင့် တူသောအလိုရှိသည် ဖြစ်ကုန်၏၊ ထို
သူတို့ကို ဘုရားလောင်းသည် ငါးပါးကုန်သော သီလတို့၌
တည်စေ၍ ထိုအခါမှစ၍ ထိုသူတို့နှင့်အတူတကွ ကောင်းမှုတို့
ကိုပြုလျက် လှည့်လည်၏။

(ဂ) ဤ လောသကတိဿမည်သော မထေရ်သည် အဘယ်သူ နည်း၊ ကောသလတိုင်း၌ တယောက်သော မိမိအမျိုးကို ဖျက်ဆီးတတ်သော တံငါမျိုး၌ဖြစ်သော နည်းသောလာဘ်ရှိ သော ရဟန်းတို့၌ ရဟန်းပြုသောသူတည်း။

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမယေ်၊ ဘာသာပြန်၊ ဒုတိယမေးခွန်း**

၁၃၃၈–ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၆–ရက်၊(၅–၄–၇၇) သောကြာနေ့။

၁။ အောက်ပါ ပါဠိတို့ကို မြန်မာဘာသာပြန်ဆိုပါ။ (၁၅)

(က) ဘိက္ခူ ဓမ္မသဘာယံ သန္နိသိန္နာ သဏ္ဌနာမ ပုရတော ဓေ ရူပံ ကရိယတီတိ တဿ အဂုဏကထံ ကထေသုံ။

(ခ) န ဘိက္ခဝေ ဣဒါနေဝ သော ဘိက္ခု ဟိရောတ္တပ္ပါဘာဝေန ရတနသာသနာ ပရိဟီနော။

(ဂ) နာနပ္ပကာရာ ဟံသမောရာဒယော သကုဏဂဏာ သမာဂန္တွာ ကော သိမ္မံ မဟာန္တေ ပါသာဏတလေ သန္နိပတိံသု။

(ဃ) သာ သကုဏသင်္ဃံ ဩလောကေန္တီ မဏိဝဏ္ဏဂီဝံ စိတြပက္ခကံ မောရံ ဒိသွာ အယံ မေ သာမိကော ဟောတူတိ အာရောစေသိ။

(င) တုမှာကံ ကိရိယာ မယှံ န ရုစ္စတိ၊ တုမှာကံ သုရာပါတိယော ယထာပူရိတာဝ ဌိတာ။

၂။ အောက်ပါ မြန်မာဘာသာတို့ကို ပါဠိဘာသာပြန်ဆိုပါ။ (၁၅)

(က) ငုံးမုဆိုးတယောက်သည် ထိုငုံးသို့နေရာသို့သွား၍ ငုံးမြည်သံကို ပြု၍ ထိုငုံးတို့စုဝေးသည် အဖြစ်ကိုသိလျှင် ထိုငုံးတို့အထက်၌ ကွန်ပစ်၍ အစွန်းတို့၌ စုရုံးလျက် အားလုံး တပေါင်းတည်းပြု၍ တောင်းပြည့်စေပြီး အိမ်သို့သွား၍ ထိုငုံးတို့ကိုရောင်း၍ ထိုငုံး ဘိုးတို့ဖြင့် အသက်မွေး၏။

(ခ) နှစ်ရက် မြောက်သောနေ့၌ အထက်ဝယ် ကွန်ပစ်လတ်သော် ငုံးတို့သည် ဘုရားလောင်း ဆိုအပ်သော နည်းဖြင့်သာလျှင် ကွန်ကို ချီမပြီး ဆူးချုံတခု၌ ပစ်ချ၍ အလိုလို အောက်အဘို့ဖြင့် ထို ထိုအရပ်မှ ပြေးကုန်၏၊ ငုံးငှက်မုဆိုး ချုံမှ ကွန်ကိုဖြုတ်နေစဉ် အခါမှဲ့ဖြစ်ခဲ့၏။

(ဂ) အဆွေ....ကြီးတို့အား ဝမ်းအနာမည်သည် တရံတဆစ်မျှ မဖြစ်စဘူး၊ ညစ္စ်သုံးယံတို့တွင် တပါးပါးသောယံ၌ အစာကြေသည်ဖြစ်ကုန်၏၊ ဆီမီးစာကို မျိုသောကာလ၌ကား ထိုကြီးတို့အား တခဏမျှ ရောင့်ရဲခြင်းသည် ဖြစ်၏၊ သင်သည် ဤငါးအမဲတို့ကို စားလိုသည်ဖြစ်လတ္တံ့။



# မေးခွန်းအဖြေများ

## ၁၃၁၈-ခုနှစ်၊ ပထမငယ်
## ဘိက္ခုပါတိမောက်၊ ပထမမေးခွန်း အဖြေလွှာ

၁။ * သုဏာတု မေ ဘန္တေ သံဃော (ပ) ပါတိမောက္ခံ ဥဒ္ဒိသေ-ယျ-၌ သံဃော-အရ သမ္မုတိသံဃာကို ယူရပါမည်။

၂။ * ကူးသန်းရောင်းဝယ်ရေး ပြုလုပ်သော ရဟန်းအား ဋ္ဌေက လောမဝဂ် ဒသမမြောက် ကယဝိက္ကယ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်အာပတ်သင့်ပါသည်။

၃။ * မဟလ္လကံ ပန ဘိက္ခုနာ ဝိဟာရံ ကာရယမာနေန ယာဝဒွါ-ရကောသာ အဂ္ဂဠဋ္ဌပနာယ အာလောကသန္ဓိပရိကမ္မာယ ဒွတ္တိစ္ဆ-ဒနဿ ပရိယာယံ အပ္ပဟရိတေ ဌိတေန အဓိဋ္ဌာတဗ္ဗံ၊ တတော စေ ဥတ္တရိ အပ္ပဟရိတေပိ ဌိတော အဓိဋ္ဌဟေယျ၊ ပါစိတ္တိယံ။

---

## ၁၃၁၈-ခုနှစ်၊ ပထမငယ်
## ဘိက္ခုပါတိမောက်၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ * ပါရာဇိက ဒုတိယသိက္ခာပုဒ်၌ အနုပညတ် ပါဠိရပ်ကား— ဂါမာဝါနှင့် အရညာဝါ တို့ဖြစ်ပါသည်။

၂။ * (က) သံဃာသို့ ကိုယ်, နှုတ်ဖြင့် ညွှတ်လေပြီးသော သံဃိက လာဘ်ကို သိလျက် မိမိသို့ညွှတ်စေသောရဟန်းအား နိဿဂ္ဂိယ ပတ္တဝဂ် ဒသမသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယ ပါစိတ်အာပတ်သင့်ပါသည်။

(ခ) ပုဂ္ဂိုလ်သို့ညွှတ်စေသော ရဟန်းအား သုဒ္ဓပါစိတ် သဟဓမ္မိက ဝဂ် ဒွါဒသမ သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ပါသည်။

၃။ * ယောပနဘိက္ခု၊အကြင်ရဟန်းသည်။ အဋ္ဌိမယံဝါ၊ အရိုးဖြင့် ပြီးသည်လည်းဖြစ်သော။ ဒန္တမယံဝါ၊ ဆင်စွယ်ဖြင့် ပြီးသည်လည်းဖြစ်သော။ ဝိသာဏမယံဝါ၊ သားချိုဖြင့်ပြီးသည်လည်းဖြစ်သော။ သူစိဃရံ၊ အပ်ကျည်ကို။ ကာရာပေယျ၊ ပြုစေငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ ဘေဒနကံ၊ အပ်ကျည်ကိုခွဲခြင်းရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

## ၁၃၁၈-ခုနှစ်၊ ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း အဖြေလွှာ

| | | | |
|---|---|---|---|
| ၁။ * (က) | ကိန္နရုဋ္ဌမာဝ | ဖြတ် | ဝါပရော အသရူပါ။ |
| (ခ) | ပုပ္ဖံအဿာ | ။ | ပရောဝါသရော၊ ဗျဉ္ဇနောစဝိ-သညောဂေါ။ |
| (ဂ) | မနောအညံ | ။ | ဝါပရော အသရူပါ၊ ပုထဿု ဗျဉ္ဇနေ၌ အန္တသဒ္ဒါ။ |
| (ဃ) | ပဂေဝ | စပ် | ပါဿစန္တော ရဿော။ |
| (င) | ဩနဒ္ဓေါ | ။ | ဩ အဝ သရေ။ |

၂။ * တွံ, တုဝံ။

ဒွိသဗ္ဗျာသဒ္ဒါတည်၊ နံဝိဘတ်သက်၊ ယောသု ဒွိန္နံ ဂွေစ-၌ စသဒ္ဒါဖြင့် နံဝိဘတ်နှောင်းသောကြောင့် ဒွိသဒ္ဒါကို ဒုဝိ-ပြု၊ ဥဘာဒိတောနမိန္နံ-ဖြင့် ဒုဝိသင်္ချာသဒ္ဒါနောင်နှောင်းသော နံဝိဘတ်ကို ဣန္နံ-ပြု၊ ဝဓွင်း၊ ချေ၊ကပ်၊ ပြီး၏။

၃။ * ယဿဝါ၊ အကြောင်ရှပှန်းအစရှိသော ကာရကအားလည်း။ ဒါတုကာမော၊ ပေးခြင်းငှါ အလိုရှိ၏။ ယဿဝါ၊ အကြောင်ရပှန်းအစရှိသော ကာရကအားလည်း။ ရောစတေ၊ တင့်တယ်၏။ ယဿဝါ၊ အကြောင် ဒေဝဒတ် အစရှိသော ကာရကအားလည်း။ ဓာရယတေ၊ ဆောင်၏။ တံ၊ ထိုရပှန်းအစရှိသော ကာရက, ဒေဝဒတ်အစရှိသော ကာရကသည်။ သမ္ပဒါနံ၊ သမ္ပဒါန်-ဟူသော အမည်ရှိသည်။ ဟောတိ၊ ဖြစ်၏။

---

## ၁၃၁၈-ခုနှစ်၊ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ဒုတိယမေးခွန်း အဖြေလွှာ

၁။ * န မိတံ အမိတံ၊ ဃနံ ဧဝ သရီရံ ဃနသရီရံ၊ အမိတံ ဃနသရီရံ ယဿ တထာဂတဿ သောယံ အမိတဃနသရီရော။

| | | | | |
|---|---|---|---|---|
| ဓုမာယိတတ္တံ | ဥပမာ | အနက်၌ | အာယိတတ္တ | ပစ္စည်း။ |
| အာယဿွာ | အဿတ္တိ | ။ | မန္တု | ။ |
| သဒ္ဓော | သင်္ချာပူရဏ | ။ | ၌ | ။ |

၂။ * ဝိဝါသတိ။[ပါခါတ်နေသော် သပစ္စည်း,တိဝိဘတ်သက်၍ရှုပ်ပြီးပုံ]
ဇာနာတိ၊နာယတိ[ဉာခါတ်နေသော် နာပစ္စည်း,တိဝိဘတ်သက်၍
ရှုပ်ပြီးပုံ။]

၃။ * စဂ္ဂဟဏေန တေယျပစ္စယော ဟောတိ။ ဉာတဗ္ဗံ၊ ဉာတေယျံ၊ ဒိဋ္ဌေယျံ၊ ပတ္တေယျံ။

[သို့မဟုတ်၊ ပါဠိမကျက်လျှင် စသဒ္ဒါဖြင့် တေယျပစ္စည်းသက်ပြယုဂ်ကား-ဉာတဗ္ဗံ၊ ဉာတေယျံ၊ ဒိဋ္ဌေယျံ၊ပတ္တေယျံ-ဟူ၍ထုတ်ပါ။]

ကိစ္စပစ္စည်းများကား-တဗ္ဗ,အနီယ,ဏျ,တေယျ, ရိစ္စအားဖြင့် ၅-မျိုး။

---

## ၁၃၁၈-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမ မေးခွန်း အဖြေလွှာ

၁။ * စိတ်အကျယ် ၁၂၁-ပါးတွင် ဈာန်စိတ်ပေါင်း ၆၇-ပါးရှိပါသည်၊ ၎င်းတွင် ပဌမဈာန်-၁၁, ဒုတိယဈာန်-၁၁, တတိယဈာန် ၁၁-အားဖြင့် ပီတိသဟိတဈာန်စိတ် ၃၃-ပါးရှိပါသည်။

၂။ *သဗ္ဗာကုသလ ယောဂီမဟုတ်သောအညသမာန်း စေတသိက်တို့တွင် စိတ်အများဆုံးနှင့်ယှဉ်သောစေတသိက်ကား အဓိမောက္ခတည်း၊ ၎င်းအဓိမောက္ခသည် ဒွေပဉ္စဝိညာဏ် ၁၀,ဝိစိကိစ္ဆာသဟဂုတ်စိတ်သည် ကြဉ်အပ်သော ၇၈-ပါးသော စိတ်တို့၌ယှဉ်သည်။

အာဝဇ္ဇန ဒွယဝဇ္ဇိတာနိ ကုသလာကုသလ ဖလကြိယစိတ္တာနိ ပဉ္စပညာသ ဇဝန ကိစ္စာနိ။ [ဇော ၅၅-သရုပ်ပြပါဠိ။]

အဋ္ဌ မဟာဝိပါကာနိစေဝ သန္တီရဏတ္တယဉ္စေတိ ဧကာဒသ တဒါရမ္မဏကိစ္စာနိ။ [တဒါရုံ ၁၁-သရုပ်ပြပါဠိ။]

၃။ * (က) ပုထုဇဉ်ပုဂ္ဂိုလ်နှင့် သေက္ခပုဂ္ဂိုလ်များ၌ ဇောနိုင်ခွင့်ရှိပါသည်။

(ခ) ရဟန္တာပုဂ္ဂိုလ်၌ ဇောနိုင်ခွင့်ရှိပါသည်။

(ဂ) အရိယာပုဂ္ဂိုလ် ၈-ယောက်တို့၌ ပုဂ္ဂိုလ်အားလျော်စွာထိုက်သလို ဇောနိုင်ခွင့်ရှိပါသည်။

**မှတ်ချက်။** ။သေက္ခပုဂ္ဂိုလ်တို့ အကုသိုလ်ဇောဇောသည်ဟူရာ၌ မပယ်ရသေးသော အကုသိုလ်ဇောများ ဇောသည်ဟူ၍ မှတ်ပါ။

| | |
|---|---|
| ပါဏာတိပါတအကုသိုလ်ကံသည် | ကာယကံ။ |
| ဖရုသဝါစာ အကုသိုလ်ကံသည် | ဝစီကံ။ |
| ဗျာပါဒ အကုသိုလ်ကံသည် | မနောကံ။ |

---

## ၁၃၁၈-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယ မေးခွန်း အဖြေလွှာ

၁။ *ဝိဘူတာရုံဝီထိ၌သာဖြစ်နိုင်၍ အဝိဘူတာရုံဝီထိ၌ မဖြစ်နိုင်သော ဝီထိစိတ်ကား- တဒါရုံကောဒသတို့တည်း၊ ၎င်းတဒါရုံစိတ်တို့ဖြစ်နိုင်ရန်လိုအပ်သော အင်္ဂါစုကား (၁) ကာမဇော (၂) ကာမသတ္တဝါ (၃) ကာမအာရုံဖြစ်သော ဝိဘူတာရုံနှင့်အတိမဟန္တာရုံအားဖြင့် ၃-ပါးတို့တည်း။

**မှတ်ချက်။** ။ယင်းအင်္ဂါ ၃-ပါးရေတွက်ရာ၌ ပဉ္စဒွါရ, မနောဒွါရခွဲမေးလျှင် ပဉ္စဒွါရ၌ အတိမဟန္တာရုံ, မနောဒွါရ၌ ဝိဘူတာရုံဟု ခွဲခြားပါ။

၂။ *မဂ္ဂင်္ဂါ နဝ ဝတ္ထုတော-၏သရုပ်ကား- ပညာ,ဝိတက်,ဝိရတီ ၃-ပါး, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိအားဖြင့် ၉-ပါးတည်း။

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဘေဒါဘာဝေန၊ ပစ္စုပ္ပန်,အတိတ်,အနာဂတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဒူရ, အာသန္န, ဟီန, ပဏီတ, သုခုမ, ဩဠာရိကဟု ဆိုအပ်သော တဆယ့်တပါးသော အပြား၏မရှိခြင်းကြောင့်။ ခန္ဓသင်္ဂဟနိဿဋံ၊ ခန္ဓာဟူသော အရေအတွက်မှလွတ်၏။ ။[ဤကား-ခန္ဓဝိမုတ်ပြပါဠိ၏အနက်။]

မဂ္ဂယုတ္တာစ၊ မဂ္ဂင်ရှစ်ပါးနှင့် ယှဉ်ကုန်သော မင်္ဂစိတ္တုပ္ပါဒ်တို့သည်၎င်း။ ဖလာစေဝ၊ ဖိုလ်စိတ္တုပ္ပါဒ်တို့သည်၎င်း။ စတုသစ္စဝိနိဿဋာ၊ သစ္စာလေးပါးမှ လွတ်ကုန်၏။ [ဤကား-သစ္စာဝိမုတ်ပြ ပါဠိ၏အနက်။]

**မှတ်ချက်။** ။ခန္ဓဝိမုတ် တရားပြပါဠိနှင့် သစ္စာဝိမုတ် တရားပြပါဠိဟု မေးထားရကား တဂါထာလုံးမရေးရ၊ ဆိုင်ရာပါဠိကိုသာ ထုတ်နုတ်၍ရေးပါ။

၃။ *(က) ရွာဝက်နှင့် တူသောစေတသိက်ကား အဟိရိကစေတသိက်တည်း၊ တူပုံ-ရွာဝက်သည် မစင်မှ မစက်ဆုပ်၊ ဝါ-မရှက်သကဲ့သို့ အဟိရိကသည် ကာယ ဒုစရိုက်စသည်မှ မစက်ဆုပ်၊ ဝါ-မရှက်။

( ခ ) ပိုးဖလံနှင့်တူသော စေတသိက်ကား အနောတ္တပ္ပ တည်း၊ တူပုံ-ပိုးဖလံသည် မီးမှမလန့်သကဲ့သို့ အနောတ္တပ္ပသည် ကာယဒုစရိုက်စသည်မှ ထိတ်လန့်မှုမရှိ။

---

## ၁၃၁၈-ခုနှစ်၊ ပထမငယ်

## မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *ခန္ဓဝိမုတ်ဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

သစ္စာဝိမုတ်ဖြစ်သော လောကုတ္တရာစိတ် ၈-ခု,စေတသိက် ဆတ္တိံသ တို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ, သညာမှကြွင်းသော စေတသိက် စတုတ္တိံသသည် သင်္ခါရက္ခန္ဓာမည်၏၊ လောကုတ္တရာစိတ် ၈-ခုသည် ဝိညာဏက္ခန္ဓာမည်၏။

**မှတ်ချက်။** ။မဂ်စိတ်၌ယှဉ်သော မဂ္ဂင်တရားကိုယ်ရှစ်ပါးကို မဂ္ဂသစ္စာဖွဲ့သော်လည်း ဖိုလ်စိတ်၌ယှဉ်သော အလားတူစေတသိက်များကြောင့် အရေအတွက် မလျော့ဘဲ ဆတ္တိံသပင်ရသည်၊ စေတသိက်များကိုတူရာပေါင်းထားသည်။

ဒသကနေန ပဟာတဗ္ဗာ ဓမ္မာ-ဟူသော ပါဠိတော်ကို ထောက်၍ သောတာပတ္တိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်တခု၊ မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စကြဉ်သော စေတသိက် ဗာဝီသ။ [ဤကား-ကေန်။]

သောတာပတ္တိမဂ်သည် တနုကရအားဖြင့် ပယ်အပ်သော အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူ ၂-ခု၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာကြဉ်သော စေတသိက် ပဉ္စဝီသရ၏။ [ဤကား-အနေကန်။]

ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ-ဟူသော ပါဠိတော်ကို ထောက်၍ သကဒါဂါမိမဂ်သည် တနုကရအားဖြင့် ပယ်အပ်သော ရုန့်ရင်းသော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု, ဒေါသမူ ၂-ခု။ [ဤ၌ကေန်မရှိ၊အနေကန်သာ။]

အနာဂါမိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ကာမရာဂနှင့်သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဒေါသမူ ၂-ခု၊

ဒိဋ္ဌိ,ဝိစိကိစ္ဆာကြဉ်သော စေတသိက်ကေဝီသ။ [ဤ၌ကေန်သာ၊ အနေကန်မရှိ။]

အရဟတ္တမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဥဒ္ဓစ္စသမ္ပယုတ်စိတ်တခု၊ ဒိဋ္ဌိ,ဒေါသ,ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ,ဝိစိကိစ္ဆာကြဉ်သော စေတသိက်ကေဝီသ။ [ဤ၌ကေန်သာ၊ အနေကန်မရှိ။]

**မှတ်ချက်**။ ။အကြွင်းမရှိဆိုလျှင် ကေန်, တနုကရဆိုလျှင်အနေကန်မှတ်။

တနည်းအားဖြင့်—တဦးဆိုင်ပယ်လျှင် ကေန်, အများဆိုင်ပယ်လျှင် အနေကန်၊ ၎င်းနောက်စကားအရ-သောတာပတ္တိမဂ်က ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု, ဝိစိကိစ္ဆာသဟဂုတ်စိတ်ကိုပယ်ခြင်း သည်ကေန်, ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုနှင့် ဒေါသမူဒွေးကိုပယ်ခြင်းသည် အနေကန်၊ သကဒါဂါမိမဂ်က ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုနှင့် ဒေါသမူဒွေးကိုပယ်ခြင်းသည် အနေကန်၊ အနာဂါမိမဂ်က ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုကို ပယ်ခြင်းသည် အနေကန်၊ ဒေါသမူဒွေးကိုပယ်ခြင်းသည် ကေန်၊ အရဟတ္တမဂ်က ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခုကိုပယ်ခြင်းသည် အနေကန်, ဥဒ္ဓစ္စသဟဂုတ်စိတ်ကို ပယ်ခြင်းသည် ကေန်။ ။အယူအဆရှုပ်ထွေး၏၊ ကြိုက်ရာယူလေ။

၂။ *အဝိတက္က ဝိစာရမတ္တာ ဓမ္မာ-ဟူသော ဒုတိယပုဒ်၏အရကား ဒုတိယဈာန်စိတ် ကောဒသ၊ ဝိတက်, ဝိစာရကြဉ်သော စေတသိက် ဆတ္တိံသ, သဝိတက္က,သဝိစာရစိတ် ၅၅-ခု၌ရှိသော ဝိတက်စေတသိက် ၅၅-ခုရ၏။

အဇ္ဈတ္တာရမ္မဏတိက်၏တိက်မှတ်ကား-အာကိဉ္စညာယတနစိတ်၃-ခု, စေတသိက်တိံသ၊ ထိုအာကိဉ္စညာယတနစိတ်၏ အာရုံဖြစ်သော နတ္ထိဘောပညတ်ကို အာရုံပြုနိုက် အကုသိုလ်စိတ် ၁၂-ခု၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ အဘိညာဉ်ဒွေး၊ ဝိရတီ, အပ္ပမညာ, ဣဿာ, မစ္ဆရိယ ကြဉ်သော စေတသိက် ပဉ္စစတ္တာလီသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။

၃။ * ပုပန်စေတတ်, နှိပ်စက်တတ်ကုန်သော သဘောတရားတို့သည် ကိလေသာတရားတို့၏ သဘောသွား ဖြစ်ကြပါသည်။

ကိလေသာ (၁၀)ပါးတို့ကိုသာ ကောက်ရသော ဒုက်ပုဒ်တို့ကား—
ကိလေသာ ဓမ္မာ။
ကိလေသာစေဝ ဓမ္မာ သံကိလေသိကာ စ။
ကိလေသာစေဝဓမ္မာ သံကိလိဋ္ဌာ စ။
ကိလေသာစေဝ ဓမ္မာ ကိလေသသမ္ပယုတ္တာ စ-တို့ဖြစ်ပါသည်။

---

## ၁၃၁၈-ခုနှစ်၊ ပထမငယ်
## မာတိကာနှင့် ဓာတုကထာ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ * (က) လောကိယာ၊ ပျက်တတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲဟု ဆိုအပ်သော သင်္ခါရလောက၌ အကျုံးဝင်သည်၏ အဖြစ်ဖြင့် ပျက်တတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲဟု ဆိုအပ်သော သင်္ခါရလောက၌ ယှဉ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

(ခ) ပရာမဋ္ဌာ၊ ပရာမာသ၏ အာရုံဖြစ်ကုန်သော။ ဝါ၊ မှားသော အားဖြင့် သုံးသပ်တတ်ကုန်သော တရားတို့သည် မှားသောအားဖြင့် သုံး သပ် အပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

(ဂ) ဥပါဒါ၊ မှီ၍သာ ဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

(ဃ) ဥပါဒိန္နာ၊ အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိတို့သည် ကပ် အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်ယူအပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

(င) ဥပါဒါနာ၊ ဥပါဒါန်မည်ကုန်သော။ ဝါ၊ ပြင်းစွာစွဲလမ်းတတ် ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

၂။ *ယခုပစ္စုပ္ပန်ဘဝ၌ အကျိုးပေးဘို့ရန် အတိတ်ဘဝက ပြုခဲ့သော စေတနာသည် သင်္ခါရမည်၏၊ နောက်ဖြစ်သော အနာဂတ်ဘဝ၌ အကျိုး ပေးဘို့ရန် ယခုပစ္စုပ္ပန်ဘဝ၌ ဖြစ်သော စေတနာသည် ကမ္မဘဝမည်၏။

**မှတ်ချက်။** ။သင်္ဂဟ ပဋိစ္စသမုပ္ပါဒ် အခွန်း ၃-ပါး ပြန်၍ကြည့်ပါ။

အရူပဘဝနှင့် စတုဝေါကာရဘဝ တရားကိုယ်အရကောက်ချင်းတူ၏။
အသညိဘဝနှင့် ဧကဝေါကာရဘဝ တရားကိုယ်အရကောက်ချင်းတူ၏။

၃။ *ယေဝံမွာ၊အကြင်ဝေဒနာ,သညာ,သင်္ခါရ,နိဗ္ဗာန်တို့ကို။[တတိယနယနိဒ္ဒေသ။] ယေဝမွာ၊ အကြင် ဗုတ္တိခြွေကြဉ်သော သုခုမရုပ်ပန္နရသတို့ကို။ [စတုတ္ထနယနိဒ္ဒေသ။]

[ဘာသာပြန် အဖြေလွယ်ပြီ။]



# မေးခွန်းပုစ္ဆာများ

## ၁၃၁၉-ခုနှစ်

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက်(ဝိနယ)၊ပထမမေးခွန်း**

၁၃၁၉-ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၃-ရက်၊ (၁-၄-၅၈) အင်္ဂါနေ့။

၁။ အဘယ်သို့သဘောရှိသော ပုဂ္ဂိုလ်ကို အလဇ္ဇီပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်ကြောင်း ညွှန်ပြပါ။ (၁၀)

၂။ ရွှေ,ငွေကို ကိုင်ခိုင်းသောရဟန်းအား မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်သင့်ပါသနည်း။ (၁၀)

၃။ ဘိက္ခုနောဝါဒဝဂ် တတိယသိက္ခာပုဒ်ကိုပါဠိသက်သက်မျှရေးပြပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက် (ဝိနယ)၊ဒုတိယမေးခွန်း**

၁၃၁၉-ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၃-ရက်၊ (၁-၄-၅၈)အင်္ဂါနေ့။

၁။ ဘာဆဲ့သုံးပါးသော သံဃာဒိသိသ်သိက္ခာပုဒ် တို့တွင် ပဌမာပတ္တိက သိက္ခာပုဒ်ပေါင်း မည်မျှ၊ ယာဝတတိယကသိက္ခာပုဒ်ပေါင်း မည်မျှ ရှိကြောင်း သိက္ခာပုဒ်ကိုဖော်ထုတ်၍ ညွှန်ပြခဲ့ပါ။ (၁၀)

၂။ အောက်ပါရဟန်းတို့အား သင့်သောအာပတ်တို့ကိုဖော်ပြခဲ့ပါ။ (၁၀)

(က) အမျိုးမတော်သော ဘိက္ခုနီမအား သင်္ကန်းဟောင်းကို ဖွပ်လျှော်စေသောရဟန်း။

(ခ) အမျိုးမတော်သော ဘိက္ခုနီမ၏သင်္ကန်းကို ချုပ်ပေးသော ရဟန်း။

၃။ အစေဠကဝဂ် အဋ္ဌမသိက္ခာပုဒ်ကို အနက်ပေးပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း**

၁၃၁၉-ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၄-ရက်၊ (၂-၄-၅၈)ဗုဒ္ဓဟူးနေ့။

၁။ အောက်ပါပုဒ်တို့ကို ဖြစ်သင့်သလို ပုဒ်ဖြတ်,စပ်၍ သက်ဆိုင်ရာသုတ်များညွှန်ပြီးလျှင်၊ မဇ္ဈဝါပုဒ်ကို နာမ်ရုပ်ကျဉ်းတွက်ခဲ့ပါ။ (၁၀)

(က) တယဿု (ခ) တျဿ (ဂ) ဝုတျဿ

၂။ သုနိဟိသုစ-သုတ်လာ စသဒ္ဒါ၏အကျိုးကို ဖော်ပြခဲ့ပါ။ (၁၀)

၃။ ယေနဂ်ဝိကာရော-ဟူသောသုတ်ကို ဝုတ္တိဖွင့်နှင့်ညီအောင် အနက်ယောဇနာခဲ့ပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း

၁၃၁၉-ခုနှစ်၊နှောင်းတန်ခူးလဆန်း ၁၄-ရက်၊(၂-၄-၅၈) ဗုဒ္ဓဟူးနေ့။

၁။ လေးဆဲ့တလုံးသောဝဏ္ဏတို့သည် အဘယ့်ကြောင့် အက္ခရာမည်ပါသနည်း၊ ပုဒ်စစ်ကျမ်းလာအရ ပြဆိုပါ။ (၁၀)

၂။ ကု-ပုဒ်ကို ကာ-ပြုသော သုတ်,ဝုတ္တိစသည်များကိုကုန်စင်အောင် ပါဠိရေးခဲ့ပါ။ (၁၀)

၃။ ဘာဝကမ္မေသု တ-သုတ်,ဗုဓဂမာဒိတ္တေကတ္တရိ-သုတ်တို့ဖြင့်အဘယ် ကာလ,သာဓနများ၌ တ-ပစ္စည်းသက်ပါသနည်း၊အသီးသီးပြခဲ့ပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း

၁၃၁၉-ခုနှစ်၊နှောင်းတန်ခူးလဆန်း၁၅-ရက်၊(၃-၄-၅၈) ကြာသပတေးနေ့။

၁။ ကာမာဝစရသောဘဏစိတ်တို့၏ ယေဝနာ,ဉာဏ်,သင်္ခါရဘေဒ အားဖြင့် ဒွိဓ,စတုဗ္ဗိဓ,အဋ္ဌဝိဓ ပြရပုံနှင့် ဆ,ဒွါဒသ,စတုဝီသတိ ဖြစ်ရပုံတို့ကို သရုပ်ထုတ်ပြ၍ ရှင်းခဲ့ပါ။ (၁၀)

၂။ ကာမာဝစရသောဘဏစိတ်တို့တွင် သမ္မာဝါစာစေတသိက် ရံခါ ယှဉ်ခွင့်ရှိသောစိတ်,အမြဲယှဉ်ခွင့်မရှိသောစိတ်တို့ကို ဖြစ်သင့်သလို အသီးသီးထုတ်ပြခဲ့ပါ။ (၁၀)

၃။ ပကိဏ်းပိုင်း အဆုံးနှစ်ဂါထာတို့ကို အနက်ရေးခဲ့ပါ။ (၁၀)

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း**

၁၃၁၉-ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၅-ရက်၊ (၃-၄-၅၀) ကြာသပတေးနေ့။

၁။ နေဝသညာနာသညာယတနဘုံ၌ ဖြစ်ထိုက်သော ဝိထိစိတ်သရုပ်ကို ကုန်စင်အောင်ပြခဲ့ပါ။ (၁၀)

၂။ ပဝတ္တိအခါ၌သာအကျိုးပေးသောအကုသိုလ်ကံ,ပဝတ္တိပဋိသန္ဓေနှစ်မျိုးလုံးအကျိုးပေးသောအကုသိုလ်ကံတို့ကို အကျိုးပေးရာဘုံနှင့် တကွ တွဲ၍ပြခဲ့ပါ။ (၁၀)

၃။ သမုစ္စည်းပိုင်း အကုသလသင်္ဂဟ အဆုံးနှစ်ဂါထာတို့ကို ပါဠိသက်သက်ရေးခဲ့ပါ။ (၁၀)

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း**

၁၃၁၉-ခုနှစ်၊နှောင်းတန်းခူးလပြည့်ကျော် ၁-ရက်၊ (၄-၄-၅၀) သောကြာနေ့။

၁။ မာတိကာသည် အမိနှင့်တူပုံကိုဖေါ်ပြရေးသား၍၊ အောက်ပါပုဒ်တို့၏အနက်သဘောကို မှန်ကန်စွာယောဇနာပါ။ (၁၀)

(က) ဥပါဒိန္နုပါဒါနိယာ

(ခ) မိစ္ဆတ္တနိယတာ

(ဂ) မဂ္ဂါဓိပတိနော

၂။ ပရိတ္တာရမ္မဏတိက် ပဌမပဒနှင့် အတီတာရမ္မဏတိက် တတိယပဒတို့၏အရ ကေန်တရားများကိုသာ ကောက်ပြ၍၊ ဥပ္ပန္နတိက်သည် သပ္ပဒေသလော, နိပ္ပဒေသလော၊ အကြောင်းပြဖြေဆိုပါ။ (၁၀)

၃။ လောကီနှင့်လောကုတ္တရာတို့၏ သဘောသွားခြားနားပုံကိုရေးပြီးလျှင်၊ စက္ခုဝိညာဏ်သည် သိအပ်သောတရားနှင့် မဟန္တရဒုက်တို့တွင် သပ္ပဒေသဒုက်၏အမည်ကိုဖေါ်ပြပါ။ (၁၀)

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ မာတိကာနှင့်ဓာတုကထာ၊ဒုတိယမေးခွန်း**

၁၃၁၉-နှစ်၊ နှောင်းတန်းခူးလပြည့်ကျော် ၁-ရက်၊ (၄-၄-၅၀) သောကြာနေ့။

၁။ အောက်ပါတရားတို့၏တရားကိုယ်ကိုကောက်ပြပါ။ (၁၀)

(က) ဂန္ထလည်းမည်,ဂန္ထနှင့်လည်းယှဉ်သောတရား

(ခ) ဂန္ထနှင့်သာယှဉ်၍,ဂန္ထမမည်သောတရား
(ဂ) ပရာမာသနှင့် ယှဉ်သောတရား
(ဃ) ပရာမာသနှင့် မယှဉ်သောတရား
(င) (ဂ)နှင့်(ဃ) နှစ်ပါးစုံမှလွတ်သောတရား

၂။ လက္ခဏမာတိကာ၏သဘောကို ချောမောစွာရေးပြီး၊ ဥပပတ္တိဘာဝ နှင့်သောကအရ တရားကိုယ်ကောက်ပြပါ။ (၁၀)

၃။ (က)နှင့်(ခ)ကိုဒုတိယနယနိဒ္ဒေသဖြင့်၊(ခ)နှင့်(ဂ)ကို ပဌမနယနိဒ္ဒေသဖြင့် မမှားအောင်ယေဝုံပြခဲ့စမ်းပါ။ (၁၀)
(က) ပရိဒေဝေန ယေဝမ္မာ
(ခ) စက္ခာယတနေန ယေဝမ္မာ
(ဂ) ဝိညာဏက္ခန္ဓေန ယေဝမ္မာ

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘာသာပြန်၊ ပထမမေးခွန်း**

၁၃၁၉-ခုနှစ်၊ နှောင်းတန်းခူးလပြည့်ကျော် ၂-ရက်၊(၅-၄-၅၀) စနေနေ့။

၁။ အောက်ပါ ပါဠိကို မြန်မာဘာသာ ပြန်ဆိုပါ။ (၁၅)
(က) သမ္မောဒနီယံ ကထံ ကထေတွာ ကုတော အာဂတတ္ထာတိ ပုစ္ဆိ။
(ခ) ဧဝံ ယေဘုယျေန သကလဂါမဝါသိနော ဗောဓိသတ္တဿ ဩဝါဒေ ဌတွာ သီလာနိ ရက္ခိံသု။
(ဂ) တေ ပရိယေသန္တာ သုဓမ္မာယ ဂေဟေ ဒိသွာ မူလေန န လဘိံသု။
(ဃ) သုပဏ္ဏပေါတကာ သမုဒ္ဒဝိဋ္ဌေ ပရိပတန္တာ မဟာဝိရဝံ ရဝိံသု။
(င) သုစိတ္တာပိ စဝိတွာ တဿေဝ ပါဒပရိစာရိကာ ဟုတွာ နိဗ္ဗတ္တိ။

၂။ အောက်ပါ မြန်မာဘာသာတို့ကို ပါဠိပြန်ဆိုပါ။ (၁၅)
(က) အရှင်တို့....အရှင်တို့သည်အဘယ်သို့ဆိုကုန်သနည်း၊ဗြဟ္မာပြည် ကိုထား၍ တပါးသော မာတုဂါမ ကင်းရာအရပ် မည်သည် မရှိ၊ ထုဒ်ကာကို ယူကုန်လော့၊ဤသို့ဖြစ်သည် ရှိသော်၊ ငါတို့၏ အမှုသည် အပြီးသို့ရောက်လတ္တံ့။
(ခ) ငါတို့သည် အစိုးရခြင်းကိုမှီ၍ အသက်သတ်ခြင်းကို မပြုကုန်အံ့၊ ထိုဂဠုန်ငယ်တို့၏အကျိုးငှါ ငါတို့သည် အသက်ကို စွန့်ကုန်၍ အသုရာတို့အား ပေးကုန်အံ့ဟု ရထားကို နစ်စေကုန်လော့၊

(ဂ) တခုသော ငါးကြီးသည် ကာမဂုဏ်၌ မွေ့လျော်သော အစွမ်းဖြင့် မိမိ၏ငါးမနှင့်တကွ ကျက်စားလျက်သွား၏၊ ထိုငါးကြီး၏ ငါးမသည် ရှေ့၌သွားသည်ရှိသော် ကွန်နံ့နံလာ၍ ကွန်ကို ရှောင်လွှဲ၍ သွား၏။

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘာသာပြန်၊ ဒုတိယမေးခွန်း**

၁၃၁၉-ခုနှစ်၊ နှောင်းတန်းဆွူးလပြည့်ကျော် ၂-ရက်၊ (၅–၄–၅၀) စနေနေ့။

၁။ အောက်ပါ ပါဠိတို့ကို မြန်မာဘာသာ ပြန်ဆိုပါ။ (၁၅)

(က) မယာ ကတစီဝရမေဝ အတ္တိ၊ ဇူမေ သာဋ္ဌကေ ထပေတွာ တံ ဂဏှိတွာ ဂစ္ဆထ။

(ခ) တွံ သေ မံ ဉက္ခိပိတွာ ဝိစရန္တော မယှံ ဒါသောတိ သညံ ကရောသိ မညေ။

(ဂ) ဟရေ ဒါသိပုတ္တ စေဋ္ဌက…ကုတော တေ ဇူမသ္မိံ ဋ္ဌာနေ ခနံ။

(ဃ) အန္တောဃဋ္ဌေ ပဒိပေါ ဝိယ တဿ ဟဒယေ အရဟတ္တဿ ဥပနိဿယော ဇလတိ။

(င) သော ပါတောဝ နိက္ခမိတွာ ဂေါစရေ စရိတွာ သာယံ အာဂန္တွာ တတ္ထ ဝသန္တော ကာလံ ခေပေသိ။

၂။ အောက်ပါ မြန်မာဘာသာတို့ကို ပါဠိပြန်ဆိုပါ။ (၁၅)

(က) တပါးသောအခါ၌အရှင်သာရိပုတ္တရာ မထေရ်သည် မြတ်စွာဘုရားကိုပန်၍ ဒေသစာရီ သွားသည်ရှိသော် ဒက္ခိဏာဂိရိဇနပုဒ်သို့ ရောက်၏၊ ထိုရဟန်းသည် ထိုဒက္ခိဏာဂိရိ ဇနပုဒ်သို့ ရောက်သောကာလ၌ မာနဖြင့် ခိုင်မာသည်ဖြစ်၍ အရှင်သာရိ ပုတ္တရာ မထေရ်၏ စကားကို မလိုက်နာ။

(ခ) တနေ့သ၌အိပ်ရာသို့ကပ်သော အမှုဆောင် ကိုယ်စားလှယ်ကြီး၏ အထံသို့သွား၍ အရောင်ကိုနှံ့စေလျက်တည်၏၊ ဤအရပ်၌ အသူနည်းဟု မေးသည်ရှိသော် ငါသည် လေးခုမြောက်သော တံခါးမုခ်၌ နေသောနတ်တည်းဟု ဆို၏။

(ဂ) တခုသော မြွေဟောက်ငယ်သည် မိမိဓမ္မတာအားဖြင့် သွားသည်ရှိသော် တယောက်သော ရသေ့၏ ကျောင်းသို့ရောက်၏၊ ရသေ့သည် ထိုမြွေ၌ သားဟူသော ချစ်ခြင်းကို ဖြစ်စေ၍ ထိုမြွေကို တခုသော ဝါးလုံးခေါင်း၌ အိပ်စေလျက် မွေးစား၏။

# မေးခွန်းအဖြေများ

### ၁၃၁၉-ခုနှစ်၊ ပထမငယ်

### ဘိက္ခုပါတိမောက်၊ ပထမမေးခွန်း အဖြေလွှာ

၁။ *(၁)လွန်ကျူးကျော်နင်းလိုသော စေတနာရှိသည်ဖြစ်၍ အာပတ်သို့ ရောက်၏။

(၂) ရောက်ပြီးသောအာပတ်ကို(ဒေသနာကြားမှုမပြုဘဲ)လျှို့ဝှက်၏။

(၃) အဂတိတရားလေးပါးသို့လည်း လိုက်၏၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်မျိုးကို "အလဇ္ဇီ"ပုဂ္ဂိုလ်ဟု ခေါ်ရ၏။

၂။ *ရွှေ, ငွေကို ကိုင်ခံသော ရဟန်းအား နိဿဂ္ဂိပါစိတ် ငွေက လောဘဝင် ရှင်ခုမြောက် သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်အာပတ် သင့်ပါသည်။

၃။ *ယော ပန ဘိက္ခု ဘိက္ခုနုပဿယံ ဥပသင်္ကမိတွာ ဘိက္ခုနိယော ဩဝဒေယျ အညတြ သမယာ၊ ပါစိတ္တိယံ။တတ္ထာယံ သမယော၊ ဂိလာနာ ဟောတိ ဘိက္ခုနီ၊အယံ တတ္ထ သမယော။

---

### ၁၃၁၉-ခုနှစ်၊ ပထမငယ်

### ဘိက္ခုပါတိမောက်၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *၁၃၁၃-ခုနှစ် ပထမငယ် ဝိနယ ပထမမေးခွန်း ၂-နံပါတ် အဖြေလွှာ၌ ရေးခဲ့ပြီ။

၂။ *(က) အမျိုးမတော်သော ဘိက္ခုနီအား သင်္ကန်းဟောင်းကို ဖွပ်လျှော်စေသော ရဟန်းအား နိဿဂ္ဂိပါစိတ်။ [အစိုးရမေးခွန်း၌ ဖွပ်လျှော် ပေးသောဟု မှားနေသည်။]

(ခ) အမျိုးမတော်သော ဘိက္ခုနီမ၏ သင်္ကန်းကို ချုပ်ပေးသော ရဟန်းအား ပါစိတ်။

**မှတ်ချက်။** ။(က)နိဿဂ္ဂိပါစိတ်,(ခ)ပါစိတ်ဟုဖြေလျှင်ပြီး၏၊ စာရှုသူတို့ ရှင်းလင်းစွာသိနိုင်ရန် အဖြေဟူသမျှ၌ များသောအားဖြင့် ပုစ္ဆာကိုပိုက်နင်းပြီး ရေးထား၏။

၃။ *ယောပနဘိက္ခု၊ အကြင်ရဟန်းသည်။ တထာရူပပစ္စယာ၊ ထိုသို့သဘောရှိသော အကြောင်းကို။ အညတြ- ဌပေတွာ၊ ကြဉ်ထား၍။ ဉယျုတ္တံ၊ ပြည်မှထွက်သော။ သေနံ၊ အင်္ဂါလေးပါးရှိသော စစ်သည်ကို။ ဒဿနာယ၊ ကြည့်ရှုခြင်းငှါ။ ဂစ္ဆေယျ၊ သွားငြားအံ့။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

---

## ၁၃၁၉-ခုနှစ်၊ ပထမငယ်

## ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း အဖြေလွှာ

(က) တယောအဿု၊သရာသရေလောပံ-ဖြင့် ချေ၊ကပ်၊ တယဿု။

(ခ) တေအဿ၊ယမေဒန္တဿာဒေသော-ဖြင့် ယပြု၊ကပ်၊ တျဿ။

(ဂ) ဝုတ္တိအဿ၊ဗ္ဗဝဏ္ဏောယံနဝါ-ဖြင့် ဗ္ဗကိုယပြု၊ကပ်၊ ဗျဥ္ဇနောစဝိသညောဂေါ်၌ စသဒ္ဒါဖြင့် သုတိတူ တ-တလုံးချေ၊ ဝုတျဿ။

**မှတ်ချက်။** ။ဖြတ်, စပ်, ဆိုင်ရာသုတ်ညွှန်း ဆိုသည်မှာ ရုပ်တွက်နိုင်းခြင်းတမျိုးသာ၊ ထို့ကြောင့် အကျဉ်းအားဖြင့် ဆိုင်ရာသုတ်ကိုသာ ညွှန်းပြလိုက်သည်။

မယဝ-သဒ္ဒါတည်၊ သိသက်၊ ဝခွင်းအကြွင်း၊ပုမန္တဿာသိမှိ-၌ အန္တသဒ္ဒါဖြင့် နောက်သိဝိဘတ် နှောင်းသောကြောင့် မဃဝသဒ္ဒါ၏ အစိတ်အ-ကို ဝိဘတ်နှင့်တကွ အာပြု၊ဝ-အာ-ကပ်၊ ပြီး၏။

၂။ *စဂ္ဂဟကာမဝမာရကာတ္တံ။ သုခေတ္တေသု ဖြဟ္မစာရိသု ဓမ္မ-မက္ခာသိ ဘဂဝါ၊ ဘိက္ခုနံ့ ဒတွာ သကေဟိ ပါဏိဘိ။

၃။ *ယေန၊ အကြင်အနာရှိသောအစိတ်ဖြင့်။ အင်္ဂဝိကာရော၊ အပေါင်း၏ ဘောက်ပြန်ခြင်းကို။ လက္ခိယတေ၊ မှတ်အပ်၏။ တတ္တ၊ ထိုအစိတ်၌။ တတိယာ၊ တတိယာဝိဘတ်သည်။ ဟောတိ၊ ဖြစ်၏။

**မှတ်ချက်။** ။ဤသို့ပေးမှ ဝုတ္တိအဖွင့်နှင့်ညီသည်၊ ''ဗျာဓိမတာအင်္ဂေန၊ အနာရှိသောအစိတ်ဖြင့်''ဟု ပေးသည်၊ နိသျအတိုင်း အနာအစရှိသော အစိတ်ဟုမပေးရ၊အင်္ဂနော ဝိကာရော-ဟု ဖွင့်ထား၍ အပေါင်း၏ဘောက်ပြန်ခြင်းဟု ပေးသည်။

## ၁၃၁၉-ခုနှစ်၊ ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ဒုတိယမေးခွန်း အဖြေလွှာ

၁။ * လေးဆယ့်တလုံးသော ဝဏ္ဏတို့သည် ပိဋကတ္တယံပိ ပတ္တာ နက္ခရန္တိ နခိယန္တီတိ အက္ခရာ-ဟူသော ဝစနတ္ထကြောင့် အက္ခရာမည် ကုန်၏။

ယေဝဏ္ဏာ၊အကြင်လေးဆယ့်တလုံးသော၊ဝဏ္ဏတို့သည်။ ပိဋကတ္တယံပိ၊ ပိဋကတ်သုံးပုံသို့လည်း။ ပတ္တာ၊ ရောက်၍။ နက္ခရန္တိ-နခိယန္တိ၊ မကုန်နိုင် ကုန်။ ဣတိတသ္မာ၊ ထိုသို့မကုန်နိုင်ကုန်သော သတ္တိကြောင့်။ တေဝဏ္ဏာ၊ ထိုလေးဆယ့်တလုံးသော ဝဏ္ဏတို့သည်။ အက္ခရာ၊ အက္ခရာမည်ကုန်၏။

၂။ * ၁၃၁၇-ခုနှစ် ကစ္စည်းသဒ္ဒါ ပထမမေးခွန်း ၃-နံပါတ် အဖြေ၌ ၎င်းသုတ်၏ ဝုတ္တိ,ဥဒါဟရဏ်များကို ရေးပြီးပြီ။

၃။ * ဘာဝကမ္မေသု တ-ဖြင့် ဘာဝသာဓန,ကမ္မသာဓနနှစ်ပါးနှင့် အတိတ်ကာလ၌ တ-ပစ္စည်းသက်သည်။

ဗုဒ္ဓဂမာဒိတ္ထေကတ္တရိ-ဖြင့် ကတ္တုသာဓန,ကာလ ၃-ပါး၌ တ-ပစ္စည်း သက်သည်။

---

## ၁၃၁၉-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း အဖြေလွှာ

၁။ * ကာမာဝစရ စိတ်သည် စိတ်အနေပင်ကိုယ်မူလ အားဖြင့် တပါးသာရှိသည်၊ ၎င်းတပါးသာရှိသောစိတ်သည် သောမနဿ ဝေဒနာ နှင့် ယှဉ်ခြင်း, ဥပေက္ခာဝေဒနာနှင့် ယှဉ်ခြင်းအားဖြင့် ၂-မျိုးပြားသည်၊ ဒုဝိဓ ဖြစ်သည်၊ ၎င်း ဒုဝိဓဖြစ်သောစိတ်သည် ကုသိုလ်, ဝိပါက်,ကြိယာ ၃-မျိုးရှိပြန်သောကြောင့် ၆-ပါးပြားသည်၊ ဆ-ဖြစ်သည်။

သောမနဿဝေဒနာ,ဥပေက္ခာဝေဒနာအားဖြင့် ၂-ပါးပြားသောစိတ် သည် ဉာဏ်နှင့်ယှဉ်,မယှဉ် ၂-မျိုးစီဖြစ်သောကြောင့် ၄-မျိုးပြားသည်၊ စတုဗ္ဗိဓဖြစ်သည်၊ ၎င်းစတုဗ္ဗိဓ ဖြစ်သော စိတ်သည် ကုသိုလ်, ဝိပါက်, ကြိယာ ၃-မျိုးရှိပြန်သောကြောင့် ၁၂-ပါးပြားသည်၊ ဒွါဒသ ဖြစ်သည်။

ဉာဏ်နှင့်ယှဉ်, မယှဉ် ၂-မျိုးစီဖြစ်သောကြောင့် ၄-မျိုးပြားသောစိတ် သည် တပါးတပါးလျှင် သင်္ခါရရှိ,မရှိ ၂-မျိုးစီဖြစ်သောကြောင့် ၈-မျိုး

ပြားသည်၊ အဌ္ဌဝိဓဖြစ်သည်၊ ၎င်း အဌ္ဌဝိဓဖြစ်သောစိတ်သည် ကုသိုလ်, ဝိပါက်, ကြိယာ ၃-မျိုးရှိပြန်သောကြောင့် စတုဝီသတိဖြစ်သည်။

[ရှင်းအောင်ရေးရန် မလွယ်လှ၊သတိပြု။]

**မှတ်ချက်။** ။အစိုးရမေးခွန်း၌ ပြရပုံ-ဟု ဖြစ်နေသည်၊ ပြားရပုံဆိုမှ မှန်မည်။

၂။ * ကာမာဝစရ သောဘဏစိတ်တို့တွင် သမ္ပာဝါစာရံခါယှဉ်ခွင့် ရှိသောစိတ်ကား-မဟာကုသိုလ်စိတ် ၈-ပါးတည်း၊ အမြဲယှဉ်ခွင့်မရှိသော စိတ်တို့ကား-မဟာဝိပါက် ၈-ပါး, မဟာကြိယာ ၈-ပါးအားဖြင့် ၁၆-ပါးတို့တည်း။

[ဝိရတီစေတသိက်များကို ခွဲမေးထားခြင်းနှင့် ကာမာဝစရ သောဘဏ စိတ်တို့တွင်-ဆိုသည်ကို သတိပြု။]

၃။ * ကာမေ၊ ကာမတဆယ့်တဘုံ၌။ ဆဝတ္ထုံ၊ ခြောက်ပါးသော ဝတ္ထုရုပ်ကို။ နိဿိတာ၊ မှီ၍ဖြစ်ကုန်သော။ ဝိညာဏ ဓာတုယော၊ ဝိညာဏဓာတ်တို့ကို။ သတ္တ၊ ခုနစ်ပါးအပြားရှိကုန်၏ ဟူ၍။ မတာ၊ သိအပ်ကုန်၏။ ရူပေ၊ အသညသတ်ကြဉ်သော ရူပတဆယ့် ငါးဘုံ၌။ တိဝတ္ထုံ၊ ၃-ပါးသော ဝတ္ထုရုပ်ကို။ နိဿိတာ၊ မှီ၍ဖြစ်ကုန်သော။ ဝိညာဏ ဓာတုယော၊ ဝိညာဏဓာတ်တို့ကို။ စတုဗ္ဗိဓာ၊လေးပါးအပြား ရှိကုန်၏ဟူ၍။ မတာ၊ သိအပ်ကုန်၏။ အရူပေ၊ အရူပလေးဘုံ၌။ ဝတ္ထုံ၊ ဝတ္ထုရုပ်ကို၊ အနိဿိတာ-အနိဿိတာဧဝ၊ မမှီမူ၍သာလျှင် ဖြစ်သော။ ဧကော၊ တခုသော။ ဓာတု၊ မနောဝိညာဏဓာတ်ကို။ မတာ၊ သိအပ်၏။

တေစတ္တာလီသ၊ လေးဆယ့်သုံးပါးကုန်သော စိတ်တို့သည်။ ဝတ္ထုံ၊ ဝတ္ထုရုပ်ကို။ နိဿာယ-နိဿာယဧဝ၊ မှီကုန်၍သာလျှင်။ ဇာယရေ၊ ဖြစ်ကုန်၏။ ဒွေစတ္တာလီသ၊ လေးဆယ့်နှစ်ပါးကုန်သော စိတ်တို့သည်။ ဝတ္ထုံ၊ ဝတ္ထုရုပ်ကို။ နိဿာယစ၊ မှီကုန်၍၎င်း။ အနိဿာယစ၊ မမှီကုန်မူ၍၎င်း။ ဇာယရေ၊ဖြစ်ကုန်၏။ ပါကာရုပ္ပါ၊ အရူပဝိပါက်စိတ် လေးခုတို့သည်။ ဝတ္ထုံ၊ ဝတ္ထုရုပ်ကို။ အနိဿိတာ-အနိဿိတာဧဝ၊ မမှီကုန်မူ၍သာလျှင်။ ဇာယရေ၊ ဖြစ်ကုန်၏။

## ၁၃၁၉-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ * နေဝသညာ နာသညာယတနဘုံ၌ ဖြစ်ထိုက်သော ဝီထိစိတ်သရုပ်ကား-ဒေါသမူ နွေး, ဟသိတုပ္ပါဒ်ကြဉ်သောကာမဇော ၂၆-ပါး, နေဝသညာနာသညာယတန ကုသိုလ်ကြိယာဇော-၂, သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် ၇-ခု,မနောဒွါရာဝဇ္ဇန်း အားဖြင့် ၃၆-ပါးဖြစ်သည်။ [ဟေဋ္ဌိမာရူပ္ပဝဇ္ဇိတာနိ-သတိပြု။]

၂။ * ပဝတ္တိအခါ၌သာ အကျိုးပေးသော အကုသိုလ်ကံကား-ဥဒ္ဓစ္စနှင့်ယှဉ်သော အကုသိုလ် စေတနာကံတပါးတည်း၊အကျိုးပေးရာဘုံကား-ကာမဘုံနှင့် အသညသတ်ကြဉ်သော ရူပဘုံတို့တည်း။

ပဝတ္တိ, ပဋိသန္ဓေ နှစ်မျိုးလုံးအကျိုးပေးသောအကုသိုလ်ကံများကား ဥဒ္ဓစ္စစေတနာကံကြဉ်သော အကုသိုလ်ကံ ၁၁-ပါးတို့တည်း၊ အကျိုးပေးရာဘုံကား- ပဋိသန္ဓေအခါ၌ အပါယ်လေးဘုံ, ပဝတ္တိအခါ၌ ကာမ ၁၁-ဘုံနှင့် အသညသတ်ကြဉ်သောရူပ ၁၅-ဘုံတို့၌ထိုက်သည်အားလျော်စွာပေးသည်။

၃။ * အာသဝေါဃာ စ ယောဂါ စ၊
တယော ဂန္ထာ စ ဝတ္ထုတော။
ဥပါဒါနာ ဒုဝေ ဝုတ္တာ၊
အဋ္ဌ နီဝရဏာ သိယုံ။ ။
ဆဠေဝါနုသယာ ဟောန္တိ၊
နဝ သံယောဇနာ မတာ။
ကိလေသာ ဒသ ဝုတ္တောယံ၊
နဝဓာ ပါပသင်္ဂဟော။ ။

---

## ၁၃၁၉-ခုနှစ်၊ ပထမငယ်
## မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *အမိသည်သားသ္မီးကိုဖြစ်စေသကဲ့သို့ ထို့အတူ မာတိကာသည်လည်း နိဒ္ဒေသကို ဖြစ်စေပါသည်။

(က) ဥပါဒိန္နုပါဒါနိယာ၊ အာရုံပြုသောအားဖြင့် ဇကျော,ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်ကုန်သည်ဖြစ်၍ ဥပါဒါနိတို့၏အစီးအပွားဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

(ခ) မိစ္ဆတ္တနိယတာ၊ ဖေါက်ပြန်သော သဘောရှိကုန်သည်ဖြစ်၍ စုတိ၏အခြားမဲ့၌ အကျိုးပေးသည်၏အစွမ်းဖြင့် မြဲကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

(ဂ) မဂ္ဂါဓိပတိနော၊ မဂ်ဟုဆိုအပ်သောအာရမ္မဏာဓိပတိပစ္စည်းရှိကုန်သော။ တနည်းကား- မဂ္ဂါဓိပတိနော၊ မဂ်ဟုဆိုအပ်သော သဟဇာတာဓိပတိပစ္စည်းရှိကုန်သော။ တနည်းကား-မဂ္ဂါဓိပတိနော၊ မဂ်လျှင် သဟဇာတာဓိပတိပစ္စည်းဖြစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

၂။ * ပရိတ္တာရမ္မဏာ ဓမ္မာ-ဟူသော ပဌမပုဒ်၏အရကား-ပရိတ္တတရားကို မြဲသောအားဖြင့် အာရုံပြုသော ဒွေပဉ္စဝိညာဏ် ၁၀,မနောဓာတ် ၃-ခု, သန္တီရဏ ၃-ခု, မဟာဝိပါက် ၈-ခု, ဟသိတုပ္ပါဒ်စိတ်တခု, စေတသိက်တွေတွဲ့သ။ [ပရိတ္တာရမ္မဏ ကေန်]

ပစ္စုပ္ပန္နာရမ္မဏာ ဓမ္မာ-ဟူသော တတိယပုဒ်၏အရကား- ပစ္စုပ္ပန်တရားကိုမြဲသောအားဖြင့်အာရုံပြုသော ဒွေပဉ္စဝိညာဏ် ၁၀,မနောဓာတ် ၃-ခု၊ဆန္ဒ,ပီတိ,ဝီရိယကြဉ်သောအညသမာန်းစေတသိက်၁၀။ [ပစ္စုပ္ပန္နာရမ္မဏာကေန်။]

နိဗ္ဗာန်ကို ပစ္စုပ္ပန်,အတိတ်,အနာဂတ်ဟုမဆိုအပ်သောကြောင့်၊ ဝါ-နိဗ္ဗာန်သည် ကာလဝိမုတ်ဖြစ်၍ ၃-ပုဒ်လုံး၌မပါသောကြောင့် ဥပ္ပန္နတိက်သည် သပ္ပဒေသတိက်ဖြစ်ပါသည်။

[နိဗ္ဗာနံ န ဝတ္တဗ္ဗံ ဥပ္ပန္နန္တိပိ အနုပ္ပန္နန္တိပိ ဥပ္ပါဒီတိပိ။ ။ပါဠိတော်။

ဝိနာသာဘာဝတော အစီတာဒိကာလဝသေန န ဝတ္တဗ္ဗာ နိဗ္ဗာနံ ပညတ္တိ စ ကာလဝိမုတ္တံနာမ။ ။ဋီကာကျော်။]

၃။ * ပျက်တတ်,ဖြစ်တတ်သော ဝဋ်ဆင်းရဲဟုဆိုအပ်သော သင်္ခါရလောက၌ အကျုံးဝင်သည်၏အဖြစ်ဖြင့် ပျက်တတ်,ဖြစ်တတ်သော ဝဋ်ဆင်းရဲဟု ဆိုအပ်သော သင်္ခါရလောက၌ ယှဉ်ကုန်သော သဘောတရားတို့သည် လောကီမည်ပါသည်။

ပျက်တတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲဟုဆိုအပ်သော သင်္ခါရလောက၌ အကျုံးမဝင်သည်၏အဖြစ်ဖြင့် ပျက်တတ်ဖြစ်တတ်သော ဝဋ်ဆင်းရဲဟု ဆိုအပ်သော သင်္ခါရလောကမှ ထွက်မြောက်ကုန်သော သဘောတရား တို့သည် လောကုတ္တရာ မည်ပါသည်။

စက္ခုဝိညာဏ်သည် သိအပ်သောတရားကား ရူပါရုံတည်း။

မဟန္တရဒုက်တို့တွင် သပ္ပဒေသဒုက်တို့ကား- စိတ္တသမ္ပယုတ္တဒုက်နှင့် စိတ္တသံသဋ္ဌဒုက် ၂-ဒုက်တို့ဖြစ်ပါသည်။

---

### ၁၃၁၉-ခုနှစ်၊ ပထမငယ်
### မာတိကာနှင့် ဓာတုကထာ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ * (က) ဂန္ထလည်းမည်, ဂန္ထနှင့်လည်းယှဉ်သောတရားကား- ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ရှိသော လောဘ,ဒိဋ္ဌိဟုဆိုအပ်သော ဂန္ထ တရားကိုယ် ၂-ပါးရ၏။

(ခ) ဂန္ထနှင့်သာယှဉ်၍, ဂန္ထမမည်သောတရားကား-လောဘမူစိတ် ၈-ခု, ဒေါသမူ၂ခု,ဂန္ထတရားကိုယ် ၃-ပါး, ဝိစိကိစ္ဆာကြဉ်သော စေတ သိက် တေဝီသရ၏။

(ဂ) ပရာမာသနှင့်ယှဉ်သော တရားကား- ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဒိဋ္ဌိ,မာန,ဒေါသ,ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ,ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဝီသရ၏။

(ဃ) ပရာမာသနှင့်မယှဉ်သော တရားကား- ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု,ဒေါသမူ၂ခု,မောဟမူ၂ခု, ကုသိုလ်ကေဝီသ, ဝိပါက်ဆတ္တိံသ, ကြိယာစိတ်ဝီသ,ဒိဋ္ဌိကြဉ်သော စေတသိက်ကေပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏။

(င) (ဂ)နှင့်(ဃ)နှစ်ပါးစုံမှလွတ်သောတရားကား-ဒိဋ္ဌိတည်း။

မှတ်ချက်။ ။(ဂ)နှင့်(ဃ)မှလွတ်သောတရားဟူသည်ပရာမာသနှင့်ယှဉ် သောတရား,ပရာမာသနှင့်မယှဉ်သောတရားတို့မှအလွတ် ဖြစ်သော ဧင်းဒုက်၏ ဒုက်မှတ်တရားသာတည်း၊ဝါ-ပရာ မာသသမ္ပယုတ္တဒုက်၏ ဒုက်မှတ်သာတည်း၊ နားဝေ့နေ တတ်၏။

၂။ *သမ္ပယောဂနည်း,သင်္ဂဟနည်းတို့နှင့် သင့်တင့်သော"သဘာဂ လက္ခဏာ" သမ္ပယောဂနည်း, သင်္ဂဟနည်းတို့နှင့် မသင့်တင့်သော "ဝိသဘာဂလက္ခဏာ" ဤလက္ခဏာ ၂-ပါးတို့ဖြင့် ထားအပ်သော မာတိကာသည် လက္ခဏမာတိကာဖြစ်ပါသည်။

လောကီဝိပါက်ဗာတွိံသ, စေတသိက်ပဉ္စတိံသ, ကမ္မဇရုပ်ဝီသသည် ဥပပတ္တိဘဝမည်၏။

ဒေါသမူဒွေး၌ရှိသော ဒေါမနဿဝေဒနာသည် သောကမည်၏။

၃။ * (က) ပရိဒေဝေန၊ ပရိဒေဝသည်။ ယေဓမ္မာ၊ အကြင် သဒ္ဒရုပ်ကြဉ်သော ရုပ်သတ္တဝီသတို့ကို။

(ခ) စက္ခာယတနေန၊ စက္ခာယတနသည်။ ယေဓမ္မာ၊ အကြင် စက္ခာယတနကြဉ်သော ရုပ်သတ္တဝီသတို့ကို။ [ဤကား-(က) (ခ) တို့ကို ဒုတိယနယ နိဒ္ဒေသဖြင့် ယေ စွဲပုံတည်း။]

(ခ) စက္ခာယတနေန၊ စက္ခာယတနသည်။ ယေဓမ္မာ၊ အကြင် နာမက္ခန္ဓာ ၄-ပါး, နိဗ္ဗာန်တို့ကို။

(ဂ) ဝိညာဏက္ခန္ဓေန၊ ဝိညာဏက္ခန္ဓာသည်။ ယေဓမ္မာ၊ အကြင် ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,နိဗ္ဗာန်တို့ကို။[ဤကား-(ခ)(ဂ)တို့ကို ပဌမ နယနိဒ္ဒေသဖြင့် ယေစွဲပုံတည်း။]

[ဘာသာပြန် အဖြေလွယ်ပြီ။]



# မေးခွန်းပုစ္ဆာများ

## ၁၃၂၀-ပြည့်နှစ်

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက်(ဝိနယ)၊ ပထမမေးခွန်း**

၁၃၂၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၀-ရက်၊ (၂-၄-၅၉)
ကြာသပတေးနေ့။

၁၊ အောက်ပါပုဒ်တို့တွင်သိက္ခာချရာ၌ လိုအပ်သောပုဒ်,မလိုအပ်သော ပုဒ်များကို ဝေဘန်ခွဲခြားပြပါ။ (၁၀)

(က) ပစ္စက္ခာမိ (ဃ) ပစ္စက္ခေယျံ
(ခ) ပစ္စက္ခာသိံ (င) အလံ မေ
(ဂ) ပစ္စက္ခိံသုံ

၂။ ပရိဝါသ်နေပြီးသောရဟန်းသည် အဘယ်အကျိုး၄ါ ခြောက်ညဥ့် ပတ်လုံး မာနတ်ကျင့်အပ်ပါသနည်း၊ ပါတိမောက်လာ ပါဠိ အ ထောက်ပြ၍ ဖြေဆိုပါ။ (၁၀)

၃။ စီဝရဝဂ် ဒုတိယကထိန သိက္ခာပုဒ်ကို အနက်ပေးပြပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက်(ဝိနယ)၊ ဒုတိယမေးခွန်း**

၁၃၂၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၀-ရက်၊(၂-၄-၅၉)
ကြာသပတေးနေ့။

၁။ ရဟန်းတပါးအားကိုယ်တိုင် သင်္ကန်းကိုပေးပြီးမှ စိတ်ဆိုးပြီး ပြန်၍ လုယက်ယူသောရဟန်းအား မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့် အာ ပတ်သင့်ပါသနည်း။ (၁၀)

၂။ အောက်ပါရဟန်းတို့အားသင့်သောအာပတ်တို့ကိုညွှန်ပြခဲ့ပါ။(၁၀)

(က) ပိုးချည်နှင့်ရောသောအခင်းကို ပြုလုပ်ခိုင်းသောရဟန်း။
(ခ) ရဟန်းတပါးကို ချောက်သောရဟန်း။

၃။ သဟဓမ္မိကဝဂ် သဍ္ဍမသိက္ခာပုဒ်ကို ပါဠိချရေးခဲ့ပါ။ (၁၀)

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း

၁၃၂၀-ပြည့်နှစ်၊တပေါင်းလပြည့်ကျော်၁၁ရက်၊(၃-၄-၅၉)သောကြာနေ့။

၁။ အောက်ပါ (က)(ခ)(ဂ)မှတ်ပြပုဒ်တို့ကို ဖြစ်သင့်သလို ပုဒ်ဖြတ်၍၊ (ဃ)(င)(စ)မှတ်ပြပုဒ်တို့ကိုသက်ဆိုင်ရာသုတ်တို့ဖြင့် ပုဒ်စဉ်ပြီးလျှင်၊ ဝေါဟာရနှင့် အံဝိဘတ်သက်၍ ဖြစ်သင့်သမျှ နာမ်ရုပ်ကျဉ်း ထုတ်ပြခဲ့ပါ။ (၁၀)

| | |
|---|---|
| (က) မဟာသာလော | (ဃ) ဝိဇ္ဇာသတိ |
| (ခ) ဇိနေရိတံ | (င) ဂေါဋ္ဌကံ |
| (ဂ) တဒ္ဓိ | (စ) သံဝိဇ္ဇံ |

၂။ ပဉ္စမျာတ္တေ-သုတ်၏ဝုတ္တိ,ဥဒါဟရဏ်ကုန်အောင် အနက်ယောဇနာခဲ့ပါ။ (၁၀)

၃။ ကွစာသဝဏ္ဏလုတ္တေ-သုတ်၌ ကာရိဖြစ်သောသရများနှင့် ကာရိယဖြစ်သောသရများကို ဖေါ်ပြ၍၊ မည်သည့်သရကို မည်သည့် အသဝဏ်ပြုရမည်ဟု ခွဲခြားပြခဲ့ပါ။ (၁၀)

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း

၁၃၂၀-ပြည့်နှစ်၊တပေါင်းလပြည့်ကျော်၁၁ရက်၊(၃-၄-၅၉)သောကြာနေ့။

၁။ နဒီသဒ္ဒါနှောင် ကပစ္စည်းသက်သောသုတ်, ဝုတ္တိ,ဥဒါဟရဏ် ကုန်အောင် ပါဠိရေးခဲ့ပါ။ (၁၀)

၂။ သမ္ဗယောနိနမာဧ-သုတ်ဖြင့် မည်သည့်ယော,နိတို့ကိုမည်သည့်လိင်၌ နိစ္စဝိဓိ,မည်သည့်လိင်၌ အနိစ္စဝိဓိပြုရမည်နည်း၊ အသီးသီးပြဆိုပါ။ (၁၀)

၃။ သုတ်စစ်ကျမ်းလာ အောက်ပါပယောဂလကို ဖေါ်ရေးခဲ့ပါ။ (၁၀) သညာသုတ်,အဓိကာရသုတ် (လ)သရာသရေလောပံ-အစ ရှိသည် တည်း။

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမ မေးခွန်း**

၁၃၂၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၂-ရက်၊ (၄-၄-၅၉) စနေနေ့။

၁။ အဟိတ်စိတ် ၁၈-ပါးတို့တွင် ကိစ္စဘေဒစိတ်များကိုသာ ထုတ်ပြခဲ့ပါ။ (၁၀)

၂။ (က) ပကိဏ်းစေတသိက် ၆-ပါးလုံး ယှဉ်နိုင်သောစိတ်။
(ခ) ပကိဏ်းစေတသိက် ၆-ပါးလုံးအကြွင်းခံရသော စိတ်တို့ကို ရေတွက်ပြခဲ့ပါ။ (၁၀)

၃။ ပကိဏ်းပိုင်း အစဂါထာကို အနက်ရေးခဲ့ပါ။ (၁၀)

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း**

၁၃၂၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၂-ရက်၊ (၄-၄-၅၉) စနေနေ့။

၁။ ရူပတိဟိတ်ပုဂ္ဂိုလ်အား ရထိုက်သော ဝီထိစိတ်တို့ကို ရေတွက်ပြခဲ့ပါ။ (၁၀)

၂။ ဝသဝတ္တီဘုံ၌ဖြစ်သော နတ်တို့၏အသက် အတိုင်းအရှည်သည် လူတို့၏အရေအတွက်အားဖြင့် မည်မျှရှိပါသနည်း။ (၁၀)

၃။ ပစ္စည်းပိုင်း အဆုံး ၂-ဂါထာတို့ကို ပါဠိသက်သက် ရေးခဲ့ပါ။ (၁၀)

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း**

၁၃၂၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၄-ရက်၊ (၆-၄-၅၉) တနင်္လာနေ့။

၁။ အောက်ပါအမှတ်ပြ ပရမတ္ထ ဓမ္မတို့ကို သရုပ်ပေါ်အောင် ထုတ်ဖော်၍ ပြပြီးလျှင်၊ ခန္ဓဝိမုတ်၊ သစ္စာဝိမုတ်တရားတို့ကိုလည်း အကျဉ်းချုပ်ခါ ထုတ်ပြခဲ့ပါ။ (၁၀)
(က) အကြောင်းတရား (ခ) အကျိုးတရား (ဂ) နိဗ္ဗာန်ရောက်ကြောင်းတရား။

၂။ ဥပ္ပန္နတိက် တတိယပဒ အရကောက်ပြပြီးလျှင်၊ နိဗ္ဗာန်သည်အဇ္ဈတ္တလော၊ ဗဟိဒ္ဓလော၊သာဓကပြ၍ ဖြေဆိုခဲ့ပါ။ (၁၀)

၃။ အောက်ပါ ပါဠိဓမ္မတို့ကို အရမျှသာ ကောက်ပြခဲ့ပါ။ (၁၀)
အပ္ပဋိဃာဓမ္မာ၊ဥပါဒါနာဓမ္မာ၊ ဥပါဒါဓမ္မာ။

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ဒုတိယမေးခွန်း

၁၃၂၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၄-ရက်၊(၆–၄–၅၉) တနင်္လာနေ့

၁။ ယောဂသမ္ပယုတ္တာစေဝမ္ဗာ နောစယောဂါ– ၎င်းပဒ၏အရကို ဓာတ်နှင့် သစ္စာဖွဲ့ပြပြီးလျှင် ဝင်္ဂဆင်းရဲမှထွက်မြောက်ကြောင်း မဟုတ်သော တရားတို့ကိုလည်း ဖော်ပြပါ။ (၁၀)

၂။ ပဋိစ္စသမုပ္ပါဒ်သည် ၁၀–ပါး ပြားပါလျက် အဘယ့်ကြောင့် အင်္ဂါအားဖြင့် ၁၂-ပါးသာ ဖြစ်ရလေသနည်း၊ ထင်ရှားစွာ ပြပြီးလျှင် ပရိဒေဝနှင့် ဥပါယာသ တရားကိုယ် တို့ကိုလည်း ခန္ဓာ, အာယတန ဓာတ်တို့ဖြင့် ရေတွက်ပြခဲ့ပါ။ (၁၀)

၃။ အောက်ပါ ပါဠိတော်ကို အနက်မှန်ကန်စွာ ယောဇနာခဲ့ပါ။ (၁၀)

သမုဒယသစ္စေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေနသင်္ဂဟိတာ၊အာယတနသင်္ဂဟေန သင်္ဂဟိတာ၊ဓာတုသင်္ဂဟေန သင်္ဂဟိတာ၊တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ၊အာယတနသင်္ဂဟေနသင်္ဂဟိတာ၊ဓာတုသင်္ဂဟေန သင်္ဂဟိတာ၊တေဓမ္မာ။

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ ဘာသာပြန်၊ ပထမမေးခွန်း

၁၃၂၀–ပြည့်နှစ်၊တပေါင်းလပြည့်ကျော် ၁၅-ရက်၊(၇-၄-၅၉) အင်္ဂါနေ့။

၁။ အောက်ပါပါဠိတို့ကို မြန်မာဘာသာပြန်ဆိုပါ။ (၁၅)

(က) ပုရောဟိတော ဒါသပရိဝုတော နှာနတ္ထာယ နဒိတီရံ အာဂတော။

(ခ) သစ္စပရိယောသာနေ ဥက္ကဏ္ဍိတဘိက္ခု သောတာပတ္တိဖလေ ပတိဋ္ဌာသိ။

(ဂ) သတ္ထာ မဂဓေသု စာရိကံ စရမာနော ဒါဝဂ္ဂိနိဗ္ဗာနံ အာရဗ္ဘ ကထေသိ။

(ဃ) သော ဝိ ခေါ အဂ္ဂိ ကေဝူမော ကေဇာလော ဟုတွာ အဝတ္ထရမာနော အာဂစ္ဆတေဝ။

(င) သတ္ထာ မဟာဘိက္ခုသံဃပရိဝုတော အညတရသ္မိံ ပဒေသေ အဋ္ဌာသိ။

၂။ အောက်ပါ မြန်မာဘာသာတို့ကို ပါဠိပြန်ဆိုပါ။ (၁၅)

(က) ရဟန်းသည် ဘုရားအထံ၌ ကမ္မဋ္ဌာန်းကိုယူလျက် ဇေတဝန်ကျောင်းမှထွက်ပြီးလျှင် ကောသလတိုင်း၌ တခုသော ပစ္စန္တရစ်ရွာကိုအမှီပြု၍ တခုသောတောကျောင်း၌ နေသတတ်။

(ခ) ရဟန်း…သင်သည် ချမ်းသာသဖြင့် ဝါတွင်း သုံးလပတ်လုံး နေရ၏လော၊ သင့်အား ကမ္မဋ္ဌာန်းသည် အပြီးသို့ ရောက်၏လော။

(ဂ) ငှက်တို့သည် တပေါက်မျှသောရေ၌ မိကျောင်းတို့ကို မြင်သလောဟု ဆိုကုန်၏၊ ဆိုကုန်၍ ဘုရားလောင်း၏ စကားကို မနာယူဘဲ ထိုသစ်ပင်၌သာလျှင် နေကုန်၏။

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘာသာပြန်၊ ဒုတိယမေးခွန်း**

၁၃၂၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၅-ရက်၊ (၇-၄-၅၉)အင်္ဂါနေ့။

၁။ အောက်ပါပါဠိတို့ကို မြန်မာဘာသာပြန်ဆိုပါ။ (၁၅)

(က) ပဏ္ဍာ အာဂတာ ထေရာ သေနာသနာနိ န လဘန္တိ။

(ခ) သာရိပုတ္တ…ဍမာယ ဝေလာယ ဍမ ကိံ ကရောသိ။

(ဂ) ဘိက္ခု အညမညံ အဂါရဝါ အပ္ပဋိဿာ ဝိဟရန္တိ။

(ဃ) န ဘိက္ခဝေ မယှံ သာသနေ အဂ္ဂါသနာဒီနိ ပတ္တာ ခတ္တိယကုလာ ပဗ္ဗဇိတော ပမာဏံ။

(င) အဘိဝါဒနာဒီနိ ကတ္တာ ဒေဝပထံ ပူရယမာနာ ဂတာ။

၂။ အောက်ပါ မြန်မာဘာသာတို့ကို ပါဠိပြန်ဆိုပါ။ (၁၅)

(က) တနေ့သ၌ ပုဏ္ဏားသည် ဘုရားလောင်းကို ယူ၍ တစုံတခုသောပြုဘွယ်ကိစ္စကြောင့် မိမိရွာမှ ထွက်၍ စေတတိုင်းသို့ သွားသေ၏။

(ခ) ခံစားအပ်သောဆင်းရဲဖြင့် ငါ့အားအဘယ်အကျိုးရှိအံ့နည်း၊ မန္တရားကိုမန်းပြီးလျှင် ရတနာမိုးကို ရွာစေလျက် ခိုးသူတို့အား ဥစ္စာကိုပေး၍ ချမ်းသာစွာသွားအံ့။

(ဂ) အကြောင်းမဟုတ်သဖြင့် မိမိ၏စီးပွါးကို တောင့်တသောသူသည် ငါတို့၏ဆရာကဲ့သို့ ကြီးစွာသော ပျက်းစီးခြင်းသို့သာလျှင် ရောက်လတ္တံ့။

---

# မေးခွန်းအဖြေများ

## ၁၃၂၀-ပြည့်နှစ်၊ ပထမငယ်
## ဘိက္ခုပါတိမောက်၊ ပထမမေးခွန်း အဖြေလွှာ

၁။ *(က) ပစ္စက္ခာမိ···· ပစ္စုပ္ပန်ကာလဖြစ်၍ သိက္ခာချရာ၌ လိုအပ်သည်။

(ခ) ပစ္စက္ခာသိံ···· အတိတ် ကာလဖြစ်၍ သိက္ခာ ချရာ၌ မလိုအပ်။

(ဂ) ပစ္စက္ခိဿံ···· အနာဂတ်ကာလဖြစ်၍ သိက္ခာ ချရာ၌ မလိုအပ်။

(ဃ) ပစ္စက္ခေယျံ···· ပရိကပ္ပ စကားဖြစ်၍ သိက္ခာ ချရာ၌ မလိုအပ်။

(င) အလံ မေ···· အနာမဋ္ဌကာလ ဖြစ်၍ သိက္ခာ ချရာ၌ လိုအပ်သည်။

၂။ *ပရိဝုတ္ထပရိဝါသေန ဘိက္ခုနာ ဥတ္တရိဆာရတ္တံ ဘိက္ခုမာနတ္တာယ ပဋိပဇ္ဇိတဗ္ဗံ– ဟူသော ပါတိမောက် ပါဠိတော်ကို ထောက်၍ ရဟန်းတို့၏ မြတ်နိုးသည်၏အဖြစ် တည်းဟူသောအကျိုး၄ါ ခြောက်ည့်ပတ်လုံး မာနတ်ကျင့်အပ်ပါသည်။

၃။ *ဘိက္ခုနာ-ဘိက္ခုနော၊ ရဟန်း၏။ နိဋ္ဌိတစီဝရသ္မိံ၊ သက်န်း၌ပြုအပ်သော ပလိဗောဓပြီးပြီးသော်။ ကထိနေ၊ ခင်းအပ်သောကထိန်ကို။ ဥဗ္ဘတသ္မိံ၊ မာတိကာရှစ်ပါး အကြား၌ နုတ်ခြင်းဖြင့် နုတ်အပ်ပြီးသည်ရှိသော်။ ဘိက္ခုသမ္မုတိယာ၊ ရဟန်းတို့၏ဉတ္တိဒုတိယကံဖြင့် သမုတ်ခြင်းကို။ ဝါ၊ သမ္မုတိရသော ရဟန်းကို။ အညတြ-ဌပေတွာ၊ ကြဉ်ထား၍။ ဘိက္ခု၊ ရဟန်းသည်။ ကေရတ္တမ္ပိ၊ တညဉ့်မျှလည်း။ တိစီဝရေန၊ တိစီဝရိက် အဓိဋ္ဌာန်တင်သောသက်န်းနှင့်။စေဝိပ္ပဝသေယျ၊ အကယ်၍ ကင်း၍နေငြားအံ့။ တဿဘိက္ခုနော၊ ထိုရဟန်းအား။ နိဿဂ္ဂိယံ၊ သက်န်းဟူသော စွန့်အပ်သောဝတ္ထုရှိသော။ ဝါ၊ စွန့်ခြင်းဝိနည်းကံရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။ဝါ၊ နိဿဂ္ဂိယံ၊ သက်န်းကိုလည်းစွန့်အပ်၏။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်လည်းသင့်၏။

---

## ၁၃၂၀-ပြည့်နှစ်၊ ပထမငယ်
## ဘိက္ခုပါတိမောက်၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *ဧဠကလောမဝဂ် ငါးခုမြောက် စီဝရအဓိဋ္ဌာန သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိ ပါစိတ်အာပတ်သင့်ပါသည်။

၂။ *(က) နိဿဂ္ဂိ ပါစိတ် အာပတ်။
(ခ) ပါစိတ်အာပတ်။

၃။ *ယော ပန ဘိက္ခု ဘိက္ခုဿ သဍ္ဂိစ္စ ကုက္ကုစ္စံ ဥပဒဟေယျ၊ ဣတိဿ မုဟုတ္တမ္ပိ အဖာသု ဘဝိဿတီတိ ဧတဒေဝ ပစ္စယံ ကရိတွာ အနညံ ပါစိတ္တိယံ။

---

## ၁၃၂၀-ပြည့်နှစ်၊ ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *(က) မဟာသာရော
(ခ) ဇိနဉ္ဈရိတံ
(ဂ) တံ ဟိ
(ဃ) နိဂ္ဂဟိတဉ္စ-ဟူသောသုတ်၌ စသဒ္ဒါဖြင့် ဝိသဒ္ဒါကို ပ-ပြု၊ ပစ္စေဿတိ။

(င) ဂ-ခွင်း ဩကြွင်း၊ ဩသရေစ-ဖြင့် နောက်ဧသရနှောင်းသောကြောင့် ဂေါသဒ္ဒါ၏ ဩအက္ခရာကိုအဝပြု၊ ဂ အ သို့ကပ်၊ ဝ-ခွင်း၊ သရာသရေလောပံဖြင့် ချေ၊ ကပ်၊ ဂဝဥကံ။

(စ) ဝဂ္ဂန္တံဝါဝဂ္ဂေ-ဖြင့် နောက်ဒဗျည်းနှောင်းသောကြောင့် ရှေ့သထက်၌ရှိသော နိဂ္ဂဟိတ်ကို တဝဂ္ဂန္တ နပြု၊ န ဒိ—သို့ကပ်၊ သန္ဒိဋ္ဌံ။

ဂေါသဒ္ဒါနောင် အံဝိဘတ်သက်၍ ဖြစ်သင့်သမျှ နာမ်ရုပ်ကျဉ်းတွက်ပုံ-

ဂဝံ—ကို ဂေါတည်၊ အံသက်၊ ဂ-ခွင်း ဩကြွင်း၊ အဝမှိစ-ဖြင့် အံဝိဘတ်ကြောင့် ဂေါသဒ္ဒါအစိတ်ဩကို အဝ-ပြု၊ ဂ အ-သို့ကပ်၊ ဝ—ခွင်း၊ ချေ၊ ကပ်၊ ပြီး၏။

ဂါဝံကိုဂေါတည်၊ အံသက်၊ ဂ-ခွင်း ဩကြွင်း၊ အဝမှိစ-ဖြင့် အံဝိဘတ်ကြောင့် ဂေါသဒ္ဒါ၏အစိတ်ဩကို အာဝ—ပြု၊ ဂ အာ—သို့ကပ်၊ ဝ—ခွင်း၊ ချေ၊ ကပ်၊ ပြီး၏။

ဂါဝုံ–ကို ဝေါတည်၊ အံသက်၊ ဂ-ခွင်း ဩကြွင်း၊ အဝမိုစဖြင့် အံဝိဘတ်ကြောင့် ဂေါသဒ္ဒါ၏အစိတ်ဩကို အာဝ-ပြု၊ ဂ အာ–သို့ကပ်၊ ဝ–ခွင်းအကြွင်း၊ အာဝသုဝါ-ဖြင့် အံဝိဘတ်ကြောင့် အာဝအပြု၏အစိတ် အကို ဥ–ပြု၊ ဣဝဏ္ဏ၊ ဝဏ္ဏာ ရုလာ–ဖြင့် ဥကိုလမှည့်၊ အံမော နိဂ္ဂဟိတံ ချလပေဟိ-ဖြင့် လအမည်ရှိသော ဥနောင်နှောင်းသော အံဝိဘတ်ကို နိဂ္ဂဟိတ်ပြု၊ ဝ –ုံသို့ ကပ်၊ ပြီး၏။

၂။ *ပဥ္စမျတ္ထေစ၊ ပဥ္စမီအနက်၌လည်း။ သတ္တမီဝိဘတ္တိ၊ သတ္တမီဝိဘတ်သည်။ ဟောတိ၊ ဖြစ်၏။ ကဒလီသု၊ ငှက်ပျောတောတို့မှ။ ဂဇေ၊ ဆင်တို့ကို။ ရက္ခန္တိ၊ စောင့်ရှောက်ကုန်၏။

[ဝုတ္တိဥဒါဟရဏ် ဟုဆိုသဖြင့် သုတ်ကိုအနက်မရေး။]

၃။ *ကွစာသဝဏ္ဏံလုတ္တေ-ဟူသောသုတ်၌ ကာရီဖြစ်သော သရများကား– ဣ,ဤ,ဥ သုံးလုံးတို့တည်း။

ကာရိယဖြစ်သော သရများကား– ဧ နှင့်ဩ နှစ်လုံးတို့တည်း။

ဣနှင့်ဤကို····ဧအသဝဏ် ပြုရမည်။

ဥသရကို···· ဩအသဝဏ် ပြုရမည်။

[ဣဝဏ္ဏဘူတော ဥကာရဘူတော စ ပရော သရော အသရူပပုဗ္ဗသရေ လုတ္တေ ကွစိ အသဝဏ္ဏံ ပပ္ပေါတိ။ ။ရူပသိဒ္ဓိ။]

---

## ၁၃၂၀-ပြည့်နှစ်၊ ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *နဒိမှာစ။ ။နဒိမှာစ ကပစ္စယော ဟောတိ သမာသန္တေ၊ ဗဟူ နဒိယော ယသ္မိံ သောယံ ဗဟုနဒိကော၊ ဗဟူ ကန္တိယော ယဿ သောယန္တိ ဗဟုကန္တိကော၊ ဗဟုနာရိကော။

**မှတ်ချက်**။ ။ကွစိသမာသန္တ(လ) မကာရန္တော၌ ကာရသဒ္ဒါဖြင့်လည်း နဒီသဒ္ဒါနောင် ကပစ္စည်း သက်နိုင်သေးသည်၊ သို့ရာတွင် သုတ်ဟု ဆိုသဖြင့် ဤသုတ်ကိုရေးသားပါ။

၂။ *သဗ္ဗယောနီနမာဧ-ဖြင့် ပဌမာယောကို အာပြုခြင်းနှင့် ဒုတိယယောကို ဧပြုခြင်းသည် ပုလ္လိင်၌ နိစ္စဝိဓိ၊ ပဌမာ ယောဝိဘတ်ကို ပြုထားသည့် နိကိုအာပြုခြင်းနှင့် ဒုတိယာယောဝိဘတ်ကို ပြုထားသည့် နိကို ဧပြုခြင်းသည် နပုလ္လိင်၌ အနိစ္စဝိဓိ။

မှတ်ချက်။ ။ရှင်းလင်းစွာ ဖြေရန်မလွယ်ကူ၊ သိထားရန်မှာ ပုလ္လိင်၌ နိအပြုမရှိ၊ နပုလ္လိင်၌သာ နိအပြုရှိသည်၊ နပုလ္လိင်၌ နိပြုပြီးမှ အာ-ပြေုရသည်၊သို့ဖြစ်၍အထက်ပါအတိုင်းဖြေမှ အာဘော် ကျမည်။

၃။ * သညာသုတ်,အဓိကာရသုတ်, ပရိဘာသာသုတ်,ဝိဓိသုတ်အား ဖြင့်လေးပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင် အမည်ကိုပြသောသုတ်သည် သညာသုတ်မည်၏၊ ပြယုဂ်ကား-အက္ခရာပါဒယော ဧကစတ္တာလီသံ- အစရှိသည်တည်း၊ ဂုဏ္ဍိ၌ အဓိကာရတ္ထံ-ပါသော လိုက်သုတ်သည် အဓိ ကာရသုတ်မည်၏၊ ပြယုဂ်ကား-ဇိနဝစနယုတ္တံဟိ- အစရှိသည်တည်း၊ ပရိဘာသာပြုသော သုတ်သည် ပရိဘာသာသုတ်မည်၏၊ ပြယုဂ်ကား- အတ္တော အက္ခရသညာတော-အစရှိသည်တည်း၊ ချေခြင်းအစရှိသည်ကို စီရင်သောသုတ်သည် ဝိဓိသုတ်မည်၏၊ ပြယုဂ်ကား-သရာ သရေလောပံ- အစရှိသည်တည်း။

---

## ၁၃၂၀-ပြည့်နှစ်၊ပထမငယ်

## အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း အဖြေလွှာ

၁။ * အဟိတ်စိတ် ၁၈-ပါးတို့တွင် ကိစ္စဘေဒ စိတ်များကား- သမ္ပဋိစ္ဆိုင်းခွေး, သန္တီရဏ ၃-ပါး, အာဝဇ္ဇန်းခွေး, ဟသိတုပ္ပါဒ် တပါး အားဖြင့် ၈-ပါးရှိပါသည်။

[ကိစ္စဘေဒစိတ်များကိုသာဟု ဆိုသဖြင့် နိဿယဘေဒလည်း ဖြစ်နိုင် သော ပဉ္စဝိညာဏ်မပါ။]

၂။ * (က) ပကိဏ်းစေတသိက် ၆-ပါးလုံးယှဉ်နိုင်သောစိတ်များ ကား လောဘမူသောမနဿ ၄-ပါး, မဟာကုသိုလ်သောမနဿ ၄-ပါး, မဟာဝိပါက်သောမနဿ ၄ ပါး, မဟာကြိယာ သောမနဿ ၄-ပါး, ပဉ္စမဈာန် ၁၁-ပါး အားဖြင့် ၂၇-ပါးတို့တည်း။

(ခ)ပကိဏ်းစေတသိက် ၆-ပါးလုံးအကြဉ်ခံရသောစိတ်များကား- ခွေးပဉ္စဝိညာဏ် ၁၀-ပါးတို့တည်း။

၃။ * ယထာယောဂံ၊ ယှဉ်သင့်သည်အားလျော်စွာ။ သမ္ပယုတ္တာ၊ အညီအညွတ် အပြားအားဖြင့်ယှဉ်ကုန်သော။ စိတ္တစေတသိကာ၊ စိတ်, စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်၊သဘာဝတော၊အာရမ္မဏဝိ

ဇာနန, ဖုသနအစရှိသောမိမိတို့၏ ကိစ္စလက္ခဏာ အပြားအားဖြင့်။တေ
ပညာသ၊ ငါးဆယ့်သုံးပါး အပြားရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။
ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ တေသံ၊ ထိုငါးဆယ့်သုံးပါးကုန်သောသဘော
တရားတို့၏။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။

---

## ၁၃၂၀-ပြည့်နှစ်၊ပထမငယ်
## အဘိဓမ္မတ္ထ သင်္ဂဟ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ * ရူပတိဟိတ်ပုဂ္ဂိုလ် ရထိုက်သောဝီထိစိတ် ၃၇-ပါးကား-
လောဘမူစိတ် ၈-ပါး, မောဟမူစိတ် ၂-ပါး, စက္ခုဝိညာဏ်ခွေး,
သောတဝိညာဏ်ခွေး, သမ္ပဋိစ္ဆိုင်းခွေး, သန္တီရဏ ၃-ပါး,အာဝဇ္ဇန်း
ခွေး, မဟာကုသိုလ်စိတ် ၈-ပါး, မဟဂ္ဂုတ်ကုသိုလ် ၃-ပါး၊ပေါင်း
၃၇-ပါး။

မှတ်ချက်။ ။မေးခွန်း၌ ဝီထိစိတ်ကိုကို-ဟု မေးသဖြင့် ဝီထိစိတ်သက်
သက်ကိုသာ၃၇-ပါးဟုပြလိုက်သည်၊ဝီထိမုတ်စိတ်ဖြစ်သော
ရူပဝိပါက် ၅-ပါးထည့်လျှင် ၄၂-ပါးဖြစ်၏၊ ရူပတိဟိတ်
ပုဂ္ဂိုလ်၏ စိတ်ရမေးလျှင်ကား ၄၂-ပါးဟုပင် ဖြေလေ။

၂၀။ * ဝသဝတ္တိဘုံ၌ဖြစ်သော နတ်တို့၏ အသက်အတိုင်းအရှည်
သည် လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်းကိုးရာ့နှစ်ဆယ့်တကုဋေ
ခြောက်သန်း (၉၂၁၆၀၀၀၀၀၀) ရှိပါသည်။

၃။ * ဝစီဃောသာ နုသာရေန၊သောတဝိညာဏ ဝီထိယာ။
ပဝတ္တာ နန္တ ရူပ္ပန္နာ၊ မနောဒွါရဿ ဂေါစရာ။ ။
အတ္ထာယဿာ နုသာရေန၊ ဝိညာယန္တိ တတော ပရံ။
သာယံ ပညတ္တိ ဝိညေယျာ၊ လောကသင်္ကေတ နိမ္မိတာ။ ။

---

## ၁၃၂၀-ပြည့်နှစ်၊ ပထမငယ်
## မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း အဖြေလွှာ

၁။ * (က) အကုသိုလ်စိတ်ဒွါဒသ, ကုသိုလ်စိတ်ဧကဝီသ, စေတ
သိက်ခွေပညာသတို့သည် အကြောင်းတရားတို့ဖြစ်၏။
( ) ဝိပါက်စိတ်ဆတ္တိံသ, စေတသိက်အဋ္ဌတိံသတို့သည် အကျိုး
တရားတို့ဖြစ်၏။

(ဂ) မဂ်စိတ် ၄-ခု, စေတသိက်ဆတ္တိံသတို့သည် နိဗ္ဗာန်ရောက်ကြောင်းတရားဖြစ်၏။

ခန္ဓဝိမုတ်တရားကား-နိဗ္ဗာန်တည်း။

သစ္စာ ဝိမုတ်တရားတို့ကား-မဂ်စိတ္တုပ္ပါဒ် ၂၉-ခု, ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခု တို့တည်း။

၂။ * ဥပ္ပန္နတိက်၏ တတိယပုဒ်၏ အရကား-အနာဂတ်ဖြစ်သော ဝိပါက်စိတ်ဆတ္တိံသ, စေတသိက်အဋ္ဌတိံသ, ကမ္မဇရုပ်ဝိသရ၏။

နိဗ္ဗာန်သည် သတ္တဝါတို့ သန္တာန်၌ မဖြစ်ကောင်းသောကြောင့်၊ ဝါ-ဗဟိဒ္ဓ,ကာလဝိမုတ် ဓမ္မာရုံမျိုးဖြစ်သောကြောင့် အဇ္ဈတ္တမဟုတ်ပါ၊ ကေန္တ ဗဟိဒ္ဓသာဖြစ်ပါသည်။

**မှတ်ချက်။** ။အကြောင်း ပြခြင်းသည်ပင် သာဓက ပြသည် မည်၏၊ တနည်း- ဗဟိဒ္ဓါဓမ္မာ၏ အရေတွင် ပါဝင်သောကြောင့် ဗဟိဒ္ဓဖြစ်ပါသည်။
ဤသို့ဆိုလျှင်-သာဓက ပြရာရောက်၏။

၃။ * အပ္ပဋိဃာဓမ္မာ-စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသ, သုခုမရုပ်သော၌သ, နိဗ္ဗာန်။

ဥပါဒိန္နာဓမ္မာ-လောဘ,ဒိဋ္ဌိ-ဟုဆိုအပ်သော ဥပါဒါန်တရားကိုယ် ၂-ပါး။

ဥပါဒါဓမ္မာ-ဥပါဒါရုပ် စတုဝီသရ၏။

---

## ၁၃၂၀-ပြည့်နှစ်၊ ပထမငယ်
## မာတိကာနှင့်ဓာတုကထာ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *အကုသိုလ်စိတ်ဒွါဒသ, ယောဂတရားကိုယ် ၃-ပါးကြဉ်သော စေတသိက်စတုဝီသရ၏၊ ထိုတရားတို့သည် ခန္ဓာ ၃-ပါး, အာယတန ၂-ပါး, ဓာတ် ၂-ပါး, သစ္စာအားဖြင့် တပါးဖြစ်ကုန်၏။

ဓာတ်အားဖြင့် ၂-ပါးဟူသော်ကား- အကုသိုလ်စိတ်ဒွါဒသသည် မနောဝိညာဏဓာတ်မည်၏၊ စေတသိက်စတုဝီသသည် ဓမ္မဓါတ်မည်၏၊ ဤသို့လျှင် ဓာတ်အားဖြင့် ၂-ပါးဖြစ်သတည်း။

သစ္စာအားဖြင့်တပါးဟူသော်ကား-အကုသိုလ်စိတ်ဒွါဒသ,စေတသိက် စတုဝီသသည် ဒုက္ခသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့်တပါးဖြစ်သတည်း။

မှတ်ချက်။ ။မေးခွန်း၌ အကောက်မကောက်နိုင်းပါ၊ ထင်ရှားစေရန် ထည့်ကောက်သည်။

ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းမဟုတ်သော တရားများကား- လောကီစိတ် ဧကာသီတိ,ဖိုလ်စိတ် ၄-ခု, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်တို့တည်း။

မှတ်ချက်။ ။အနိယျာနိကာဓမ္မာ၏ အရတည်း။

၂။ *ပဋိစ္စသမုပ္ပါဒ်သည် ၁၀-ပါးပြားပါလျက် အင်္ဂါအားဖြင့် ရေတွက်ရာ၌ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသအားဖြင့် ငါးပါးတို့ကို ဇရာမရဏနှင့် အနိဋ္ဌလက္ခဏာ တူသောကြောင့်၎င်း၊ ဇာတိ၏အကျိုးဆက်ဖြစ်ခြင်းကြောင့်၎င်း ဇရာမရဏ၌ အကျုံးဝင်သည်ဖြစ်၍ အသီးမရေတွက်၊ ပေါင်း၍ရေတွက်သည်၊ ထို့ကြောင့်အင်္ဂါအားဖြင့် ၁၂-ပါးသာ ဖြစ်ရလေသည်။

ပရိဒေဝကို ရူပက္ခန္ဓာဟူသော ခန္ဓာတပါး, သဒ္ဒါယတနဟူသော အာယတနတပါး, သဒ္ဒဓါတ်ဟူသောဓာတ်တပါးဖြင့် ရေတွက်အပ်၏။ [တရားကိုယ်ကား- စိတ္တဇဝိပလ္လာသသဒ္ဒတည်း။]

ဥပါယာသကို သင်္ခါရက္ခန္ဓာဟူသောခန္ဓာတပါး, ဓမ္မာယတနဟူသော အာယတနတပါး, ဓမ္မဓာတ်ဟူသော ဓာတ်တပါးဖြင့် ရေတွက်အပ်၏။ [တရားကိုကား-ဒေါသမူဒွေး၌ရှိသော ဒေါသစေတသိက်တည်း။]

၃။ *သမုဒယသစ္စေန၊ သမုဒယသစ္စာသည်။ ယေဓမ္မာ၊ အကြင်သမုဒယသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ ၄၉-ခုတို့ကို။ ခန္ဓသင်္ဂဟေန၊ သင်္ခါရက္ခန္ဓာဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။ အာယတနသင်္ဂဟေန၊ ဓမ္မာယတနဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။ ဓာတုသင်္ဂဟေန၊ ဓမ္မဓာတ်ဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။ တေဟိဓမ္မေဟိ၊ ထိုသမုဒယသစ္စာကြဉ်သော သင်္ခါရက္ခန္ဓာ ၄၉-ခုတို့သည်။ ယေဓမ္မာ၊ အကြင်သမုဒယသစ္စာတို့ကို။ ခန္ဓသင်္ဂဟေန၊ သင်္ခါရက္ခန္ဓာဖြင့်။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏၊ အာယတနသင်္ဂဟေန၊ ဓမ္မာယတနဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။ ဓာတုသင်္ဂဟေန၊ ဓမ္မဓာတ်ဟူသောရေတွက်ခြင်းဖြင့်။ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။ တေဓမ္မာ၊ ထိုသမုဒယသစ္စာတို့ကို။

[ဘာသာပြန် အဖြေလွယ်ပြီ။]

# မေးခွန်းပုစ္ဆာများ

## ၁၃၂၁–ခုနှစ်

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက်၊ (ဝိနယ)၊ ပထမမေးခွန်း**

၁၃၂၁-ခုနှစ်၊ တန်းခူးလဆန်း ၉–ရက်၊ (၄–၄-၆၀) တနင်္လာနေ့။

၁။ အာပတ်သင့်ခြင်းအကြောင်း ၆–ပါးတို့ကို ထုတ်ပြပြီးလျှင် အရှက်မရှိသည်၏ အဖြစ်ကြောင့် အာပတ်သင့်ပုံ ကိုလည်း ပေါ်လွင်အောင် ဖော်ပြပါ။ (၁၀)

၂။ လဲလှယ်ဖလှယ်ခြင်းမျိုး မဟုတ်ဘဲ ဆွေမျိုးမတော်သော ရဟန်းမိန်းမ၏ သင်္ကန်းကို ယူသောရဟန်းအား မည်သည့် သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်သင့်ပါသနည်း။ (၁၀)

၃။ ဘူတဂါမဝဂ်ပဉ္စမသိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက်၊(ဝိနယ)၊ဒုတိယမေးခွန်း**

၁၃၂၁–ခုနှစ်၊ တန်းခူးလဆန်း ၉-ရက်၊ (၄–၄–၆၀) တနင်္လာနေ့။

၁။ ပဏီတဘောဇဉ် သရုပ်ကိုထုတ်ပြပြီးလျှင်၊ မနာမဖျားဘဲ ၎င်းပဏီတဘောဇဉ်တို့ကို တောင်း၍ စားသောရဟန်းအား မည်သည့်အာပတ်သင့်သည်ဟု ညွှန်ပြပါ။ (၁၀)

၂။ အမာလွှမ်း သင်္ကန်းကို ပြုလိုသော ရဟန်းသည် မြတ်စွာဘုရားလက်သန်း အထွာတော်ဖြင့် အလျားပမာဏမည်မျှ,အနံပမာဏ မည်မျှပြုလုပ်ရမည်ကို ဖော်ပြပါ။ (၁၀)

၃။ ပါဋိဒေသနီ တတိယသိက္ခာပုဒ်ကို ပါဠိမျှရေးခဲ့ပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း**

၁၃၂၁–ခုနှစ်၊ တန်းခူးလဆန်း ၁၀-ရက်၊ (၅–၄–၆၀) အင်္ဂါနေ့။

၁။ အောက်ပါ (က) (ခ) (ဂ) မှတ်ပြပုဒ်တို့ကို ဖြစ်သင့်သလို ပုဒ်ဖြတ်၍၊ (ဃ) (င) (စ) မှတ်ပြပုဒ်တို့ကို သက်ဆိုင်ရာ သုတ်တို့ဖြင့် ပုဒ်စပ်ပြီးလျှင်၊စတုရောပုဒ်ကို နာမ်ရုပ် အကျဉ်းတွက်ပြခဲ့ပါ။ (၁၀)

(က) အစ္စန္တံ (ဃ) သောအဿ
(ခ) ဝိဋ္ဌူဂ္ဂ (င) သာဝ
(ဂ) ပဋ္ဌဟညတိ (စ) သကတ္တပသုတော

၂။ သဗ္ဗသံ ဝါ အံသေသု–သုတ်မှ ဝါသဒ္ဒါအလိုက်ခံ၍သိမှိ–ဟုသောသုတ်တည်က ပြီးပါလျက် အဘယ်အကျိုးငှါ သိမှိဝါ–ဟု ဝါသဒ္ဒါကိုထည့်၍ဆိုပါသနည်း။ (၁၀)

၃။ န–ပုဗ်၏ အန်–အပြုစီရင်သော သုတ်, ဝုတ္တိ, ဥဒါဟရဏ်ကုန်အောင်ပါဠိရေးခဲ့ပါ။ (၁၀)

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ
**ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း**

၁၃၂၁–ခုနှစ်၊ တန်းခူးလဆန်း ၁၀–ရက်၊(၅-၄–၆၀) အင်္ဂါနေ့။

၁။ ဆဋ္ဌီအနက်၌ ဒုတိယာဝိဘတ် သက်သောသုတ်၏ ဝုတ္တိနှင့် ဥဒါဟရဏ်ကုန်အောင် အနက်ရေးခဲ့ပါ။ (၁၀)

၂။ ကရဏေ ရိရိယ–သုတ်ဖြင့် အဘယ်လိင်အနက်ကို ဟောသောအခါရိရိယ–ပစ္စည်းသက် ရပါသနည်း၊ ပြည့်စုံအောင် ဖြေဆိုခဲ့ပါ။ (၁၀)

၃။ သန္ဓိပုဒ်စစ်လာ အောက်ပါပေယျာလကို ထုတ်ဖော်ရေးခဲ့ပါ။ (၁၀)
ဣမိနာ ပဒါနံ အန္တရေ အဒဿေတွာ (လ) သုံးပါး အပြားရှိ၏။

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ
**ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း**

၁၃၂၁–ခုနှစ်၊တန်းခူးလဆန်း ၁၁-ရက်၊ (၆–၄-၆၀)ဗုဒ္ဓဟူးနေ့။

၁။ စတုမဂ္ဂပ္ပဘေဒေန၊ စတုဓာကုသလံ တထာ- ဝယ် မဂ္ဂပုဒ်၌ ဖြစ်တိုက်သော မဂ္ဂတရားကိုယ်ကို ပေါ်လွင်အောင်ရေးခဲ့ပါ။ (၁၀)

၂ (က) ၁၈-ပါးသော အဟိတ်စိတ်တို့၌ လုံး၀ ယှဉ်နိုင်ခွင့်မရှိသောစေတသိက်။
(ခ) ၁၀–ပါးသောအဟိတ်စိတ်တို့၌ လုံး၀ယှဉ်နိုင်ခွင့် မရှိသောစေတသိက်။
(ဂ) ၅–ပါးသောအဟိတ်စိတ်တို့၌ လုံး၀ယှဉ်နိုင်ခွင့်မရှိသော စေတသိက်တို့ကို သချာမျှရေးခဲ့ပါ။ (၁၀)

၃။ ပကိဏ်းက ကိစ္စသင်္ဂဟ အဆုံး ၂–ဂါထာတို့ကိုအနက်ရေးခဲ့ပါ။ (၁၀)

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊အဘိဓမ္မတ္ထသင်္ဂဟ၊ဒုတိယမေးခွန်း**

၁၃၂၁-ခုနှစ်၊ တန်းခူးလဆန်း ၁၁-ရက်၊ (၆-၄-၆၀)ဗုဒ္ဓဟူးနေ့။

၁။ ဥတုတ္တိံသသုခပုညမှာ၊ဥါဒသောပေက္ခကာပရံ-၌ ဥတုတ္တိံသ,ဥါဒသတို့ တို့၏အရ သရုပ်များကို ကုန်စင်အောင် ထုတ်ပြခဲ့ပါ။ (၁၀)

၂။ ကာမသတ္တဝါတို့၌ ဇမ္မဇရုပ်တို့၏ အစဆုံးဖြစ်ရာကာလနှင့် နောက်ဆုံးချုပ်ရာကာလကို ထင်ရှားအောင်ပြခဲ့ပါ။ (၁၀)

၃။ သမုဋ္ဌာယပရိစ္ဆေဒ ဗောဓိပက္ခိယသင်္ဂဟ အဆုံးဂါထာများကို ကုန်စင်အောင် ပါဠိသက်သက်ရေးခဲ့ပါ။ (၁၀)

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ မာတိကာနှင့်ဓာတုကထာ၊ ပထမမေးခွန်း**

၁၃၂၁—ခုနှစ်၊တန်းခူးလဆန်း ၁၂—ရက်၊ (၇—၄-၆၀)ကြာသပတေးနေ့။

၁။ ဝိတက္ကတိက် တတိယပဒ အရကောက်ပြပြီးလျှင်၊၎င်း၏ သစ္စာဝိမုတ်နှင့် တိက်မုတ်တို့ကိုလည်း ထုတ်ပြခဲ့ပါ။ (၁၀)

၂။ သမ္မတ္တနိယတဓမ္မ—ပုဒ်အရကိုထုတ်ပြ၍ သစ္စာဖွဲ့ပြီးလျှင်၊ ဗဟိဒ္ဓါဓမ္မာကိုလည်း ကောက်ပြခဲ့ပါ။ (၁၀)

၃။ ရူပဥက္ကရဒုက၌ ရူပ,အန္တရ,ဒုက တို့၏အဓိပ္ပါယ်ကို ထင်ရှားအောင်ပြပြီးလျှင်၊ အနိယတဓမ္မာပုဒ်အရကိုလည်း ထုတ်ပြခဲ့ပါ။ (၁၀)

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊မာတိကာနှင့်ဓာတုကထာ၊ ဒုတိယမေးခွန်း**

၁၃၂၁—ခုနှစ်၊တန်းခူးလဆန်း ၁၂—ရက်၊ (၇—၄—၆၀)ကြာသပတေးနေ့။

၁။ အာသဝ အာသဝသမ္ပယုတ္တဒုက် ဒုတိယပုဒ်အရကို ထုတ်ပြပြီးလျှင်၊ ၎င်း၏ဒုက်မုတ်ကိုလည်း ဖော်ထုတ်ခဲ့ပါ။ (၁၀)

၂။ ပညာစေတသိက်တိုင်း ပညိန္ဒြေထိုက်,မထိုက် အကြောင်းနှင့် တကွ ပေါ်လွင်အောင်ပြပြီးလျှင်၊ သောကနှင့်ဥပါယာသကိုကိုလည်း ခန္ဓာ ရေတွက်ခဲ့ပါ။ (၁၀)

၃။ အောက်ပါ ပါဠိတော်ကိုသရုပ်ပေါ်အောင် အနက်ဖော်ခဲ့ပါ။ (၁၀)

စက္ခာယတနေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ၊အာ—ယတနသင်္ဂဟေန အသင်္ဂဟိတာ၊ ဓာတုသင်္ဂဟေန အသင်္ဂဟိတာ၊ တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ၊အာ—ယတနသင်္ဂဟေန အသင်္ဂဟိတာ၊ ဓာတုသင်္ဂဟေန အသင်္ဂဟိတာ။ တေဓမ္မာ။

အစိုးရ ပါဠိပထမပြန် စာမေးပွဲ
**ပထမငယ်၊ ဘာသာပြန်၊ ပထမမေးခွန်း**
၁၃၂၁–ခုနှစ်၊ တန်းခူးလဆန်း ၁၃–ရက်၊(၈–၄–၆၀)သောကြာနေ့။

၁။ အောက်ပါပါဠိတို့ကို မြန်မာဘာသာပြန်ဆိုပါ။ (၁၅)

(က) ဘိက္ခု…ဇုတ္တိယောနာမ အသာတာ အသတိယော လာမိ-ကာ ပန္တိမိကာ။

(ခ) နာဟံ သက္ခိဿာမိ အရညေ အဂ္ဂိံ ပရိစရိတုံ၊ ကုဋုမ္ဗမေဝ သဏ္ဌာပေဿာမိ။

(ဂ) မာတာပိတရော ပနဿ အနတ္တိကာ ဃံရာဝါသေန၊ အရညေ အဂ္ဂိ ပရိစာရေတုကာမာ၊

(ဃ) တာတ…ယဒိ တေ အသာတမန္တော န ဥဂ္ဂဟိတော နာပိ-တေ သိပ္ပံ ဥဂ္ဂဟိတံ။

(င) အယျေ…ဇရံ ပတ္တကာလေပိ တာဝ တေ ဝေရူပံ သရီရံ၊ ဒဟရကာလေ ကီဒိသံ အဟောသိ။

၂။ အောက်ပါမြန်မာဘာသာတို့ကို ပါဠိပြန်ဆိုပါ။ (၁၅)

(က) တခုသော ဆိတ်ငြိမ်သောတောဝယ် ရေဖြင့်ချမ်းသာရာ အရပ်၌ သစ်ရွက်မိုးသောစရပ်ကို ပြုစေ၍ ထောပတ်,ဆန် အစရှိသည်တို့ကို ဆောင်စေ၍ မိခင်ကိုထမ်း၍ ထိုအရပ်သို့ သွားပြီးလျှင် မိခင်ကိုလုပ်ကျွေးလျက် နေခြင်းကိုပြု၏။

(ခ) သင့်အား ငါ၏မိခင်သည် အကြင်စကားကိုလည်း ဆိုလတ္တံ့၊ ထိုစကားကို မရှက်မူ၍ မဖွက်မူ၍ ငါ့အား ကြားပါလော့၊ ဤသို့ပြုသည်ရှိသော် ရလတ္တံ့။

(ဂ) ထိုလုလင်သည် အဖန်တလဲလဲ ချီးမွမ်းအပ်သည်ရှိသော် ဤလုလင်သည် ငါနှင့်တကွ မွေ့လျော်သည်ဖြစ်လတ္တံ့ဟု ကန်းသော အိုမင်းသော ထိုမိန်းမ၏ကိုယ်တွင်း၌ ကိလေသာသည်ဖြစ်၏။

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ
**ပထမငယ်၊ ဘာသာပြန်၊ ဒုတိယမေးခွန်း**
၁၃၂၁–ခုနှစ်၊ တန်းခူးလဆန်း ၁၃–ရက်၊(၈–၄–၆၀)သောကြာနေ့။

၁။ အောက်ပါပါဠိတို့ကို မြန်မာဘာသာပြန်ဆိုပါ။ (၁၅)

(က) သော (ပုရောဟိတော)အနုက္ကမေန ဃရေ ဝိဘဝံ ပရိက္ခယံ ဂန္တွာ စိန္တေသိ။

(ခ) ဟတ္ထပါဒမုခသဏ္ဌာနေဟိ စ အာကပ္ပေန စ မာတာပုတ္တာ ကောသဒိသာယေဝ။

(ဂ) ဓုတ္တော ကတိပါဟစ္စယေန ဂိလာနာလယံ ကတွာ နိပဇ္ဇိ။

(ဃ) ပုတ္တော မေ အမ္မ...မမ သန္တိကာ တဝ ဝဏ္ဏံ သုတွာ ပဋိဗဒ္ဓစိတ္တော ဇာတော၊ ကိံ ကာတဗ္ဗံ။

(င) အက္ခီနိ ပတနာကာရပ္ပတ္တာနိ အဟေသုံ၊ သီသေ ဂဏ္ဍော ဥဋ္ဌဟိ။

၂။ အောက်ပါမြန်မာဘာသာတို့ကို ပါဠိပြန်ဆိုပါ။ (၁၅)

(က) ထိုသေသောက်ကြူးအား မင်းသည် ဥစ္စာကိုပေး၍ ထိုသို့ တပြီးကား လျင်စွာ ပြီးဆုံးစေလော့ဟု ထိုသေသောက်ကြူးကို စေ၏၊ ထိုသေသောက်ကြူးသည် မင်း၏အထံမှ ဥစ္စာကိုယူ၍ နံ့သာအခိုးအထုံ,နံ့သာမှုန့်,ပရပ်စသည်တို့ကိုယူ၍ ထိုပုရောဟိတ်၏ အိမ်မှအနီး၌အလုံးစုံသောနံ့သာရေးကို ကျင်း၏။

(ခ) ထိုမိန်းမတို့သည် အသွန်လျှင် ကြီးစွာသောမကောင်းမှုကို ပြုပြီးလျက် မိမိလင်ကို လှည့်စားအံ့သောငှါ ငါသည်ဤသို့ သဘောရှိသောအမှုကိုမပြုပါဟု တနေ့ပတ်လုံးလည်း ကျိန်ခြင်းကိုပြုကုန်လျက် အထူးထူး သောလှည့်စားခြင်းရှိကုန်သည် သာလျှင် ဖြစ်ကုန်၏။

(ဂ) ယနေ့ ငါသည် ငါ့လင်ကိုထား၍ တပါးသောယောကျ်ား၏ လက်အတွေ့ကို မသိပါဟူ၍ ဤသို့သဘောရှိသောသစ္စာ ပြုခြင်းကို ပြုအပ်ပြီ၊ ယခုအခါ၌ ဤယောကျ်ားသည် လက်၌ ကိုင်အပ်သည် ဖြစ်၏။

# မေးခွန်း အဖြေများ

## ၁၃၂၁-ခုနှစ်၊ ပထမငယ်

### ဘိက္ခုပါတိမောက်၊ပထမမေးခွန်း အဖြေလွှာ

၁။ *အာပတ်သင့်ခြင်း၏ အကြောင်း ၆-ပါးတို့ကား—

(၁) အရှက်မရှိသည့်၏အဖြစ် (၂) မသိသည့်၏အဖြစ် (၃) အလိုလိုသည်နှိပ်စက်အပ်သည့်၏အဖြစ် (၄) မအပ်သည်၌ အပ်၏ဟု ထင်မှတ်သည့်၏အဖြစ် (၅) အပ်သည်၌မအပ်ဟုထင်မှတ်သည့်၏အဖြစ် (၆) သတိမေ့လျော့ခြင်းအားဖြင့် ၆-ပါးတို့တည်း။

မအပ်သည်၏အဖြစ်ကိုသိလျက် နှိပ်နင်း၍လွန်ကျူးမှုကိုပြုခြင်းသည် အရှက်မရှိသည့်၏အဖြစ်ကြောင့် အာပတ်သင့်ခြင်းဖြစ်ပါသည်။

၂။ *လဲလှယ် ဖလှယ်ခြင်းမျိုးမဟုတ်ဘဲ ဆွေးမျိုးမတော်သော ရဟန်းမိန်းမ၏ သင်္ကန်းကိုယူသောရဟန်းအား နိဿဂ္ဂိ စီဝရဝဂ် ၅-ခု မြောက်သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိ ပါစိတ်အာပတ်သင့်ပါသည်။

၃။ *ယောပနဘိက္ခု၊ အကြင်ရဟန်းသည်။ သံဃိကေ၊ သံဃာ၏ ဥစ္စာဖြစ်သော။ ဝိဟာရေ၊ ကျောင်း၌။ သေယျံ၊ အိပ်ရာနေရာကို။ သန္ထရိတွာဝါ၊ မိမိခင်း၍၎င်း။ သန္ထရာပေတွာဝါ၊ သူတပါးကိုခင်းစေ၍၎င်း။ တံ၊ ထိုအိပ်ရာနေရာကို။ ပက္ကမန္တော၊ အရပ်တပါးသို့ဘဲသည်ရှိသော်။ နေဝဥဒ္ဓရေယျဝါ၊ မိမိမှုလည်း မသိမ်းမြောအံ့။ န ဥဒ္ဓရာပေယျဝါ၊သူတပါးကိုမှုလည်းမသိမ်းစေမြောအံ့။အနာပုစ္ဆံဝါ၊မပန်ကြားမူ၍လည်း။ဂစ္ဆေယျ၊ သွားမြားအံ့။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

---

## ၁၃၂၁-ခုနှစ်၊ ပထမငယ်

### ဘိက္ခုပါတိမောက်၊ ဒုတိယ မေးခွန်း အဖြေလွှာ

၁။ *ထော ပတ်,ဆီဥ,ခရီ,ပျား,တင်လဲ,ငါး,အမဲ,နို့ရည်,နို့ဓမ်းအား ဖြင့် ပဏီတဘောဇဉ်၏သရုပ်သည် ၉-ပါးရှိပါသည်၊ ၎င်းပဏီတဘောဇဉ် တို့ကို မနာမဖျားဘဲတောင်း၍ စားသောရဟန်းအား ပါစိတ်အာပတ်သင့် ပါသည်။

၂။ *အမာလွှမ်းသင်္ကန်းကိုပြုလိုသောရဟန်းသည်မြတ်စွာဘုရားလက် သန်းတော်အတွာဖြင့်အလျား၄-ထွာ,အနံ၂-ထွာပမာဏပြုလုပ်ရပါမည်။

၃။ *ယာနိ ခေါပန တာနိ သေက္ခသမ္မတာနိကုလာနိ၊ ယော ပန ဘိက္ခု တထာရူပေသု သေက္ခသမ္မတေသု ကုလေသု ပုဗ္ဗေ အနိမန္တိတော အဂိလာနော ခါဒနီယံဝါ ဘောဇနီယံဝါ သဟတ္ထာ ပဋိဂ္ဂဟေတွာ ခါဒေယျဝါ ဘုဉ္ဇေယျဝါ ပဋိဒေသေတဗ္ဗံ၊ တေန ဘိက္ခုနာ ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံပဋိဒေသေမီတိ။ [ဤ၌ တိ-ရောက်အောင် ရေးရမည်။]

---

## ၁၃၂၁-ခုနှစ်၊ ပထမငယ်

## ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း အဖြေလွှာ

၁။ * (က) အတိ အန္တိ
(ခ) ဝိ အဓိ အဂ္ဂ
(ဂ) ပတိ ဟညတိ
(ဃ) သ-ခွင်း,ဩကြွင်း၊ဝမောဒုဒန္တာနံ-ဖြင့်နောက်အသရ နှောင်းသောကြောင့် သအစိတ်ဖြစ်သော ဩကို ဝပြု၊ ဝ အ-သို့ကပ်၊သ ဝ-သို့ကပ်၊သွသ။
(င) ဒေါဓဿစ- စသဒ္ဒါဖြင့် ဓ-ကို ဟ-ပြု၊ သာဟု။
(စ) ယ-ဝ-မ-ဒ-န-တ-ရ-လာစာဂမာ-၌ စသဒ္ဒါဖြင့် က-ကို ဒ-ပြု၊ သဒတ္ထပသုတော။

စတုရော-ကိုစတု-တည်၊ ယောဝိဘတ်သက်၊ တ-ခွင်း-ဥကြွင်း၊ ဩသ ရေစ-၌ စသဒ္ဒါဖြင့် ယောဝိဘတ်နှောင်းသောကြောင့် စတုသဒ္ဒါ၏ အစိတ် ဥ-ကို ဥရ-ပြု၊ တတောယောနမောတု-၌ တုသဒ္ဒါဖြင့် ဥရ-အပြုနောင် နှောင်းသော ယောဝိဘတ်ကို ဩပြု၊ တ ဥ-သို့ကပ်၊ ရခွင်း၊ ချေ၊ ကပ်၊ ပြီး၏။

၂။ * ဟိမဝန္တုသဒ္ဒါမှ ဟပါးသော သဒ္ဒါ၏ အစိတ်သရကို အ-အပြုကိုတားမြစ်ခြင်းအကျိုးငှါ သိမှိဝါ-ဟု ဝါသဒ္ဒါကို ထည့်၍ဆိုပါသည်။

၃။ * သရေ အန်။ ။နသဿ ပဒဿ တပ္ပုရိသေ အန်အာဒေသော ဟောတိ သရေပရေ။ န အဿော အနဿော၊ အနိဿရော၊ အနရိယော။

## ၁၃၂၁-နှစ်၊ ပထမငယ်

## ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *ဆင္ဂီနံ၊ဆင္ဂီတို့၏။ အဘွေ၊အနက်၌။ ကွစိ၊အချို့သောပြယုဂ်၌။ ဒုတိယာ ဝိဘတ္တိ၊ဒုတိယာဝိဘတ်သည်။ ဟောတိ၊ဖြစ်၏။ အဂ္ဂိဝဿန၊အဂ္ဂိဝေဿန။ အပိဿု၊ စင်စစ်။ တိဿော၊သုံးပါးကုန်သော။ ဥပမာ၊ဥပမာတို့သည်။ မံ၊ငါ၏။ ဉာဏော၊ ဉာဏ်၌။ ပဋိဘံသု၊ ရှေးရှုထင်လာကုန်ပြီ။ [အနက်ကို ကြိုက်သလိုပေး၊ မံ-ကို ဆင္ဂီအနက်မှန်လျှင် သင့်လျော်ပြီ။]

၂။ *ဇူတ္တိလိင်နှင့်နပုလ္လိင် အနက်ကို ဟောသောအခါ ရိရိယပစ္စည်းသက်ရပါသည်။ ။ကိရိယာ၊ ကိရိယံ-ပုံစံကိုထောက်။

၃။ *ဒွိန္နံ ပဒါနံ အန္တရံ အဒဿေတွာ (သမ္မာ ဓိယတီတိ သန္ဓိ-ဟူသော ဝစနတ္ထနှင့်အညီ ပုဒ်နှစ်ပါးတို့အကြားကိုမမြင်စေမူ၍ ကောင်းစွာစပ်အပ်သောကြောင့် သန္ဓိမည်၏၊ ထိုသန္ဓိသည်လည်း ဒွိန္နံ ပဒါနံ အန္တရံ အဒဿေတွာ သမ္မာ ဓိယတီတိ သန္ဓိ-ဟူသော ဝစနတ္ထနှင့် အညီ ပုဒ်နှစ်ပါးတို့၏အကြားကို မမြင်စေမူ၍ ကောင်းစွာစပ်အပ်သော သာမညလက္ခဏာအားဖြင့် တပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား-သရသန္ဓိ, ဗျဉ္ဇနသန္ဓိ, ဝုတ္တသန္ဓိဟူ၍) သုံးပါးအပြားရှိ၏။ -

မှတ်ချက်။ ။ဤ၌ ဒွိန္နံပဒါနံ-ဟူ၍ စ-ထားသည်မှာ ၂-နေရာပါ၏၊ သို့ရာတွင် လုံလောက်အောင် ၂-ခုလုံးပင် ထည့်ရေးလိုက်ပါ။

---

## ၁၃၂၁-ခုနှစ်၊ ပထမငယ်

## အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *စတုမဂ္ဂပ္ပဘေဒေန-ဝယ် မဂ္ဂ၌ဖြစ်သောမဂ္ဂတရားကိုယ်များကား-သောတာပတ္တိမဂ်အစရှိကုန်သော အဋ္ဌင်္ဂိကမဂ်၊ (ဝါ-အင်္ဂါ ၈-ပါးရှိသောမဂ်) တရားတို့တည်း။

မှတ်ချက်။ ။၎င်းမဂ်တို့သည် ဇူန္ဒြေထက်,မထက်အားဖြင့်၎င်း၊သံယောဇဉ်ကိုပယ်ခြင်းကိစ္စအားဖြင့်၎င်း လေးမျိုးပြားသည်။

၂။ *(က) ၄၀။
(ခ) ၄၅။
(ဂ) ၄၂။

**မှတ်ချက်။** ။သချ်ာမျှရေးပါဟု ဆို၍ သချ်ာမျှပြသည်၊ စာသင်သားတို့ အကျယ်သိလိုမူ။
(က) စေတသိက် ၅၂-ပါးတွင် အဟိတ်စိတ် ၁၈-ပါးလုံးနှင့် ယှဉ်နိုင်သော ဆန္ဒကြဉ်သော အညသမာန်စေတသိက် ၁၂-ပါးမှတပါး ကျန်သော စေတသိက်-၄၀။
(ခ) ဒွေပဉ္စဝိညာဏ် ၁၀-၌ ယှဉ်နိုင်သော သဗ္ဗစိတ္တသာဓာရဏ ၇-ပါးမှ ကြွင်းသော စေတသိက်-၄၅၊
(ဂ) မနောဓာတ် ၃-ခုနှင့် အဟိတ်ပဋိသန္ဓေအစုံ၌ ယှဉ်သော စေတသိက် ၁၀-ပါးမှ ကြွင်းသော စေတသိက်-၄၂။
[တလုံးစီသော်လည်း ခွဲရေးပါ၊]

၃။ * ပဋိသန္ဓာဒယောနာမ၊ ပဋိသန္ဓေအစရှိသည် မည်ကုန်သော။ စိတ္တုပ္ပါဒါ၊ စိတ်,စေတသိက်တို့ကို။ ကိစ္စဘေဒေန၊ ကိစ္စတို့၏ အပြားအားဖြင့်။ စုဒ္ဒသ၊ တဆယ့်လေးပါး အပြားရှိကုန်၏-ဟူ၍။ ပကာသိတာ၊ ပြအပ်ကုန်၏။ ဌာနဘေဒေန၊ ဌာနတို့၏ အပြားအားဖြင့်။ ဒသဓာ၊ ဆယ်ပါးအပြားရှိကုန်၏ဟူ၍။ ပကာသိတာ၊ ပြအပ်ကုန်၏။

ကေ ဒွိ တိ စတု ပဉ္စ ကိစ္စဋ္ဌာနာနိ၊ တကိစ္စ တဌာန,နှစ်ကိစ္စနှစ်ဌာန, သုံးကိစ္စ-သုံးဌာန, လေးကိစ္စ လေးဌာန, ငါးကိစ္စ-ငါးဌာန ဟပ်သော စိတ်တို့ကို။ ယထာက္ကမံ၊ အစဉ်အတိုင်း။ အဋ္ဌသဋ္ဌိစ၊ ခြောက်ဆယ့်ရှစ်ပါးအပြားရှိကုန်၏ ဟူ၍၎င်း။ တထာ၊ ထိုမှို။ ဒွေစ၊ နှစ်ပါးအပြားရှိကုန်၏ ဟူ၍၎င်း။ နဝစ၊ ကိုးပါးအပြားရှိကုန်၏ ဟူ၍၎င်း။ အဋ္ဌစ၊ ရှစ်ပါးအပြားရှိကုန်၏ ဟူ၍၎င်း။ ဒွေစ၊ နှစ်ပါးအပြားရှိကုန်၏ ဟူ၍၎င်း။ နိဒ္ဒိသေ၊ ပြရာ၏။

---

## ၁၃၂၁-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *ဋ္ဌတ္တိံသ သုခပုညမှာ၊ ဋ္ဌါဒသောပေက္ခကာပရံ-၌ ဋ္ဌတ္တိံသ၏ အရကား- မဟဂ္ဂုတ်ကုသိုလ် သောမနဿ ၄-ပါး, မဂ်သောမနဿ ၁၆-ပါး, အောက်ဖိုလ် ၃-ခု သောမနဿ ၁၂-ပါး၊ ပေါင်း ၃၂-ပါး။

ဒွါဒသ၏အရကား—မဟဂ္ဂုတ် ကုသိုလ် ဥပေက္ခာ၁၅-ပါး,မဂ်ဥပေက္ခာ ၄-ပါး, အောက်ဖိုလ် ၃-ခု ဥပေက္ခာ၁၃-ပါး၊ ပေါင်း ၁၂-ပါး။

၂။ *ကာမသတ္တဝါတို့၌ ကမ္မဇရုပ်တို့၏ အစဆုံးဖြစ်ရာ ကာလကား—ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏတည်း၊ဝါ-ပဋိသန္ဓေစိတ်၏ ဥပါဒ်သည်နှင့် တပြိုင်နက် ဖြစ်သည်။

နောက်ဆုံးချုပ်ရာ ကာလကား— စုတိစိတ်၏ဘင်နှင့်ပြိုင်၍ ချုပ်သည်၊ ဝါ- စုတိစိတ်နှင့် ပြိုင်တူချုပ်သည်။

၃။ *ဆန္ဒော စိတ္တ မုပေက္ခာ စ၊ သဒ္ဓါပဿဒ္ဓိ ပီတိယော။
သမ္မာဒိဋ္ဌိ စ သင်္ကပ္ပေါ၊ ဝါယာမော ဝိရတိတ္တယံ။ ။
သမ္မာသတိ သမ္မာဓိတိ၊ စုဒ္ဒသေတေ သဘာဝတော။
သတ္တတိံသပ္ပဘေဒေန၊ သတ္တဓာ တတ္ထ သင်္ဂဟော။ ။
သင်္ကပ္ပပဿဒ္ဓိ စ ပီတုပေက္ခာ၊ ဆန္ဒော စ စိတ္တံ ဝိရတိတ္တယဉ္စ။
နဝေကဌာနာ ဝိရိယံ နဝဋ္ဌ၊ သတီ သမာဓိ စတုပဉ္စပညာ။ ။
သဒ္ဓါဒုဋ္ဌာနုတ္တမသတ္တတိံသ၊ဓမ္မာန မေသော ပဝရော ဝိဘာဂေါ။
သဗ္ဗေ လောကုတ္တရေ ဟောန္တိ၊ န ဝါ သင်္ကပ္ပပီတိယော။
လောကိယေပိ ယထာယောဂံ၊ ဆဗ္ဗိသုဒ္ဓိ ပဝတ္တိယံ။ ။

**မှတ်ချက်။** ။အဆုံးဂါထာများဟုဆိုသဖြင့် ဂါထာအားလုံးအကုန်ရေးပါ။

---

## ၁၃၂၁-ခုနှစ်၊ ပထမငယ်
## မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း အဖြေလွှာ

၁။ * အဝိတက္ကအဝိစာရဓမ္မာ-ဟူသော တတိယပုဒ်၏ အရကား— အဝိတက္က အဝိစာရစိတ် ၅၅-ခု၊ ဝိတက်, ဝိစာရကြဉ်သော စေတသိက် ဆတ္တိံသ၊ ဒုတိယဈာန်စိတ်ကောဒသ၌ရှိသော ဝိစာရစေတသိက် ၁၁-ခု၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်ရ၏။

မဂ်စိတ္တုပ္ပါဒ် ၂၀-ခု, ဖိုလ်စိတ္တုပ္ပါဒ် ၃၅-ခုသည်ငှင်း၊ လောကုတ္တရာ ဒုတိယဈာန်စိတ် ၈-ခု၌ရှိသော ဝိစာရစေတသိက် ၈-ခုသည်ငှင်း သစ္စဝိမုတ် ဖြစ်၏။

သဝိတက္က သဝိစာရစိတ်၅၅-ခု၌ရှိသောဝိစာရစေတသိက်၅၅-မှုသည် တိက်မုတ်တရား ဖြစ်၏။

၂။ *မဂ်စိတ် ၄-ခု,စေတသိက် ဆတ္တိံသသည် သမ္ဗတ္တနိယတဓမ္မ ပုဒ်၏အရဖြစ်ပါသည်။

သစ္စာအားဖြင့် တပါးဟူသော်ကား– မဂ်စိတ်လေးခု၌ရှိသော သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ, သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ,သမ္မာဝါယာမ, သမ္မာသတိ,သမ္မာသမာဓိဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး ၇-ပါး၊ သကဒါဂါမိမဂ် ၈-ပါး ၇-ပါး၊ အနာဂါမိမဂ် ၈-ပါး ၇-ပါး၊ အရဟတ္တမဂ် ၈-ပါး ၇-ပါးသည် မဂ္ဂသစ္စာမည်၏၊ ကြွင်းသောမဂ်စိတ်တုပ္ပါဒ် ၂၉-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် တပါးဖြစ်သတည်း။

ဗဟိဒ္ဓါဓမ္မာ ဟူသောပုဒ်၏အရကား– ဗဟိဒ္ဓသန္တာန်၌ဖြစ်သော စိတ်တခု ယုတ်ကိုးဆယ်, စေတသိက် ၃၂၇ သိက် ဒွေပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏။

၃။ *တပါးသော ဒုက်တို့အောက် ငယ်သောကြောင့် စုဋ္ဌ မည်၏။ ဟေတုဂေါစ္ဆက, အာသဝဂေါစ္ဆက ၂-ပါးတို့၏ အကြား၌ ဖြစ်သောကြောင့် အန္တရမည်၏။

ပရမတ္ထတရား၄-ပါးကို နှစ်စုပြု၍ ဟောအပ်သောကြောင့် ဒုက်မည်၏။

အနိယတဓမ္မာ ဟူသော ပုဒ်၏ အရကား– နိယတ မိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းအားဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၄-ခု သတ္တမဇော၊ မာတုဃာတက, ပိတုဃာတက,အရဟန္တဃာတက, လောဟိတုပ္ပါဒက,သံဃဘေဒက တည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းအားဖြင့် ဖြစ်သော ဒေါသမူဒွေး သတ္တမဇောမှတပါး အကုသိုလ် ဒွါဒသ, လောကီကုသိုလ် သတ္တရသ, ဝိပါက်ဆတ္တိံသ, ကြိယာဝီသ, စေတသိက် ဒွေပညာသ, ရုပ် အဋ္ဌဝီသ, နိဗ္ဗာန်-ရ၏။

**မှတ်ချက်။** ။တိကမာတိကာ၌ အနိယတဓမ္မာနှင့် ဒုကမာတိကာ၌ အနိယတဓမ္မာ အရကောက်ချင်းတူ၏၊ မေးသူကတော့ ဒုကမာတိကာ၌ မေးဟန်ရှိ၏။

---

## ၁၃၂၁-ခုနှစ်၊ ပထမငယ်

## မာတိကာနှင့်ဓာတုကထာ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *အာသဝသမ္ပယုတ္တာစေဝဓမ္မာ နောစအာသဝါ-ဟူသော ဒုတိယပုဒ်၏ အရကား– အကုသိုလ်ဒွါဒသ, အာသဝတရားကိုယ် ၃-ပါး ကြဉ်သော စေတသိက် စတုဝီသရ၏။

၎င်း၏ ဒုက်မှတ်ကား– ကုသိုလ်းကဝိသ, ဝိပါက်ဆတ္တိံသ, ကြိယာစိတ်ဝိသ, စေတသိက်အဋ္ဌတိံသ, ဒေါသမူဒွေး- မောဟမူဒွေး၌မောဟ, ရုပ်အဋ္ဌဝိသ, နိဗ္ဗာန်တို့တည်း။

၂။ *ပညာစေတသိက်တိုင်း ပညိန္ဒြေမထိုက်ပါ၊ လောကုတ္တရာစိတ်၌ယှဉ်သော ပညာစေတသိက်သည် အသီးအသီး ဆိုင်ရာဣန္ဒြေအမည်ကိုရပြီး ဖြစ်သောကြောင့် လောကီတိဟိတ်စိတ် ၃၉-ခု၌ရှိသော ပညာစေတသိက်သာလျှင်ပညိန္ဒြေ ဆိုက်ပါသည်။[လောကုတ္တရာ၌ယှဉ်သောပညာစေတသိက်၏ အသီးအသီးဆိုင်ရာ ဣန္ဒြေအမည်တို့ကား-သောတာပတ္တိမဂ်၌ ရှိသော ပညာစေတသိက်သည် အနညာတညဿာမီတိန္ဒြေ၊ အထက်မဂ်၃ ခု, အောက်ဖိုလ် ၃-ခု၌ရှိသော ပညာစေတသိက်သည် အညိန္ဒြေ၊အရဟတ္တဖိုလ်၌ရှိသော ပညာစေတသိက် သည်အညာတာဝိန္ဒြေ၊ ဤသို့လောကုတ္တရာပညာ၏ ဣန္ဒြေနာမည် အသီးအသီးရပြီး ဖြစ်သောကြောင့် လောကီတိဟိတ်စိတ် ၃၉-ခု၌ရှိသောပညာစေတသိက်သာ ပညိန္ဒြေထိုက်ပါသည်။]

သောကကို ဝေဒနာက္ခန္ဓာဟူသောခန္ဓာတပါး, ဓမ္မာယတနဟူသော အာယတနတပါး, ဓမ္မဓာတ်ဟူသော ဓာတ်တပါးဖြင့် ရေတွက်အပ်၏၊ အကြွင်းဖြင့်မရေတွက်အပ်။

ဥပါယာသ ကို သင်္ခါရက္ခန္ဓာဟူသောခန္ဓာတပါ, ဓမ္မာယတနဟူသော အာယတနတပါး, ဓမ္မဓာတ်ဟူသောဓာတ်တပါးဖြင့် ရေတွက်အပ်၏၊ အကြွင်းဖြင့်မရေတွက်အပ်။

၃။ *စက္ခာယတနေန၊ စက္ခာယတနသည်။ ယေဓမ္မာ၊ အကြင်နာမက္ခန္ဓာ ၄-ပါးနိဗ္ဗာန်တို့ကို။ ခန္ဓသင်္ဂဟေန၊ ရူပက္ခန္ဓာဖြင့်။ အသင်္ဂဟိတာ၊ မရေတွက်အပ်ကုန်။ အာယတနသင်္ဂဟေန၊ စက္ခာယတနဖြင့်။ အသင်္ဂဟိတာ၊ ကုန်။ ဓာတုသင်္ဂဟေန၊ စက္ခုဓာတ်ဖြင့်။ အသင်္ဂဟိတာ၊ ကုန်။ တေဟိဓမ္မေဟိ၊ ထိုနာမက္ခန္ဓာ ၄-ပါး,နိဗ္ဗာန်တို့သည်။ ယေဓမ္မာ၊ အကြင် ဩဠာရိကရုပ်ဌ၊ဒသတို့ကို။ ခန္ဓသင်္ဂဟေန၊ နာမက္ခန္ဓာဖြင့်။ အသင်္ဂဟိတာ၊ ကုန်။ အာယတနသင်္ဂဟေန၊မနာယတန,ဓမ္မာယတနဖြင့်။ အသင်္ဂဟိတာ၊ ကုန်။ ဓာတုသင်္ဂဟေန၊ သတ္တဝိညာဏဓာတ်,ဓမ္မဓါတ်ဖြင့်။ အသင်္ဂဟိတာ၊ ကုန်။ တေဓမ္မာ၊ ထိုဩဠာရိကရုပ်ဌ၊ဒသတို့ကို။

[ဘာသာပြန် အဖြေလွယ်ပြီ။]

# မေးခွန်းပုစ္ဆာများ

## ၁၃၂၂-ခုနှစ်

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက်(ဝိနယ)၊ပထမမေးခွန်း**

၁၃၂၂-ခုနှစ်၊ တန်းခူးလပြည့်ကျော် ၄-ရက်၊ (၃-၄-၆၁) တနင်္လာနေ့။

၁။ သံဃကံ၏အစွမ်းအားဖြင့်ပြားသော သမ္မုတိသံဃာအပြားကိုပြဆို၍ ဉတ္တိစတုတ္ထဥပသမ္ပဒအရာ၌ ပြည့်စုံထိုက်သည့် သမ္ပတ္တိအင်္ဂါများကိုလည်း ညွှန်ကြားခဲ့ပါ။ (၁၀)

၂။ သဉ္စာဝိကာကုဋီ၏ အလျား,အနံ ပဏာမကို မြတ်စွာဘုရား၏ အတိုင်းအတာဖြင့်ဖော်ပြ၍၊ သံဃာဒိသိသ်အာပတ်ကုစားပုံ အစီရင်ကိုလည်း ပြဆိုခဲ့ပါ။ (၁၀)

၃။ နိဿဂ္ဂိပါစိတ် ပတ္တဝဂ် အဋ္ဌမသိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ဘိက္ခုပါတိမောက် (ဝိနယ)၊ဒုတိယမေးခွန်း**

၁၃၂၂-ခုနှစ်၊ တန်းခူးလပြည့်ကျော် ၄-ရက်၊ (၃-၄-၆၁) တနင်္လာနေ့။

၁။ မာတုဂါမအား ငါးခွန်း ခြောက်ခွန်းထက်ပို၍ တရားဟောသဖြင့် အာပတ်မသင့်အောင် မည်သို့ပြုလုပ်ရမည်ကို ပြဆို၍၊ ပရမ္ပရ ဘောဇဉ်ကို စားကောင်းသောအခါများကိုလည်း ညွှန်ကြားခဲ့ပါ။ (၁၀)

၂။ ခဲဘွယ်ဘောဇဉ်တို့ကို မိမိလက်ဖြင့်မပေးသင့်သော ပုဂ္ဂိုလ်များကို ဖြေဆို၍၊ သိလျက်အသက်နှစ်ဆယ်မပြည့်သူကို ပဉ္စင်းခံပေးသော ရဟန်းအား အဘယ်အာပတ်သင့်ကြောင်းဆိုးဖြတ်ခဲ့ပါ။ (၁၀)

၃။ ပါဠိဒေသနီ ဒုတိယသိက္ခာပုဒ်ကို ပါဠိသက်သက်ရေးခဲ့ပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း**

၁၃၂၂-ခုနှစ်၊ တန်းခူးလပြည့်ကျော် ၅-ရက်၊ (၄-၄-၆၁) အင်္ဂါနေ့။

၁။ ဓိရတ္ထုဝါသိ°ကို ပုဒ်ဖြတ်၍ သက်ဆိုင်ရာသုတ်တို့ဖြင့် ပုဒ်စပ်ပြီးလျှင်၊ မြဟ္မသဒ္ဒါနောင် သွာဝိဘတ်သက်၍နာမ်ရုပ်ကျဉ်းတွက်ပြခဲ့ပါ။(၁၀)

၂။ အကုသလဝိပါကာဟိတ်ယံ ဟိ အတ္တသာ ဒုနွယတော ဟောတိ– ဟူသော ပါဠိအရ အကုသလဝိပါကာဖြစ်ပုံကို ပြည့်စုံအောင်ဖော်ပြပါ။ (၁၀)
၃။ ကဒလိသု ဂဇေ ရက္ခန္တိ၊ ဤပြယုဂ်ကို ဖြစ်သင့်ရာ ကဏ္ဍားထည့်စွက်၍ အနက်ယောဇနာခဲ့ပါ။ (၁၀)

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ကစ္စည်းသဒ္ဒါ၊ ဒုတိယမေးခွန်း**

၁၃၂၂–ခုနှစ်၊တန်ခူးလပြည့်ကျော်၅-ရက်၊ (၄-၄–၆၁)အင်္ဂါနေ့။

၁။ ကဏ္ဍုဝန္ဒော၊ ဤသမာသ်ပုဒ်ပြယုဂ်ပါရှိသောသုတ်ကို သုတ်,ဝုတ္တိ, ဥဒါဟရဏ်ကုန်ဆုံးအောင် ပါဠိသက်သက်မျှရေးခဲ့ပါ။ (၁၀)
၂။ ပုဗ္ဗရူပဥ္စသုတ် ဖလ္လတေ-ပြယုဂ်၌ ပုဗ္ဗရုပ်ဖြစ်ပုံကို ထင်ရှားပြည့်စုံအောင် ရှင်းလင်းပြပါ၊ (၁၀)
၃။ အောက်ပါ ပေယျာလစကားရပ်ကို ထုတ်ဖော်ရေးခဲ့ပါ။ (၁၀)
ဝိဓိသုတ်သည်လည်း (လ)ရှစ်ပါးအပြားရှိ၏။

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း**

၁၃၂၂-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆-ရက်၊(၅–၄–၆၁)ဗုဒ္ဓဟူးနေ့။

၁။ လောဘမူစသော ၁၂ ပါးသော စိတ်တို့အကုသိုလ်မည်ခြင်း၏အကြောင်းကိုပြ၍၊ ကုသိုလ်နှင့်အကုသိုလ် ပဋိပက္ခဖြစ်ပုံကိုလည်း ရေးခဲ့ပါ။ (၁၀)
၂။ ပကိဏ်းစေတသိက်ခြောက်ပါးတို့တွင် ဝိတက်,ဝိစာရ,အဓိမောက္ခ, ဝိရိယ,ပီတိ စေတသိက်၅-ပါးလုံးယှဉ်နိုင်ခွင့်ရှိသော ကာမစိတ်တို့နှင့် ပကိဏ်းစေတသိက် ၆-ပါးလုံးယှဉ်နိုင်ခွင့်ရှိသော ကာမစိတ်တို့ကို သရုပ်ထုတ်၍ ရေတွက်ပြခဲ့ပါ။ (၁၀)
၃။ ဝိထိပရိစ္ဆေဒ ပဋိညာဉ်ပြ အစ ၂-ဂါထာတို့ကို အနက်ရေးခဲ့ပါ။ (၁၀)

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယမေးခွန်း**

၁၃၂၂-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆-ရက်၊ (၅-၄-၆၁) ဗုဒ္ဓဟူးနေ့။

၁။ ပကိဏ်းပိုင်း အာရမ္မဏသင်္ဂဟ အဆုံးဂါထာပါ သဗ္ဗတ္ထဆဋ္ဌေတိ၌ သဗ္ဗတ္ထအရ ဖြစ်ထိုက်သောသရုပ်တရားကိုယ်များကို ကုန်စင်အောင် ထုတ်ပြခဲ့ပါ။ (၁၀)

၂။ ပကိဏ်းပိုင်း ဥါရသင်္ဂဟလာ ကာယဒွါရနှင့် ဝီထိမုတ်ပိုင်း ကမ္မစတုက္ကလာ ကာယဒွါရ ၂-ခုတို့၏အထူးကို ရေးခဲ့ပါ။ (၁၀)

၃။ အောက်ပါပေယျာလကို ထုတ်ဖော်ရေးခဲ့ပါ။ (၁၀)
နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ(ပ)ပရမတ္ထံပကာသေန္တိ၊စတုခာဝ တထာဂတာ။

---

# အစိုးရ ပါဠိပထမပြန် စာမေးပွဲ

## ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း

၁၃၂၂–ခုနှစ်၊တန်းခူးလပြည့်ကျော်၇-ရက်၊(၆-၄-၆၁)ကြာသပတေးနေ့။

၁။ အဘယ်တရားတို့ကို အဘယ့်ကြောင့် အပ္ပမာဏာဟု ခေါ်ဆိုပါသနည်း၊ ထင်ရှားအောင်ပြခဲ့ပါ။ (၁၀)

၂။ အတီတတိက် တတိယပဒအရကို ကောက်ပြပြီးလျှင်၊ နိဗ္ဗာန်သည် အဇ္ဈတ္တလော,ဗဟိဒ္ဓလော၊ သာဓကပြ၍ဖြေဆိုခဲ့ပါ။ (၁၀)

၃။ ဟေတူစေဝဓမ္မာ ဟေတုသမ္ပယုတ္တာစ၊ ၎င်းပဒ၏အရကို ကောက်ပြပြီး သင်္ချာဖွဲ့ပြပါ။ (၁၀)

---

# အစိုးရ ပါဠိပထမပြန် စာမေးပွဲ

## ပထမငယ်၊ မာတိကာနှင့်ဓာတုကထာ၊ဒုတိယမေးခွန်း

၁၃၂၂-ခုနှစ်၊တန်းခူးလပြည့်ကျော်၇-ရက်၊(၆-၄-၆၁)ကြာသပတေးနေ့။

၁။ အဇ္ဈတ္တိကာမမ္မာပုဒ်အရကို ထုတ်ပြပြီးလျှင်၊ ၎င်း၏သစ္စဝိမုတ္တဓမ္မတို့ကိုလည်း ဖော်ပြခဲ့ပါ။ (၁၀)

၂။ အောက်ပါဓမ္မတို့၏ သရုပ်တရားကိုယ်ကိုဖော်ထုတ်ခဲ့ပါ။ (၁၀)
(က) သမာဓိန္ဒြေ (ခ) ပရိဒေဝ (ဂ) အသညီဘဝ

၃။ အောက်ပါ ပါဠိတော်ကို စတုတ္ထနည်းအရ သရုပ်ပေါ်အောင် အနက်ဖော်ခဲ့ပါ။ (၁၀)
ဃာနိန္ဒြိယေန ယေ ဓမ္မာ (ပ) သင်္ဂဟိတာ။
တေဟိ ဓမ္မေဟိ ယေ ဓမ္မာ (ပ)သင်္ဂဟိတာ။
တေဓမ္မာ။

အစိုးရ ပါဠိပထမပြန် စာမေးပွဲ
**ပထမငယ်၊ ဘာသာပြန်၊ ပထမမေးခွန်း**
၁၃၂၂-နှစ်၊တန်းခူးလပြည့်ကျော် ၈-ရက်၊(၇-၄-၆၁) သောကြာနေ့။

၁။ အောက်ပါ ပါဠိတို့ကို မြန်မာဘာသာပြန်ဆိုပါ။ (၁၅)

(က) သတ္ထာ သာကေတံ နိဿာယ အဉ္ဇနဝနေ ဝိဟရန္တော ဧကံ ဗြာဟ္မဏံ အာရဗ္ဘ ကထေသိ။

(ခ) ဗြာဟ္မဏော တထာဂတဿ ပိတာ သုဒ္ဓေါဒနော မာတာ မဟာမာယာတိ ဇာနာတိ။

(ဂ) သောပိ ဗြာဟ္မဏီ နိရန္တရမေဝ ပဉ္စဇာတိသတာနိ မာတာ အဟောသိ။

(ဃ) တသ္မိံ ခဏေ ထေရဿ သဋ္ဌိဝိဟာရိကော ဒဟရော အန္တောဂါမေ ဟောတိ။

(င) သော မခုရံနာမ ဘန္တေ ကဿ အပ္ပိယန္တိ အာဟ။

၂။ အောက်ပါမြန်မာဘာသာတို့ကို ပါဠိပြန်ဆိုပါ။ (၁၅)

(က) အဒိကို မြင်စိမ့်သောငှာ လာလှည့်ဟု မြတ်စွာဘုရားကိုပင့်၍ မိမိအိမ်သို့သွား၏။

(ခ) ချစ်သား…ဤမျှလောက်သော ကာလပတ်လုံး အဘယ်အရပ်သို့သွားသနည်း၊ သားတို့မည်သည် မိဘတို့ကို အိုမင်းသောကာလ၌ လုပ်ကျွေးအပ်သည်မဟုတ်ပါလော။

(ဂ) ငါဘုရားသည် ဘဝတထောင်,ငါးရာတို့ပတ်လုံး ပုဏ္ဏားအ၏ လက်၌ ကြီး၏၊ ဘဝတထောင်,ငါးရာတို့ပတ်လုံး ပုဏ္ဏေးမ၏ လက်၌ ကြီး၏။

---

အစိုးရ ပါဠိပထမပြန် စာမေးပွဲ
**ပထမငယ်၊ ဘာသာပြန်၊ ဒုတိယမေးခွန်း**
၁၃၂၂-ခုနှစ်၊ တန်းခူးလပြည့်ကျော် ၈-ရက်၊(၇-၄-၆၁)သောကြာနေ့။

၁။ အောက်ပါပါဠိတို့ကို မြန်မာဘာသာ ပြန်ဆိုပါ၊ (၁၅)

(က) တတော ပဋ္ဌာယ ကိရ သာရိပုတ္တတ္ထေရဿ ဝိဋ္ဌခါဒနီယံ နာမ န ခါဒိတပုဗ္ဗံ။

(ခ) ဝေဠဝေ အာဟ ကိံ တာဝ သြသခေန ပရိဘာဝေတွာ ဝိသံ ဟရာမိ။

(ဂ) နေဝတ္တုနာ ကေဝါရံ ဇဟိတဝိသံ ပဏ္ဍာဟရိဿံ ၁
(ဃ) ပုထုဇ္ဇနစိတ္တံနာမ လဟုကံ ဒုန္နိဂ္ဂဟိတံ အာရမ္မဏဝသေန ဂန္တွာ အလ္လိယတိ၊
(င) သစေဿ ပတိတဋ္ဌာနံ ပဿိဿာမိ၊ ပုနာဂန္တွာ ဥဒ္ဒရိတုကာမော ဘဝေယျ။

၂။ အောက်ပါမြန်မာဘာသာကို ပါဠိပြန်ဆိုပါ။ (၁၅)
(က) အရှင်သာရိပုတ္တရာမထေရ်၏ မုံ့ခဲဘွယ်ကို ဘုဉ်းပေးတော်မူသောကာလ၌ လူတို့သည် သံဃာတို့ များစွာသောမုံ့ခဲဘွယ်ကိုယူ၍ ကျောင်းသို့ လာကုန်၏။
(ခ) တနေ့သ၌ လယ်ထွန်၍ လာလတ်သည်ရှိသော် ကျောင်းသို့ဝင်၍ တဦးသောမထေရ်၏သပိတ်မှ သိမ်မွေ့သော,ကောင်းသော,အရသာရှိသော,မွန်မြတ်သောဘောဇဉ်ကိုရ၍ကြံ၏။
(ဂ) ထိုမထေရ်၏ အဆွေခင်ပွန်းဖြစ်ကုန်သော ရဟန်းတို့သည် ''ငါ့ရှင်စိတ္တဟတ္ထ…ရှေးကကဲ့သို့ သင့်အား ယခုအခါ ကိလေသာတို့သည် မပွါးကုန်သလော''ဟု ပြက်ရယ်ပြုကုန်၏။



# မေးခွန်းအဖြေများ

### ၁၃၂၂-ခုနှစ်၊ ပထမငယ်
### ဘိက္ခုပါတိမောက်၊ ပထမမေးခွန်း အဖြေလွှာ

၁။ *သံဃကံ၏အစွမ်းအားဖြင့် ပြားသော သမ္မုတိသံဃာအပြားကား- (၁) စတုဝဂ်သံဃာ, (၂) ပဉ္စဝဂ်သံဃာ, (၃) ဒသဝဂ်သံဃာ, (၄) ဝီသတိဝဂ်သံဃာ, (၅) အတိရေကဝီသတိဝဂ်သံဃာအားဖြင့် ၅-ပါးရှိပါသည်။

မှတ်ချက်။ ။သာမညမေး၍ ကံနှင့်တွဲရန်မလို၊ သာမညသာဖြေ၊

ဥတ္တိစတုတ္ထဥပသမ္ပဒါအရာ၌ ပြည့်စုံထိုက်သည့်သမ္ပတ္တိအင်္ဂါများကား- (၁) ဝတ္ထုသမ္ပတ္တိ, (၂) ဉတ္တိသမ္ပတ္တိ, (၃) သီမာသမ္ပတ္တိ,(၄)ကမ္မဝါစာသမ္ပတ္တိ, (၅) ပရိသသမ္ပတ္တိဟူ၍ ၅-ပါးရှိပါသည်။

ဆောင်ပုဒ်။ ။ဝတ်-ဉတ်-သိမ်-ကမ်၊ ပရိသံ၊ ၅-တန်သမ္ပတ္တိ။
ဥပသမ္ပဒံ၊ အောင်မြင်ရန်၊ အင်္ဂါဟူ၍သိ။

၂။ *သုဂတ*သဉ္စီကာကုဋီ၏ အလျား အနံပမာဏကား- မြတ်စွာဘုရား၏ လက်သန်းတော်အထွာဖြင့် အလျား ၁၂-ထွာ, အနံ ၇-ထွာတို့ ဖြစ်ပါသည်။

သံဃာဒိသိသ်အာပတ်သင့်လျှင် သိလျက် ဖုံးလွှမ်းထားသမျှရက်ပတ်လုံး အလိုမရှိစေကာမူ ပရိဝါသ်ဆောက်တည်ရမည်၊ ပရိဝါသ်ကျင့်သုံးဆောက်တည်ပြီးသောရဟန်းသည် ရဟန်းကောင်းတို့မြတ်နိုးစေခြင်းငှါ ၆-ညဉ့်ထပ်မံ၍ကျင့်ရမည်၊ ဝါ-မာနတ် ၆-ညဉ့်ကျင့်ရမည်၊ မာနတ်ကျင့်ပြီးသောရဟန်းကို သံဃာ၂၀-ရှိသောသိမ်၌ သွင်းခေါ်လက်ခံရမည်၊ ဝါ-အဗ္ဘာနကံပြုရမည်။ [အဗ္ဘာနကံပြုရာ၌ သံဃာတပါးလျော့နေခဲ့လျှင် သွင်းခေါ်ရာမရောက်၊ ဝါ-အဗ္ဘာနကံမမြောက်၊ ကံပြုသောသံဃာများပင် ဒုက္ကဋ်အာပတ်မှမလွတ်။] ကွင်းအတွင်း စကားမရေးဘဲလည်းနေနိုင်၏၊ ရေးလျှင်သာ၍ပြည့်စုံသည်သာ။

၃။ *နိဿဂ္ဂိပါစိတ် ပတ္တဝဂ် အဠမသိက္ခာပုဒ်၏အနက်ကို၁၃၁၇-ခုနှစ် ပထမငယ် ဘိက္ခုပါတိမောက် ပထမမေးခွန်း ၃-နံပါတ် အဖြေလွှာ၌ ရေးသားခဲ့ပြီးဖြစ်သည်။

## ၁၃၂၂-ခုနှစ်၊ ပထမငယ်
## ဘိက္ခုပါတိမောက်၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *သိကြားနားလည်သော လူဇာတ်ရှိသောယောကျ်ား အနီးအပါး၌ရှိစေ၍ ဟောပြောလျှင် အာပတ်မသင့်နိုင်ပါ။

ပရမ္ပရဘောဇဉ်ကိုစားကောင်းသော အခါများကား—

နာသောအခါ, သင်္ကန်းလှူသောအခါ, သင်္ကန်းချုပ် ဆိုးသောအခါ အားဖြင့် ၃-ပါးဖြစ်ပါသည်။

၂။ *အဝတ်မဝတ်သော တက္ကဒွန်း, ပရိဗိုဇ် ရဟန်း, ပရိဗိုဇ် ရဟန်းမတို့အား မိမိလက်ဖြင့် ခဲဘွယ်ဘောဇဉ်တို့ကို မပေးသင့်ပါ။

သိလျက် အသက် ၂၀-မပြည့်သူကို ရဟန်းခံပေးသော ဥပဇ္ဈာယ်ဆရာအား ပါစိတ်၊ ကံဆောင်သံဃာ, ဝါ-ကာရက သံဃာများအား ဒုက္ကဋ်အာပတ်သင့်ပါသည်။ [ပြည့်စုံအောင်ရေးပါ။]

၃။ *ဘိက္ခူပနေဝ ကုလေသု နိမန္တိတာ ဘုဉ္ဇန္တိ၊ တတြ စေသာ ဘိက္ခုနီ ဝေါသာသမာနရူပါ ဌိတာ ဟောတိ၊ "ဣဓ သူပံ ဒေထ ဣဓ ဩဒနံ ဒေထာတိ"။ တေဟိ ဘိက္ခူဟိ သာ ဘိက္ခုနီ အပသာဒေတဗ္ဗာ "အပသက္က တာဝ ဘဂိနိ ယာဝ ဘိက္ခူ ဘုဉ္ဇန္တီ"တိ။ ဧကဿ စေပိ ဘိက္ခုနော နပ္ပဋိဘာသေယျ တံ ဘိက္ခုနိံ အပသာဒေတုံ "အပသက္က တာဝ ဘဂိနိ ယာဝ ဘိက္ခူ ဘုဉ္ဇန္တီ"တိ။ ပဋိဒေသေတဗ္ဗံ တေဟိ ဘိက္ခူဟိ "ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိမှ အသပ္ပါယံ ပါဋိဒေသနီယံ- တံ ပဋိဒေသေ မာ"တိ။

---

## ၁၃၂၂-ခုနှစ်၊ ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ ပထမမေးခွန်း အဖြေလွှာ

၁။ * စိရံပဝါသိ ံ-ဟု ပုဒ်ဖြတ်၍၊ ဝဂ္ဂန္တံဝါ ဝဂ္ဂေ-ဖြင့် နောက်ပဗျည်းနှောင်းသောကြောင့် ရှေ့ရထက်၌ရှိသော နိဂ္ဂဟိတ်ကို ပဝဂ္ဂန္တမ-ပြု၊ ယဝမဒနတရလာစာဂမာ-သုတ်၌ စ-သဒ္ဒါဖြင့် မ-ကို ပ-ပြု၊မ ပ-သို ကပ်၊ စိရပ္ပဝါသိံ ပြီး၏။

ဖြုဟ္မသဒ္ဒါတည်၊ သွာဝိဘတ်သက်၊ အမှတုမှန္တ(ရာ၉ ဖြုဟ္မတ္တာသခ-သတ္တ(ပိတာဒိဟိသွာနာ၀-ဖြင့် ဖြုဟ္မသဒ္ဒါနောင်နှောင်းသော သွာဝိဘတ်ကို နာဝိဘတ်ကိုကဲ့သို့ငဲ့၊ ဟ္မ,ခွင်း၊ ဥတ္တံသနာ်သု-ဖြင့် နောက်နာဝိဘတ်နှောင်းသောကြောင့် ဟ္မ-သဒ္ဒါ၏ အစိတ် အ-ကို ဉ-ပြု၊ ဟ္မ ဉ-သိုကပ်၊ ဖြုဟ္မုနာ-ပြီး၏။

၂။ * သိထိလအက္ခရာ၏ ဝနိပ်အက္ခရာဖြစ်ခြင်း အစရှိသည်သည် အက္ခရ ဝိပတ္တိ ဖြစ်ပါသည်။

၃။ * ကဒလီသု၊ ငှက်ပျောတောတို့၌၊ ဂဇော၊ဆင်တို့ကို။ မနုဿာ၊ လူတို့သည်။ ရက္ခန္တိ၊ စောင့်ကုန်၏။ [ကတ္တားကား မနုဿာတည်း။]

---

၁၃၂၂-ခုနှစ်၊ပထမငယ်
ကစ္စည်းသဒ္ဒါ၊ဒုတိယမေးခွန်း အဖြေလွှာ

၁။ * ဓနုမှာ စ။ ။ဓနုမှာ စ အာပစ္စယော ဟောတိ သမာသန္တေ။ ကဏ္ဍီဝေါ ဓနု ယဿ သောယန္တိ ကဏ္ဍီဝဓနွာ။

၂။ *ဖလ္လတေ-ဖလသဒ္ဒါတည်။ဖလ၊ လသဒ္ဒါသည်။နိပ္ဖတ္တိမှိ၊ပြီးခြင်း၌။ ဝတ္တတိ၊ဖြစ်၏။ ဇုတ်-အပြေ၊ဤသို့သောအနက်၌။ဘူဝါဒယောဓာတ-ဝေါ-ဖြင့် ဖလကို ဓာတ်အမည်မှည့်၊ လ-ခွင်း အကြွင်း၊ ဓာတုဿန္တော လောပေါနေက သရဿ-ဖြင့် ဓာတွန် အ-ကို ချေ။ ဖလ္လတေ၊ ပြီးရာ ပြီးအပ်၏။ ဇုတိ အပြေ၊ ဤသို့သော အနက်၌။ ဝတ္တမာနာပစ္စုပ္ပန္နေ-ဖြင့် တေဝိဘတ်သက်၊ ဘာဝကမ္မေသုယော-ဖြင့် ဖလဓာတ်နောင် ယပစ္စည်းသက်၊ ပုဗ္ဗရူပဉ္စ-ဖြင့် ယပစ္စည်းကို ပုဗ္ဗရုပ် လ-ပြု၊ လ-ကို လ-သိုကပ်၊ ဖလ္လတေ-ပြီး၏။

**မှတ်ချက်။** ။ဤပုစ္ဆာသည် ရုပ်ဘွက်နိုင်းခြင်းဖြစ်သည်၊ဤသို့ရုပ်ဘွက်မှပင် ဆိုလိုရင်း ပြည့်စုံမည်။

တနည်း-ဖလ-ဓာတ်နောင်သက်သော ယ-ပစ္စည်းကို ရှေ့ဖြစ်သော လ-အက္ခရာနှင့် အတူပြုခြင်းကိုပင် ပုဗ္ဗရုပ်-ဟု ခေါ်ပါသည်။ [ဤသို့လည်း ဖြေနိုင်၏။]

၃။ * ဝိဓိသုတ်သည်လည်း (လောပဝိဓိသုတ်, အာဒေသဝိဓိသုတ်, အာဂမဝိဓိသုတ်, ဒီဃဝိဓိသုတ်, ရဿဝိဓိသုတ်, ပဋိသေဓ ဝိဓိသုတ်, ပစ္စယ ဝိဓိသုတ်, ဝိဘတ္တိဝိဓိသုတ် အားဖြင့်) ရှစ်ပါးအပြားရှိ၏။

---

## ၁၃၂၂-ခုနှစ်၊ ပထမငယ်

## အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမ မေးခွန်း အဖြေလွှာ

၁။ * ကုသိုလ်၏ ဆန့်ကျင်ဘက် ပဋိပက္ခဖြစ်သော ကြောင့် လောဘမူစသော ၁၂-ပါးသော စိတ်တို့သည် အကုသိုလ် မည်ပါသည်။

ကုသိုလ်သည် ပယ်တတ်သော တရား၏အဖြစ်ဖြင့် အကုသိုလ်၏ ပဋိပက္ခဖြစ်သည်။

အကုသိုလ်သည် ပယ်အပ်သော တရား၏ အဖြစ်ဖြင့် ကုသိုလ်၏ ပဋိပက္ခဖြစ်သည်။

**မှတ်ချက်။** ။တခြမ်းဖေါ်သယောင်ပြု၍ ကပ်မေးထားခြင်း ဖြစ်သည်။

၂။ * ပကိဏ်းစေတသိက် ခြောက်ပါးတို့တွင် ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ စေတသိက် ၅-ပါးလုံး ယှဉ်နိုင်ခွင့် ရှိသော ကာမစိတ်များကား-လောဘမူ သောမနဿ ၄-ပါး, ဟသိတုပ္ပါဒ် တပါး, ကာမာဝစရသောဘဏ သောမနဿ ၁၂-ပါး, အားဖြင့် ၁၇-ပါးတို့တည်း။[စေတသိက်များ-မျှကြည့်ပါ။]

ပကိဏ်းစေတသိက် ခြောက်ပါးလုံးယှဉ်နိုင်ခွင့် ရှိသော ကာမစိတ်များကား-လောဘမူ သောမနဿ ၄-ပါး, ကာမာဝစရ သောဘဏ သောမနဿ ၁၂-ပါးအားဖြင့် ၁၆-ပါးတို့တည်း။ [ဆန္ဒပါ၍ အဟိတ်စိတ်မှ တပါးမှမရ။]

၃။ * အဟံ၊ ငါးသည်။ ဇူဓေ္ဓဝံ-ဇူတိ ဝေံ ယထာ ဝုတ္တနယေန၊ အကြင် အကြင် ဆိုအပ်ပြီးသောနည်းဖြင့်။ စိတ္တုပ္ပါဒါနံ၊ စိတ်စေတသိက်ဖြစ်ကုန်သော နာမက္ခန္ဓာလေးပါးတို့၏။ ဥတ္တရံ၊ ဝေဒနာသင်္ဂဟအစရှိသည်ကို ဝေဘန်သောအားဖြင့် မြတ်သော။ သင်္ဂဟံ၊ အပြားအားဖြင့် မိန့်အပ်သော ပကိဏ္ဏကသင်္ဂဟကို။ ကတွာ၊ ပြုပြီး၍။ ပုန၊ တဘန်။ ဘူမိပုဂ္ဂလဘေဒေန၊ ဘုံ, ပုဂ္ဂိုလ်တို့၏ အပြားအားဖြင့်။ လက္ခိတံ၊ မှတ်အပ်သော။ တနည်း-ဘူမိပုဂ္ဂလဘေဒေန၊ ဘုံ, ပုဂ္ဂိုလ်တို့၏ အပြားနှင့်တကွ။ ပုဗ္ဗာပရနိယာမိတံ၊ ရှေ့စိတ်နောက်စိတ်တို့ဖြင့် မှတ်အပ်သော။ ပဋိသန္ဓိ ပဝတ္တိယံ၊ ပဋိသန္ဓေအခါ, ပဝတ္တိအခါ၌။ ဝါ၊ တို့တွင်။ ပဝတ္တိသင်္ဂဟံနာမ၊ ဖြစ်ပုံကိုပြ ပဝတ္တိသင်္ဂဟမည်သော ဝီထိသင်္ဂဟကို။

သမာသေန၊ အကျဉ်းအားဖြင့်။ ယထာ-သမ္ဘဝတော၊ ဖြစ်သင့်သည် အားလျော်စွာ။ ပဝတ္တာမိ၊ အပြားအားဖြင့် မိန့်ဆိုပေအံ့။ ကထံ-ပဝတ္တာမိ၊ အဘယ်သို့ဆိုအံ့သနည်း ဟူမူကား။

မှတ်ချက်။ ။ကထံရောက်အောင် အနက်ပေး၊ ကထံသည် ဂါထာပါ စကားရပ်ဖြစ်သည်။

---

## ၁၃၂၂-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ ဒုတိယ မေးခွန်း အဖြေလွှာ

၁။ *ပကိဏ်းပိုင်း အာရမ္မဏသင်္ဂဟ အဆုံးဂါထာ သဗ္ဗတ္ထဆ ဗ္ဗေတိဗ္ဗ သဗ္ဗတ္ထအရ ဖြစ်ထိုက်သော သရုပ်တရားကိုယ်များကား—ကာမ, မဟဂ္ဂုတ်, "အကြွင်းမရှိသော" လောကုတ္တရာ,ပညတ်အားဖြင့် အလုံးစုံ သော အာရုံတို့ဖြစ်ပါသည်။

မှတ်ချက်။ ။အကြွင်းမရှိသော လောကုတ္တရာဟူသည် လောကုတ္တရာတရား အားလုံးဟု ပြဆိုလိုပါသည်။

၂။ *ပကိဏ်းပိုင်း ဒွါရသင်္ဂဟလာ ကာယဒွါရကား-ကာယပသာဒ ရုပ် ဖြစ်ပါသည်။

ဝီထိမုတ်ပိုင်း ကမ္မစတုက္ကလာ ကာယဒွါရကား— ကာယဝိညတ်ရုပ် ဖြစ်ပါသည်။ [ကာယဝိညတ္တိသင်္ခါတေ ကာယဒွါရေ- ထောက်။]

၃။ *နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာ-တဗ္ဗံ၊မဂ္ဂဖလာန မာရမ္မဏဘူတံ ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။

တဒေတံ သဘာဝတော ဧကဝိဓမ္ပိ သဉပါဒိသေသ နိဗ္ဗာနဓာတု အနု ပါဒိသေသ နိဗ္ဗာနဓာတုစေတိ ဒုဝိဓံ ဟောတိ ကာရဏ ပရိယာယေန။

တထာ သုညတံ အနိမိတ္တံ အပ္ပဏိဟိတဉ္စေတိ တိဝိဓံ ဟောတိ အာကာရဘေဒေန။

ပဒ မစ္စုတ မစ္စန္တံ၊ အသင်္ခတ မနုတ္တရံ။
နိဗ္ဗာန မိတိ ဘာသန္တိ၊ ဝါနမုတ္တာ မဟေသယော။ ။
ဣတိ စိတ္တံ စေတသိကံ၊ ရူပံ နိဗ္ဗာန မိစ္စပိ။)
ပရမတ္ထံ ပကာသေန္တိ၊ စတုဓာဝ တထာဂတာ။

မှတ်ချက်။ ။ကွင်းတွင်း စကားများ အကုန်ပါအောင်ရေး။

## ၁၃၂၂-ခုနှစ်၊ ပထမငယ်
## မာတိကာနှင့် ဓာတုကထာ၊ ပထမမေးခွန်း အဖြေလွှာ

၁။ *လောကုတ္တရာစိတ် ၈-ခု, စေတသိက် ဆယ့်သ, နိဗ္ဗာန်တို့ကို နှိုင်းရှည့်ခြင်းကို ပြုတတ်သော ရာဂအစရှိသော ကိလေသာ၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သောကြောင့် "အပ္ပမာဏာ"ဟု ခေါ်ဆိုရပါသည်။

၂။ *ပစ္စုပ္ပန္နာ ဓမ္မာ-ဟူသော တတိယပုဒ်၏အရကား— ပစ္စုပ္ပန်ဖြစ်သော စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသရ၏။

[နိဗ္ဗာန် အဇ္ဈတ္တမဟုတ်၊ ဗဟိဒ္ဓ ဖြစ်ကြောင်းကို ၁၃၂၀-ပြည့်နှစ် ပထမငယ် မာတိကာ ဓာတုကထာ ပထမမေးခွန်း ၂-နံပါတ်ပုစ္ဆာအဖြေလွှာ၌ ရေးခဲ့ပြီ၊ ပြန်၍ကြည့်ပါ]။

၃။ *ဟေတုစေဝ ဓမ္မာ ဟေတုသမ္ပယုတ္တာစ ၏အရကား— မောဟမူဒွေ၌ မောဟကြဉ်သော ဟိတ် ၆-ပါး ရ၏။

သစ္စာအားဖြင့် ၃-ပါးဟူသော်ကား— လောကီသဟိတ်စိတ် ၆၃-ခု၌ရှိသော လောဘကြဉ်သောဟိတ် ၅-ပါးသည် ဒုက္ခသစ္စာမည်၏၊ လောဘသည် သမုဒယသစ္စာမည်၏၊ မဂ်စိတ် ၄-ခု၌ရှိသော အမောဟစေတသိက် တည်းဟူသော သမာဒိဋ္ဌိမဂ္ဂင်ဟုဆိုအပ်သော သောတာပတ္တိမဂ် ၁-ပါး, သကဒါဂါမိမဂ် ၁-ပါး, အနာဂါမိမဂ် ၁-ပါး, အရဟတ္တမဂ် ၁-ပါး သည် မဂ္ဂသစ္စာမည်၏၊ မဂ်စိတ် ၄-ခု၌ရှိသော အလောဘ, အဒေါသ, ဖိုလ်စိတ် ၄-ခု၌ရှိသော အလောဘ, အဒေါသ, အမောဟသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏၊ ဤသို့လျှင် သစ္စာအားဖြင့် ၃-ပါး ဖြစ်သတည်း။

---

## ၁၃၂၂-ခုနှစ်၊ ပထမငယ်
## မာတိကာနှင့် ဓာတုကထာ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *အဇ္ဈတ္တိကာ ဓမ္မာ၏ အရကား— စိတ်တခုယုတ်ကိုးဆယ်, ပသာဒရုပ် ၅-ခုရ၏။

၎င်း၏ သစ္စဝိမုတ္တဓမ္မကား— လောကုတ္တရာစိတ် ၈-ခုတည်း။

၂။ *(က) ဝိစိကိစ္ဆာ သဟဂုတ်, ဒွေပဉ္စဝိညာဏ်- ၁၀, မနောဓာတ် ၃-ခု, သန္တီရဏ ၃-ခု ကြဉ်သောစိတ် ၇၂-ခု၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် သမာဓိန္ဒြေ။

(ခ) ဆွေမျိုးတို့၏ပျက်စီးခြင်း အစရှိသောအကြောင်းကြောင့် ငိုကြွေးမြည်တမ်းသော အခြင်းအရာဖြင့်ဖြစ်သော စိတ္တဇဝိပလ္လာသ သဒ္ဒသည် ပရိဒေဝမည်၏။

(ဂ) ဇီဝိတနဝက ကလာပ်ရုပ်သည် အသည်းဘာဝမည်၏။

၃။ *ဇုတ္တိန္ဒြိယေန၊ ဇုတ္တိန္ဒြေသည်။ ယေဓမ္မာ၊ အကြင်ဇုတ္တိန္ဒြေကြဉ်သော သုခုမရုပ် ပန္နရသတို့ကို။ခန္ဓသင်္ဂဟေန၊ ရူပက္ခန္ဓာဖြင့်၊ သင်္ဂဟိတာ၊ ရေတွက်အပ်ကုန်၏။အာယတနသင်္ဂဟေန၊ ဓမ္မာယတနဖြင့်။ သင်္ဂဟိတာ။၊ ကုန်၏။ ဓာတုသင်္ဂဟေန၊ ဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။ တေဟိဓမ္မေဟိ ထိုဇုတ္တိန္ဒြိကြဉ်သောသုခုမရုပ် ပန္နရသတို့သည်။ ယေဓမ္မာ၊ အကြင်ဇုတ္တိန္ဒြေတို့ကို။ခန္ဓသင်္ဂဟေန၊ ရူပက္ခန္ဓာဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။အာယတနသင်္ဂဟေန၊ ဓမ္မာယတနဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။ ဓာတုသင်္ဂဟေန၊ ဓမ္မဓာတ်ဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။ တေဓမ္မာ၊ ထိုဇုတ္တိန္ဒြေတို့ကို။

[ဘာသာပြန် အဖြေလွယ်ပြီ။]



# မေးခွန်းပုစ္ဆာများ

## ၁၃၂၃-ခုနှစ်

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ဘိက္ခုပါတိမောက် (ဝိနယ)**

၁၃၂၃–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃–ရက်၊(၂-၄–၆၂)
သောကြာနေ့။

၁။ ရဟန်းလေးပါးတို့ မပြုလုပ်နိုင်သောသံဃကံ,ရဟန်း ၅–ပါးတို့ မပြုလုပ်နိုင်သောသံဃကံတို့ကို ပြဆို၍ သိမ်ပျက် ၁၁–လုံးတွင် မပါဝင်သော အငယ်ဆုံးသိမ်,အကြီးဆုံးသိမ်တို့၏ ပမာဏကိုလည်း အတိအကျ ညွှန်ပြခဲ့ပါ။ (၁၀)

၂။ ရဟန်းခံကောင်းသောပဏ္ဍုက်, ရဟန်းမခံကောင်းသောပဏ္ဍုက်များကို ခွဲခြားပြ၍၊ ရဟန်းခံရာ၌ အဘယ်အပြစ်ဒေါသတို့မှ လွတ်ကင်းသောဉာတ်နှင့် ပြည့်စုံသင့်သည်ကိုလည်း ပြဆိုခဲ့ပါ။ (၁၀)

၃။ နိဿဂ္ဂိပါစိတ် ပတ္တဝဂ် စတုတ္ထသိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။ (၁၀)

၄။ တပါးသောရဟန်း၏ ရုန့်ရင်းသောအာပတ်ကို လူသာမဏေအား ပြောကောင်းသောရဟန်းကို ပြဆို၍၊ သံဃာပိုင်ညောင်စောင်းကို လေဟာပြင်၌ခင်း၍ အရပ်တပါးကိုသွားသောရဟန်း၏ တာဝန်များကိုလည်း ညွှန်ကြားခဲ့ပါ။ (၁၀)

၅။ သက်နုံးကို ဝိကပ္ပနာပြုလိုသောရဟန်း၏ ဝိကပ္ပနာပြုနိုင်ရာပုဂ္ဂိုလ်များကို ညွှန်ကြား၍၊အဝ်ကျည်တောက်မလုပ်သင့်သော အရာဝတ္ထုများကိုလည်း ပြဆိုခဲ့ပါ။ (၁၀)

၆။ သုဒ္ဓပါစိတ် ရတနဝဂ် အဋ္ဌမသိက္ခာပုဒ်,နဝမသိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးခဲ့ပါ။ (၁၀)

---

### အစိုးရ ပါဠိပထမပြန် စာမေးပွဲ

**ပထမငယ်၊ ကစ္စည်းသဒ္ဒါ**

၁၃၂၃–ခုနှစ်၊တပေါင်းလပြည့်ကျော် ၁၄–ရက်၊ (၃–၄–၆၂)အင်္ဂါနေ့။

၁။ ဝေဠ္ဍကိုဖြစ်သင့်သလိုပုဒ်ဖြတ်၍၊ လိုရင်းသုတ်များဖြင့်သာ ပုဒ်စပ်ပြီးလျှင်၊ ဣ–ပုဒ်ကို နာမ်ရပ်ကျဉ်းတွက်ခဲ့ပါ။ (၁၀)

၂။ ယသ္မာ,ယသ္မိံ,ယသ္မ-ပုဒ်တို့၌ သ္မာ,သ္မိံ,သ-ဝိဘတ်တို့ကိုသ္မာသ္မိံနံဝါ-သုတ်, အာယစတုတ္ထေကဝစနဿတု-သုတ်တို့ဖြင့် အဘယ့်ကြောင့် အာ,ဧ,အာယ မပြုရပါသနည်း။ (၁၀)

၃။ နိဂ္ဂဟိတဉ္စသုတ်ဖြင့် သရရှစ်လုံးတို့တွင် အဘယ်သရများနောက်မှသာ နိဂ္ဂဟိတ်လာရပါသနည်း၊ အကြောင်းပြဖြေဆိုပါ။ (၁၀)

၄။ ကာပ္ပစ္စေသုစ–သုတ်ကို ဝုတ္တိ,ဥဒါဟရဏ်, ကိံပါမကျန် ကုန်ဆုံးအောင် ပါဠိသက်သက်မျှကိုသာ ရေးခဲ့ပါ။ (၁၀)

၅။ သမ္ပဒါနေစ-သုတ်ကို ဝုတ္တိ,ဥဒါဟရဏ်ကုန်အောင် အနက်ပေးခဲ့ပါ။ (၁၀)

၆။ အောက်ပါပေယျာလကို ထုတ်ဖော်ရေးခဲ့ပါ။ (၁၀)
အာဂမသန္ဓိသည်လည်း (လ) နိဂ္ဂဟိတာဂမသန္ဓိမည်၏။ (၁၀)

မှတ်ချက်။ ။အစိုးရမေးခွန်း၂–နံပါတ်ပုစ္ဆာ၌ သ္မာ,သ္မိံနံဝါ–ဟုရှိရမည့်နေရာ၌ သ္မာဟိသ္မိံနံ မှာဘိမှိဝါ-ဟု မှားနေပါသည်။

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ
## ပထပင်္ငယ်၊အဘိဓမ္မတ္ထသင်္ဂဟ

၁၃၂၃-ခုနှစ်၊ တန်းခူးလဆန်း ၁-ရက်၊ (၅-၄-၆၂) ကြာသပတေးနေ့။

၁။ ဒေါမနဿနှင့် ပဋိဃဒွေထူးကိုရေး၍၊လောကုတ္တရာစိတ်ဝယ်ကြွယာပျံ့ခြင်း၏အကြောင်းကိုလည်း ရေးခဲ့ပါ။ (၁၀)

၂။ ကာမသုဂတိ ပဋိသန္ဓေစိတ် ၉-ခုတို့၌ ယှဉ်နိုင်ခွင့်ရှိသော စေတသိက်တို့ကို အသီးသီးသရုပ်ထုတ် ရေတွက်ပြခဲ့ပါ။ (၁၀)

၃။ အညာတာဝိန္ဒြေအရ တရားကိုယ်ကောက်ပြ၍ ၎င်းကိုဟိတ်,ကိစ္စ,ဒွါရ,အာရုံအားဖြင့် ဖြစ်သင့်သလိုဝေဘန်ပြခဲ့ပါ။ (၁၀)

၄။ ဥတ္တိံသ သုခပုညမှာ၊ဒွါဒသောပေက္ခကာပရံ၌ဒွတ္တိံသအရနှင့် သုခပုညမှာ-အရ ဖြစ်သင့်သောသရုပ်တရားကိုယ်များကိုကုန်စင်အောင် ထုတ်ပြခဲ့ပါ။ (၁၀)

၅။ ရူပပရိစ္ဆေဒလာ အစ (၁)ဂါထာကို အနက်ရေးခဲ့ပါ။ (၁၀)

၆။ အောက်ပါပေယျာလကို ဖော်ထုတ်ရေးခဲ့ပါ။ (၁၀)
ဆန္ဒော ဝိဇ္ဇာ မုပေက္ခာ စ၊သဒ္ဓါပဿဒ္ဓိပီတိယော (ပ) သဒ္ဓါဒုဋ္ဌာနုဇ္ဇုမသတ္တတိံသ။ ။

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ မာတိကာနှင့် ဓာတုကထာ

၁၃၂၃-ခုနှစ်၊ တန်းခူးလဆန်း ၂-ရက်၊(၆-၄-၆၂)သောကြာနေ့။

၁။ ခန္ဓဝိပ္ပယုတ္တ,သစ္စဝိပ္ပယုတ္တ ဓမ္မသရုပ်တို့ကို ပေါ်လွင်စွာ ထုတ်ပြပြီးလျှင်၊ ခန္ဓဝိပ္ပယုတ္တဖြစ်ခြင်းအကြောင်းကိုလည်း အကျဉ်းချုပ်ခါ ထုတ်ပြခဲ့ပါ။ (၁၀)

၂။ အယုတ်, အလတ်,အမြတ်တရားတို့ကို ထင်ရှားအောင်ပြပြီးလျှင်၊ ဥပမာနှတိက်၏ တိက်မုတ်ကိုလည်း ထုတ်ပြခဲ့ပါ။ (၁၀)

၃။ အာသဝဝိပ္ပယုတ္တသာသဝဒုက်၌ ပဌမပုဒ်အရကို ကောက်ပြပြီး၊ သစ္စာမျှသာ ဖွဲ့ပြခဲ့ပါ။ (၁၀)

၄။ ''အနိယျာနိကာဓမ္မာ''ပုဒ်အရကို ထုတ်ပြပြီးလျှင်၊ ၎င်း၏သစ္စဝိပ္ပယုတ္တဓမ္မကိုသာ ဖော်ပြခဲ့ပါ။ (၁၀)

၅။ ဓာတုကထာဥဒ္ဒေသလာ အောက်ပါဓမ္မတို့၏ တရားကိုယ်တို့ကို အသီးအသီး ဝေခွဲပြီးပြဆိုခဲ့ပါ။ (၁၁)

(က) ဇရာ (ခ) ဒုက္ခ (ဂ) ဥပေက္ခာ

(ဃ) ဥပေက္ခိန္ဒြေ (င) မေတ္တာ

၆။ အောက်ပါ ပဋ္ဌာနယနိဒ္ဒေသပါဠိတော်ကို သရုပ်ပေါ်အောင် အနက်ဖော်ခဲ့ပါ။ (၁၀)

စက္ခာယတနေန ယေ ဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ၊ (ပ) တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ခန္ဓသင်္ဂဟေန အသင်္ဂဟိတာ၊ (ပ) တေဓမ္မာ (ပ) အဋ္ဌဟိ ဓာတူဟိ အသင်္ဂဟိတာတိ။

---

## အစိုးရ ပါဠိပထမပြန် စာမေးပွဲ

### ပထမငယ်၊ ဘာသာပြန်

၁၃၂၃-ခုနှစ်၊ တန်းခူးလဆန်း ၃-ရက်၊ (၇-၄-၇၂) စနေနေ့။

၁။ အောက်ပါ ပါဠိတို့ကို မြန်မာဘာသာပြန်ဆိုပါ။ (၃၀)

(က) မယံ ဘန္တေ ဘဝေသု ဥက္ကဏ္ဌိတာ ဇာတိဇရာဗျာဓိမရဏ-ဘယဘီတာ။

(ခ) ကုဋုမ္ဗိကပုတ္တတိဿတ္ထေရောနာမ ကုသီတော ဟီနဝီရိယော ရသဂိဒ္ဓေါ။

(ဂ) တေ ကတပဋိသန္ထာရာ အတ္တနာ ပဋိလဒ္ဓဂုဏံ တထာဂ-တဿ အာရောစေသုံ။

(ဃ) မယံ ဘန္တေ တမေဝ အရညဝါသံ ဂန္တွာ ဝသိဿာမာတိ သတ္ထာရံ အာပုစ္ဆိံသု။

(င) နနု တုမှေ ဘိက္ခဝေ သွေ ဂမိဿာမာတိ ဟိယျော အာပုစ္ဆိတ္ထ။

(စ) ဦရုဋ္ဌိဿ ဘိန္န၊ တံ နိဿာယ အမှာကံ ဂမနံ န သမ္ပဇ္ဇိ။

(ဆ) ပုဗ္ဗေပေသ တုမှာကံ ဂမနန္တရာယံ အကာသိယေဝ။

(ဇ) မာဏဝါ ကေဒိဝသံ ဒါရုံ အာဟရဏတ္ထာယ အရညံ ဂန္တွာ ဒါရူနိ ဥဒ္ဓရိံသု။

(ဈ) သွေ ကော ဂါမကံ ဂန္တုံ၊ တုမှေ ပန နိရာဟာရာ န သက္ခိဿထ ဂန္တုံ။

(ည) အန္ဓဗာလာနံ ကမ္မံ နိဿာယ ဝေရူပါ ပရိဟာနိ ဟောတိ။

၂။ အောက်ပါမြန်မာဘာသာတို့ကို ပါဠိပြန်ဆိုပါ။ (၃၀)

(က) တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့··· ဒေဝဒတ်သည် ကျေးဇူးကိုမသိတတ်၊ မြတ်စွာဘုရား၏ ကျေးဇူးတော်တို့ကို မသိဟု ပြောဆိုကုန်လျက် နေကြကုန်၏။

(ခ) ဤဆင်မင်းသည် ငါပြေးသောကာလ၌ ရပ်၏၊ ငါရပ်သောကာလ၌ လာ၏၊ ဤဆင်မင်းသည် ငါ့အား အကျိုးမဲ့ကို အလိုရှိသည် မဖြစ်ရာ၊ ဤဆင်းရဲမှကား ငါ့ကိုလွတ်စေလိုသည် ဖြစ်လတ္တံ့။

(ဂ) ဤအစွယ်တို့ထက် အဆအရာအားဖြင့်၎င်း, အဆအထောင်အားဖြင့်၎င်း,အဆအသိန်းအားဖြင့်၎င်း အလုံးစုံသောတရားတို့ကို သိမြင်ခြင်းငှါ စွမ်းနိုင်သော သဗ္ဗညုတဉာဏ် ဟူသော အစွယ်ကိုသာလျှင် အလွန်ချစ်၏။

(ဃ) ယူဇနာနှစ်သိန်းလေးသောင်းအထုရှိသော တခဲနက်သောမြေကြီးသည် မြင့်မိုရ်ယုဂန္ဓိုရ်အစရှိသော ကြီးစွာသောဝန်တို့ကို၎င်း,မကောင်းသော အနံ့ရှိသော စက်ဆုပ် ရွံရှာဘွယ်ရှိသော ကျင်ကြီးကျင်ငယ်တို့ကို၎င်း ဆောင်ခြင်းငှါစွမ်းနိုင်၏။

(င) ထိုခဏ၌ပင်လျှင် အဝီစိငရဲကြီးမှ မီးလျှံတို့သည် ထွက်လာကုန်၍ ထိုအဆွေခင်ပွန်း ပြစ်မှားတတ်သော ယောကျ်ားယုတ်ကို အမျိုး၏ဥစ္စာဖြစ်သော ကမ္ဗလာဖြင့် ရုံသကဲ့သို့ ရစ်ပတ်၍ယူ၏။

# မေးခွန်းအဖြေများ

## ၁၃၂၃-ခုနှစ်၊ ပထမငယ်

### ဘိက္ခုပါတိမောက် (ဝိနယ)၊ မေးခွန်း အဖြေလွှာ

၁။ *ရဟန်းလေးပါးတို့ မပြုလုပ်နိုင်သော သံဃကံတို့ကား-ဥပသမ္ပဒကံ,ပဝါရဏာကံ,အဗ္ဘာနကံအားဖြင့် ၃-ပါးတို့ဖြစ်ပါသည်။

ရဟန်းငါးပါးတို့မပြုလုပ်နိုင်သော သံဃကံတို့ကား-မဇ္ဈိမဇနပုဒ်တို့၌ ဥပသမ္ပဒကံနှင့် (ဘယ်အရပ်မျိုးမဆို အဗ္ဘာနကံအားဖြင့်) ၂-ပါးတို့ဖြစ်ပါသည်။

ရဟန်းနှစ်ကျိပ်တယောက်သာ ထိုင်နေလောက်သော ဝါ-နှစ်ကျိပ်တယောက်ထက်များလျှင် မနေထိုင်လောက်သောသိမ်သည် သိမ်ပျက်တဆယ့်ကလုံးတွင်မပါဝင်သော အငယ်ဆုံးသိမ်ဖြစ်ပါသည်။

သုံးယူဇနာတိတိရှိသော သိမ်သည် သိမ်ပျက် တဆယ့် တလုံးတွင် မပါဝင်သော အကြီးဆုံးသိမ်ဖြစ်ပါသည်။

၂။ *ရဟန်းခံကောင်းသော ပဏ္ဍုက်များကား- အာသိတ္တပဏ္ဍုက်နှင့်, ဥဿုယျပဏ္ဍုက်အားဖြင့် ၂-ယောက်တို့ဖြစ်ပါသည်။

ရဟန်းမခံကောင်းသော ပဏ္ဍုက်များကား-ဩပက္ကမိကပဏ္ဍုက်,နပုံးပဏ္ဍုက်, ပက္ခပဏ္ဍုက်အားဖြင့် ၃-ယောက်တို့ဖြစ်ပါသည်။

ရဟန်းခံရာ၌ ဝတ္ထုအပရာမသန, သံဃအပရာမသန, ပုဂ္ဂလအပရာမသန, ဉတ္တိအပရာမသန, ပစ္ဆာဉတ္တိဋ္ဌပနအားဖြင့် ၅-ပါးသော အပြစ်ဒေါသတို့မှကင်းသော ဉတ်နှင့်ပြည့်စုံသင့်ပါသည်။

ဆောင်ပုဒ်။ ။ဝတ္ထု,သံဃာ၊ ပုဂ္ဂလ,ဉတ်၊ မသုံးသပ်ဘဲ၊ နောက်ရပ်ဉတ်ထား၊ ဤငါးပါး၊ မှတ်သားဉတ်၏အပြစ်တည်း။

၃။ ဂိမှာန်၊ နွေဥတုတို့၏။ မာသော၊ အဆုံးတလသည်။ သေသော၊ ကြွင်းသေး၏။ ဝုတိ-မနသိကတွာ၊ ဤသို့နှလုံးသွင်း၍။ ဘိက္ခုနာ၊ ရဟန်းသည်။ ဝဿိကသာဋိကစီဝရံ၊ မိုးရေခံသင်္ကန်းကို။ ပရိယေသိတဗ္ဗံ၊ ရှာအပ်၏။ ဂိမှာန်၊ နွေဥတုတို့၏။ အဍ္ဍမာသော၊ အဆုံးလခွဲသည်။ သေသော၊ ကြွင်းသေး၏။ ဝုတိ-မနသိကတွာ၊ ၍။ ကတွာ၊ ချုပ်ဆိုး၍။ နိဝါသေတဗ္ဗံ၊ ဝတ်အပ်၏။ ဂိမှာန်၊ နွေဥတုတို့၏။ မာသော၊ အဆုံး

တလသည်။ သေသော၊ ကြွင်းသေး၏။ ဉတိ-မနသိကတွာ၊ ၍။ ညြိရေန၊ တန်ဆောင်မုန်းလပြည့်ကျော်တရက်နေ့မှစ၍ နယုန်လပြည့်နေ့တိုင်အောင် ၇-လအတွင်း၌။ ၀သိကသာဋိကစီ၀ရံ၊ ကို။ စေပရိယေသေယျ၊ အကယ်၍ ရှာမှီးငြားအံ့၊ ဂိမှာနံ၊ တို့၏။ အဍ္ဍမာသော၊ သည်။ သေသော၊ ၏။ ဉတိ-မနသိကတွာ၊ ၍။ ညြိရေန၊ တန်ဆောင်မုန်းလပြည့်ကျော်တရက်နေ့မှစ၍ နယုန်လကွယ်နေ့တိုင်အောင် ၇-လခွဲအတွင်း၌။ ကတွာ၊ ချုပ်ဆိုး၍။ စေနိ၀ါသေယျ၊ အကယ်၍ဝတ်ငြားအံ့။ နိဿဂ္ဂိယံ၊ စွန့်ခြင်း ၀ိနည်းကံရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

၄။ *ဘိက္ခုသမ္မုတိရသော၊ ၀ါ-အပလောကနကံဖြင့် သမုတ်အပ်သော ရဟန်းသည် တပါးသောရဟန်း၏ ရှန့်ရင်းသော အာပတ်ကို လူသာမဏေအား ပြောကောင်းပါသည်။

သံဃာပိုင်ညောင်စောင်းကို လေဟာပြင်၌ခင်း၍ အရပ်တပါးသို့ သွားလိုသောရဟန်းသည် မိမိကိုယ်တိုင်သော်လည်း သိမ်းဆည်းခဲ့ရမည်၊ သူတပါးကိုသော်လည်း သိမ်းဆည်းစေရမည်၊ တစုံတယောက်ကိုသော်လည်း ပန်ကြား၍သွားရမည်၊ ဤကား-ငင်း၏တာဝန်များတည်း။

၅။ *သက်နိုးကို ၀ိကပ္ပနာပြုလိုသောရဟန်း၏ ၀ိကပ္ပနာပြုနိုင်ရာ ပုဂ္ဂိုလ်များကား-ရဟန်းယောက်ျား,ရဟန်းမိန်းမ,သိက္ခမာန်,သာမဏေယောက်ျား, သာမဏေမိန်းမအားဖြင့် သီတင်းသုံးဘော် ၅-ယောက်တို့ဖြစ်ပါသည်။

အပ်ကျည်တောက်မလုပ်သင့်သော အရာ၀တ္ထုများကား- အရိုး, ဆင်စွယ်, သားချိုများဖြစ်ပါသည်။

၆။ *ကဏ္ဍုပ္ပဋိစ္ဆာဒိံ ပန ဘိက္ခုနာ ကာရယမာနေန ပမာဏိကာ ကာရေတဗ္ဗာ။ တတြိဒံ ပမာဏံ၊''ဒီဃသော စတဿော ၀ိဒတ္ထိယော သုဂတဝိဒတ္ထိယာ၊ တိရိယံ ဒွေ ၀ိဒတ္ထိယော''၊ တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံ။

၀ဿိကသာဋိကံ ပန ဘိက္ခုနာ ကာရယမာနေန ပမာဏိကာ ကာရေတဗ္ဗာ။ တတြိဒံ ပမာဏံ၊''ဒီဃသော ဆ၀ိဒတ္ထိယော သုဂတ-၀ိဒတ္ထိယာ တိရိယံ အဍ္ဍတေယျာ''၊တံ အတိက္ကာမယတော ဆေဒနကံ ပါစိတ္တိယံ။

## ၁၃၂၃-ခုနှစ်၊ ပထမငယ်
## ကစ္စည်းသဒ္ဒါ၊ မေးခွန်း အဖြေလွှာ

၁။ *ဧဝံစ-ပုဒ်ဖြတ်၍ ဝဂ္ဂန္တဝါဝဂ္ဂေ-ဖြင့် နောက်စ ဗျည်းနှောင်းသောကြောင့် ရှေ့ဝထက်၌ရှိသော နိဂ္ဂဟိတ်ကိုစဝဂ္ဂန္တ ဉ-ပြု၊ဥ စ-သို့ကပ်၊ ဧဝဉ္စ၊ ပြီး၏။

ကိံသဒ္ဒါတည်၊ ကိံသွာဝေါ-ဖြင့် သတ္တမီအနက်၌ ကိံသဒ္ဒါနောင် ဝပစ္စည်းသက်၊ ကိဿ က ဝေစ-ဖြင့် နောက်ဝပစ္စည်းနှောင်းသောကြောင့် ကိံသဒ္ဒါကို က-ပြု၊ တွာဒယောဝိဘတ္တိသညာယော-ဖြင့် ဝပစ္စည်းကို သတ္တမီ ဝိဘတ်အမည်မှည့်၊ က-ခွင်း၊ ချေ၊ ကပ်၊ ကွပြီး၏။

၂။ *တယောနေ့ဝစသဗ္ဗနာမေဟိ-သုတ်ဖြင့် သဗ္ဗနာမ် အကာရန္တ နောင်နှောင်းသော သ္မာဝိဘတ်, သ္မိံဝိဘတ်, စတုတ္ထီဧကဝုစ်သဝိဘတ်တို့ကို အာ, ဧ,အာယမပြုရဟု တားမြစ်သောကြောင့် ယသ္မာ, ယသ္မိံ,ယဿ-ပုဒ်တို့၌ သ္မာ, သ္မိံ, သဝိဘတ်တို့ကို သ္မာသ္မိံနံဝါသုတ်, အာယစတုတ္ထေက ဝစနဿတုသုတ်တို့ဖြင့် အာ,ဧ,အာယမပြုရပါ။

**မှတ်ချက်။** ။အစိုးရမေးခွန်း၌ သ္မာဟိသ္မိံနံ မှာဘိမ္ဟိဝါ ဟု-မှားနေပါသည်။

၃။ *နိဂ္ဂဟိတ်သည်ရဿသရသို့ အစဉ်လိုက်သည်၏အဖြစ်ကြောင့်၊ ဝါ-ရဿသရကိုသာ အမှီပြုသည်၏အဖြစ်ကြောင့်၊ နိဂ္ဂဟိတဉ္စ-ဟူသော သုတ်ဖြင့် သရရှစ်လုံးတို့တွင် အ,ဣ,ဥ-ဟူသော ရဿ ၃-လုံးနောက်မှာသာ နိဂ္ဂဟိတ်လာရပေါ်သည်။

[နိဂ္ဂဟီတဿ ရဿာနုဂတတ္တာ ရဿတော ယောဝါယံ။ ။ရူပသိဒ္ဓိ။]

၄။ * ၁၃၁၉-ခုနှစ်၊ ပထမငယ် ကစ္စည်းသဒ္ဒါ ဒုတိယမေးခွန်း ၂-နံပါတ် အဖြေလွှာ၌ ၎င်းသုတ်၏ ဝုတ္တိ, ဥဒါဟရုဏ်များကိုရေးပြီးပြီ။

၅။ * သမ္ပဒါနေစ၊သမ္ပဒါန်အနက်၌လည်း။ သတ္တမီဝိဘတ္တိ၊သတ္တမီဝိဘတ်သည်။ ဟောတိ၊ ဖြစ်၏။ သံဃေ၊ သံဃာအား။ ဒိန္နံ၊ ပေးအပ်သော ဝတ္ထုသည်။ မဟပ္ဖလံ၊ များသော အကျိုးရှိ၏။ ဂေါတမိ၊ ဂေါတမီ။ တွံ၊ သင်သည်။ သံဃေ၊ သံဃာအား။ ဒါနံ၊ အလှူကို။ ဒေဟိ၊ ပေးလော့။ သံဃေ၊ သံဃာအား။ ဒိန္နေ၊ လှူအပ်သည်ရှိသော်။ အဟဉ္စေဝ၊ ငါ့ကိုလည်း။ ပူဇိတော၊ ပူဇော်အပ်သည်။ ဘဝိဿာမိ၊ ဖြစ်လတ္တံ့။

၆။ *အာဂမသန္ဓိသည်လည်း (သရာဂမသန္ဓိ, ဗျဉ္ဇနာဂမသန္ဓိ, နိဂ္ဂဟိတာဂမသန္ဓိအားဖြင့် ၃-ပါးအပြားရှိ၏၊ ထို ၃-ပါးတို့တွင် သရလာသောသန္ဓိသည် သရာဂမသန္ဓိမည်၏၊ ပြယုဂ်ကား-အတိပ္ပဂေါ ခေါ-တည်း၊ ဤသန္ဓိသည် ဩသရလာသောကြောင့် သရာဂမသန္ဓိမည်၏၊ ဗျည်းလာသောသန္ဓိသည် ဗျဉ္ဇနာဂမသန္ဓိမည်၏၊ ပြယုဂ်ကား-ယထယိဒံ-တည်း၊ ဤသန္ဓိသည် ယ-ဗျည်းလာသောကြောင့် ဗျဉ္ဇနာဂမ-သန္ဓိမည်၏၊ နိဂ္ဂဟိတ်လာသောသန္ဓိသည် နိဂ္ဂဟိတာဂမသန္ဓိမည်၏၊ ပြယုဂ်ကား-စက္ခုံ ဥဒပါဒိ-အစရှိသည်တည်း၊ဤသန္ဓိသည် က္ခုံ-ထက်၌ နိဂ္ဂဟိတ်လာသောကြောင့်) နိဂ္ဂဟိတာဂမသန္ဓိမည်၏။

---

## ၁၃၂၃-ခုနှစ်၊ ပထမငယ်
## အဘိဓမ္မတ္ထသင်္ဂဟ၊ ပထမမေးခွန်း အဖြေလွှာ

၁။ * ဒေါမနဿနှင့် ပဋိဃ တရားနှစ်ပါးတို့၏အထူးကား—

ဒေါမနဿသည် အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိသော ဝေဒ-နာက္ခန္ဓာ၌အကျုံးဝင်သော၊ ဝါ-ဝေဒနာက္ခန္ဓာအတွင်း ထည့်သွင်းဖွဲ့စည်းရသော တရားမျိုးဖြစ်၍—

ပဋိဃသည် ကြမ်းတမ်းခြင်း သဘောလက္ခဏာရှိသော သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သော၊ ဝါ-သင်္ခါရက္ခန္ဓာ အတွင်းထည့်သွင်း ဖွဲ့စည်းရသော တရားအမျိုးဖြစ်ပါသည်၊ ဤသို့ လက္ခဏာအားဖြင့်၎င်း, ခန္ဓာအားဖြင့်၎င်း ထူးခြားပါသည်။

မဂ်သည် ကိလေသာကို အကြွင်းမဲ့ပယ်သင့်သည်၏ အစွမ်းဖြင့် တကြိမ်သာဖြစ်သောကြောင့် လောကုတ္တရာ၌ ကြိယာ မရှိပါ။

၂။ * ကာမသုဂတိ ပဋိသန္ဓေဖြစ်သော ကုသလဝိပါက် ဥပေက္ခာ သန္တီရဏ၌ ယှဉ်နိုင်ခွင့်ရှိသော စေတသိက်များကား—ဆန္ဒ, ပီတိ, ဝီရိယ ကြဉ်သော အညသမာန်းစေတသိက် ၁၀ ပါးတို့ဖြစ်ပါသည်။

ကြွင်းသော ကာမသုဂတိ ပဋိသန္ဓေစိတ် (မဟာဝိပါက်စိတ်) ၈-ခု၌ ယှဉ်နိုင်ခွင့်ရှိသော စေတသိက်များကား-အညသမာန်းစေတသိက် ၁၃-ပါး,အပ္ပမညာ-ဝိရတီကြဉ်သော သောဘဏ စေတသိက် ၂၀-အားဖြင့် ၃၃-ပါးတို့ဖြစ်ပါသည်။

၃။ * အရဟတ္တဖိုလ်၌ရှိသော၊ ဝါ-ယှဉ်သော ပညိန္ဒြေစေတသိက်သည် အညာတာဝိန္ဒြေ အရဖြစ်ပါသည်၊ ၎င်းသည် ဟိတ်အားဖြင့် အမောဟဟိတ်, ကိစ္စအားဖြင့် ဇောကိစ္စ, ဒွါရအားဖြင့် မနောဒွါရ, အာရုံအားဖြင့် နိဗ္ဗာန်ဟူသော ကာလဝိမုတ် ဓမ္မာရုံကို အာရုံပြုပါသည်။

၄။ * မဟဂ္ဂုတ်ကုသိုလ်သောမနဿ ၄-ပါး, မဂ်စိတ် ၂၀-မှ သောမနဿ ၁၆-ပါး, အောက်ဖိုလ် ၃-ခု (ဈာန်ပွား ၁၅-မှ) သောမနဿ ၁၂-ပါး အားဖြင့် ၃၂-ပါးသော အပ္ပနာဇောတို့သည် ဒွတ္တိံသ၏ အရဖြစ်ပါသည်။

မဟာကုသိုလ် သောမနဿ ဉာဏသမ္ပယုတ်ဇော ၂-ခုသည် သုခ ပုညမှာ၏ အရဖြစ်ပါသည်။

၅။ * တ္တောဝတာ-တ္တောဝန္တေဟိ ပဉ္စဟိ ပရိစ္ဆေဒေဟိ၊ ဤမျှအတိုင်းအရှည်ရှိသော ငါးပါးသော ပရိစ္ဆေဒတို့ဖြင့်။ သပ္ပဘေဒပဝတ္တိကာ၊ သုံးပါးသော ပရိစ္ဆေဒတို့ဖြင့်ဆိုအပ်သော အပြား,နှစ်ပါးသော ပရိစ္ဆေဒတို့ဖြင့်ဆိုအပ်သော ဖြစ်ခြင်းရှိကုန်သော။ဝါ၊ဥဒ္ဒေသ—နိဒ္ဒေသ-ပဋိနိဒ္ဒေသတို့၏ အစွမ်းဖြင့် ဆိုအပ်သောအပြား, ပဝတ္တိ-ပဋိသန္ဓေတို့၏ အစွမ်းဖြင့် ဆိုအပ်သော ဖြစ်ခြင်းရှိကုန်သော။ စိတ္တစေတသိကာ၊ စိတ်, စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့ကို။ ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ မယာ၊ ငါသည်။ ဝိဘတ္တာ၊ ဝေဘန်အပ်ကုန်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ ရူပံ၊ ရုပ်ကို။ ပဝုစ္စတိ၊ အပြားအားဖြင့် မိန့်အပ်၏။ ဝါ၊ မိန့်အပ်လတ္တံ့။

၆။ * ဆန္ဒော စိတ္တ မုပေက္ခာ စ၊သဒ္ဓါပဿဒ္ဓိ ပီတိယော။
(သမ္မာဒိဋ္ဌိ စ သင်္ကပ္ပေါ၊ ဝါယာမော ဝိရတိတ္တယံ။ ။

သမ္မာသတိ သမ္မာဓိတိ၊ စုဒ္ဒသေတေ သဘာဝတော။
သတ္တတိံသပ္ပဘေဒေန၊ သတ္တဓာ တတ္ထ သင်္ဂဟော။ ။

သင်္ကပ္ပပဿဒ္ဓိ စ ပီတုပေက္ခာ၊ဆန္ဒော စ စိတ္တံ ဝိရတိတ္တယဉ္စ။
နဝေကဌာနာ ဝီရိယံ နဝဋ္ဌ၊ သတီ သမာဓီ စတုပဉ္စပညာ။)
သဒ္ဓါဒုဋ္ဌာနုတ္တမ သတ္တတိံသ။ ။

---

## ၁၃၂၃-ခုနှစ်၊ ပထမငယ်
## မာတိကာနှင့် ဓာတုကထာ၊ ဒုတိယမေးခွန်း အဖြေလွှာ

၁။ *ခန္ဓဝိမုတ္တ ဓမ္မသရုပ်ကား- နိဗ္ဗာန်တည်း။

သစ္စဝိမုတ္တ ဓမ္မသရုပ်ကား-မဂ်စိတ္တုပ္ပါဒ် ၂၉-ခု,ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခု တို့တည်း။

ပစ္စုပ္ပန်,အတိတ် စသော တဆယ့်တပါးသော အပြားမရှိခြင်းကြောင့် နိဗ္ဗာန်သည် ခန္ဓဝိမုတ္တ ဖြစ်ရသည်၊ ဝါ- ခန္ဓာဟူသော အရေအတွက်မှ လွတ်သည်။

နိဗ္ဗာန်၏ ခန္ဓာဝိမုတ္တဓမ္မ မည်ကြောင်းကို ၁၃၁၀-ခုနှစ် မာတိကာ ဓာတုကထာ ပထမမေးခွန်း ၂-နံပါတ် ပုစ္ဆာအဖြေလွှာ၌ အကိုးသာဓက နှင့်တကွ ရေးခဲ့ပြီ။

၂။ *အကုသိုလ်စိတ်ဒွါဒသ, စေတသိက် သတ္တဝီသသည် အယုတ်တရား ဖြစ်ပါသည်၊ လောကီကုသိုလ် သတ္တရသ,လောကီဝိပါက်ဗာတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက်အဋ္ဌတိံသ, ရုပ်အဋ္ဌဝီသသည် အလတ်တရား ဖြစ်ပါသည်၊ လောကုတ္တရာစိတ် ၈-ခု, စေတသိက်ဆတ္တိံသ, နိဗ္ဗာန်သည် အမြတ်တရား ဖြစ်ပါသည်။

ဥပ္ပန္နတိက်၏ တိက်မုတ်ကား- နိဗ္ဗာန်တည်း။

၃။ *အာသဝဝိပ္ပယုတ္တ သာသဝဒုက်၌ ပထမပုဒ်၏ အရကား– လောကီကုသိုလ်သတ္တရသ, လောကီဝိပါက်ဗာတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက်အဋ္ဌတိံသ, ဒေါသမူဒွေး- မောဟမူဒွေး၌မောဟ, ရုပ်အဋ္ဌဝီသ ရ၏။

သစ္စာအားဖြင့်တပါးဟူသော်ကား-လောကီကုသိုလ်သတ္တရသ,လောကီ ဝိပါက် ဗာတ္တိံသ, ကြိယာစိတ်ဝီသ, စေတသိက်အဋ္ဌတိံသ,ဒေါသမူဒွေး- မောဟမူဒွေး၌မောဟ, ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏၊ ဤသို့လျှင် သစ္စာအားဖြင့် တပါးဖြစ်သတည်း။

၄။ *အနိယျာနိကာ ဓမ္မာပုဒ် အရကား- လောကီစိတ် ကောသီတိ, ဖိုလ်စိတ် ၄-ခု, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်ရ၏။

ဖိုလ်စိတ္တုပ္ပါဒ် ၃၇-သည် အနိယျာနိကဓမ္မ၏ သစ္စဝိမုတ္တဓမ္မမည်၏။

၅။ *(က) ရုပ်၏ဇရာ,နာမ်၏ဇရာအားဖြင့် ၂-ပါး၊ ထိုတွင် နိပ္ဖန္န ရုပ် အဋ္ဌာရသတို့၏ ရင့်ဆဲသည် ရုပ်၏ဇရာ၊ နာမက္ခန္ဓာ ၄-ပါးတို့၏ ရင့်ဆဲသည် နာမ်၏ဇရာ။

(ခ) ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ရှိသော ဝေဒနာ စေတသိက်သည် ဒုက္ခ။

(ဂ) ရူပါဝစရ ပဉ္စမဈာန်၌ ရှိသော တတြမဇ္ဈတ္တတာ စေတသိက်သည် ဥပေက္ခာ။

(ဃ) ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု၌ ရှိသော ဝေဒနာစေတသိက်သည် ဥပေက္ခိန္ဒြေ။

(င) ရူပါဝစရ ပဌမဈာန်,ဒုတိယဈာန်,တတိယဈာန်,စတုတ္ထဈာန်၌ ရှိသော အဒေါသစေတသိက်သည် မေတ္တာ။

၆။ *စက္ခာယတနေန၊ စက္ခာယတနသည်။ ယေဓမ္မာ၊ အကြင် နာမက္ခန္ဓာ ၄-ပါး, နိဗ္ဗာန်တို့ကို။ ခန္ဓသင်္ဂဟေန၊ ရူပက္ခန္ဓာဟူသော ရေတွက်ခြင်းဖြင့်။ဝါ၊ရူပက္ခန္ဓာဟူသော ရေတွက်ကြောင်းဖြင့်၊အသင်္ဂဟိတာ၊ မရေတွက်အပ်ကုန်။ အာယတနသင်္ဂဟေန၊ စက္ခာယတနဟူသော ရေတွက်ခြင်းဖြင့်။ အသင်္ဂဟိတာ၊ မရေတွက်အပ်ကုန်။ ဓာတုသင်္ဂဟေန၊ စက္ခုဓာတ် ဟူသော ရေတွက်ခြင်းဖြင့်။ အသင်္ဂဟိတာ၊ မရေတွက်အပ်ကုန်။ တေဟိဓမ္မေဟိ၊ ထိုနာမက္ခန္ဓာလေးပါး,နိဗ္ဗာန်တို့သည်။ ယေဓမ္မာ၊ အကြင် သြဠာရိက ရုပ်ဒွါဒသတို့ကို။ ခန္ဓသင်္ဂဟေန၊ နာမက္ခန္ဓာဖြင့်။ အသင်္ဂဟိတာ၊ ကုန်။ အာယတနသင်္ဂဟေန၊ မနာယတန, ဓမ္မာယတနဖြင့်။ အသင်္ဂဟိတာ၊ ကုန်။ ဓာတုသင်္ဂဟေန၊ သတ္တဝိညာဏဓာတ်, ဓမ္မဓာတ်ဖြင့်။ အသင်္ဂဟိတာ၊ မရေတွက်အပ်ကုန်။ တေဓမ္မာ၊ ထိုသြဠာရိက ရုပ်ဒွါဒသတို့ကို။ စတူဟိ၊ လေးပါးကုန်သော။ ခန္ဓေဟိ၊ နာမက္ခန္ဓာတို့ဖြင့်။ ဒွိဟိ၊ ၂-ပါးကုန်သော။ အာယတနေဟိ၊ မနာယတန,ဓမ္မာယတနတို့ဖြင့်။ အဋ္ဌဟိ၊ ရှစ်ပါးကုန်သော။ ဓာတူဟိ၊ သတ္တဝိညာဏဓာတ်, ဓမ္မဓာတ်တို့ဖြင့်။ အသင်္ဂဟိတာ၊ မရေတွက်အပ်ကုန်။ ဣတိဝိသဇ္ဇနာ၊ ဤသို့ ဖြေဟော်ရာသည်။ ဟောတိ၊ ဖြစ်၏။

[ဘာသာပြန် အဖြေလွယ်ပြီ။]

မေးခွန်း ပုစ္ဆာနှင့် အဖြေများ ပြီးပြီ။

